


နန္ဒကျော်သူ
မျက်ခုံးလေးခု
နှင့်
ဝတ်ရုံနီသခင်မ
စဆုံး
လုံးချင်း

စာမူ ကြိုတင် ပုံနှိပ်ခွင့် အမှတ် ၄၃/၉၃(၁)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် ၁၀၀/၉၃(၂)

ပထမအကြိမ်
၁၉၉၃ ခုနှစ်၊ မေလ
အုပ်ရေ [၄၀၀]
တန်ဖိုး ၄၇/-

ထုတ်ဝေသူ ဦးစိုးရင်(မြဲ ၀၁၃၅၉)
အတွေးရှင်ပိမာန်စာပေ
၁၉၊ ဦးအောင်မင်းလမ်း၊ ၂ ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ(မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြဲ၀၃၀၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

မိမိငှါးရမ်းသွားသောစာအုပ်
[illegible]
စာအုပ် တန်ဘိုး နှင့်တကွ ငှါးခ ရက်
အတွက်ပါ ပေးလျော်ရမည်။

# နန္ဒကျော်သူ

## မျက်ခုံးလေးခု နှင့် ဝတ်ရုံနီသခင်မ

(သိုင်းလုံးချင်းဝတ္ထု စ-ဆုံး)

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး.... | (ဒို့အရေး) |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... | (ဒို့အရေး) |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... | (ဒို့အရေး) |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## ပန်းပွင့်–မိန်းကလေး–လက်နှစ်ချောင်း

ဤနေရာသည် ပန်းပင်များ၊ ပန်းပွင့်များ ရောင်းချသော ပန်းဈေးတစ်ခုလည်း မဟုတ်ပါ။

ဤနေရာသည် ပန်းပင်များ၊ ပန်းပွင့်များကို သုတေသန ပြုလုပ်သော နေရာလည်း မဟုတ်ပါ။

သို့သော် ဤနေရာ၌ ပန်းအိုးကလေးများ ခန်းလုံးပြည့်မျှ ရှိနေ၏။

ပန်းမျိုးစုံ ပြုစုစိုက်ပျိုးထားသော ဥယျာဉ်ကြီးတစ်ခုသည် အခန်းထဲ၌ ရောက်ရှိနေသကဲ့သို့ ထင်မှတ်ရမည် ဖြစ်သည်။

ခန်းလုံးပြည့်မျှရှိနေသော ပန်းအိုးကလေးများသည် အမျိုးမျိုး အစားစား ဖြစ်၏။

အလှန်တန်ဖိုးနည်းသောပန်းအိုးမှစ၍ အလွန် အဖိုးထိုက်တန်သော ပန်းအိုးများအထိ ရှိ၏။

ပန်းအိုး၏ အရွယ်အစားများကလည်း အမျိုးမျိုး ဖြစ်၏။ အကြီး၊ အသေး၊ အလတ် အရွယ်စုံရှိ၏။

ထိုပန်းအိုးများထဲမှ ပန်းများက အရောင်စုံဖူးပွင့်နေသည်။ ဖြူ၊ နီ၊ စိမ်း၊ ဝါ အရောင်အသွေးစုံသည့်အပြင် တစ်ချို့ပန်းများသည် လွန်စွာရှားပါး၍ အဖိုးထိုက်တန်သော ပန်းများဖြစ်၏။

အနယ်နယ်အရပ်ရပ်မှပန်းများကို ဤအခန်းထဲ၌ တွေ့နိုင်၏။ ဤသို့ ခန်းလုံးပြည့် ပန်းအိုးကလေးများ ရှိသော အခန်းကို 'မန်းလူ' ပိုင်ဆိုင်သည်။

မန်းလူသည် ပန်းများကိုနှစ်သက်၏။ မြတ်နိုး၏။ ဤလောကတွင် ပန်းများကို အထူးတလည်နှစ်သက်မြတ်နိုးသည်ဟုဆိုသော လူများသည် မန်းလူကို မီအံ့မထင်။

သူသည် ပန်းမန်များအပေါ် သက်ရှိသတ္တဝါများကို ချစ်မြတ်နိုးသည့်နည်းတူ အလွန်ချစ်မြတ်နိုး၏။

ကလေးသူငယ်များကို ချစ်မြတ်နိုးစွာ တယုတယပြုသကဲ့သို့ သူသည် ပန်းမန်များကို တယုတယပြု၏။

ဤသို့ ပန်းမန်များကိုချစ်တတ်သော မန်းလူပင် ဖြစ်၏။

အကယ်၍သာ ထိုနေ့က ဤနေရာသို့ ပန်းကလေးနှင့်တူသော 'စန္ဒကူမ်းစီးယန်' အမည်တွင်သည့် မိန်းကလေးတစ်ယောက် ရောက်မလာခဲ့ပါက ယခုဇာတ်လမ်းဖြစ်ပေါ်လာမည်မဟုတ်ပါ။

ထိုနေ့က ရာသီဥတု အလွန်သာယာ၏။

ညနေခင်းဆည်းဆာအချိန်သည် ပို၍ သာယာ၏။

မန်းလူသည် ပြတင်းပေါက်အနီး၌ထိုင်ကာ ပန်းပွင့်၊ ပန်းရွက်၊ ပန်းဖူးကလေးများကို လက်ဖြင့် တယုတယ ကိုင်တွယ်၍ ပန်းမန်များ၏ နုးညံ့မှုကို လည်းကောင်း၊ ပန်းမန်များ၏ ရနံ့ကို လည်းကောင်း ခံစားနေ၏။



ဤသည်မှာ မန်းလူ၏ နေ့တစဉ်ပြုလုပ်နေသည့် အပြုအမူပင်ဖြစ်၏။ ထို့ကြောင့် ထိုနေ့က မန်းလူသည် ခါတိုင်းနေ့များကဲ့သို့ ပြတင်းပေါက်အနီး၌ထိုင်ကာ ပန်းများ၏ရနံ့ကို ရှူရှိုက်ခံစားနေသည်။

မန်းလူနေထိုင်သော အပေါ်ထပ်အခန်းကလေးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ သူသည် ပန်းမန်များ၏ အထိအတွေ့၊ ပန်းမန်များ၏ ရနံ့တို့ကို ခံစားရင်း ပြတင်းပေါက် အနီး၌ တစ်ယောက်တည်းထိုင်ကာ အံ့ဩဖွယ်ကောင်းသော သဘာဝကြီးကို ကျေးဇူးတင်နေမိ၏။

ထိုစဉ်....

လှေကားမှ တက်လာသော ခြေသံများကို မန်းလူ ကြားလိုက်ရ၏။

အလျင်စလို ပြေးတက်လာသော ခြေသံဖြစ်၏။

မိန်းကလေးတစ်ယောက်....

အလျင်စလိုခြေလှမ်းများဖြင့် လှေကားမှ အပေါ်ထပ်သို့ ပြေးတက်လာ၏။

မိန်းကလေးသည် အသက် တစ်ဆယ့်ခုနစ်နှစ် ဆစ်ဆယ့်ရှစ်နှစ်ခန့် အရွယ်ရှိသော မိန်းကလေးဖြစ်၏။

သူမ၏မျက်နှာသည် ကြောက်ရွံ့တုန်လှုပ်နေ၏။ မောကြီးပမ်းကြီးဖြင့် အသက်ရှူနေသဖြင့် သူမ၏ရင်သည် နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။

သူမသည်အလွန်လှသောမိန်းကလေးဟုမဆိုသာသော်လည်း ဝိုင်းစက်၍ ကြည်လင်နေသော မျက်လုံးအစုံက ဖျတ်လပ်၍ ဉာဏ်ပညာထူးချွန်သူဖြစ်ကြောင်း ဖော်ပြနေ၏။

သို့သော် ယခုထိ သူမ၏မျက်လုံးများသည် ကြောက်ရွံ့နေ၏။ ထိတ်လန့်တုန်လှုပ်နေ၏။

အပေါ်ထပ်အခန်းထဲသို့ သူမရောက်သောအခါ မန်းလူသည် သူမဘက်သို့ ချာခနဲလှည့်လိုက်ပြီး....

'ဘာဖြစ်လာတာလဲ မိန်းကလေး'

'ကျွန်မ....ကျွန်မနောက်မှာ လူ....လူတစ်ယောက် လိုက်လာနေလို့ပါ၊ ကျွန်....ကျွန်မ ဒီ....ဒီမှာ ခဏတဖြုတ် ပုန်း....ပုန်းပါရစေ'

'ဒီမှာရောက်နေမှတော့ ပုန်းနေစရာ မလိုတော့ပါဘူး မိန်းကလေး'

ဟု ပြောလိုက်၏။

မန်းလူ၏ စကားကြောင့် မိန်းကလေး၏ ဝိုင်းစက်သော မျက်လုံးအစုံသည် မန်းလူကို မယုံကြည်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်မိ၏။

'ရှင်....ပုန်းစရာမလိုတော့ဘူး ဟုတ်လား'

ဟု မန်းလူကို ပြန်၍ မေးလိုက်မိ၏။

မန်းလူက ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်'

မိန်းကလေးက မျက်လုံးပြူးကာ ဦးခေါင်းကို ခါယမ်းပြီး....

'ပုန်းစရာ လိုတယ်ရှင့်'



'ဒီမှာတော့ ပုန်းစရာမလိုပါဘူး'

'ဒီမှာ ကျွန်မနောက်ကလိုက်ပြီး ရန်မူတဲ့လူက ပေါ့သေးသေး မဟုတ်ဘူး၊ သိပ်ပြီး ရက်စက်ကြမ်းတမ်းတဲ့ လူရှင့်၊ ပြီးတော့ သူ့လက်ထဲမှာလဲ ဓားကြီးနဲ့'

'ဘာပဲဖြစ်ဖြစ် ဒီမှာတော့ မင်းပြောတဲ့လူ မသတ်ရဲပါဘူး၊ သူသတ်ရဲမှာလဲ မဟုတ်ဘူး'

'ဟုတ်ပါ့မလားရှင်'

'ကျုပ် လိမ်မပြောပါဘူး'

'ဘာပဲပြောပြော ကျွန်မတော့ ကြောက်တယ်'

မန်းလူ ဘာမျှ ပြန်မပြောတော့ပါ။

အကြောင်းမှာ လှေကားပေါ်သို့ တက်လာသော ခြေသံများကို ကြားလိုက်ရသောကြောင့် ဖြစ်ပါသည်။

မိန်းကလေးနောက်မှ လိုက်လာသောလူသည် ခန္ဓာကိုယ်အလွန်ထွားကျိုင်းသောလူ ဖြစ်သည်။

ရုတ်တရက်ကြည့်ပါက လူ့ဘီလူးကြီးတစ်ကောင်ဟု ထင်မှတ်ရ၏။

သို့သော် လှေကားအတိုင်း တက်လာသော ထိုလူ၏ခြေသံသည် အလွန်ပေါ့ပါး၏။ ထိုလူ၏ခန္ဓာကိုယ်နှင့် မလိုက်ဘက်အောင်ပင် အလွန်ပေါ့ပါး၏။

ထိုလူ၏လက်ထဲ၌ ဓားတစ်လက် ကိုင်ထား၏။ ထိုလူသည် အပေါ်ထပ်သို့ ရောက်သည်နှင့် မျက်လုံးဝေ့ကြည့်လိုက်သည်။

ထိုလူသည် မိန်းကလေးအား တွေ့သည်နှင့် တစ်ပြိုင်တည်း....

'မင်း ဘယ်ပြေးမလဲ'

မန်းလူက တစ်ချက် ရယ်မောလိုက်ပြီး....

'မပြေးပါဘူး၊ ပြေးစရာလဲ မလိုတော့ပါဘူး၊ ဒီနေရာကို ရောက်နေမှတော့ သူ့အတွက် လုံခြုံနေပြီပဲ'

မန်းလူ၏စကားကြောင့် ထိုလူသည် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွား၏။ ပြီးမှ သူသည် မန်းလူကို မျက်မှောင်ကြုတ်၍ တစ်ချက်စိုက်ကြည့်လိုက်၏။

မန်းလူ၏ပုံသဏ္ဍာန်မှာ အလွန်နူးညံ့ သိမ်မွေ့ပြီး လူငယ်တစ်ယောက်ဖြစ်ကြောင်း တွေ့ရှိသောကြောင့် ထိုလူ၏မျက်နှာပေါ်တွင် ခပ်မဲ့မဲ့အပြုံးတစ်ချက် ပေါ်လာ၏။

ထို့နောက်....

ထိုလူက လေသံမာမာဖြင့်....

'ဟေ့....မဆိုင်ရင် ဝင်မရှုပ်နဲ့၊ ငါဘယ်သူလဲဆိုတာ မင်းသိရဲ့လား'

'ဩော်....ဟုတ်သားပဲ၊ ခင်ဗျားဘယ်သူတုန်း'

'ဟား....ဟား....ဟား....ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မသိဘဲနဲ့ဗျား မင်းက ဝင်ရှုပ်ချင်သေးတယ်'

'အမှန်ကတော့ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာကို ကျုပ်သိလဲ အကြောင်းမထူးဘူး၊ မသိလဲ အကြောင်းကူးမှာ မဟုတ်ပါဘူး'

'ဟေ့....ဒီမှာ မင်း....ဓားဝိဇ္ဇာအိုတုံဆိုတာကို မကြားဖူးဘူးလား'

'ဝမ်းနည်းပါတယ်၊ ကျုပ် လုံးဝမကြားဖူးဘူး'





'အေး....မင်းရဲ့ခန္ဓာကိုယ်ပေါ်ကို ကျုပ်က ဓားနဲ့ အပေါက်ဖြစ်အောင် ထိုးသွင်းလိုက်ရင်တော့ ဓားဝိဇ္ဇာအိုတုံဆိုတာ မင်းကြားဖူးသွားမယ် ထင်တယ်'

'မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားဟာ ဓားဝိဇ္ဇာအိုတုံဆိုတာ မှတ်ထားပါ့မယ်၊ ကျုပ်ကိုယ်ပေါ်မှာတော့ အပေါက်တွေ မဖောက်ပါနဲ့၊ တော်ကြာ ရေသောက်ရင် အဲဒီအပေါက်တွေက ပြန်ထွက်ကုန်ပါဦးမယ်'

'မင်း....မင်းက ငါ့ကို လှောင်တာပေါ့ ဟုတ်လား၊ ကဲ....သိကြရောပေါ့'

ဓားဝိဇ္ဇာအိုတုံသည် ထိုသို့ ဒေါသတကြီးဖြင့် အော်ဟစ်ကြုံးဝါးလိုက်ပြီး မိမိ၏လက်ကောက်ဝတ်ကို တစ်ချက်လှည့်လိုက်လေသည်။

ဓားရောင်တစ်ချက် လက်သွား၏။ လေထဲ၌ ဓားသွားဖြတ်သွားသဖြင့် ဝှစ်ခနဲတစ်ချက် မြည်သွား၏။

ထို့နောက် ဓားဖျားသည် လျင်မြန်သောအဟုန်ဖြင့် မန်းလူ၏ ရင်ဝတည့်တည့်သို့ တန်းတန်းမတ်မတ် ထိုးစိုက်သွားလေ၏။

ဓားဝိဇ္ဇာအိုတုံ၏ လှုပ်ရှားမှုသည် အလွန်လျင်မြန်၏။ ဓားဝိဇ္ဇာဟူသော အမည်နာမနှင့် လိုက်ဖက်အောင် လျင်မြန်၏။

ထို့ကြောင့် မန်းလူ၏နောက်မှ မိန်းကလေးကပင် မျက်လုံးမြုံးသွား၏။ သူမ၏ရင်သည် တထိတ်ထိတ် စိုးရိမ်ပူပန်သွား၏။

မန်းလူ၏ခန္ဓာကိုယ်သည် လှုပ်ရှားတိမ်းရှောင်ခြင်း မရှိပါ။ မန်းလူ၏ ရင်ဝတည့်တည့်သို့ လျှပ်တစ်ပြက် ထိုးစိုက်လာသော

ဓားဝိဇ္ဇာအိုတို၏ ဓားဖျားသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း မန်းလူ၏ရင်ဝနှင့် လက်မအနည်းငယ်အကွာသို့ ရောက် လာ၏။

ထိုစဉ် ရှုတ်တရက် မန်းလူက လှုပ်ရှားလိုက်သည်။ ခန္ဓာကိုယ် တစ်ခုလုံး လှုပ်ရှားလိုက်ခြင်းမဟုတ်၊ လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းသာ လှုပ်ရှားလိုက်ခြင်းဖြစ်၏။

ထို့ကြောင့်....

ဓားဝိဇ္ဇာအိုတို၏ဓားသည် မန်းလူ၏ လက်ညှိုးနှင့် လက် ခလယ် လက်ချောင်း နှစ်ချောင်း အကြား၌ ညှပ်နေ၏။

ဓားဝိဇ္ဇာအိုတိုသည် မိမိ၏ဓားကို ပြန်ဆွဲနှုတ်၏။ ဓားသည် တုပ်တုပ်မျှ မလှုပ်ဘဲ မြဲမြံစွာ အမြစ်တွယ်နေ၏။

ဓားဝိဇ္ဇာအိုတိုသည် ရှိသမျှအင်အားကိုသုံး၍ ဆွဲနှုတ်သော် လည်း ဓားကို မန်းလူ၏လက်နှစ်ချောင်းအကြားမှ ဆွဲထုတ်၍ မရချေ။

ဓားဝိဇ္ဇာအိုတို၏ မျက်နှာ တစ်ပြင်လုံး နီမြန်းလာ၏။ ချွေးသီး ချွေးပေါက်များ နဖူးပေါ်မှ စီးကျလာ၏။

'ကဲ ကဲ ခင်ဗျားဓားကို ဒီမှာပဲ ထားခဲ့ပါတော့၊ ကျုပ် ကောင်းကောင်း သိမ်းထားပေးပါ့မယ်၊ နောက်တော့ မိတ်ဆွေ ကြီး အချိန်မရွေး ပြန်လာယူပေါ့၊ ကျုပ်အိမ်က အမြဲတမ်း တံခါးဖွင့်ထားပါတယ်'



ဓားဝိဇ္ဇာအိုတိုသည် မန်းလူကို တစ်ချက်စိုက်ကြည့်ပြီး ဓား ကို လွှတ်လိုက်သည်။ ထို့နောက် သူသည် စကားတစ်လုံးမျှ မပြောဘဲ ချာခနဲလှည့်ကာ အပေါ်ထပ်မှ လှေကားအတိုင်း ဆင်းကာ ထွက်သွားလေတော့သည်။

....၁....

ဓားဝိဇ္ဇာအိုတို၏ဓားသည် မန်းလူ၏ လက်ညှိုးနှင့် လက် ခလယ် အကြား၌ ရှိနေ၏။

မိန်းကလေးသည် မိမိ၏မျက်လုံးများ ဝိုင်းစက်မြူးကြွယ်၍ မယုံကြည်နိုင်လောက်အောင် အံ့သြသောအကြည့်ဖြင့် မန်းလူကို ကြည့်နေ၏။

အတန်ကြာမှ....

'အစ်ကိုက ဒီလောက်တောင် သိုင်းပညာ တော်လိမ့်မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး၊ အဟုတ်ပါပဲ'

'ဟုတ်လား၊ ဒီလောက်တောင်ပဲလား'

'ကျွန်မပြောတာ မပိုပါဘူး'

'အမှန်တော့ ကျုပ်တော်လို့ မဟုတ်ဘူး'

'ရှင်....ဘာဖြစ်လို့လဲ'

'သူက ညံ့လွန်းလို့ပါ'

'မဟုတ်တာရှင်ရယ်၊ သူက သိုင်းပညာမညံ့ဘူး၊ သူ့ကိုနိုင်တဲ့လူ သိပ်မရှိဘူး၊ ခပ်ရှားရှားပဲ၊ လက်ချိုး ရေတွက်လို့တောင် ရနိုင်တယ်'

'ဟုတ်ရဲ့လား မိန်းကလေးရယ်'

'ဟုတ်တယ်....တကယ် ပြောတာ၊ အမှန်တော့ ကျွန်မလဲ သိုင်းပညာ မခေပါဘူး၊ ဒါပေမယ့် သူနဲ့ကျတော့ ကျွန်မ မနိုင်ဘူး၊ တွက်ပြေးခဲ့ရတယ်'

မိန်းကလေး၏ စကားကြောင့် မန်းလူ၏ မည်းမှောင်သော မျက်ခုံးမွေးတစ်စုံသည် နဖူးထက်သို့ မြင့်တက်သွားပြီး....

'မိန်းကလေးက သိုင်းတတ်တယ် ဟုတ်လား'

ဟု ပြန်မေးလိုက်၏။

မိန်းကလေးက....

'တတ်တာပေါ့၊ ကျွန်မက သူ့ကိုမနိုင်ပေမယ့် တော်ရုံတန်ရုံ သိုင်းသမားတော့ လာမယှဉ်နဲ့၊ ဟင်း....ဟင်း....ကျွန်မကို မနိုင်ဘူး'

'ဒါဆို ကျုပ်ပုန်းဖို့ နေရာရှာရဦးမယ်'

မိန်းကလေးက ရယ်မောလိုက်ပြီး....

'ဒါနဲ့ ကျွန်မ ဘယ်သူဆိုတာ အစ်ကိုသိလား'

မန်းလူက ဦးခေါင်း ခါယမ်းလိုက်ပြီး....



'ကျုပ်မသိတာ စိတ်မရှိပါနဲ့'

'ကျွန်မနာမည် စန်ကွမ်းစီးယန်ပါ၊ တချို့ကတော့ ဝတ်ရုံနီသခင်မလို့ ခေါ်ကြတယ်'

'ဪ–မိန်းကလေးက ဝတ်ရုံနီသခင်မကိုး'

မန်းလူက ပြောပြီး မိမိ လက်ထဲမှ ခေါးကို စားပွဲပေါ်သို့ သွားရောက် ချထားလိုက်၏။

'ဒါနဲ့ ဒီခေါးဝိဇ္ဇာ အိတုံ ဆိုတဲ့ လူက မိန်းကလေးကို ဘာဖြစ်လို့ လိုက်ပြီး ရန်မူရတာလဲ'

စန်ကွမ်းစီးယန်က နှုတ်ခမ်းကို တစ်ချက်မဲ့၍ မဲ့ပြုံး ပြုံးလိုက်ပြီး....

'ကျွန်မက သူ့ပစ္စည်းကို ခိုးပေလို့'

စန်ကွမ်းစီးယန်၏စကားကို ကြားရသောအခါ မန်းလူသည် သဘောကျစွာ တဟားဟား ရယ်မောလိုက်သဖြင့် စန်ကွမ်းစီးယန်၏ မျက်နှာသည် သွေးရောင်များ နီမြန်း သွားလေတော့၏။

'သူလဲ ခေါးပြသူခိုးတစ်ယောက်ပါ၊ ခေါးပြမှ ခေါးပြအကြီးစားပါ၊ ကျွန်မက သူများပစ္စည်းခိုးတယ် ဆိုပေမယ့် ဘယ်တော့မှ လူကောင်းသူကောင်းတွေဆီက မခိုးပါဘူး၊ ခေါးပြတွေ၊ သူခိုးတွေ၊ လူဆိုးတွေဆီကပဲ ခိုးပါတယ်'

မန်းလူ ပြုံးနေသည်။ ဘာမျှ ပြန်မပြောပါ။ စန်ကွမ်းစီးယန်၏ ဦးခေါင်းသည် ငုံ့နေရာမှ မန်းလူကို တစ်ချက်မျှ ခိုးကြည့်ပြီး....

'ကျွန်မ....ကျွန်မကို အထင်မသေးပါနဲ့ရှင်'

ဟု ရှက်ရွံ့သော လေသံဖြင့် ပြောလိုက်၏။

'အသင်မသေးပါဘူး၊ အခုလို အမှန်အတိုင်းပြောတဲ့အတွက် လေးစားမိပါတယ်၊ လောကမှာ အမှန်အတိုင်း ပြောရဲတဲ့လူက ခပ်ရှားရှား မဟုတ်လား'

စန်ကွမ်းစီးယန်က မျက်တောင် တဖျပ်ဖျပ်ခတ်ရင်း....

'တကယ်ပြောတာလား အစ်ကို'

မန်းလူက ဦးခေါင်းညိတ်ပြလိုက်သည်။

စနီကွမ်းစီးယန်က....

'ဒီလိုဆိုရင် စကားကို အမှန်အတိုင်း ပြောတဲ့လူက ဒီမှာ ခဏလောက် နေလို့ရမလား'

မန်းလူက တုန့်ဆိုင်းခြင်း မရှိဘဲ ဦးခေါင်းညိတ်ကာ....

'နေလို့ရပါတယ်၊ ခဏမဟုတ်ဘူး၊ နေချင်သလောက် နေလို့ရတယ်'

စန်ကွမ်းစီးယန်သည် အတန်ကြာအောင် မန်းလူကို ငေးကြည့်ပြီးမှ သက်ပြင်းတစ်ချက်ချကာ....

'ကျေးဇူးတင်ပါတယ် အစ်ကို'

သူမသည် ပြတင်းပေါက်အနီးသို့ လျှောက်သွားပြီး ပြတင်းပေါက်အနီး၌ ရပ်လိုက်သည်။

သူမသည် ပြတင်းပေါက်မှ ပြင်ပသို့ ငေးကြည့်ရင်း သန့်ရှင်းလတ်ဆတ်သော လေကို တစ်ချက်မျှ အားရပါးရ ရှူရှိုက်လိုက်သည်။



ပန်းမန်များ၏ ရနံ့သည် လေထဲ၌ မွှေးပျံ့သင်းကြိုင်နေ၏။ နေမင်းကြီးသည် အနောက် မိုးကုတ်စက်ဝိုင်းအတွင်းသို့ ငုပ်လျှိုးဝင်ရောက်သွားပြီ ဖြစ်၏။

ညသည် လျင်မြန်စွာ ရောက်လာ၏။ အမှောင်သည် ညနှင့်အတူ ချဉ်းနင်းဝင်ရောက်လာ၏။

ဝန်းကျင်တစ်ခုလုံး မှောင်စပြုလာ၏။ စန်ကွမ်းစီးယန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'အင်း....မိုးတောင် ချုပ်လာပြီပဲ'

ပြီးမှ သူမသည် မန်းလူဘက်သို့ လှည့်လိုက်ပြီး....

'အစ်ကို....မိုးချုပ်နေပြီ၊ ဘာဖြစ်လို့ မီးမထွန်းသေးတာလဲ'

စန်ကွမ်းစီးယန်၏ စကားကြောင့် မန်းလူသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာကာ တစ်ချက် ပြုံးလိုက်ပြီး....

'ဪ....ဟုတ်သားပဲ၊ အားနာဖို့ ကောင်းလိုက်တာဗျာ၊ ညှို့သည့်ရှိမှန်း ကျုပ် သတိမေ့နေလို့ပါ'

မန်းလူ၏ စကားကြောင့် စန်ကွမ်းစီးယန်သည် အံ့အားသင့်သွားပြီး....

'ရှင်....အစ်ကိုက ဧည့်သည်ရှိမှ မီးထွန်းသလား'

မန်းလူက ပြုံး၍ ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်'

စန်ကွမ်းစီးယန်က မန်းလူ၏ စကားကို နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ....

'ဘာဖြစ်လို့လဲဟင်'

မန်းလူက ပြုံးလိုက်၏။

သူသည် ထိုသို့တည်ငြိမ်စွာ ပြုံးလိုက်ပြီးမှ စကားတစ်ခွန်းကို ဖြည်းညင်းစွာဖြင့် တစ်လုံးချင်း ပြောလိုက်လေတော့၏။

'မျက်မမြင် ဒုက္ခိတ တစ်ယောက်အဖို့ မီးထွန်းတာနဲ့ မီးမထွန်းတာ ဘာများ ကွာခြားမှာလဲ မိန်းကလေး'

စန်ကွမ်းစီးယန်သည် အတန်ကြာအောင်ပင် စကားမပြောနိုင်ဘဲ မှင်တက်မိကာ ငေးငိုင်သွား၏။

ဝန်းကျင်သည် ပို၍မှောင်မိုက်လာ၏။ လေထဲမှပန်းရနံ့များသည် ပို၍သင်းပျံ့လာ၏။

မန်းလူ၏စကားများထဲ၌ စန်ကွမ်းစီးယန်အား ထိုမျှအံ့သြငေးငိုင်သွားစေရန် ထူးထူးဆန်းဆန်း စကားလုံးများ မပါဝင်ပါ။

သို့သော် စန်ကွမ်းစီးယန်အနေဖြင့် သူမ၏တစ်သက်တာတွင် ထိုစကားများသည် အံ့သြဖွယ်အကောင်းဆုံး စကားများပင် ဖြစ်နေသည်ဟု ခံစားလိုက်ရသည် မဟုတ်ပါလား။

သူမသည် မန်းလူကိုအတန်ကြာအောင်ပင် ငေးငိုင်၍ကြည့်နေမိ၏။ လူသားများနှင့် သက်ရှိသတ္တဝါများအပေါ် သနားကြင်နာတတ်သည့်၊ မေတ္တာစေတနာ ကရုဏာထားတတ်သည့် နှလုံးသားပိုင်ရှင်တစ်ယောက်ဖြစ်သော၊ အနာဂတ်ကို မျှော်လင့်ကြီးစွာ ထားတတ်သော၊ ပြင်းထန်စွာ ထိုးစိုက်လာသည့်ဓားကို လက်ချောင်းနှစ်ချောင်းဖြင့် ဖမ်းနိုင်စွမ်းရှိသော၊ ဤအခန်းထဲ၌ အကူအညီမပါဘဲ တစ်ယောက်တည်း နေထိုင်သော၊ တခြားလူများကို အချိန်မရွေးအကူအညီပေးရန် အမြဲတမ်းအဆင်သင့်ဖြစ်



နေသော ထိုလူကို စန်ကွမ်းစီးယန်သည် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြနေမိ၏။

တစ်ဆက်တည်းပင် ထိုလူသည် အမှန်တကယ် မျက်စိမမြင်သူတစ်ယောက် ဟုတ်မှဟုတ်ပါလေစဟူ၍ သံသယအတွေး ဝင်လာ၏။

ထို့ကြောင့် သူမသည် မန်းလူကို သေသေချာချာ စူးစိုက်ကြည့်လိုက်ပြီး....

'အစ်ကို တကယ်ပဲ မျက်စိမမြင်ဘူးလား'

မန်းလူက ပြုံးလိုက်သည်။

ပြီးမှ သူကဦးခေါင်းကို ဖြည်းညင်းစွာညိတ်ရင်း....

'မိန်းကလေးက မယုံဘူးထင်တယ်၊ ကျုပ်အသက်ခုနစ်နှစ်သားအရွယ်က မျက်စိကွယ်ခဲ့တာပါ'

စန်ကွမ်းစီးယန်က သက်ပြင်းတစ်ချက် မသိမသာချရင်း....

'ဒါပေမယ့် အစ်ကို့ကိုကြည့်ရတာ မျက်မမြင်ဒုက္ခိတတစ်ယောက်နဲ့မတူဘူး'

မန်းလူက မိန်းကလေးစကားကြောင့် တစ်ချက်ရယ်မောလိုက်သည်။

'အင်း....မိန်းကလေးက ဘယ်လိုလူမျိုးမှ မျက်မမြင်ဒုက္ခိတနဲ့တူတယ်လို့ ထင်သလဲ'

မန်းလူ၏အမေးကြောင့် စန်ကွမ်းစီးယန်သည် မည်သို့ပြန်လည်ဖြေရမည်ကို မသိနိုင်အောင်ပင် အခက်တွေ့သွားလေတော့၏။

သူမသည် မျက်မမြင်ဒုက္ခိတများစွာ တွေ့ဖူး၏။ သူမတွေ့ဖူးသော မျက်မမြင်ဒုက္ခိတများစွာတို့သည် ဘဝကိုလက်မြှောက်အရှုံးပေးနေကြသူများသာ ဖြစ်၏။

ထိုမျက်မမြင်ဒုက္ခိတများသည် သူတစ်ပါးကို အကူအညီပေးဖို့ထက် သူတစ်ပါးထံမှ အကူအညီကို မျှော်ကိုးနေသူများသာ ဖြစ်ကြ၏။

သို့သော် စန်ကွမ်းစီးယန်သည် ထိုအကြောင်းများကို ထုတ်ဖော်မပြောပေ။ မန်းလူက တစ်ချက်ပြုံးလိုက်ပြီး....

'ဒီမှာ မိန်းကလေး၊ မိန်းကလေးရဲ့စိတ်ထဲမှာ မျက်မမြင်ဒုက္ခိတဆိုတာ လူတစ်ယောက်ယောက်ရဲ့အကူအညီကို ရယူပြီး ဘဝကို လက်မြှောက်ပေးနေတဲ့သူတွေကို ထင်နေတယ် မဟုတ်လား'

စန်ကွမ်းစီးယန်က ဘာမျှပြန်မပြောပေ။ တိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင် ဖြစ်သည်မဟုတ်ပါလား။

မန်းလူက ပြုံးလျက်...

'ဒီမှာ မိန်းကလေး၊ မျက်စိမမြင်ရပေမယ့် နားကကြားနိုင်သေးတယ်၊ အာရုံခံစားနိုင်သေးတယ်၊ တစ်ခါတစ်ခါမှာ သာမန်လူတွေထက်ပိုပြီး လူ့ဘဝရဲ့ပျော်ရွှင်မှုအရသာကို ပိုလို့ခံစားနိုင်ပါသေးတယ်၊ မျက်စိမမြင်တာနဲ့ ငါတော့ မျက်မမြင်ဒုက္ခိတဖြစ်ပြီဆိုပြီး လူ့ဘဝကို လက်မြှောက်အရှုံးပေးရမယ်ဆိုတာ မဟုတ်သေးပါဘူး'

ထိုသို့ စကားပြောစဉ် မန်းလူ၏မျက်နှာပေါ်၌ ကျေနပ်ရောင့်ရဲသော အသွင်သဏ္ဌာန်ပေါ်နေ၏။



စန်ကွမ်းစီးယန်သည် တခြားသော မျက်မမြင်ဒုက္ခိတများနှင့်မတူဘဲ ထူးဆန်းနေသောမန်းလူကို ငေးကြည့်ရင်း မန်းလူ၏ ဒဿနပါသော စကားများကို နားထောင်နေမိ၏။

မန်းလူက ...

'ဒီမှာ မိန်းကလေး၊ နှင်းပွင့်တွေ အိမ်ခေါင်မိုးပေါ်ကျတဲ့အသံ မင်းနားထောင်ဖူးသလား၊ ကြားရောကြားဖူးသလား၊ နွေရာသီမှာ ပန်းကလေးတွေ တဖြည်းဖြည်း ဖူးပွင့်လာတဲ့အသံ ကြားဖူးလား၊ မိုးရာသီမှာ ရွက်သစ်တွေ တိုးထွက်လာတဲ့အသံ ကြားဖူးလား၊ ပြီးတော့ လေထဲမှာလွင့်ပျံပြီးလာတဲ့ ပန်းရနံ့တွေရဲ့ ချိုမြိန်တဲ့အရသာကို မင်းခံစားဖူးရဲ့လား'

စန်ကွမ်းစီးယန်သည် မန်းလူ၏စကားများကို တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေ၏။

သူမ၏စိတ်ထဲမှလည်း မန်းလူ၏စကားများသည် အလွန်လှပသိမ်မွေ့စွာ ဖွဲ့ဆိုထားသော ကဗျာတစ်ပုဒ်သဖွယ် ဖြစ်နေသည်ဟု ခံစားနေရ၏။

မန်းလူသည် ပြုံးလျက် သူ၏စကားကို ဆက်ပြောနေ၏။

'မိန်းကလေး ခံစားကြည့်စမ်းပါ၊ ကြည့်စမ်းပါ၊ အာရုံစိုက်ပြီး ခံစားကြည့်စမ်းပါ၊ လူ့ဘဝကြီးဟာ အင်မတန်မှလှပပြီး နေချင့်စဖွယ်ကောင်းတယ်ဆိုတာ တွေ့လာပါလိမ့်မယ်၊ သဘာဝရဲ့ ရာသီဥတုတိုင်းဟာ မိန်းကလေးရဲ့စိတ်ညစ်စရာတွေ၊ စိတ်ရှုပ်ထွေးစရာတွေအားလုံးကို မေ့ပျောက်စေပြီး ပျော်ရွှင်မှုကို ရလာလိမ့်မယ်၊ ကြိုးစားပြီး မိန်းကလေး ခံစားကြည့်စမ်းပါ'

မန်းလူ၏စကားအဆုံးတွင် စန်ကွမ်းစီးယန်သည် သူမ၏ မျက်လုံးကို မှိတ်ထားလိုက်မိသည်။

ပြတင်းပေါက်မှ တိုးဝင်တိုက်ခတ်လာသောလေသည် သူမ၏ မျက်နှာကို ထိတွေ့လာ၏။

သူမ၏မျက်နှာကို ထိတွေ့လာသော ထိုလေသည် ယခုအကြိမ်၌ ပို၍နူးညံ့သည်ဟု သူမ၏စိတ်၌ ခံစားလိုက်ရ၏။

ထိုလေနှင့်အတူ ပန်းရနံ့များ ပါလာ၏။

ထိုပန်းရနံ့များသည်လည်း စောစောကထက် ပို၍သင်းပျံ့လာသည်ဟု ခံစားရ၏။

မန်းလူ ပြုံးလျက်....

'လူတစ်ယောက်ရဲ့ဘဝမှာ ပျော်ရွှင်မှုရှိတယ် မရှိဘူးဆိုတာ မျက်စိမြင်တာ မမြင်တာနဲ့မဆိုင်ပါဘူး၊ လူတစ်ယောက်က သူ့ဘဝကို သူမြတ်နိုးရဲ့လား၊ သူ့ရဲ့ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်သွားချင်တဲ့ဆန္ဒ ရှိရဲ့လားဆိုတဲ့ အချက်တွေအပေါ်မှာပဲ မူတည်နေတယ်'

စန်ကွမ်းစီးယန်သည် မှိတ်ထားသော မျက်လုံးအစုံကို ပြန်၍ ဖွင့်လိုက်ပြီး မန်းလူ၏ တည်ငြိမ်သောအပြုံးနှင့် ပြုံးနေသည့် မျက်နှာကို ငေးကြည့်လိုက်သည်။

သူမ၏ဝိုင်းစက်သော မျက်ဝန်းထဲ၌ သနားသော၊ အံ့သြသော အရိပ်အယောင်များ မရှိတော့ပါ။

ထိုအရိပ်အယောင်များအစား လေးစားခြင်း၊ ကျေးဇူးတင်ခြင်း စသည့်အရိပ်အယောင်များ ပေါ်လာ၏။



သူမသည် မန်းလူအပေါ် လေးစားခြင်း၊ ကျေးဇူးတင်ခြင်းမှာ သူမကိုကယ်တင်ခဲ့၍ မဟုတ်ပါ။ မန်းလူ၏သိုင်းပညာကြောင့်လည်း မဟုတ်ပါ။

သူမအား လူ့ဘဝ၏ နိယာမသဘောတရားများကို အမှန်တကယ် နားလည်သဘောပေါက်လာစေခြင်းကြောင့် ဖြစ်ပါသည်။

ထို့အပြင် မန်းလူ၏အမြော်အမြင်ကြီးမှု၊ သဘောထားပြည့်ဝမှုတို့ကြောင့်ပင် ဖြစ်ပါသည်။

စန်ကွမ်းစီးယန်က နှုတ်ခမ်းကိုလျှာဖြင့်သပ်လိုက်ပြီး....

'ဒါနဲ့ အစ်ကို့မှာ မိဘဆွေမျိုးတွေ မရှိကြဘူးလား'

မန်းလူက ပြုံးလိုက်ပြီး....

'ရှိတာပေါ့၊ ကျုပ်မှာ အဖေရော၊ အမေရော၊ ညီအစ်ကိုမောင်နှမတွေ ရှိတာပေါ့'

မန်းလူ၏စကားကြောင့် စန်ကွမ်းစီးယန်သည် မသိမသာ မျက်မှောင်ကြုတ်သွား၏။

အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမများရှိလျက် ထိုလူသည် အဘယ့်ကြောင့် ဤနေရာတွင် တစ်ယောက်တည်းလာနေရသည်ကို စန်ကွမ်းစီးယန် သိချင်လာ၏။

'ဒါဖြင့် အစ်ကိုက ဘာဖြစ်လို့ ဒီမှာတစ်ယောက်တည်း လာနေရတာလဲ'

'ကျုပ်တစ်ယောက်တည်း နေနိုင်သလား၊ မနေနိုင်ဘူးလားဆိုတာ စမ်းကြည့်ချင်လို့ အခုလို ဒီမှာတစ်ယောက်တည်း လာနေတာ'

စန်ကွမ်းစီးယန်က....

'အစ်ကို တကယ်ပဲ ဒီမှာတစ်ယောက်တည်း နေဖြစ်သလား'

'နေဖြစ်ပါတယ်၊ ကျုပ်ဒီမှာနေတာ ရှစ်လရှိသွားပြီ'

'တစ်ခါတစ်လေ တစ်ယောက်တည်းနေရတာ မငြီးငွေ့ဘူးလား'

'မငြီးငွေ့ပါဘူး၊ ပျော်ပျော်ရွှင်ရွှင်ပါပဲ၊ အဲ....ကျုပ်မှာ မိတ်ဆွေကောင်းတစ်ယောက် ရှိသေးတယ်၊ သူက မကြာမကြာ လာလည်တတ်တယ်'

စန်ကွမ်းစီးယန်က ထိုသို့ မေးလိုက်သောအခါ မန်းလူ၏ မျက်နှာသည် ဝင်းလက်သွားသည်။ သူ၏မျက်နှာပေါ်၌ အားတက်လာသော အရိပ်အယောင်များ ပေါ်လွင်လာ၏။

သူသည် စန်ကွမ်းစီးယန်၏အမေးကို အားတက်သရောပင် ဖြေလိုက်၏။

'လုရှောင်ဖုန်းပါ'

မန်းလူ၏စကားကြောင့် စန်ကွမ်းစီးယန်၏ မျက်ခုံးမွေးအစုံသည် နဖူးထက်သို့ မြင့်တက်သွားပြီး....

'လုရှောင်ဖုန်း ဟုတ်လား'

'ဟုတ်တယ်'

'ဒီနာမည် ကျွန်မ ကြားဖူးသလိုပဲ၊ သူက ဘယ်လိုလူစားမျိုးလဲ'

'သူက လူထူးလူဆန်းတစ်ယောက်၊ ဟင်း....ဟင်း၊ သူ့ကို တစ်ခါတွေ့ဖူးရင် မိန်းကလေးက သူ့ကို တစ်သက်လုံး မေ့နိုင်မှာ မဟုတ်တော့ဘူး'



'တကယ်ပဲလား'

'ကျုပ်ပိုပြောပါဘူး၊ ဘယ်သူမဆို သူ့ကို တစ်ခါတွေ့ဖူးရုံနဲ့ တစ်သက်လုံး မမေ့နိုင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ မျက်လုံးလေးလုံး ရှိတယ်၊ နားရွက်လေးခု ရှိတယ်၊ ပြီးတော့ သူ့မှာ လက်သုံးချောင်းရှိတယ်၊ အဲ....အထူးခြားဆုံးကတော့ သူ့မှာ မျက်ခုံးမွေးလေးခု ရှိနေတာပဲ'

မန်းလူ၏စကားကြောင့် စန်ကွမ်းစီးယန်သည် မျက်လုံးပြူးကျယ်သွားလေတော့သည်။

....o....

လုရှောင်ဖုန်းသည် မန်းလူပြောသကဲ့သို့ အမှန်တကယ်ပင် မျက်လုံးလေးလုံး ရှိမနေပါ။

သို့သော် သူသည် တခြားလူထက် ပို၍ မြင်တတ်သူဖြစ်၍ တခြားလူထက် မျက်လုံးနှစ်လုံး ပိုသည်ဟု တင်စားခြင်းသာ ဖြစ်ပါသည်။

ဤသို့ပင် လုရှောင်ဖုန်း၌ နားရွက်လေးခုရှိသည်မှာလည်း သူသည် တခြားလူထက် ပို၍ ကြားတတ်ခြင်းကြောင့် ဖြစ်ပါသည်။

လက်သုံးချောင်းရှိသည်ဆိုခြင်းမှာလည်း သူသည် တခြားလူထက် ပို၍ လျင်မြန်သွက်လက်ခြင်းကြောင့် ဖြစ်ပါသည်။

သို့သော် လုရှောင်ဖုန်းသည် မျက်ခုံးမွှေး လေးခုရှိသည်ဆိုခြင်းမှာ မည်သည့်အဓိပ္ပာယ်မှန်း စန်ကွမ်းစီးယန် စဉ်းစား၍ မရချေ။

သူမသည်အမျိုးမျိုးစဉ်းစားသော်လည်း မည်သို့မျှ စဉ်းစား၍ မရချေ။ ထို့ကြောင့် သူမသည် မျက်ခုံးမွှေးလေးခုရှိသော လုရှောင်ဖုန်းနှင့် တွေ့ဆုံလိုသောဆန္ဒများ တဖွားဖွား ပေါ်လာလေတော့သည်။

....o....

## မျက်ခုံးမွှေးလေးခု

ကျန်းဟိုင်မြို့....

လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်က ထိုမြို့ကလေးသည် အိမ်ခြေ လေးငါးဆယ်ခန့်သာရှိသော ရွာကလေးတစ်ရွာသာ ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ထိုနှစ်ပေါင်း တစ်ရာအတွင်း ရွာသိမ်ရွာငယ်ဘဝမှ တိုးတက်ပြောင်းလဲကာ စည်ကားသော မြို့ကြီးပြကြီးဘဝသို့ ရောက်လာခဲ့၏။

ကျန်းဟိုင်မြို့သည်မြို့ကြီးပြကြီးဖြစ်သော်လည်း အဓိကလမ်းမကြီး တစ်ခုသာ ရှိသည်။

ထိုလမ်းမကြီးသည် ထိုမြို့၏ အစည်းကားဆုံး လမ်းမတစ်ခု ဖြစ်သည်။

ကောင်းကင်ပေါ်၌ ချိတ်ဆွဲထားသကဲ့သို့ ထင်မှတ်ရသော လခြမ်းကွေးမှ အေးမြသောအလင်းရောင် ဝန်းကျင်ကို ဖုံးလွှမ်းနေသော အမှောင်ထုကို အံတုဖက်ပြိုင်ကာ ကျောက်ပြားများ ခင်းထားသည့် ထိုလမ်းမကြီးပေါ်သို့ ပက်ဖျန်းကျရောက်နေ၏။

ညဉ့်နက်ချိန်ဖြစ်၍ ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ် ငြိမ်သက်နေသည်။

ထိုစဉ် ရုတ်တရက် လမ်းမကြီးတစ်ဘက်စွန်းမှ ပေါ်ထွက်လာသော မြင်းခွာသံများသည် အိပ်မောကျနေသော ကျွန်းဟိုင်မြို့၌ ဆူညံစွာ ပေါ်ထွက်လာလေတော့သည်။

မြင်းခွာသံများသည် ဝေးရာမှ နီးလာ၏။ မကြာမီမှာပင် လမ်းမကြီးအတိုင်း မြင်းနှစ်ကောင် ဒုန်းစိုင်းမောင်းနှင်လာ၏။

....၀....

လေတိုက်ခတ်နေ၏။

တံခါး၏ နဖူးစီးပေါ်၌ 'ဟုတ်စိန် တည်းခိုခန်း' ဟု ရေးသားထားသော ဆိုင်း၏တံခါးသည် ယခုတိုင် ဖွင့်ထားဆဲ ဖြစ်သည်။



တည်းခိုခန်းဟုဆိုသည်နှင့် ခရီးသွားများအတွက် နားခိုရာ ဌာနဖြစ်ကြောင်း မည်သူမဆို သိ၏။

သို့ဖြစ်၍လည်း တည်းခိုခန်းများသည် ခရီးသည်များကို အချိန်မရွေး ဝင်ရောက်တည်းခိုနိုင်ရန် အမြဲတမ်း တံခါးဖွင့်ထားသည် မဟုတ်ပါလား။

ထို့ကြောင့် ဟုတ်စိန်တည်းခိုခန်းသည် တံခါးများ ဖွင့်ထားဆဲ ဖြစ်၏။ အဝေးမှ ဒုန်းစိုင်း၍ ပြေးလွှားလာသော မြင်းနှစ်ကောင်သည် ဟုတ်စိန် တည်းခိုခန်းရှေ့၌ တုံ့ခနဲ ရပ်တန့်သွားသည်။

မြင်းနှစ်ကောင်ပေါ်မှလူနှစ်ယောက်သည် လွှားခနဲခုန်ဆင်းလာသည်။ ထိုလူနှစ်ယောက်အနက် တစ်ယောက်၏ မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာ အမာရွတ်တခု ရှိ၏။

ထိုလူသည် မြင်းပေါ်မှခုန်ဆင်းပြီးသည်နှင့် တုံ့ဆိုင်းမနေဘဲ တည်းခိုခန်းထဲသို့ ဝင်သွားသည်။

သူသည် တည်းခိုခန်း၏ တံခါးဝ၌ ခဏမျှ ရပ်တန့်လိုက်ပြီး အခန်းတစ်ခန်းလုံးကို ခြုံ၍ မျက်မှောင်ကြုတ်ကာ တစ်ချက်ဝေ့ကြည့်လိုက်၏။

ထို့နောက်....

သူသည် ခြေလှမ်းကျဲကျဲဖြင့် ငွေသိမ်းစားပွဲသို့ လျှောက်သွား၏။ ထိုလူ၏နောက်မှ ဒုတိယလူသည် တည်းခိုခန်းသို့ ဝင်လိုက်လာ၏။

ထိုဒုတိယလူ၏လက်ထဲ၌ ကျာပွတ်တစ်ချောင်း ကိုင်ထား၏။ သူတို့ဝင်ရောက်လာချိန်၌ ငွေသိမ်းစားပွဲပေါ်တွင် အဘိုးအို တစ်ယောက်သည် အိပ်ငိုက်နေ၏။

ပထမလူက အိပ်ငိုက်နေသော အဘိုးအိုကို တစ်ချက်မျှ ကြည့်လိုက်ပြီး ဒုတိယလူဘက်သို့ လှည့်ကြည့်လိုက်၏။

ဒုတိယလူ၏မျက်နှာပေါ်တွင် အလွန်ရုပ်ဆိုး အကြည်းတန်သော တပြုံးတစ်ချက် ပေါ်လာ၏။

ပထမလူက ဒုတိယလူကို မေးတင်ချက် ဆတ်ပြလိုက်၏။ ဒုတိယလူက သွားများပေါ်လာသည်အထိ ပြုံးလိုက်၏။

ထို့နောက် ဒုတိယလူသည် လက်ထဲမှကျာပွတ်ကို လေထဲသို့ တစ်ချက် ဝှေ့ယမ်းလိုက်ပြီး အိပ်ငိုက်နေသော အဘိုးအိုထံသို့ ရိုက်ချလိုက်သည်။

'ရွမ်း'

ကျာပွတ်မြည်သံကြောင့် အိပ်ငိုက်နေသော အဘိုးအိုသည် လန့်နိုးကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။

မျက်လုံး ဖွင့်ကြည့်လိုက်သည်နှင့် ကျာပွတ်သည် မြွေတစ်ကောင်အလား လေထဲ၌ တွန့်လိမ်ကာ မိမိထံသို့ ဝင်ရောက်လာသည်ကို အဘိုးအို တွေ့လိုက်ရသည်။

တစ်ချိန်တည်းမှာပင် ကျာပွတ်သည် အဘိုးအို၏လည်ပင်းကို ရစ်ပတ်သွား၏။ အဘိုးအိုသည် အသက်ရှူကျပ်ကာ မျက်လုံးပြူးလာသည်။



ပထမလူက သွားကြားမှလေသံဖြင့်....

'ဟေ့....အဘိုးကြီး၊ ဒီကို အနီရောင်ဝတ်စုံနဲ့ လူတစ်ယောက် မလာဘူးလား'

အဘိုးအိုက ဦးခေါင်းကို ကပျာကယာ ညိတ်ပြလိုက်သည်။

ပထမလူက ဒုတိယလူကို လက်တစ်ချက် ခါယမ်းပြလိုက်၏။ ဒုတိယလူက ကျာပွတ်ကို ပြန်၍သိမ်းလိုက်သည်။

အဘိုးအိုသည် လက်နှစ်ဘက်ဖြင့် မိမိ၏လည်ပင်းကို ပွတ်သပ်လိုက်သည်။

'အခု သူဘယ်မှာလဲ'

'သူ....သူ အနောက်ဘက်က အခန်းထဲမှာ ရှိပါတယ်'

ပထမလူသည် ဒုတိယလူကို လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် အနောက်ဘက်အခန်းသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေတော့သည်။

အဘိုးအိုသည် ခြေလှမ်းကျဲကျဲဖြင့် ခပ်သုတ်သုတ် ထွက်သွားသော ထိုလူနှစ်ယောက်၏ နောက်ကျောကို တအံ့တသြကြည့်ရင်း ငေးမော ကျန်ရစ်ခဲ့လေတော့သည်။

တစ်ဆက်တည်းမှာပင်...

အနောက်ဘက် အဆောင်မှ လူငယ်အတွက် စိုးရိမ်စိတ် ဝင်လာသည်။ အကြောင်းမှာ သူသည် ထိုလူနှစ်ယောက်၏ အကြောင်းကို ကောင်းစွာသိနေသောကြောင့် မဟုတ်ပါလား....

ထိုလူနှစ်ယောက်အနက် မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာရှိသောလူသည် 'သံမဏိရဲသား'ဖြစ်ပြီး ကျာပွတ်နှင့် လူသည် 'သက်ခြေသိုင်းသမား'ဖြစ်သည်။

သူတို့သည် 'အစိမ်းရောင်ဂေဟာ'၏ အဖွဲ့သားများဖြစ်၏။ ထို့ပြင် သူတို့သည် 'အစိမ်းရောင်ဂေဟာ'၌ အဆင့်မြင့်သော အဖွဲ့ဝင်များ ဖြစ်၏။

အဘိုးအိုသည် သံမဏိရဲသားနှင့် သက်ခြေသိုင်းသမားတို့ အကြောင်း စဉ်းစားရင်း အလွန်အမင်း စိတ်ရှုပ်ထွေးဟန်ဖြင့် မိမိ၏ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး သက်ပြင်းရှည် တစ်ချက်ကို အသံထွက်အောင်ပင် မှုတ်ထုတ်လိုက်မိလေတော့၏။

....o....

အစိမ်းရောင်ဂေဟာ....

အမှန်မှာ ထိုအစိမ်းရောင် ဂေဟာသည် စံအိမ်၏အမည် မဟုတ်ပါ။

အင်အားအလွန်ကြီးမားသော သိုင်းလောက၌ ကြောက်မက်ဖွယ်ကောင်းသော ဒုစရိုက်ဂိုဏ်းကြီးတစ်ခုသာ ဖြစ်ပါ၏။

ထိုအစိမ်းရောင်ဂေဟာဂိုဏ်းမှ အဆင့်မြင့် သိုင်းသမား နှစ်ယောက်သည် မည်သည့်ကိစ္စဖြင့် ဤနေရာသို့ ရောက်လာရပါ သနည်း။



သူတို့သည် မည်သည့် အကြောင်းကြောင့် တည်းခိုခန်း နောက်ဘက် အခန်းမှလူငယ်ကို တွေ့ချင်ရပါသနည်း။

ခုတင်ပေါ်၌ လူချောင်ဖုန်းသည် မြိမ်သက်စွာ လှဲလျောင်း နေ၏။

သူ၏မျက်ခုံးမွေးသည် မည်းနက်၏။ မျက်တောင်မွေးများက လည်း အတန်ငယ် ရှည်လျား၏။

သူ၏နှုတ်ခမ်းပေါ်မှ နှုတ်ခမ်းမွေးသည် တိတိရိရိ ညီညာသပ် ရပ်၏။ ဤသို့ဖြစ်စေရန် တမင်တကာ ပြုပြင်ထားဟန်ရှိ၏။

ထိုနှုတ်ခမ်းမွေးနှစ်ခုသည် သူ၏မျက်ခုံးမွေးနှစ်ခုနှင့် တထပ် တည်း ဖြစ်နေ၏။ ထို့ကြောင့် သူ့ကို မျက်ခုံးမွေးလေးခုနှင့် လူဟု ခေါ်ကြခြင်းဖြစ်သည်။

သူ၏ အနီရောင်ဝတ်ရုံသည် ပြတင်းပေါက်အနီး၌ ချိတ်ဆွဲ ထားသည်။ ထိုအနီရောင်ဝတ်ရုံကို သူသည် အမြဲတမ်း ဝတ်ဆင် လေ့ရှိ၏။

နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်းလှုသည် ထိုအနီရောင်ဝတ်ရုံ ကို စွဲစွဲမြဲမြဲ ဝတ်ဆင်လေ့ရှိသည်။

သို့ဖြစ်၍ ထိုအနီရောင်ဝတ်ရုံကို တွေ့သည်နှင့် ထိုနေရာ၌ သူရှိနေကြောင်း သိနိုင်သည်။

သံမဏိရဲသားနှင့် သက်ခြေသိုင်းသမားတို့သည် ထိုအနီ ရောင် ဝတ်ရုံကို ပြတင်းပေါက်မှတစ်ဆင့် လှမ်းတွေ့လိုက်သည်။

ထို့ကြောင့် သံမဏိရဲသား၏ မျက်နှာပေါ်၌ အရုပ်ဆိုး အကြည်းတန်သော အပြုံးပေါ်လာ၏။

သူသည် သက်ခြေ သိုင်းသမားကို လှည့်ကြည့်လိုက်၏။ သက်ခြေသိုင်းသမားက နှုတ်ခမ်းတွန့်၍ ပြန်လည်ပြုံးပြလိုက်၏။

ထို့နောက် သူတို့သည် တိုင်ပင်ထားသည့်အလား ပြတင်းပေါက်မှ အခန်းထဲသို့ ခုန်ဝင်လိုက်လေတော့သည်။

လုရှောင်ဖုန်းသည် ခုတင်ပေါ်၌ ငြိမ်သက်စွာ လှဲလျောင်းနေဆဲ ဖြစ်သည်။

သူသည် မိမိအခန်းထဲသို့ လူနှစ်ယောက် ပြတင်းပေါက်မှ ခုန်ဝင်လာသည်ကို မသိမမြင်သည့်အလား တုပ်တုပ်မျှ မလှုပ်ပါချေ။

သံမဏိရေသားက လုရှောင်ဖုန်းအနီးသို့ လျှောက်သွားပြီး....

‘လုရှောင်ဖုန်း ဆိုတာ မင်းလား’

လုရှောင်ဖုန်းက မှိတ်ထားသော မျက်လုံးကို ခပ်ဟဟ ဖွင့်၍ သံမဏိရေသားကို တစ်ချက် စွေစောင်းကြည့်ကာ....

‘မင်းက လူလား တိရစ္ဆာန်လား’

လုရှောင်ဖုန်း၏ စကားကြောင့် သံမဏိရေသား၏ မျက်နှာသည် မှောင်မည်း၍သွား၏။

ပြီးမှ သံမဏိရေသားက ဒေါသကြီးစွာဖြင့်....

‘မင်း ဘာစကားပြောတာလဲ’

လုရှောင်ဖုန်းက နှုတ်ခမ်း တစ်ချက် တွန့်ကာ....

‘အင်း....လူလား တိရစ္ဆာန်လား ခွဲခြားမရတဲ့အပြင် နားပါကန်းနေတာကိုး’

သံမဏိရေသားက တက်တစ်ချက်ခေါက်ပြီး....

‘ကျုပ်က လူမဟုတ်လို့ ဘာလဲ’



လုရှောင်ဖုန်းက မျက်ခုံးပင့်ကာ....

‘ဩော်....လူကိုး၊ အင်း....လူဆိုရင် သူများအခန်းထဲ ဝင်တဲ့အခါ အခန်းတံခါးခေါက်ပြီး ဝင်ခွင့်တောင်းရတယ်၊ တိရစ္ဆာန်ကတော့ တံခါးမှ မခေါက်တတ်တာ၊ ဒီအတိုင်း ဝင်လာမှာပေါ့’

လုရှောင်ဖုန်း၏စကားကြောင့် သံမဏိရေသားရော သက်ခြေသိုင်းသမားပါ မျက်စိမျက်နှာ ပျက်သွားပြီး လုရှောင်ဖုန်းကို စားတော့ဝါးတော့မတတ် စူးစိုက်ကြည့်လိုက်လေသည်။

ထို့နောက် သူတို့ နှစ်ယောက် သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်၏။ ပြီးမှ သက်ခြေသိုင်းသမားက သူ၏လက်ကို ရုတ်တရက် လှုပ်ရှားလိုက်၏။

ကျာပွတ်သည် လေထဲ၌ မြွေတစ်ကောင်ကဲ့သို့ လူးလွန့်သွား၏။

‘ရှမ်း....’ ဟူသော အသံ ပေါ်လာ၏။

သက်ခြေသိုင်းသမားသည် လုရှောင်ဖုန်းအား ကျာပွတ်ဖြင့် ရုတ်တရက် ရိုက်ချလိုက်၏။

လုရှောင်ဖုန်းသည် ခုတင်ပေါ်၌ ငြိမ်သက်စွာ လှဲလျောင်းနေဆဲ ဖြစ်၏။

သူသည် ထိုသို့ ငြိမ်သက်စွာ လှဲလျောင်းနေရာမှ ရုတ်တရက် သူ၏လက်ကို ရှေ့သို့ ဆန့်တန်းလိုက်၏။

တင်ချိန်တည်းမှာပင် သူ့ထံသို့ ရိုက်ချလာသော သက်ခြေသိုင်းသမား၏ ကျာပွတ် အဖျားကို လက် ချောင်း ကလေး နှစ်ချောင်းဖြင့် ဖမ်းညှပ်ထားလိုက်၏။

သက်ခြွေသိုင်းသမား၏ ကျောပွတ် အဖျားသည် လုရှောင်ဖုန်း၏ လက်ညှိုးနှင့် လက်လေသ်အကြား၌ သစ်ပင်များ အမြစ်တွယ်သကဲ့သို့ ညှပ်နေ၏။

သက်ခြွေ သိုင်းသမား မျက်လုံး ပြူးသွား၏။ သူသည် ကျောပွတ်ကို ပြန်ဆွဲယူလိုက်၏။ သို့သော် ကျောပွတ်၏အဖျားသည် လုရှောင်ဖုန်း၏ လက်နှစ်ချောင်းကြား၌ ညှပ်နေ၏။

သက်ခြွေ သိုင်းသမားသည် ရှိသမျှ အင်အားကို သုံး၍ ကျောပွတ်ကို ပြန်ဆွဲယူ၏။ မရပါ။ ကျောပွတ်၏ အဖျားသည် လုရှောင်ဖုန်း၏ လက်နှစ်ချောင်းကြား၌ ညှပ်မြဲ ညှပ်နေ၏။

လုရှောင်ဖုန်း၏ လျှပ်ရှားမှုသည် မန်းလူ လျှပ်ရှားမှုနှင့် တူ၏။ သို့သော် ဤသိုင်းပညာကို မန်းလူက လုရှောင်ဖုန်းအား သင်ကြားပေးခဲ့ခြင်း မဟုတ်ပါ။

လုရှောင်ဖုန်းကသာ မန်းလူကို သင်ကြားပေးခဲ့ခြင်း ဖြစ်၏။ သက်ခြွေသိုင်းသမားသည် ကျောပွတ်ကို ပြန်ဆွဲယူရန် ကြိုးစားရင်း နဖူး၌ပင် ချွေးများ စီးကျလာ၏။

သံမဏိရဲသားသည် ထိုအချင်းအရာကို အံ့သြထိတ်လန့်စွာ ကြည့်နေမိ၏။ အတန်ကြာမှ သက်ခြွေသိုင်းသမားက မိမိလက်ထဲမှ ကျောပွတ်ကို လွှတ်ချလိုက်ပြီး....

'အင်း....ဒါကြောင့်လဲ လုရှောင်ဖုန်းက နာမည်ကြီးပေတာကိုး'

သံမဏိရဲသားက ချက်ချင်းပင် ဣန္ဒြေဆည်ကာ တဟားဟားဖြင့် ရယ်မောလိုက်ပြီး....



'ဟား....ဟား....ဟား....ခင်ဗျားက တကယ့် လုရှောင်ဖုန်း အစစ်ပဲ'

လုရှောင်ဖုန်းက မျက်ခုံးပင့်လိုက်ရင်း....

'လုရှောင်ဖုန်း အတု ရှိလို့လား'

သံမဏိရဲသားက ရယ်မောလျက်....

'ဟဲ....ဟဲ....ကျုပ်တို့က အမှားမခံနိုင်ဘူး၊ ဒါကြောင့် လုရှောင်ဖုန်း အတုလား အစစ်လား ဆိုတာ စမ်းကြည့်ရမှာပဲ'

လုရှောင်ဖုန်းက မျက်လုံး ပြန်မှိတ်လိုက်ပြီး....

'ကျုပ်က အတုဆိုရင်ကော'

သံမဏိရဲသားက ရယ်မော၍....

'သက်ခြွေသိုင်းသမားရဲ့ ကျောပွတ်အဖျားကိုလက်နှစ်ချောင်းတည်းနဲ့ ဖမ်းနိုင်မှတော့ လုရှောင်ဖုန်း အစစ်ဆိုတာ သိနိုင်ပါတယ်'

လုရှောင်ဖုန်းက....

'ထားပါတော့၊ ခင်ဗျားတို့က ဘာကိစ္စနဲ့ လူလို မလာရတာလဲ'

လုရှောင်ဖုန်း၏ စကားကြောင့် သံမဏိရဲသား၏ မျက်နှာသည် တစ်ချက်မျှ မည်းမှောင်ကာ မျက်စိမျက်နှာ ပျက်သွားလေ၏။

သို့သော် သူသည် ချက်ချင်းပင် ဟန်ဆောင်ပြုံးလိုက်ပြီး....

'ကျုပ်တို့ ခေါင်းဆောင်ကြီးက ခိုင်းလိုက်လို့ပါ'

သက်ခြွေသိုင်းသမားက....

'ကျွန်တော်က အစိမ်းရောင်ဂေဟာကပါ'

ဟု ဝင်၍ စကားထောက်လိုက်၏။ လုရှောဝ်ဖုန်းက မျက်ခုံးပင့်၍ သက်ခြေသိုင်းသမားနှင့် သံမဏိရေဲသားတို့ကို မျက်လုံးတစ်ချက် စွေကြည့်လိုက်ပြီး....

'ဝမ်းနည်းပါတယ်၊ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ အစိမ်းရောင်ပဲဖြစ်ဖြစ်၊ အနီရောင်ပဲဖြစ်ဖြစ် ရောင်စုံကွက်ကြားပဲဖြစ်ဖြစ် ကျုပ် မလိုက်နိုင်ဘူး၊ ကျုပ်ဘာသာကျုပ် အေးအေးဆေးဆေး နေပါရစေ'

ထို့နောက် လုရှောင်ဖုန်းသည် မျက်လုံးကို ပြန်မှိတ်ထားလိုက်သည်။ ထိုစဉ် ရုတ်တရက်....

'ဒေါက်....ဒေါက်....ဒေါက်'

ဟူသော အခန်းတံခါးခေါက်သံ ပေါ်ထွက်လာလေ၏။

တံခါးခေါက်သံအဆုံး၌ အခန်းထဲသို့ လူတစ်ယောက် ဝင်လာ၏။

ထိုလူ၏ ညာဘက်လက်ကောက်ဝတ်တွင်အရောင်တဖိတ်ဖိတ်တောက်နေသော သံချိတ် တပ်ဆင်ထား၏။

'ကျုပ်က တံခါးခေါက်ပြီးမှ ဝင်တာနော်၊ ဒါကြောင့် ကျုပ်က သူတို့လို လူ့တိရစ္ဆာန် မဟုတ်ဘူး'

သံမဏိရေဲသားနှင့် သက်ခြေသိုင်းသမားတို့သည် တံခါးမှ ဝင်လာသော ထိုလူကို မြင်တွေ့လိုက်သည်နှင့် ထိတ်လန့် တုန်လှုပ်ကာ နောက်သို့ ခြေလှမ်း တစ်လှမ်းစာမျှ တွန့်ဆုတ်သွားပြီး ပါးစပ်မှလည်း နှစ်ယောက်သား ပြိုင်တူ အံ့အားသင့်သော လေသံဖြင့်....

'ဟင် လျှူဟုန်'



'မင်းတို့က ကျုပ်ကိုမှတ်မိသေးတာပဲ'

လျှူဟုန်၏စကားကြောင့် သံမဏိရေဲသားသည် မျက်စိမျက်နှာပျက်သွား၏။ သူသည် နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ'

လျှူဟုန်က သံမဏိရေဲသား၏ မျက်နှာကိုတစ်ချက်မျှ ခပ်စိမ်းစိမ်းကြည့်လိုက်၏။

ပြီးမှ လျှူဟုန်က ခုတင်ပေါ်၌ လဲလျောင်းနေသော လုရှောင်ဖုန်းကို ညွှန်ပြလိုက်ရင်း....

'ကျုပ်က သူ့ကိုတွေ့ဖို့လာတာ၊ ဒီတော့ မင်းတို့အခုချက်ချင်း ပဲ ဒီကထွက်သွားပါ၊ နောက်မှတော့ ကျုပ်ကိုအပြစ်မပြောနဲ့'

ထိုစဉ် ရုတ်တရက် အခန်းတံခါးခေါက်သံ ထွက်ပေါ်လာပြန်၏။

'ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံဆုံးသည်နှင့် အခန်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာပြန်၏။ ထိုလူ၏ပုံပန်းသဏ္ဌာန်သည် အလွန်နူးညံ့သိမ်မွေ့ပြီး စာပေသမား တစ်ယောက်အသွင် ပေါ်လွင်နေ၏။

ထိုလူသည် အခန်းထဲသို့ရောက်သည်နှင့် လုရှောင်ဖုန်းကို ပြုံးပြလိုက်ပြီး....

'ကျုပ်လဲ လူပဲ နော်၊ အခန်းတံခါးခေါက်ပြီးမှ ဝင်လာတာ'

ထိုလူကို တွေ့မြင်လိုက်သည်နှင့် သက်ခြေသိုင်းသမားသည် တုန်လှုပ်သွားပြီး မျက်စိမျက်နှာပျက်ကာ....

'ဟင် ချူးယိ'

ထိုလူသည် ယခုမှသက်ခြေသိုင်းသမားနှင့် သံမဏိရေဲသား တို့ကို တွေ့မြင်ဟန်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဦးညွှတ်လိုက် ပြီး....

'ဟုတ်ပါတယ်၊ ကျုပ်ချူးယိပါ၊ လူကြီးမင်းတို့က မှတ်ဉာဏ် ကောင်းသားပဲ'

သံမဏိရေဲသားနှင့် သက်ခြေသိုင်းသမားတို့သည် ချူးယိ က ထိုသို့နှုတ်ဆက်စကားဆိုသောအခါ ဣန္ဒြေမဆည်နိုင်အောင် ပင် တုန်လှုပ်သွား၏။

သူတို့၏မျက်နှာသည် သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေတော့၏။

ထိုစဉ် ရုတ်တရက် အခန်းတံခါးကိုခေါက်၍ လူတစ်ယောက် ထပ်မံဝင်လာပြန်၏။ ထိုလူသည် အခန်းထဲ၌ လုရှောင်ဖုန်း တစ်ယောက်တည်း ရှိနေသကဲ့သို့ လုရှောင်ဖုန်းကို ဦးညွှတ် ကာ....

'ကျုပ်လဲ တိရစ္ဆာန်မဟုတ်ဘူးနော်၊ ကျုပ်တံခါးခေါက်ပြီးမှ ဝင်လာတာ'

ဟု ပြောရင်း ပြတင်းပေါက်အနီးရှိ ကုလားထိုင်၌ သွား ရောက်ထိုင်ချလိုက်၏။ သံမဏိရေဲသားနှင့် သက်ခြေသိုင်းသမား တို့သည် မိမိမျက်လုံးကို မိမိမယုံနိုင်အောင်ပင် ဖြစ်သွားပြီး....

'တုကုဖန်' ဟု ရေရွတ်လိုက်မိလေတော့၏။

...ဝ...



လုရှောင်ဖုန်းသည် ခုတင်ပေါ်၌ တည်ငြိမ်အေးဆေးစွာ လှဲလျောင်းနေ၏။ သူသည် မျက်လုံးကိုမှိတ်ထား၏။

ဤအခန်းထဲ၌ ဖြစ်ပျက်နေသောကိစ္စရပ်များ၊ အကြောင်း ခြင်းရာများသည် သူနှင့်မသက်ဆိုင်သကဲ့သို့ ဘာသိဘာသာ နေ၏။

သံမဏိရေဲသားနှင့် သက်ခြေသိုင်းသမားတို့သည် အခန်း ထဲသို့ လျူဟုန်၊ ချူးယိနှင့် တုကုဖန်တို့ရောက်လာသည့်အချိန် , မှစ၍ ဂနာမငြိမ်ဖြစ်နေ၏။

လျူဟုန်၊ ချူးယိနှင့် တုကုဖန်တို့ကို သိုင်းလောကသား တိုင်း သိကြ၏။ သူတို့သုံးယောက်အား သိုင်းလောကတစ်ခုလုံး မသိသူမရှိသလောက်ရှား၏။

သူတို့သုံးယောက်သည် သို ုးလောက၌ အလွန်ထူးဆန်း သောလူထူးလူဆန်းများဖြစ်ပြီး အင်မတန်မှရက်စက်ကြမ်းကြုတ် သော ဓားသမားများဖြစ်၏။

သို့သော် သူတို့သုံးယောက်သည် မည်သည့်အခါမှ ယခုကဲ့သို့ သုံး ယောက်အတူတွဲ၍ မတွေ့ရပေ။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ယခုကဲ့သို့ တစ်ကြိမ် တစ်ခါမျှလည်း မတွေ့ဆုံဖူးကြချေ။

သူတို့သည် တစ်ယောက်တစ်နေရာစီဘွင် နာမည်ကြီးသော ဓားသမားသာဖြစ်သည်။

မည်သည့်အခါကမှလည်း သူတို့သုံးယောက်သည် တစ်ဦး နှင့်တစ်ဦး ဆက်သွယ်ခဲ့ဖူးခြင်း မရှိချေ။

ယခု တစ်ချိန်တည်း၊ တစ်နေရာတည်း သုံးယောက်စလုံးအား တွေ့မြင်ရခြင်းမှာ လွယ်ကူသည့်ကိစ္စတစ်ခုမဟုတ်မှန်း လုရှောင်ဖုန်း နားလည်လိုက်၏။

လုရှောင်ဖုန်းသည် သံမဏိရေဲသားနှင့် သက်ခြေသိုင်းသမား တို့ကို လုံးဝမမှုသော်လည်း၊ လျူဟုန်၊ ချူးယိ၊ တုကုဖန်ကဲ့သို့ သော ဓားသမားသုံးယောက်ကို တစ်ချိန်တည်း ရင်ဆိုင်ရမည့် ကိစ္စအတွက် စိတ်လေးလံသွား၏။

သူသည် ထိုဓားသမားသုံးယောက်ကို တစ်ယောက်ချင်း ရင်ဆိုင်ရမည်ဆိုလျှင် တုန်လှုပ်မိမည် မဟုတ်ပါ။

သို့သော် ယခု ထိုဓားသမားသုံးယောက်သည် မိမိထံသို့ တစ်ချိန်တည်း၊ တစ်မြိုင်တည်း အကြောင်းကိစ္စ တစ်ခုတည်းဖြင့် ရောက်ရှိလာခြင်း မဟုတ်ပါလား။

ဤသို့ဆိုလျှင် လုရှောင်ဖုန်းသည် ရှေ့ဆက်မတွေးဝံ့တော့ပါ။ သူသည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး မျက်လုံးကို အတင်းမှိတ်ထားလိုက်လေတော့၏။

... ဝ ...



တိတ်ဆိတ်မှုသည် အခန်းထဲ၌ကြီးထွားနေ၏။

လျူဟုန်၊ ချူးယိနှင့် တုကုဖန်တို့၏အမူအရာက တည်ငြိမ် သလောက် သံမဏိရေဲသားနှင့် သက်ခြေသိုင်းသမားတို့သည် ဂနာမငြိမ်ဖြစ်နေ၏။

ပြတင်းပေါက်မှ ဝင်ရောက်လာသော ညဥ့်လေသည် အေး စိမ့်နေသော်လည်း သံမဏိရေဲသား၏လက်ဝါး၌ ချွေးစေးများ ပြန်နေ၏။

သက်ခြေသိုင်းသမား၏နဖူး၌လည်း ချွေးစေးများသီးနေ၏။ သက်ခြေသိုင်းသမားသည် နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး အခန်းတံခါးပေါက်အနီးသို့ ရောက်အောင် ဆုတ်သွားပြီး လျူဟုန်၊ ချူးယိနှင့်တုကုဖန်တို့ကို မဲ့ပြုံးပြုံးပြလိုက်သည်။

သူ၏အပြုံးသည် ခပ်မဲ့မဲ့အပြုံးဖြစ်သည်။ သူသည် ထိုသို့ မဲ့ပြုံးပြုံးလိုက်ပြီးမှ....

'ဒီမှာ ကျုပ်တစ်ခုပြောပါရစေ'

ဓားသမားသုံးယောက်သည် သက်ခြေသိုင်းသမား၏စကား ကို မကြားသကဲ့သို့ တုန်ပြန်၍ ဘာမျှမပြောဘဲ ပါးစပ်ပိတ် နေ၏။

သက်ခြေသိုင်းသမားက....

'ခင်ဗျားတို့ နားလည်ထားဖို့က ကျုပ်တို့အခုလို လုရှောင်ဖုန်း ကို လာခေါ်ရတာ အစိမ်းရောင်ဂေဟာဂိုဏ်းချုပ်ရဲ့ အမိန့်အရ လာခေါ်ရတာဖြစ်တယ်၊ ဒါကြောင့် နောက်မှ ကျုပ်တို့ကို အပြစ်မပြောပါနဲ့'

လျှုဟုန်သည် မျက်ခုံးမွေးတစ်ဘက်တည်းကို နဖူးပေါ်သို့ ပင့်တင်ရင်း တုကုဖန်ဘက်သို့လှည့်ကာ....

'ဒီလူ တယ်စကားများပါလား'

'ဟုတ်တယ်'

'အခုတစ်လော ကျုပ်ကလဲ စကားသိပ်များတဲ့လူကို ကြည့်မရဘူး'

'ဒါဆို လွယ်ပါတယ်၊ သူတို့ကို မေးကြည့်လိုက်ပေါ့၊ သူတို့ကို ဘယ်ပို့ပေးရမလဲလို့'

'ကြားတယ်ဟုတ်လား၊ မင်းတို့ ဘယ်သွားချင်သလဲ၊ ငရဲပြည်လား၊ နတ်ပြည်လား'

ချူးယိ၏စကားကြောင့် သံမဏိငရဲသား၏ မျက်နှာတစ်ခုလုံး နီမြန်းသွား၏။ သူသည် အံတစ်ချက်ကြိတ်လိုက်ပြီး ရုတ်တရက် သူ၏ခါး၌ ချိတ်ဆွဲထားသော ဓားနှစ်လက်ကို လျှပ်တစ်ပြက် ထုတ်ယူလိုက်သည်။

ဓားနှစ်လက်၏ သံမဏိရောင်သည် မီးရောင်အောက်၌ ဝင်းခနဲ လက်သွားသည်။

တစ်ဆက်တည်းမှာပင် သူသည် လေထဲ၌ တစ်ချက်ခုန်၍ ဝဲပျံကာ ချူးယိကို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုသည် အလွန်လျင်မြန်၏။ သူ၏ဓားနှစ်လက်သည် ချူးယိ၏ခန္ဓာကိုယ်ပေါ်မှ အဓိကနေရာများသို့ ကျရောက်လာသည်။

ထိုနေရာများသို့သာ ဓားချက်ထိမိပါက နေရာတွင် ပွဲချင်းပြီး သေဆုံးသွားနိုင်၏။



သို့သော် ချူးယိသည် လုံးဝတုန်လှုပ်ခြင်း မရှိပါ။ သူသည် သူ၏ခန္ဓာကိုယ်ပေါ်သို့ သံမဏိငရဲသား၏ဓားချက် ကျရောက်မလာမီ အချိန်ပိုင်းအလို၌ သူ၏လက်နှစ်ဘက်ကို ဝက်ဝိုင်းပုံသဏ္ဌာန်ဖြင့် တစ်ချက်လှုပ်ခါလိုက်သည်။

'ဝုန်း'

ဟူသောအသံနှင့်အတူ သံမဏိငရဲသားသည် ဓားတစ်ခြားလူတစ်ခြားဖြစ်ကာ ကြမ်းပေါ်သို့ ဖင်ထိုင်လျက် လဲကျသွားလေသည်။

သံမဏိငရဲသား၏ မျက်နှာပေါ်တွင် မယုံကြည်နိုင်အောင် အံ့အားသင့်နေသောအသွင် ပေါ်လာသည်။

သူသည် ကြမ်းပေါ်မှ ကပျာကယာထလိုက်ပြီး အင်္ကျီလက်အတွင်း၌ ဝှက်ထားသော ဓားအတိုနှစ်ချောင်းကို ထုတ်ယူကာ ချူးယိကို ထပ်မံတိုက်ခိုက်လိုက်ပြန်လေသည်။

သူ၏လှုပ်ရှားမှုသည် အလွန်လျင်မြန်၏။ သူ၏ဓားချက်သည် တိကျ၏။ သို့သော် ချူးယိက သူ့ထက်ပို၍ လျင်မြန်၏။

'ဝုန်း'

ဟူသော အသံနှင့်အတူ သံမဏိငရဲသား၏ ခန္ဓာကိုယ်သည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လွင့်စဉ်သွားလေတော့၏။

ချူးယိသည် သူ၏လက်ဝါးနှံဘက်ကို တစ်ချက်ပွတ်သပ်လိုက်ပြီး ကြမ်းပေါ်၌ ကျကျန်ရစ်ခဲ့သော သံမဏိငရဲသား၏ ဓားကို ကောက်ယူ၍....

'ဟော့လူ....ခင်ဗျားဓား ကျန်ခဲ့ပြီ'

ဟု ပြောရင်း ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လွှင့်ပစ်လိုက်၏။

'ဝှစ်....ဝှစ်'

ဟူသောအသံနှင့်အတူ ချူးယိပစ်လွှင့်လိုက်သော ခေါင်းနှစ်သည် ပြတင်းပေါက်အပြင် မြေပြင်ပေါ်၌ လဲကျနေသော သံမဏိရဲသား၏ အကျီစကို ဝဲယာထိုးဖောက်၍ မြေပြင်၌ စိုက်ဝင်သွားလေတော့သည်။

ချူးယိသည် သက်ခြေသိုင်းသမားဘက်သို့ လှည့်၍ ပြုံးပြလိုက်၏။ သက်ခြေသိုင်းသမားသည် ပြန်လည်၍ မချိသွားဖြဲပြုံးပြလိုက်ပြီး အခန်းထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ချူးယိက 'ကျွတ်....ကျွတ်' ဟု ပါးစပ်မှ အသံပြုပြီး လက်ခါယမ်းပြလိုက်သည်။

ပြီးမှ ချူးယိက လက်မဖြင့် ပြတင်းပေါက်ကို ညွှန်ပြလိုက်၏။ သက်ခြေသိုင်းသမားသည် ပခုံးတစ်ချက်တွန့်လိုက်ပြီးကပျာကယာ ပြတင်းပေါက်မှ ခုန်ချလိုက်လေတော့သည်။

ကို့နောက် သက်ခြေသိုင်းသမားသည် မြေပြင်ပေါ်၌ သတိလစ် မေ့နေသော သံမဏိရဲသားကို ပွေ့ထူ၍ ထိုနေရာမှ ထွက်ပြေးသွားလေတော့သည်။

....၀....



လူရှောင်ဖုန်းသည် ခုတင်ပေါ်၌ လှဲလျောင်းနေသည်။ သူ၏မျက်လုံးကို မှိတ်ထားသည်။

အခန်းထဲမှ ဖြစ်ပျက်သမျှသော ကိစ္စရပ်တိုင်းသည် သူနှင့်မဆိုင်သကဲ့သို့ တည်ငြိမ်နေသည်။

သူသည် ဤအခန်းထဲ၌ သူတစ်ယောက်တည်းရှိသကဲ့သို့ ပြုမူနေသည်။ လျူဟုန်၊ ချူးယိနှင့် တုကုဖန်တို့သုံးယောက်ကလည်း ဤအခန်းထဲ၌ သူတို့သုံးယောက်တည်းသာ ရှိသကဲ့သို့ ကုလားထိုင်များပေါ်တွင် တိတ်ဆိတ်စွာ ထိုင်နေသည်။

အခန်းထဲ၌ တိတ်ဆိတ်မှုသည် ပြန်လည်ကြီးထွားလာသည်။ အခန်းထဲ၌ လူသားလေးဦးရှိသည့်တိုင် ဤအခန်းသည် လူသူကင်းမဲ့သော အခန်းကဲ့သို့ တိတ်ဆိတ်နေသည်။

မည်သူ့ကို မည်သူကမျှ စကားပြောခြင်း မရှိကြချေ။ သို့သော် သူတို့သည် မည်သူတစ်ဦးတစ်ယောက်မျှ ဤအခန်းထဲမှ ထွက်မသွားကြချေ။

သူတို့သည် သူတို့ရှိနေသော နေရာ၌ ရုက်သတ်ော်များ ကျောက်ချထားသကဲ့သို့ တုပ်တုပ်မျှပင် မလှုပ်ချေ။

ထိုစဉ် ရှတ်တရက် အဝေးမှ တေးသံများ ထွက်ပေါ်လာ၏။ အလွန်သာယာနာပျော်ဘွယ်ကောင်းသော တေးသံများဖြစ်၏။

တေးသံများသည် တဖြည်းဖြည်း ဝေးရာမှ နီးလာသည်။ လျူဟုန်၊ ချူးယိနှင့် တုကုဖန်တို့သည် ထိုတေးသံများကို ကြားလိုက်သည်နှင့် သူတို့၏ မျက်လုံးများသည် တောက်ပလာ၏။

သူတို့၏ မျက်နှာအသွင်အပြင်သည်လည်း အားတက်သရော အသွင်သဏ္ဍာန် ပေါ်လာသည်။

ထို့နောက် တုကုဖန်က....
'အင်း....သူတို့ လာကြပြီ'
ဟု တီးတိုးရေရွတ်လိုက်လေသည်။

....o....

မှိတ်ထားသော လုရှောင်ဖုန်း၏မျက်လုံးများ ပွင့်လာသည်။
သူသည် အဝေးမှ တစ်စထက်တစ်စနီးကပ်လာသော တေးသံများကို နားစွင့်နေသည်။

တုကုဖန်က 'သူတို့လာကြပြီ' ဟု ရေရွတ်သံ ကြားရသောအခါ လုရှောင်ဖုန်းသည် မသိမသာ မျက်မှောင်ကြုတ်မိသည်။

သူ၏စိတ်ထဲ၌လည်း သူတို့ဆိုတာမည်သူတွေနည်းဟု စဉ်းစားနေသည်။ အဘယ်ကြောင့်မျှ ချိုလွင်၍ သာယာနာပျော်ဘွယ်ကောင်းသော သီချင်းများကို သီကျူးနေရပါသနည်း။

တေးသံများသည် တဖြည်းဖြည်း နီးလာသည်။

တစ်ချိန်တည်းမှာပင် ပန်းရနံ့များသည် အခန်းထဲသို့ လွင့်ပျံလာသည်။ တိုတောင်းသော အချိန်ပိုင်းအတွင်းမှာပင် အခန်းတစ်ခန်းလုံး ပန်းရနံ့များဖြင့် မွှေးကြိုင်သွားသည်။



တစ်ဆက်တည်းပင် အခန်းတစ်ခုလုံးသည် နေ့နှင့်မခြားလင်းထိန်သွားလေတော့သည်။

ထို့နောက် အခန်းထဲသို့ ပန်းမန်ပေါင်းစုံ ကျဲချထားသည်။ ဖြူ၊ နီ၊ ပြာ၊ ဝါ အရောင်အသွေးစုံသော ပန်းမန်ပေါင်းစုံတို့သည် အခန်းထဲသို့ ပြတင်းပေါက်မှ လည်းကောင်း၊ အခန်းတံခါးပေါက်မှ လည်းကောင်း ဝင်ရောက်လာသည်။

မကြာမီမှာပင် အခန်း၏ ကြမ်းပြင်တစ်ခုလုံးသည် ပန်းမန်များဖြင့် ပြည့်နှက်သွားလေတော့သည်။

ခန်းလုံးပြည့် ပန်းမန်ကော်ဇော ခင်းထားသကဲ့သို့ ဖြစ်နေသည်။ ထိုစဉ် ရုတ်တရက် ပန်းမန်ကော်ဇော ခင်းထားသော အခန်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်ရောက်လာလေတော့သည်။

....o....

လုရှောင်ဖုန်း၏ မျက်ခုံးမွေးသည် နဖူးပေါ်သို့တက်သွားပြီး ပြန်ကျမလာတော့ချေ။

သူသည် မိန်းကလေးများစွာကို တွေ့ဖူးသည်။ သူတွေ့ဖူးသော မိန်းကလေးတိုင်းသည် ချောမောလှပ၏။

သို့သော် ယခုအခန်းထဲသို့ ဝင်ရောက်လာသော မိန်းကလေး တစ်ယောက်၏ချောမောလှပသောမိန်းကလေးမျိုးကို လုရှောင် ဖုန်း တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးချေ။

မိန်းကလေးသည် အလွန်နူးညံ့ပျော့ပျောင်းသော ခရမ်း ရောင် ပိုးထည်များကို ဝတ်ဆင်ထားသဖြင့် သူမ၏ ခန္ဓာကိုယ် အချိုးအဆစ်ပြေပြစ်မှုကို ပေါ်လွင်နေစေသည်။

သူမ၏ နက်မှောင်သော ဆံနွယ်စများသည် သူမ၏ ပခုံး နှစ်ဘက်ပေါ်သို့ ဝဲပုံကျနေသည်။

ဖြူဖွေးသော အသားအရေ၊ မည်းနက်တောက်ပသော မျက်လုံး၊ နီစွေးသော နှုတ်ခမ်း၊ ဖြူဖွေးညီညာသော သွား၊ သွယ်ပျောင်းသောလက်ချောင်းကလေးများ၊ ခန္ဓာကိုယ် အချိုး အဆစ် ပြေပြစ်၍ သွယ်လျသော ကိုယ်နေဟန်ထား စသည်ဖြင့် လှန်စွာ ချောမောလှပသော မိန်းကလေး ဖြစ်၏။

သို့သော် သူမသည် မည်သည့်အဖိုးတန် လက်ဝတ်တန်ဆာကိုမျှ ဝတ်ဆင်ထားခြင်း မရှိချေ။

သူမသည် ပန်းမန်ကော်ဇောသဖွယ် ဖြစ်နေသော အခန်း ကြမ်းခင်းပေါ်မှ ရောင်စုံပန်းများအပေါ်တွင် တည်ငြိမ် တိတ် ဆိတ်စွာ ရပ်နေ၏။

လှပ၍ ဖူးပွင့်နေသော ပန်းကလေးများသည် သူမနှင့် နှိုင်းယှဉ်လိုက်သောအခါ ရုတ်ခြည်းပင် အရောင်အသွေး မှေးမှိန် ၍ သိမ်ငယ်သွားသည်ဟု ထင်မှတ်ရပေသည်။

သူမ၏အလှသည် ဤလောကဌ် ရှိသင့်ရှိအပ်သော အလှမျိုး မဟုတ်။ အကြောင်းမှာ ဤလောကဌ် ရှိရှိသမျှသော အလှတို့



သည် သူမ၏အလှကို မယှဉ်သာသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား....

အခန်းထဲသို့ သူမဝင်ရောက်လာသည်နှင့် သိုင်းလောကဌ် လျှမ်းလျှမ်းတောက် နာမည်ကြီးသော ဓားသမားသုံးယောက် ဖြစ်သည့် လျှူဟုန်၊ ချူးယင်နှင့် တုကုဖန်တို့သည် ကပျာ ကယာ မတ်တတ်ရပ်၍ အရိုအသေ ပြုလိုက်ကြ၏။

လူတို့သုံးယောက်သည် ထိုမိန်းကလေးကို လေးစားသော အသွင်ဖြင့် ဦးခေါင်းငုံ့ထား၏။

နဖူးပေါ်တက်သွားသော လုရှောင်ဖုန်း၏ မျက်ခုံးမွေးတစ်စုံ သည် မူလနေရာသို့ ပြန်ရောက်လာ၏။

သို့သော် သူ၏အသက်ရှူခြင်းသည် ရပ်တန့်သွားသကဲ့သို့ ထင်မှတ်ရ၏။

သူ၏မျက်လုံးများသည် မိန်းကလေးကို ကြည့်နေသော်လည်း မျက်တောင်ခတ်ခြင်း မရှိချေ။

သူသည် ခုတင်ပေါ်၌ ကျောက်ဆစ်ရုပ်တစ်ရုပ်ကဲ့သို့ တုပ်တုပ် မျှ မလှုပ်ချေ။ လျှမ်းလျှမ်းတောက် ကျော်ကြားသော ဓား သမားကြီး သုံးယောက်သည် မိန်းကလေးအား ကပျာကယာ ထရပ်၍ ဦးညွှတ်ပြီး တလေးတစား ပြုမူသော်လည်း လုရှောင် ဖုန်းသည် ယခုတိုင် ခုတင်ပေါ်မှ မထသေးချေ။

မိန်းကလေးသည် လုရှောင်ဖုန်းကို အတန်ကြာအောင် ငေး ၍ ကြည့်နေ၏။ သူမ၏မျက်ဝန်းများသည် နှင်းဆီပန်းများပွင့် ပေါ်မှ နှင်းဥကလေးများသဖွယ် ကြည်လင်ရွှန်းလဲ့နေ၏

သူမသည် အတန်ကြာအောင် လုရှောင်ဖုန်းကို ငေး၍ ကြည့်နေပြီးမှ ပြုံးလိုက်သည်။

သူမ၏ အပြုံးသည် ချိုလှပ၏။ နှစ်လိုဖွယ် ကောင်း၏။ သို့သော် သူမ၏အပြုံးသည် လွန်စွာ လျို့ဝှက်ဆန်းကြယ်နေသည်ဟု လုရှောင်ဖုန်း၏စိတ်ထဲမှ ထင်မှတ်လိုက်လေသည်။

သူမသည် ထိုသို့ လုရှောင်ဖုန်းအား အတန်ကြာအောင် ငေး၍ကြည့်နေပြီးနောက် ပြုံးလိုက်သည်။

ထို့နောက် သူမသည် လုရှောင်ဖုန်းထံ ညင်သာစွာ လျှောက်လာသည်။ ထို့နောက်....

ရုတ်တရက်....

သူမသည် လုရှောင်ဖုန်း၏ရှေ့၌ ဒူးထောက်ချလိုက်လေတော့သည်။

....၀....



ကောင်းကင်ပေါ်မှ လပြည့်ဝန်းသည် မြေပြင်ပေါ်သို့ ရုတ်တရက် သက်ဆင်းလာသကဲ့သို့ လုရှောင်ဖုန်း၏ ခန္ဓာကိုယ်သည် ဆတ်ခနဲတစ်ချက် တွန့်သွားသည်။

သူသည် ခုတင်ပေါ်၌ မနေနိုင်တော့ပါ။ သူသည် ရုတ်တရက် ခုတင်ပေါ်မှထ၍ ခုန်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် လေးညို့မှ လွှတ်လိုက်သော မြားတစ်စင်းကဲ့သို့ ခေါင်မိုးကိုဖောက်၍ ထွက်သွားလေတော့၏။

ခေါင်မိုး၌ အပေါက်တစ်ခု ဖြစ်သွား၏။ ထိုအပေါက်မှ လရောင်ဝင်လာ၏။

ကျူးဟုန်၊ ချူးယိ နှင့် တုကုဖန်တို့သည် ကပျာကယာ ပြတင်းပေါက်မှ ခုန်ဆင်း၍ လုရှောင်ဖုန်းနောက်သို့ လိုက်၏။

သို့သော် လုရှောင်ဖုန်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

မိန်းကလေးသည် ဒူးထောက်နေရာမှ ဖြည်းညှင်းစွာ ထ လိုက်လေသည်။

မိန်းကလေး၏နောက်ဘက် မလှမ်းမကမ်း၌ မျက်လုံးဝိုင်းဝိုင်းနှင့် မိန်းကလေးတစ်ယောက် ရပ်နေသည်။

ထိုမိန်းကလေးသည် ယခုကဲ့သို့ လုရှောင်ဖုန်း ရုတ်တရက် ထွက်ပြေးသွားသည်ကို ဝိုင်းစက်သော မျက်လုံးများဖြင့် တအံ့တသြကြည့်နေပြီးမှ သူမသည် ကြမ်းပေါ်မှဖြေးညှင်းစွာ ထလိုက်သော မိန်းကလေးအနီးသို့ ကပ်ကာ....

'သခင်မလေး၊ သူက ဘာဖြစ်လို့ ထွက်ပြေးသွားရတာလဲ'

သခင်မလေးဟု အခေါ်ခံရသော မိန်းကလေးက ရုတ်တရက် အဖြေမပေးဘဲ သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာ ချလိုက်ပြီးမှ....

'အင်း၊ ဒီလူဟာ အင်မတန် ပါးနပ်တဲ့ လူတစ်ယောက်ပဲ'

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေတော့၏။

....o....

## ဝါးစန်း သခင်မလေး

အိမ်....

ဘစ်သားဖြင့် ဆောက်လုပ်ထားသောအိမ်။

ဤကမ္ဘာပေါ်၌ ဤအိမ်လောက် ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသော အိမ်ရှိလိမ့်မည်မဟုတ်ဟုဆိုလျှင် လွန်အံ့မထင်ပါချေ။

ထိုအိမ်ကလေးသည် တောင်ခါးပန်းတစ်နေရာရှိ ဇီးပင်တောထဲ၌ ရှိ၏။ ထိုနေရာ၌ ထိုအိမ်တစ်လုံးတည်းသာလျှင် ထီးထီးကြီး ရှိနေသည်။

ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသော ထိုအိမ်၏အပြင်ဘက် အသွင်သဏ္ဍာန်သည် အလွန်ပင် စုတ်ပြတ်ဟောင်းနွမ်းပြီး အနုပ်စုတ် ကုပ်စုတ် ပုံပန်းသဏ္ဍာန်ဖြစ်သော်လည်း ထိုအိမ်၏ အတွင်းဘက်၌မူ အလွန်ပင် သန့်ရှင်းစင်ကြယ်ပြီး အိမ်ထောင်

ပရိဘောဂများကလည်း သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် စည်းစနစ်ကျစွာ ခင်းကျင်းထား၏။

အိမ်ထောင်ပရိဘောဂများသည် အဖိုးမထိုက်တန်သည့်တိုင် ထိုသို့ စည်းစနစ်ကျစွာ သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် ပြင်ဆင်ခင်းကျင်းထားသဖြင့် နေချင်စဖွယ် ဖြစ်နေ၏။

ထိုအိမ်၌ အဘိုးအိုဟုတ်ရှူးသည် ကုလားထိုင်တစ်လုံးပေါ်တွင် ကျနစွာထိုင်၍ အရက်သောက်နေသည်။

အရက်နံ့သည် အလွန်မွှေးကြိုင်၏။

အခန်းထဲ၌လည်း အရက်အိုးများသည် ခန်းလုံးပြည့်မျှ ရှိနေသည်။

အိုးကြီး အိုးငယ် အိုးလတ် စသည့်ဖြင့် အရက်အိုးများကလည်း အရွယ်အစား အမျိုးမျိုးဖြစ်သည်။

အရက်များကလည်း တိုင်းနှင့် ပြည်နယ် အသီးသီးမှ အကောင်းဆုံး အရက်မျိုးစုံဖြစ်သည်။

အဘိုးအို ဟုတ်ရှူးသည် အရက်ကို ဧအးဆေးစွာ တစ်ဦးတည်း သောက်နေ၏။ သူသည် ဒုတိယခွက် မော့ချလိုက်ချိန်တွင် အိမ်ထဲသို့ အရက်ခွက်ကိုင်လျက် လုရှောင်ဖုန်း ဝင်လာသည်ကို တွေ့လိုက်ရ၏။

သူသည် လုရှောင်ဖုန်း၏လက်ထဲမှ အရက်ခွက်ကိုတစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး....

'မင်းက ငါ့ဆီကို အရက်သောက်ဖို့လာတာ အရက်ခွက်ပါ တစ်ခါတည်း ယူလာရသလား'



လုရှောင်ဖုန်းက လက်ထဲမှ အရက်ခွက်ကိုကြည့်ပြီး ဟားဟားဟားဖြင့် ရယ်မောလိုက်၏။

အဘိုးအို ဟုတ်ရှူးက....

'ဘာလဲ....ငါပြောတဲ့ စကားထဲမှာ ရယ်စရာ ပါလို့လား'

'အမှန်တော့ ကျွန်တော်က ရယ်စရာ ယူလာတာပါ'

'ဒါဖြင့် ငါလဲ ဝိုင်းကူရယ်ရအောင် ပြောပြပါဦး'

'ကမန်းကတန်းထွက်ပြေးလာရတော့ အရက်ခွက်ကိုချထားခဲ့ဖို့ ကျွန်တော် မေ့သွားခဲ့တယ်'

အဘိုးအို ဟုတ်ရှူးက အံ့ဩဟန်ဖြင့် မျက်ခုံးပင့်ကာ....

'နေပါဦးကွ၊ မင်းက အရက်ခွက်ကိုတောင် မေ့ပြီး လက်ထဲက မချထားနိုင်လောက်အောင် ဘာကိစ္စ အရေးတကြီး ဖြစ်နေလို့လဲ'

သူ၏အပြုံးက မဲ့ပြုံး ဖြစ်သည်။ သူက ပခုံး တစ်ချက်တွန့်၍....

'သိပ်အရေးကြီးတဲ့ ကိစ္စတော့ မဟုတ်ပါဘူး'

အဘိုးအို ဟုတ်ရှူးက နားမလည်ဟန်ဖြင့် လုရှောင်ဖုန်းကို ကြည့်လိုက်ပြီး....

'ဟေ....မင်းဟာက ဘယ်လိုတုန်း၊ သိပ်အရေးမကြီးဘူးလဲ ပြောတယ်၊ ပြီးတော့ လက်ထဲက အရက်ခွက်တောင် မချမိဘဲ ကမန်းကတန်းထွက်ပြေးခဲ့ရသေးတယ်၊ ငါက ဘယ်လိုနားလည်ရမှာတုန်း'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ကျွန်တော့် အခန်းထဲကို မိန်းကလေးတစ်ယောက် ဝင်လာလို့ဗျ'

လုရှောင်ဖုန်း၏ စကားကြောင့် အဘိုးအို ဟုတ်ရှူးသည် လုရှောင်ဖုန်းကို လူထူးလူဆန်းသဖွယ် ကြည့်လိုက်ပြီး....

'မိန်းကလေး တစ်ယောက်က မင်းအခန်းထဲ ဝင်လာလို့ မင်းက အရက်ခွက်တောင် မချထားနိုင်ဘဲ ပြေးခဲ့ရတယ် ဟုတ်လား၊ မင်းဟာက မဟုတ်သေးပါဘူး'

လုရှောင်ဖုန်းမှာ လက်ကာပြရင်း....

'ဟာ ...အဲဒီ မိန်းကလေးက တခြား မိန်းကလေးတွေနဲ့ မတူဘူးဗျ'

အဘိုးအို ဟုတ်ရှူးက....

'ဘာလဲ...မိန်းကလေးက သိပ်ပြီး အရုပ်ဆိုးနေလို့လား၊ ဒါမှမဟုတ် အစွယ်ပါနေလို့လား'

လုရှောင်ဖုန်း ဦးခေါင်း ခါယမ်းလိုက်ပြီး....

'မဟုတ်ဘူး၊ အဲဒီ မိန်းကလေးက သိပ်လှတာပဲ'

အဘိုးအို ဟုတ်ရှူးက ဦးခေါင်း ခါယမ်းပြီး....

'ဟုတ်မှလဲ ပြောပါကွာ'

'အဟုတ်ပြောတာ၊ လှတာမှ နတ်မိမယ်တစ်ပါးလို လှတာ၊ အင်း....ပြောရရင် တော့ အဲဒီ မိန်းကလေးလို လှတာမျိုး ကျွန်တော့် တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးသေးဘူး'

အဘိုးအို ဟုတ်ရှူးက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဒါဖြင့် မင်းက ဘာလို့ ထွက်ပြေးရတာလဲ'

'အဲဒီ မိန်းကလေးက ကျွန်တော့်ကို ဒူးထောက်လို့ဗျ'



လုရှောင်ဖုန်း၏ စကားကြောင့် အဘိုးအို ဟုတ်ရှူးသည် တအံ့တဩဖြစ်ကာ လုရှောင်ဖုန်း၏ မျက်နှာကို သေသေချာချာ စူးစမ်းလေ့လာနေ၏။

အတန်ကြာမှ အဘိုးအိုဟုတ်ရှူးသည် သက်ပြင်း တစ်ချက်ချလိုက်ပြီး....

'ဒီလိုလုပ်'

လုရှောင်ဖုန်းက မျက်မှောင် မသိမသာကြုတ်ပြီး....

'ဘာကို ဘယ်လိုလုပ်ရမှာလဲ'

အဘိုးအို ဟုတ်ရှူးက....

'ငါ စာတစ်စောင် ရေးပေးလိုက်မယ်၊ မင်း ဖူစန်းတောင်ကို သွား'

'ဖူစန်းတောင်ကို ဘာသွားလုပ်ရမှာလဲ'

'အဲဒီမှာ ငါ့ရဲ့ သူငယ်ချင်း သမားတော်ကြီး လောင်ပေ့ ရှိတယ်'

'ဘာလဲ....ကျွန်တော်က အဲဒီမှာ သွားပြီး ပုန်းရမှာလား'

'ပုန်းဖို့မဟုတ်ဘူး၊ မင်းရဲ့ ရောဂါကို ကုဖို့'

'ဟာ....ကျွန်တော်က ဘာရောဂါရှိလို့ ကုရမှာလဲ'

'မင်းဟာက သွေးရိုးသားရိုးမှ မဟုတ်တာ'

'နေပါဦး၊ ကျွန်တော်က အခု ဘာဖြစ်နေလို့လဲ'

'ဟောဗျာ...အံ့ဖွယ်ပဲ၊ ကဲ... ကဲ....ငါမေးမယ်၊ မင်း မှန်မှန်ဖြေ'

'ကဲ....မေး၊ ဘာမေးမှာလဲ'

'မင်းအခန်းထဲကို မိန်းကလေး တစ်ယောက် ဝင်လာတယ် ဟုတ်လား'

'ဟုတ်တယ်'

'အဲဒီ မိန်းကလေးက နတ်မိမယ်တမျှ လှပတယ် ဟုတ်ရဲ့လား'

'ဟုတ်တယ်၊ ဒါ အမှန်ပဲ'

'အဲဒီမိန်းကလေးက မင်းကို ဒူးထောက်တယ်၊ ဟုတ်တယ်နော်'

'အင်း....ဟုတ်တယ်'

'အဲဒီလို အလွန်လှပတဲ့မိန်းကလေးက မင်းအခန်းထဲဝင်လာပြီး မင်းကို ဒူးထောက်တာနဲ့ မင်းက ထွက်ပြေးခဲ့ရတယ် ဟုတ်လား'

'ဟုတ်တယ်၊ မယုံရင် ဟုတ်စိန်တည်းခိုခန်းကို သွားကြည့်၊ ခေါင်မိုးမှာ ကျွန်တော်ထွက်ပြေးလို့ ပေါက်သွားတဲ့ အပေါက်ရှိတယ်'

'ဒါဆိုရင် သေချာနေပြီပဲ'

'ဘာကိုသေချာနေတာလဲ'

'မင်းမှာ ရောဂါရှိနေတာလေ၊ မင်း ဦးနှောက်မှ မမှန်တော့ဘဲ'

'ကျွန်တော်သာ ဦးနှောက်မမှန်ရင် ဘယ်ထွက်ပြေးပါ့မလဲ၊ ဦးနှောက်မှန်လို့ ထွက်ပြေးခဲ့ရတာပေါ့'

'အင်း...ပြောစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ထွက်ပြေးခဲ့ရတာလဲ'

'အဲဒီမိန်းကလေးက သခင်မလေးတဲ့'



'သခင်မလေး ဆိုတော့ ပိုကောင်းတာပေါ့၊ နောက်ဆို သခင်လေး လုရှောင်ဖုန်း ဖြစ်လာနိုင်တာပေါ့'

'နားထောင်ပါဦး၊ ကျွန်တော် ပြောပါဦးမယ်'

'ကဲ....ကဲ၊ ဆက်ပြော....ဆက်ပြော'

'အဲဒီသခင်မလေးမှာ သက်တော်စောင့်သုံးယောက် ပါလာတယ်'

'သခင်မလေးပဲ၊ သက်တော်စောင့်ပါလာတာဆန်းသလား၊ သုံးယောက်မကလို့ ဆယ်ယောက်ပဲ ပါလာ ပါလာအကြောင်းလား'

'အဲဒီသက်တော်စောင့်တွေက လူထူးလူဆန်းတွေဗျ'

'ဘာလဲ၊ သူတို့ခေါင်းမှာ ချိုတွေပါနေလို့လား'

'သူတို့မှာ ချိုပ မပါတော့ မသိဘူး၊ ဒါပေမယ့် သူတို့ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ လျှူဟုန်ရယ်၊ ချူးယံရယ်၊ နောက်ပြီး တုကုဖုန်ရယ်၊ အဲဒီသုံးယောက်ပဲ'

အဘိုးအို ဟုတ်ရှူးသည် စကားပင် မပြောနိုင်လောက်အောင် အံ့အားသင့်သော မျက်လုံးများဖြင့် လုရှောင်ဖုန်းကို ငေးစိုက်ကြည့်နေမိလေတော့၏။

အတန်ကြာမှ အဘိုးအိုဟုတ်ရှူးသည် သက်ပြင်းတစ်ချက် 'ဟူး'ခနဲ မှုတ်ထုတ်လိုက်ပြီး ဦးခေါင်းတစ်ချက် ခါယမ်းကာ....

'လျှူဟုန်.. လျှူဟုန်၊ သူက အသက်ကို ပဓာနမထားတဲ့ ဓားသမားလျှူဟုန် မဟုတ်လား'

'ဟုတ်တယ်'

'ချူးယံ ဆိုတာ ဟို-နွားစာစ်ကောင်ကို လက်သီးတစ်ချက်တည်းနဲ့ ထိုးသတ်နိုင်တဲ့ ခေါ်းသမား ချူးယံ မဟုတ်လား'

'ဟုတ်တယ် သူပဲ'

'ဒါဖြင့် တုကုဖန်ဆိုတာ ကိုယ်ဖော့ပညာ အလွန်တော်တဲ့ ခေါ်းသမား မဟုတ်လား'

'မမှားပါဘူး သူပါပဲ'

'သူတို့လို လျှမ်းလျှမ်းတောက် နာမည်ကြီးတဲ့ ခေါ်းသမားသုံးယောက်က သခင်မလေးရဲ့ သက်တော်စောင့် ဖြစ်နေတယ်ဆိုတာ မယုံနိုင်စရာပဲ'

'အင်း....အခုမှ ခင်ဗျားရဲ့ဦးနှောက်က ပုံမှန်ဖြစ်လာတယ်'

ဟုတ်ချူးက လုရှောင်ဖုန်းကို မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး အတန်ကြာအောင် စဉ်းစားနေ၏။

'အင်း...သခင်မလေးက ဒီလို လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ခေါ်းသမားသုံးယောက်ကို ရထားပြီးသားနဲ့ မင်းကိုလာပြီး ဒူးထောက်တယ်ဆိုတာ ပိုပြီးထူးဆန်းတယ်၊ ကေန္တ....'

လုရှောင်ဖုန်းက ခပ်ပြုံးပြုံးမျက်နှာဖြင့်....

'ကျွန်တော့်လို သခင်မလေးက ခင်ဗျားကို ဒူးထောက်မယ်ဆိုရင် ခင်ဗျား ဘာလုပ်မလဲ'

'ငါလား၊ ဟင်း...ဟင်း.... ထွက်ပြေးရုံ မင်းထက်တောင်မြန်ဦးမယ်'

'ဟား....ဟား ...ဟား၊ အင်း....သခင်မလေး အခန်းထဲဝင်လာကတည်းက ခင်ဗျား ထွက်ပြေးမှာ မဟုတ်လား'



'သိပ်ဟုတ်တာပေါ့၊ မင်းလို မင်းရှေ့မှာဒူးထောက်မှ ထွက်ပြေးမှာ မဟုတ်ဘူး၊ အခန်းဝကို ရောက်တာနဲ့ ထွက်ပြေးမှာ၊ ဟား....ဟား....ဟား'

လုရှောင်ဖုန်းကပြုံးလျက်....

'ခင်ဗျားမဆိုးဘူး၊ သခင်မလေးမှာ ဒီလောက် လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ခေါ်းသမားသုံးယောက် ရထားတာတောင် မတင်းတိမ်နိုင်ဘဲ ကျွန်တော့်ရှေ့မှာလာပြီး ဒူးထောက်တယ်ဆိုတော့....'

ဟုတ်ချူးက လုရှောင်ဖုန်း၏စကားကို ဖြတ်၍....

'မင်းကို အကူအညီတောင်းမယ့် ကိစ္စဟာ နှယ်နှယ်ရရ ကိစ္စမဟုတ်ဘူး၊ အင်မတန်ခဲယဉ်းတဲ့ကိစ္စပဲ ဖြစ်မှာပေါ့၊ ဒါကြောင့် မင်း ထွက်ပြေးတာ မှန်ပါတယ်'

လုရှောင်ဖုန်းက....

'ဒါဆိုရင် ကျွန်တော် သမားတော်ကြီးဆီသွားဖို့ မလိုတော့ဘူး ထင်တယ်'

'ဟုတ်တယ်၊ မင်း သမားတော်ကြီးဆီသွားဖို့မလိုတော့ဘူး၊ နောက်ပြီး မင်း ဘယ်မှလဲသွားဖို့မလိုတော့ဘူး'

'ဘာဖြစ်လို့လဲ'

'ထွက်ပြေးလို့ လွတ်မယ်လို့ မင်းကထင်နေလို့လား'

လုရှောင်ဖုန်းက ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး....

'အင်း....ကျွန်တော်က တခြားပညာသာ မတတ်ချင်နေမယ်၊ ထွက်ပြေးတဲ့နေရာမှာတော့ ကျွန်တော့်ကို ဘက်သူမှ မမီပါဘူးဗျာ'

လုရှောင်ဖုန်းသည် ထိုသို့ပြောလိုက်ပြီး စားပွဲပေါ်မှအရက်အိုးကို လှမ်းယူ၍ မိမိလက်ထဲမှအရက်ခွက်ထဲသို့ ထည့်လိုက်၏။

ထို့နောက် အရက်ခွက်ကိုမော့၍ကျိုက်ချလိုက်လေတော့၏။ သူသည် အရက်ကို သုံးကြိမ် သုံးခါမြောက် မော့၍ကျိုက်ချလိုက်ပြီးနောက် မိမိသည် ထွက်ပြေး၍ မလွတ်နိုင်တော့ကြောင်း သဘောပေါက်လာလေတော့၏။

'ဝုန်း....ဝုန်း....ဝုန်း'

ဟူသောအသံများ ပေါ်ထွက်လာပြီး အခန်း၏ဝဲယာနှင့် နောက်ဘက်မှနံရံများသည် ကျိုးပဲ့၍အပေါက်များ ဖြစ်သွားသောကြောင့်ပင် မဟုတ်ပါလား။

....၁....

ဟုတ်ရှူးက လုရှောင်ဖုန်းကို မော့ကြည့်လိုက်၏။

သူ၏အကြည့်သည် 'ဘယ့်နှယ်လဲ ငါပြောတာ မဟုတ်ဘူးလား' ဟူသော အကြည့်မျိုးဖြစ်၏။ လုရှောင်ဖုန်းက မျက်ခုံးနှစ်ဘက်ကိုပင့်၍ ဟုတ်ရှူးကို ပခုံးတစ်ချက် တွန့်ပြလိုက်၏။

ထိုစဉ် ကျိုးပဲ့ပေါက်ပြဲသွားသော နံရံအပေါက်များမှ လူသုံးယောက်ဝင်လာ၏။ သူတို့သုံးယောက်သည် အပေါက်သုံးခုမှ တစ်ယောက်တစ်ပေါက်စီ ဝင်လာခြင်းဖြစ်၏။



ထိုလူသုံးယောက်မှာ လျှုဟုန်၊ ချူးယိနှင့် တုကုဖန်တို့ပင် ဖြစ်သည်။ သူတို့သုံးယောက်သည် အခန်းထဲသို့ ဣန္ဒြေရစွာဖြင့် ဝင်လာ၏။

သူတို့သုံးယောက်၏ သွင်ပြင်ဟန်အမူအရာသည် အလည်အပတ်ထွက်နေရာမှ မိမိတို့၏နေအိမ်သို့ပြန်လည်ရောက်လာသော အိမ်ရှင်များကဲ့သို့ ထင်မှတ်ရ၏။

အခန်းထဲသို့ရောက်သည်နှင့် ချူးယိက လုရှောင်ဖုန်းကို သွားဖြဲ၍ ပြုံးပြလိုက်ပြီး....

'သူငယ်ချင်း၊ ဒီတစ်ခါ ငါတို့တံခါးခေါက်ဖို့ မလိုတော့ဘူး မဟုတ်လား'

'ပထမတော့ တို့က တံခါးခေါက်မလို့ပဲ၊ ဒီတစ်ခါ တံခါးခေါက်ရင် မင်းထွက်ပြေးမှာစိုးလို့ အဲ....ပြတင်းပေါက်ကဝင်ဖို့ ကျပြန်တော့လဲ ငါတို့က တိရစ္ဆာန်မဟုတ်တော့ ခက်နေတယ်၊ ဒါနဲ့....'

တုကုဖန်က စကားဆက်မပြောတော့ဘဲ နံရံပေါ်မှ ကျိုးပဲ့ပေါက်ပြဲနေသော အပေါက်များကို လက်ဝေ့ယမ်းပြလိုက်ပြီး ဟန်ပါပါဖြင့် ပခုံးတစ်ချက် တွန့်လိုက်၏။

လျှုဟုန်က ဘာမျှမပြောဘဲ အခန်းကိုတစ်ချက်မျှ လှည့်ပတ်ကြည့်နေ၏။ တုကုဖန်က အနီးမှ ကုလားထိုင်တစ်လုံးကို ဆွဲယူလိုက်ပြီး လျှုဟုန်အား....

'ကဲ....သူငယ်ချင်း၊ ဒီမှာလာထိုင်'

သို့သော် တုကုဖန်၏လက်၌ ကိုင်ထားသော ကုလားထိုင်သည် ကျိုးကျိုးကျွတ်ကျွတ်မြည်ကာ အစိတ်စိတ် အမြွှာမြွှာ ကျိုးပဲ့သွားလေတော့၏။

'ဖြစ်သွားတာ ဘာတတ်နိုင်မှာလဲ'

ဟူသော မျက်နှာလေးဖြင့် လျှုဟုန်တို့ပခုံးတစ်ချက် တွန့်ပြလိုက်၏။ လျှုဟုန်ကလည်း တုကုဖန်ကို ပြန်လည်၍ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး....

'ကိစ္စမရှိဘူး သူငယ်ချင်း၊ ငါဟိုခုတင်ပေါ်မှာပဲ သွားထိုင်တော့မယ်'

ထို့နောက် လျှုဟုန်သည် ခုတင်ပေါ်သို့ ထိုင်ချလိုက်သည်နှင့် ခုတင်သည် ဝုန်းခနဲပြိုကျသွားလေတော့၏။

'ဟော့ ဒီကပစ္စည်းတွေက ဘာလို့မခိုင်ရတာလဲ'

ချူးယိက ပြုံး၍....

'မင်းတို့က မခိုင်တဲ့ပစ္စည်းတွေကို သွားကိုင်မိတာကိုးကွ'

ဟု ပြောရင်း အရက်အိုးများတင်ထားသော စားပွဲပေါ်သို့ လက်ထောက်လိုက်၏။

စားပွဲပေါ်မှ အရက်အိုးများလည်း ကြမ်းပေါ်သို့ကျကာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားလေတော့၏။

ထို့နောက် ချူးယိ၊ လျှုဟုန်နှင့် တုကုဖန်တို့သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်၏။

ပြီးမှ ချူးယိက....

'ဒီကပစ္စည်းတွေက မခိုင်ဘူးကွ'



တုကုဖန်က....

'တို့က မခိုင်တဲ့ပစ္စည်းတွေနဲ့ တွေ့လို့ဖြစ်မှာပါ'

လျှုဟုန်က....

'ဒါဆို သေသေချာချာရှာကွာ၊ ခိုင်တဲ့ပစ္စည်းတစ်ခုခုတော့ တွေ့မှာပေါ့'

ထို့နောက် လျှုဟုန်၊ ချူးယိနှင့် တုကုဖန်တို့သည် အခန်းထဲရှိ အိမ်ထောင်ပရိဘောဂများကို တစ်ခုပြီးတစ်ခု ချိုးဖဲ့ဖျက်ဆီးလိုက်၏။

အိမ်ထောင်ပရိဘောဂများ ကုန်သွားသောအခါ သူတို့သည် အိုးခွက်ပန်းကန်များကို ရိုက်ခွဲဖျက်ဆီးပြန်၏။

အချိန်ပိုင်းအတွင်းမှာပင် အခန်းတစ်ခုလုံး အိမ်ထောင်ပရိဘောဂ အကျိုးအပဲ့များ၊ အိုးခွက်ပန်းကန် အပျက်အစီးများဖြင့် ပြည့်နှက်သွားလေတော့၏။

ဟုတ်ရှူးသည် အခန်းထဲ၌ ဖြစ်ပျက်နေသော ကိစ္စများသည် မိမိနှင့်မသက်ဆိုင်သကဲ့သို့ အပြုံးမပျက်ဘဲ ပုရွှောင်ဖုန်းနှင့် အရက်သောက်မြဲသောက်နေ၏။

သူသည် စားသမားသုံးယောက် ဝိုင်းဝန်းဖျက်ဆီးနေသော အိမ်ထောင်ပရိဘောဂများ၊ အိုးခွက်ပန်းကန်များမှာလည်း မိမိ၏ ပစ္စည်းမဟုတ်သကဲ့သို့ လှည့်၍ပင်မကြည့်ချေ။

မကြာမီ အခန်းထဲ၌ ရိုက်ချိုးဖျက်ဆီးရန် အိုးခွက်ပန်းကန်များ မရှိတော့ချေ။ တုကုဖန်က ချူးယိကို လှမ်း၍ကြည့်လိုက်ပြီး....

'အင်း....အိမ်ကတော့ ခိုင်မယ့်ပုံပဲ'

'စမ်းကြည့်ကြတာပေါ့ကွာ'

ထို့နောက် သူသည်ပြတင်းပေါက်သို့သွား၍ ပြတင်းပေါက်တံခါးရွက်ကို သွဲ့ဖြုတ်လိုက်၏။

ပြီးမှ သူသည် ပြတင်းပေါက်တံခါးရွက်ကို ဒူးပေါ်တင်၍ ရိုက်ချိုးလိုက်၏။ တုက္ကဖန်က ပြုံးလိုက်ပြီး အခန်းတံခါးရွက် တင်ခုကို လက်ဖြင့်ရိုက်ချိုးလိုက်၏။

ထို့နောက် သူတို့သုံးယောက်သည်ပြတင်းပေါက်တံခါးရွက်များ၊ အခန်းတံခါးရွက်များ၊ အိမ်ထရံများ၊ ခေါင်မိုးများစသည်တို့ကို တစ်ခုပြီးတစ်ခု ရိုက်ချိုးဖျက်ဆီးနေ၏။

ထိုတောင်းသော အချိန်အတွင်းမှာပင် ဟုတ်ရှူး၏နေအိမ်သည် ကြမ်းခင်းနှင့် အိမ်တိုင်များသာ ကျန်တော့၏။

သူတို့သည် စတင်၍ ကြမ်းခင်းခွာသူကခွာ၍ အိမ်တိုင်ဆွဲနှုတ်သူက ဆွဲနှုတ်နေ၏။ လုရှောင်ဖုန်းက အရက်တစ်ခွက် မော့လိုက်ပြီး ဟုတ်ရှူးကိုကြည့်ကာ....

'အိမ်ထဲမှာနေရတာ အိုက်တယ်ဗျာ၊ အပြင်ထွက်ရအောင်'

ဟုတ်ရှူးက ဦးခေါင်းညိတ်၍....

'ကောင်းသားပဲ၊ လေကောင်းလေသန့်လဲ ရတာပေါ့၊ ဒီမှာက အနံ့အသက်မကောင်းဘူး'

ထို့နောက် ဟုတ်ရှူးသည် အရက်အိုးပွေ့၍ ထိုင်ရာမှထလိုက်၏။ အခန်းတစ်ခုလုံးသည် အကာအရံမရှိတော့ပါ။

သို့သော် လုရှောင်ဖုန်းနှင့် ဟုတ်ရှူးတို့သည် အကာအရံမရှိသော အခန်းထဲမှ အပြင်သို့ထွက်လာကြသကဲ့သို့ပင် အခန်းတံခါး



ပေါက်မှ ဘောင်အကွပ်သာကျန်နေသော အခန်းတံခါးကိုဖွင့်၍ အပြင်သို့ထွက်လိုက်လေတော့၏။

အိမ်ရှေ့မြေကွက်လပ်သို့ ရောက်သောအခါ လုရှောင်ဖုန်းနှင့် ဟုတ်ရှူးတို့သည် မြေကွက်လပ်၌ မျက်နှာချင်းဆိုင် တင်ပျဉ်ခွေထိုင်လိုက်၏။

ဟုတ်ရှူးက အရက်အိုးကို သူတို့နှစ်ယောက်ကြား၌ ချထားလိုက်၏။ ထို့နောက် သူတို့သည် တစ်ယောက်ကို တစ်ယောက် အရက်ခွက်မြှောက်ပြပြီး ပြိုင်တူမော့ချလိုက်၏။

ထိုစဉ်....

'ဝုန်း'

ဟူသောအသံ ထွက်ပေါ်လာပြီး ဟုတ်ရှူး၏အိမ်တစ်ခုလုံး မြေပေါ်သို့ ပြိုကျကာ မြေပေါ်၌ ပြားပြားဝပ်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် ချိုလွင်သောစကားသံတစ်သံက ဇီးပင်တောထဲမှ ရုတ်တရက် လွင့်ပျံလာ၏။

'သခင်မလေး သန်းဖုံးက လုရှောင်ဖုန်းကို တွေ့ပါရစေတဲ့'

ထိုစကားသံနှင့်အတူ မျက်လုံးဝိုင်းစက်စက်နှင့် မိန်းကလေးတစ်ယောက်သည် ဇီးပင်တောထဲမှ ထွက်လာ၏။

ထိုစကားသံကြောင့် လုရှောင်ဖုန်း၏ ခန္ဓာကိုယ်သည် တီကောင်ကို ဆားနှင့်တို့လိုက်သကဲ့သို့ တွန့်သွားပြီး လက်ထဲမှ အရက်ခွက်ကို အရက်အိုးအနီး၌ ချထားလိုက်၏။

ပြီးမှ သူသည် ဟုတ်ရှူးကို ပခုံးတစ်ချက် တွန့်ပြလိုက်ရင်း....

'သခင်မလေးတဲ့....ကျွန်တော်....'

လုရှောင်ဖုန်း၏ စကားမဆုံးမီ ဟုတ်ရှူးက လုရှောင်ဖုန်း၏ ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး ဇီးပင်တောထဲမှ ထွက်လာသော မျက်လုံးဝိုင်းဝိုင်းနှင့် မိန်းကလေးအား လှမ်း၍....

'နေပါဦး၊ သခင်မလေးသန်းဖုံးက ဘယ်မှာလဲ'

'ဇီးပင်တောထဲမှာပါ၊ သခင်မလေးက သူ့ကိုတွေ့ရင် လုရှောင်ဖုန်း ထွက်ပြေးသွားမှာစိုးလို့ ကျွန်မကိုပဲ လွှတ်လိုက်တာပါ'

ဟုတ်ရှူးက တဟားဟားရယ်မောလိုက်ပြီး....

'မင်းတို့သခင်မလေးကို ပြောလိုက်ပါ၊ ဒီတစ်ခါ လုရှောင်ဖုန်းက ထွက်မပြေးတော့ပါဘူးလို့၊ ဘာဖြစ်လို့လဲဆိုတော့ သူရောက်တဲ့ အိမ်တွေအားလုံး အဖျက်ခံရမှာကြောက်လို့ ထွက်မပြေးတော့ပါဘူးတဲ့'

ဟု ပြောလိုက်လေတော့၏။

....o....

ငွေကြယ်ကလေးများသည် ကောင်းကင်ထက်၌ မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းလက်နေ၏။

လခြမ်းကွေးကလေးသည် ငွေကြယ်များအလယ်တွင် ထွန်းလင်းနေ၏။ ဟုရှူး၏စကားအဆုံး၌ ဇီးပင်တောထဲမှ လူတစ်ဦး ထွက်လာ၏။



သခင်မလေး သန်းဖုံးမဟုတ်ပါ။ အလွန်သန်မာထွားကျိုင်းသော လူတစ်ယောက်ဖြစ်ပါသည်။

သူသည် ဇီးပင်တောထဲမှ တစ်လှမ်းချင်းလှမ်း၍ ထွက်လာသည်။ သူ၏လက်ထဲ၌ ခြင်းတောင်းတစ်ခု ဆွဲလာ၏။

ပန်းများဖြင့် မွမ်းမံထားသော ပန်းဆွဲခြင်းဖြစ်၏။ ဝိုင်းစက်သော မျက်လုံးနှင့် မိန်းကလေးသည် ထိုလူသန်ကြီး လက်ထဲမှ ပန်းခြင်းကို လှမ်းယူလိုက်၏။

လူသန်ကြီးက ထိုမိန်းကလေးကို ရို့ကျိုးစွာဖြင့် ပန်းခြင်းအား ပေးလိုက်သည်။

မိန်းကလေးက ထိုပန်းခြင်းကို လုရှောင်ဖုန်းနှင့် ဟုတ်ရှူးတို့ နှစ်ယောက်အကြား၌ ချထားလိုက်၏။

ထိုပန်းခြင်းထဲ၌ ရွှေတုံးကလေးများပါရှိလေသည်။ သို့သော် လုရှောင်ဖုန်းနှင့် ဟုတ်ရှူးတို့သည် သူတို့နှစ်ယောက်၏အလယ်၌ ရှိနေသော အရက်အိုးလောက်ပင် ထိုပန်းခြင်းကို စိတ်ဝင်တစားမရှိချေ။

မိန်းကလေးက လှပစွာပြုံးလိုက်ပြီး ဟုတ်ရှူးအား ဦးညွှတ်ဂါရဝပြု၍....

'သခင်မလေးက အိမ်အတွက် လျော်ကြေးပေးလိုက်တာပါ'

ဟုတ်ရှူးသည် ဘာမျှ ပြန်မပြောချေ။ သူသည် ရွှေတုံးကလေးများ ထည့်ထားသောပန်းခြင်းကို လုံးဝမကြည့်ဘဲ သူ၏လက်ထဲမှ အရက်ခွက်ကိုသာ အာရုံစိုက်နေ၏။

ထိုစဉ် သူတို့အနီးသို့ လျှူဟုန်၊ ချူးယ° နှင့် တုကုဖန်တို့ ရောက်လာ၏။ လုရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး တုကုဖန်ကို မော့ကြည့်ကာ....

'အင်း–ခင်ဗျားကဗဟုသုတကြွယ်ဝတဲ့လူဆိုတော့ ကျွန်တော် တစ်ခု မေးပါရစေ'

တုကုဖန်က ပြုံး၍....

'မေးပါ'

လုရှောင်ဖုန်းက တစ်ချက်ပြုံးကာ....

'အင်း....ဒီနယ်ထဲမှာ အချမ်းသာဆုံး၊ အကြွယ်ဝဆုံးလူက ဘယ်သူလဲ'

တုကုဖန်က တစ်ချက်မျှ စဉ်းစားလိုက်ပြီး....

'အင်း....ကျုပ်သိရှိသလောက်တော့ မြေအများဆုံးပိုင်တဲ့လူက ကျန်းနန်နယ်က သူဌေးကြီး 'ဟွာ' ပါ၊ အဲ....နောက်ပြီး ကျောက်သံပတ္တမြား ပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး အချမ်းသာဆုံး၊ အကြွယ်ဝဆုံးလူကတော့ ကွမ်းကျုံးနယ်က သူဌေးကြီး 'ဉာဏ်ထိစန်း' ပါ၊ ဒါပေမယ့် အစစအရာရာမှာ အကြွယ်ဝဆုံး၊ အချမ်းသာဆုံးလူကတော့ ဟုတ်ရှူးပါပဲ'

လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ခင်ဗျားပြောတာ မှန်တယ်၊ အစစအရာရာမှာ အားလုံးထက် အချမ်းသာဆုံး၊အကြွယ်ဝဆုံးပုဂ္ဂိုလ်က ဟုတ်ရှူးပဲ၊ ဒါနဲ့ ထပ်မေးရဦးမယ်၊ ဟုတ်ရှူးက ဘယ်လိုလူစားမျိုးလဲ'



တုကုဖန်က ဦးခေါင်းညိတ်လိုက်ပြီး....

'သူက လူတစ်မျိုးပဲ၊ အတော်ထူးဆန်းတဲ့ လူတစ်မျိုးပါ၊ သူက အားလုံးထဲမှာ အချမ်းသာဆုံး၊ အကြွယ်ဝဆုံးဖြစ်ပေမယ့် ဘာအဆောင်အယောင်မှ မရှိဘူးလို့ သိရပါတယ်၊ ပြီးတော့လဲ သူ့ကို တွေ့ဖူးမြင်ဖူးတဲ့လူက အင်မတန်မှ ရှားပါတယ်၊ သူ့ကို တွေ့ဖူးမြင်ဖူးတဲ့လူကို လက်ချီးရေလို့ ရှိရတယ်လို့ ကြားဖူးပါတယ်'

တုကုဖန်သည် ထိုသို့ပြောနေရင်းမှ ရုတ်တရက် သူ၏ စကားကို ရပ်တန့်လိုက်ပြီး လုရှောင်ဖုန်းနှင့် အတူ ထိုင်နေသော ဟုတ်ရှူးကို တအံ့တသြဖြင့် ကြည့်လိုက်မိလေတော့၏။

ဟုတ်ရှူးက သက်ပြင်းတစ်ချက် လေးပင်စွာ မှုတ်ထုတ်လိုက်ပြီး လက်ထဲမှ အရက်ခွက်ကို အရက်အိုးဘေး၌ ချထားလိုက်၏။

ပြီးမှ သူသည် ထိုင်ရာမှထကာ လုရှောင်ဖုန်းကို တစ်ချက် လှမ်းကြည့်လိုက်ပြီး

'အင်း....မင်းလုပ်လိုက်တာပဲ ငါ ဒီမှာရှိတယ်ဆိုတာ သိကုန်ပြီ'

ထို့နောက် သူသည် မျက်လုံးစိုင်းစက်သော မိန်းကလေးကို ပြုံးပြလိုက်ပြီး....

'ကဲ...ကလေးမ၊ မင်းရဲ့အခင်မကို ပြောလိုက်ပါ၊ မင်းတို့ရဲ့ လျော်ကြေးကို ငါ မယူပါရစေနဲ့လို့'

ပြီးမှ သူသည် လုရှောင်ဖုန်းကို ပခုံးတစ်ချက်တွန့်ပြရင်း...

'ကဲ....ငါ သွားတော့မယ်၊ ဒီနေရာကို ငါ စွန့်လွှတ်ရတော့မှာပဲ'

ဟုတ့်ရှူးသည်ထိုသို့ပြောလိုက်ပြီးနောက် သူ၏ဖင်မှ ဖုန်များကို လက်ဖြင့် ခါထုတ်ရင်း ထိုနေရာမှ ထွက်သွားလေတော့၏။

....၁....

မြင်းလှည်းတစ်စီး....

ထွားကျိုင်းသန်မာပြီးအနက်ရောင်အမွေးအမျှင်များရှိသော င်မြုံးတပ်ဆင်ထားသည့် ထိုမြင်းလှည်းသည် မည်းနက်၍ ပြောင်လက်နေ၏။

ထိုမြင်းလှည်းတစ်စီးလုံးကို ရောင်စုံပန်းများဖြင့် မွမ်းမံထားသည်။ ထို့ကြောင့် မွှေးပျံ့သင်းကြိုင်သော ပန်းရနံ့များကို အဝေးကပင် ရနိုင်၏။

လုရှောင်ဖုန်းသည် ရှေ့မှဦးဆောင်လမ်းပြ၍သွားနေသော မျက်လုံးဝိုင်းနှင့် မိန်းကလေးသည် မြင်းလှည်းနှင့် ဝါးတစ်ရိုက်အကွာ၌ ရပ်တန့်လိုက်သည်။

ထို့နောက် သူမသည် လုရှောင်ဖုန်းဘက် လှည့်ကာ....

'မြင်းလှည်းထဲမှာ သခင်မလေး စောင့်နေတယ်'

လုရှောင်ဖုန်းက ဦးခေါင်းယမ်းလိုက်ပြီး....

'ကျုပ်က ဘာဖြစ်လို့ သူ့ဆီသွားရမှာလဲ'



မိန်းကလေးက....

'သခင်မလေးက ရှင့်ကို ဒီမြင်းလှည်းနဲ့ တစ်နေရာ ခေါ်သွားမလို့ပါ'

လုရှောင်ဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ် လိုက်မသွားချင်ဘူး'

မိန်းကလေးက....

'ရှင့်အတွက် အကျိုး မယုတ်ပါဘူး ရွှေတွေ အများကြီး ရမှာပါ'

လုရှောင်ဖုန်းက ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး....

'ကျုပ် ရွှေမှမလိုချင်ပဲ'

မိန်းကလေးက သူမ၏ ဝိုင်းစက်သော မျက်လုံးကို ပို၍ ဝိုင်းစက်စွာ ပြူးလိုက်ပြီး....

'ရှင် နောက်နေတာလား'

လုရှောင်ဖုန်းက....

'အတည်ပြောနေတာ'

မိန်းကလေးက....

'ဒါဖြင့် ရှင်က ဘာလိုချင်လို့လဲ'

လုရှောင်ဖုန်းက ဦးခေါင်းခါယမ်းလိုက်ပြီး....

'ကျုပ် ဘာမှမလိုချင်ဘူး၊ ဘယ်မှလဲ မလိုက်ချင်ဘူး'

မိန်းကလေးက သက်ပြင်းတစ်ချက်ချရင်း....

'ရှင် တကယ်ပြောနေတာလား'

လုရှောင်ဖုန်းက....

'ကျုပ် နောက်ပြောင်နေတယ်လို့ မင်းက ထင်နေလို့လား'

မိန်းကလေးက လုရှောင်ဖုန်းကို လူထူးလူဆန်းတစ်ယောက်သဖွယ် ကြည့်လိုက်ပြီး ရယ်မောလိုက်သည်။

'ကောင်းပြီ၊ ရှင့်သဘောပဲ'

ထို့နောက် သူမက တစ်စုံတစ်ရာကို သတိရဟန်ဖြင့်....

'ဩော်....ကျွန်မပြောဖို့ မေ့နေတယ်'

လုရှောင်ဖုန်းက....

'ဘာများလဲ'

မိန်းကလေးက ပြုံးလိုက်ပြီး....

'ရှင့်မိတ်ဆွေကြီး မန်းလူက သူ ကျန်းကျန်းမာမာရှိနေတယ်ဆိုတာ ရှင့်ကို ပြောလိုက်ပါလို့ မှာလိုက်တယ်'

မိန်းကလေး၏ စကားကြောင့် လုရှောင်ဖုန်း၏ ခန္ဓာကိုယ်သည် ရုတ်တရက် တောင့်တင်းသွားလေတော့သည်။

သူသည် မိန်းကလေးကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီးနောက် တဟားဟားဖြင့် ခွက်ထိုးခွက်လန် ရယ်မောလိုက်လေတော့သည်။

သူသည် ရယ်ရလွန်း၍ မျက်ရည်များပင် စီးကျလာ၏။ မိန်းကလေးက လုရှောင်ဖုန်းကို ငေးကြောင်၍ ကြည့်နေပြီးမှ....

'ရှင်က ဘာလို့ ရယ်မောတာလဲ'

လုရှောင်ဖုန်းက ရယ်မောရင်း....

'မင်းယ ရယ်စရာပြောတာကို'

မိန်းကလေးက....

'ကျွန်မက ဘာများရယ်စရာ ပြောမိလို့လဲ'



လုရှောင်ဖုန်းက....

'မင်းက တကယ့်ကလေးပဲ၊ စကားတောင် ကောင်းကောင်းလိမ်မပြောတတ်ဘူး'

လုရှောင်ဖုန်း၏စကားကြောင့် မိန်းကလေးက မျက်မှောင်ကြုတ်လိုက်ပြီး....

'ကျွန်မက ဘာလိမ်ပြောလို့လဲ'

လုရှောင်ဖုန်းက....

'ဒီမှာမိန်းကလေး၊ လိမ်တယ်ဆိုရင် ယုတ္တိရှိရှိ လိမ်ရတယ်၊ တကယ်လို့ မင်းတို့ကသာ မန်းလူကို ဖမ်းချုပ်နိုင်ခဲ့တယ်ဆိုရင် ကျုပ်ကို တမင်လာရှာဖို့တောင် မလိုဘူး'

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး....

'အင်....ရှင်က ပါးသလိုလို နပ်သလိုလိုနဲ့ အတော်နုံတဲ့အတဲလူပဲ'

မိန်းကလေးက စကားဖြင့် တွယ်လိုက်၍ လုရှောင်ဖုန်း၏မျက်နှာသည် ရှုံ့မဲ့သွားသည်။

လုရှောင်ဖုန်းက နှုတ်ခမ်းကိုတွန့်၍မဲ့ကာ....

'မင်းက ကျုပ်ကို ဘာဖြစ်လို့ ဒီလိုပြောနိုင်ရမှာလဲ'

မိန်းကလေးက....

'ရှင်ကသာ တကယ်ပါးနပ်တဲ့လူဆိုရင် အကြောင်းနှစ်ခုကို နားလည်ရမှာပေါ့'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်၍....

'ဘာအကြောင်းလဲ'

မိန်းကလေးက လက်ညှိုးတစ်ချောင်း ထောင်လိုက်ပြီး....

'ပထမ....ကျွန်မဟာ ကလေးမဟုတ်ဘူး၊ အသက်နှစ်ဆယ် ရှိပြီ၊ သခင်မလေးသန်းဖုံးရဲ့အစ်မ၊ သခင်မလေးက ကျွန်မထက် တစ်နှစ်ငယ်တယ်'

မိန်းကလေး၏ စကားကြောင့် လုရှောင်ဖုန်း အံ့သြသွား၏။ သူသည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် မိန်းကလေးအား ခြေဆုံးခေါင်းဆုံး အပြန်ပြန် အလှန်လှန် ကြည့်၏။

ပြီးမှ သူသည် ဦးခေါင်းကို ခါယမ်းလိုက်သည်။ သူ၏ရှေ့၌ ရပ်နေသော မိန်းကလေးသည် အသက်တစ်ဆယ့်နှစ်နှစ်ထက် ပို၍ ကြီးပုံမရချေ။

မိန်းကလေးက လုရှောင်ဖုန်းကိုကြည့်၍ ပြုံးကာ....

'ဘာလဲ၊ ရှင်က ကျွန်မပြောတာ မယုံလို့လား'

လုရှောင်ဖုန်းက ပခုံးတစ်ချက်တွန့်ကာ....

'ယုံနိုင်စရာ ရှိလို့လား'

မိန်းကလေးက....

'ဒါကြောင့် ရှင့်ကို နှံတယ်၊ အတယ်လို့ ပြောတာပေါ့။ ဒီမှာ ရှင်သိထားဖို့က တစ်ချို့လူတွေဟာ အရပ်ပုတော့ အသက် ဘယ်လောက်ကြီးကြီး အသက်ကြီးတယ်လို့ မထင်ရဘူး၊ တစ်ချို့ ဆိုရင် အသက်ခြောက်ဆယ် ခုနစ်ဆယ်ရှိပေမယ့် အရပ်ပုတော့ အသက်လေးငါးဆယ်လောက်ပဲလို့ ထင်ရတယ် မဟုတ်လား'

လုရှောင်ဖုန်းက ဦးခေါင်းကို ခါယမ်းနေသည်။ ဤလောကတွင် အသက်ကြီးပုများ ရှိသည်ကို လက်ခံနိုင်သော်လည်း ထိုမိန်းကလေးကို အသက်နှစ်ဆယ်ဟု လက်မခံနိုင်ပါ။



သို့သော် ကာယကံရှင် ကိုယ်တိုင်က ပြောနေခြင်းဖြစ်၍ လုရှောင်ဖုန်း ဝေခွဲ၍မရအောင် ဖြစ်နေသည်။

မိန်းကလေးက ပြုံးလိုက်ပြီး....

'ထားပါတော့၊ ရှင်ယုံချင် မယုံချင်နေ'

ထို့နောက် သူမက လက်နှစ်ချောင်းထောင်ပြီး....

'ဒုတိယအချက်က ရှင့်မိတ်ဆွေကြီးမန်းလူဟာ ရှင့်လိုမဟုတ် ဘူး၊ သူက လူရိုးလူကောင်းတစ်ယောက် ဖြစ်တယ်၊ ဒါကြောင့် သူ့ကို ကျွန်မတို့ဆီ ခေါ်သွားဖို့ မခက်ဘူး'

လုရှောင်ဖုန်းက မိန်းကလေးကို အတန်ကြာအောင် ကြည့်နေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက် သူသည် စကားတစ်လုံးမျှ မပြောတော့ဘဲ မိန်းကလေးကို ဖြတ်ကျော်ကာ မြင်းလှည်းရပ်ထားရာသို့ လျှောက် သွားလေတော့သည်။

မြင်းလှည်းထဲသို့ လုရှောင်ဖုန်းရောက်သည်နှင့် မြင်းလှည်း စတင်မောင်းနှင်တော့သည်။

လုရှောင်ဖုန်းသည် ထိုင်ခုံတွင် ကျကျနနထိုင်နေ၏။ သူ၏ မျက်နှာချင်း ထိုင်ခုံ၌ သခင်မလေးသန်းဖုံး ထိုင်နေသည်။

သူတို့သည် မြင်းလှည်းစတင်မောင်းနှင်ပြီး အတန်ကြာသည့် တိုင်အောင် တစ်ယောက်နှင့် တစ်ယောက် စကားမပြောဖြစ် ကြသေးချေ။

အတန်ကြာမှ လုရှောင်ဖုန်းက....

'မန်းလူ ခင်းဗျားတို့ဆီမှာ ရောက်နေတယ်ဆိုတာ တကယ် ပဲလား'

သခင်မလေးသန်းဖုံးက ချစ်စဖွယ် ပြုံးလိုက်ပြီး....

'ပေမုက ပြောမပြဘူးလား'

'ပေမု....ဟုတ်လား၊ ပေမုက ဘယ်သူလဲ'

'ပေမုဆိုတာ ရှင့်ကိုလာခေါ်တဲ့ မိန်းကလေးက ကျွန်မရဲ့ ညီမ တစ်ဝမ်းကွဲတော်တယ်'

သခင်မလေးစကားကြောင့် လုရှောင်ဖုန်း မျက်စိလည်သွားသည်။ သူသည် မျက်မှောင်ကြုတ်၍ သခင်မလေးကိုကြည့်ရင်း....

'သူပြောတော့ သူဟာ မင်းရဲ့အစ်မဆို'

လုရှောင်ဖုန်း၏စကားကြောင့် သခင်မလေး သန်းဖုံးသည် ချိုလွင်စွာ ရယ်မောလိုက်ပြီး....

'ဟင်း...ဟင်း....အခုမှ သူက ဆယ့်နှစ်နှစ်ပဲ ရှိသေးတာ၊ ဘယ်မှာလာပြီး ကျွန်မရဲ့အစ်မ ဖြစ်နိုင်ပါ့မလဲ'

လုရှောင်ဖုန်းက....

'ဒါနဲ့ သူကပြောတော့ သူ့အသက် နှစ်ဆယ်ရှိပြီတဲ့'

သခင်မလေး သန်းဖုံးက လုရှောင်ဖုန်းကို ပြုံးစေ့စေ့ဖြင့် ကြည့်ရင်း....

'ရှင် အလိမ်ခံလိုက်ရတာပဲ၊ ဒီကောင်မလေးက အဲဒီလို လိမ်ပြောတဲ့နေရာမှာ တကယ့်ကို ပိပိရိရိနဲ့ ယုတ္တိရှိအောင် ပြောတတ်တယ်'

သခင်မလေး သန်းဖုံး၏စကားကြောင့် လုရှောင်ဖုန်းသည် ဘာမျှပြန်မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

အသက်ဆယ့်နှစ်နှစ်သာရှိသေးသော မိန်းကလေး၏လိမ်ညာမှုကို ခံလိုက်ရကြောင်း သိုင်းလောကတစ်ခုလုံး သိရှိသွားပါက



လုရှောင်ဖုန်းသည် ကြွက်တွင်းထဲ၌ပင် ပုန်းအောင်းနေနိုင်မည် မဟုတ်တော့ချေ။

ထို့ကြောင့် လုရှောင်ဖုန်းသည် ပါးစပ်ကိုပိတ်ထားလိုက်ခြင်း ဖြစ်သည် မဟုတ်ပါလော။

....o....

တစ်ညလုံး မရပ်မနားမောင်းနှင်လာသော မြင်းလှည်းသည် နံနက်မိုးသောက် အရုဏ်တက်ချိန်၌ ရပ်တန့်သွားလေတော့၏။

မြင်းလှည်းထဲ၌ လုရှောင်ဖုန်းသည် ထိုင်ခုံပေါ်တွင် ခွေခွေကလေး အိပ်ပျော်နေ၏။

သခင်မလေး သန်းဖုံးသည် လုရှောင်ဖုန်းကို အတန်ကြာအောင် ငေးမောကြည့်နေရာမှ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်ပြီး လုရှောင်ဖုန်းအား လှုပ်နှိုးလိုက်၏။

သခင်မလေးသန်းဖုံးက လှုပ်နှိုးလိုက်သဖြင့် လုရှောင်ဖုန်း အိပ်ရာမှနိုးလာပြီး မျက်လုံးဖွင့်ကြည့်လိုက်၏။

သခင်မလေး သန်းဖုံးက ပြုံးပြလိုက်သည်။

'ကဲ....ရောက်ပြီ၊ ကျွန်မတို့ ဆင်းကြရအောင်'

လုရှောင်ဖုန်းသည် ပါးစပ်ကိုလက်ဖြင့်ပိတ်၍ တစ်ချက်သမ်းလိုက်ပြီး သခင်မလေးသန်းဖုံးနောက်မှလိုက်၍ မြင်းလှည်းပေါ်မှ ဆင်းသက်လိုက်၏။

မြင်းလှည်းပေါ်မှဆင်းလိုက်သောအခါ မိမိတို့သည် ကြီးမားသော အဆောက်အအုံ တစ်ခုရှေ့၌ ရောက်ရှိနေကြောင်း လုရှောင်ဖုန်း တွေ့လိုက်ရ၏။

ထို့ပြင် ထိုအဆောက်အအုံ၏ တံခါးကျည်းဘောင်ပေါ်၌ ရွှေရောင်စာလုံးဖြင့် ရေးထားသော 'ဝါစန်းဂေဟာ' ဟူသော စာတန်းကို တွေ့ရ၏။

.....o....

သူတို့သည် တံခါးမကြီးမှဝင်ရောက်ပြီး ရှည်လျားလှသော လူသွားစင်္ကြံလမ်းအတိုင်း လျှောက်သွား၏။

ထိုလူသွားစင်္ကြံလမ်းအဆုံးသို့ ရောက်သောအခါ ရွှေရောင်တောက်ပနေသော အခန်းတစ်ခုရှေ့သို့ ရောက်ရှိလာ၏။

သခင်မလေးသန်းဖုံးက ထိုရွှေရောင်တံခါးကို အသာအယာ တွန်းဖွင့်လိုက်၏။



ထို့နောက် သူတို့သည် ထိုအခန်းထဲသို့ လှမ်းဝင်လိုက်၏။ အခန်းထဲသို့ ရောက်သည်နှင့် သူတို့သည် ဝါစန်းမြို့စားကြီးကို တွေ့ရ၏။

ဝါစန်းမြို့စားကြီးသည် နောက်မှီ ကုလားထိုင်တွင် သက်တောင့်သက်သာ ထိုင်နေသော်လည်း သူ၏သွင်ပြင်ဟန်အမူအရာ သက်တောင့်သက်သာမရှိချေ။

အသက်အရွယ် ကြီးရင့်သူဖြစ်၍ ပါးရေနားရေများ တွန့်၍ မျက်နှာပေါ်တွင် အရေးအကြောင်းများ တွေ့ရ၏။

လုရှောင်ဖုန်းသည် ဝါစန်းမြို့စားကြီးကို တစ်ချက်လှမ်းကြည့်လိုက်၏။ ဝါစန်းမြို့စားကြီး၏ မျက်လုံးများသည် တစ်စုံတစ်ရာအား လေးနက်စွာ စဉ်းစားနေကြောင်း . ပေါ်လွင်နေသဖြင့် ဝါစန်းမြို့စားကြီးတွင် ဖြေရှင်းရန် အလွန်ခက်ခဲသော ပြဿနာ တစ်ရပ်ရှိနေကြောင်း သိနိုင်၏။

သခင်မလေး သန်းဖုံးသည် ဝါစန်းမြို့စားကြီး၏ ရှေ့၌ ဒူးထောက်လိုက်၏။ ဝါစန်းမြို့စားကြီးက သခင်မလေးသန်းဖုံးကို တစ်ချက်ကြည့်လိုက်၏။

သခင်မလေးသန်းဖုံးက ဝါစန်းမြို့စားကြီးအား လေသံတိုးတိုးဖြင့် တစ်စုံတစ်ရာကို ပြောနေသည်။

ဝါစန်းမြို့စားကြီးက ဦးခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်နေရာမှ လုရှောင်ဖုန်းကို မကြာမကြာ လှမ်းကြည့်နေသည်။

အတန်ကြာ၍ သခင်မလေးသန်းဖုံးသည် သူမ၏စကားကို အဆုံးသတ်လိုက်၏။ သခင်မလေးသန်းဖုံးက သူမ၏စကားကို

လက်စသတ်လိုက်သောအချိန်မှာ ဝါစန်းမြို့စားကြီးသည် လုရှောင်ဖုန်းကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်၏။

'ကဲ....ဟိုသူငယ်၊ ဒီကိုလာစမ်း'

ဝါစန်းမြို့စားကြီး၏ လေသံသည် သြဇာတိက္ကမနှင့် ပြည့်စုံသော လေသံဖြစ်သည်။ သို့သော် လုရှောင်ဖုန်းသည် ဝါစန်းမြို့စားကြီး၏စကားကို မသိကျိုးကျွံပြုကာ ရပ်မြဲရပ်နေ၏။

ဝါစန်းမြို့စားကြီးသည် နဖူးရေများတွန့်အောင် မျက်မှောင်ကြုတ်လိုက်ပြီး....

'ဟေ့သူငယ်၊ မင်းကိုပြောနေတာ'

လုရှောင်ဖုန်းက ဝါစန်းမြို့စားကြီးထံသို့ မသွားဘဲ မြို့စားကြီးနှင့် မျက်စောင်းထိုးနေရာမှ ကုလားထိုင်ပေါ်တွင် ဝင်ထိုင်၍ ဘယ်ဘက်ခြေထောက်ပေါ် ညာဘက်ခြေထောက်ဖြင့် ခြေချိတ်ထိုင်လိုက်ပြီး ခန္ဓာကိုယ် သက်တောင့်သက်သာ ဖြစ်အောင် ကျောမှီလိုက်ပြီး....

'ကျွန်တော် ဒီမှာရှိပါတယ်'

လုရှောင်ဖုန်း၏ အပြုအမူကြောင့် ပထမ၌ ဝါစန်းမြို့စားကြီးသည် အနည်းငယ် အံ့အားသင့်သွားပြီးမှ ရုတ်တရက် ရယ်မောလိုက်လေတော့၏။

မြို့စားကြီးသည် သဘောကျစွာ ရယ်မောလိုက်ပြီးမှ....

'မင်းမဆိုးဘူး၊ အတော်ဉာဏ်ထက်တဲ့သူငယ်ပဲ၊ ကဲ-ပြောစမ်း၊ မင်းက မင်းလူအတွက် လိုက်လာတာလား'



လုရှောင်ဖုန်းက....

'ဒါ့အပြင် အခြားအကြောင်း ရှိတယ်လို့ မြို့စားကြီးက ထင်နေလို့လား'

ဝါစန်းမြို့စားကြီးက ရယ်မောရာမှရပ်တန့်လိုက်ပြီး လုရှောင်ဖုန်းကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်၏။

လုရှောင်ဖုန်းကလည်း ဝါစန်းမြို့စားကြီးကို ပြန်လည်၍ မျက်တောင်မခတ်ဘဲ ကြည့်လိုက်သည်။

အတန်ကြာမှ ဝါစန်းမြို့စားကြီးက ပြုံးလိုက်ပြီး....

'သူဒီမှာရှိပါတယ်၊ ပြီးတော့ သူ့ကို ကျုပ်တို့က ကောင်းကောင်းမွန်မွန် ဧည့်ခံပါတယ်၊ အဲ....တစ်ခုတော့ရှိတယ်....'

လုရှောင်ဖုန်းက ဝါစန်းမြို့စားကြီး၏စကားမဆုံးမီ လက်ကာလိုက်ပြီး....

'ကျုပ်က တစ်ခုခုလုပ်ပေးရမယ်ထင်တယ်'

ဝါစန်းမြို့စားကြီးက....

'အဲဒီအထိရောက်ရင်တော့ မင်းကို မင်းလူနဲ့တွေ့ပေးမယ်'

လုရှောင်ဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

'အင်း....ကျုပ်က လုပ်မပေးဘူးလို့ ဆုံးဖြတ်ထားရင် ဒီလိုသစ်ရာတော်င်လိုမယ်မထင်ဘူး'

ဝါစန်းမြို့စားကြီးက ပြုံးလိုက်ပြီး....

'ဟုတ်သားပဲ၊ ကျုပ် မေ့သွားတယ်'

လုရှောင်ဖုန်းက....

'လိုရင်းသာပြောပါ'

ဝါစန်းမြို့စားကြီးက မိမိ၏လက်ညှိုး၌ ဝတ်ဆင်ထားသော ပိုးခပ်ဆန်းဆန်းလက်စွပ်ကို တစ်ချက်မျှငေး၍ကြည့်ရင်း....

မိမိသည် နယ်မြေ အများဆုံး ပိုင်ဆိုင်သော မြို့စားဖြစ်ကြောင်း၊ မိမိ၏နယ်မြေသည် အေးချမ်းသာယာ၍ စားနပ်ရိက္ခာ ကုံလုံကြွယ်ဝကြောင်း၊ မိမိ၏စစ်သည်များကလည်း သူရသတ္တိနှင့်ပြည့်စုံသော စစ်သည်များ ဖြစ်ကြောင်း၊ သို့သော် လွန်ခဲ့သောသုံးနှစ်မှစ၍ မသမာသူတစ်စုကြောင့် မိမိ၏စစ်သည် အတော်များများ ဘိန်းစားဖြစ်ကုန်ကြောင်း၊ ထို့ကြောင့် တာဝန်များလစ်ဟင်းလာကြောင်း၊ လာဘ်စားသည့် ကိစ္စများ ဖြစ်ပေါ်လာကြောင်း စသည်ဖြင့် အသေးစိတ် ပြောပြလိုက်၏။

သူသည် ပြောရင်း ပြောရင်း စိတ်ထိခိုက်လာဟန်ရှိ၏။ သူ၏ မျက်နှာ အသွင်အပြင်သည် ပိုတော့မည့်မိုးကဲ့သို့ ဖြစ်နေ၏။

သူ၏ နဖူးရေများသည် ပို၍တွန့်လာ၏။ အခန်းတစ်ခန်းလုံးသည် တိတ်ဆိတ်နေ၏။

အတန်ကြာမှ မြို့စားကြီးသည် သက်ပြင်းတစ်ချက် ထပ်မံချလိုက်ပြီး ဦးခေါင်းကို မော့လိုက်၏။

သူသည် သူ၏စိတ်ကို အချိန်မီ ချုပ်ထိန်းနိုင်လိုက်ဟန်ဖြင့် လုရှောင်ဖုန်းကို ပြုံးပြလိုက်၏။

သို့သော် သူ၏အပြုံးသည် အသက်မပါသောအပြုံးဖြစ်၏။ သူသည် ထိုသို့ပြုံးလိုက်ပြီးမှ ဘိန်းကြောင့် စီးပွားဖြစ်လာ၍ တောင်သူလယ်သမားများ လယ်ယာအလုပ်ကိုစွန့်ပြီး ဘိန်းစိုက်ကြကြောင်း၊ စားနပ်ရိက္ခာ ပြတ်လပ်လာကြောင်း၊ ဘိန်းမစိုက်ရန် အမိန့်ထုတ်ရကြောင်း၊ ဘိန်းဘုရင်များကိုဖော်ထုတ်ဖို့ စုံစမ်း



ထောက်လှမ်းခဲ့ကြောင်း၊ နောက်ဆုံး ဘိန်းဘုရင်သုံးယောက်ကို စုံစမ်းသိရှိခဲ့ရကြောင်း စသည်ဖြင့် ဆက်၍ပြောပြ၏။

လုရှောင်ဖုန်းက ဝါစန်းမြို့စား၏စကားကို စိတ်ရှည်လက်ရှည်နှင့် နားထောင်နေရာမှ....

'ဒါဆို မြို့စားကြီးက အဲဒီသုံးယောက်ကို ဖမ်းမိခဲ့တယ်ပေါ့'

မြို့စားကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

'အဲဒီသုံးယောက်က ကျုပ်ရဲ့ အယုံကြည်ရဆုံးလူတွေ ဖြစ်နေတယ်၊ ပြီးတော့ သူတို့သုံးယောက်က ပေါင်းပြီး တိတ်တဆိတ် ဖွဲ့စည်းထားတဲ့ ဂိုဏ်းကလဲ အတော်လေးကို ကြီးထွားနေပြီ၊ ဒါနဲ့ ကျုပ်က သူတို့သုံးယောက်ကိုဖမ်းဖို့ စီစဉ်နေတုန်း ဘယ်ကနေ ဘယ်လို သတင်းပေါက်ကြားသွားပြီး သိသွားသလဲ မပြောတတ်ဘူး၊ သူတို့သုံးယောက် ထွက်ပြေးတိမ်းရှောင်သွားကြတော့တာပဲ'

လုရှောင်ဖုန်းက....

'လူလွှတ်ပြီး လိုက်ဖမ်းမခိုင်းဘူးလား'

'ဘယ်နေပါ့မလဲ၊ ကျုပ် လူလွှတ်ပြီး ဖမ်းခိုင်းတာပေါ့'

လုရှောင်ဖုန်းက....

'မဖမ်းမိဘူးလား'

မြို့စားကြီးက သက်ပြင်းချကာ ဦးခေါင်း ခါယမ်းလိုက်ပြီးလျှင်....

'ပြောရမှာတောင် ကျုပ် ရှက်ပါရဲ့ဗျာ၊ ကျုပ်ရဲ့ စစ်သည်ရဲမက်များတွေကလဲ ဘိန်းစွဲပြီး သုံးမရ၊ အဲ....သူတို့ရဲ့ အဖွဲ့အစည်းကလဲ အင်အားက တစ်နေ့တခြားဆိုသလို ကြီးထွား

ယောပေါ့ နောက်ဆုံး အခုလို ကျုပ်ကို အကူအညီပေးနိုင်မယ့် ပုဂ္ဂိုလ်ကို လိုက်ပြီးရှာရတော့တာပဲ ဆိုပါတော့'

လုရှောင်ဖုန်းက ဦးခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်မိ၏။ တစ်ဆက်တည်းမှာပင် မိမိအား ယခုလို မရအရခေါ်လာသည့် အကြောင်းရင်းကိုလည်း သဘောပေါက်နားသည်လှာ၏။

မြို့စားကြီးက လုရှောင်ဖုန်းကို ပြုံးပြလိုက်ပြီး....

'လုရှောင်ဖုန်းဆိုတဲ့လူက သိုင်းလောကမှာ မတရားတာ မှန်ရင် လက်ပိုက်ကြည့်နေတတ်တဲ့လူစား မဟုတ်ဘူးလို့ ကြားဖူးတယ်၊ ဘယ်နှယ်လဲသူငယ်၊ ကျုပ် အကူအညီတောင်းတဲ့ကိစ္စက ကျုပ်အတွက်သာမက တိုင်းပြည်အတွက်ပါ လို့အပ်တယ်လို့၊ ကျုပ်ထင်တာ မမှားဘူးမဟုတ်လား'

ရေပိတ်ပေါ်းကဲ့သို့ ချည့်ပြီး တုပ်ပြီး ပြောလိုက်သော မြို့စားကြီး၏ စကားကြောင့် လုရှောင်ဖုန်း ပြုံးမိ၏။

တစ်ဆက်တည်းပင် မြို့စားကြီးသည် မိမိ၏အတွင်းသဘောကို ဖမ်းစားမိကြောင်း သိလိုက်၏။

လုရှောင်ဖုန်းက ဦးခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'မြို့စားကြီးရဲ့ လူယုံသုံးယောက်က ဘယ်သူတွေလဲ'

မြို့စားကြီးက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'သူတို့က စန်ကွမ်းမု၊ ပင်တုကူးနဲ့ ရစ်ပွန်ပါ'

လုရှောင်ဖုန်းက....

'ဒါပေမယ့် အခုတော့ သူတို့က နာမည်ပြောင်းထားပြီ မဟုတ်လား'



မြို့စားကြီးက....

'သိပ်ဟုတ်တာပေါ့၊ တွက်ပြေးတိမ်းရှောင် သွားကတည်းက သူတို့ရဲ့နာမည်ကို ပြောင်းရုံမကဘူး၊ သူတို့ရဲ့ဘဝကိုပါ ပြောင်းလဲပစ်လိုက်ကြတယ်'

လုရှောင်ဖုန်းက....

'အဲဒါကိုရော မြို့စားကြီးစုံစမ်းလို့ ရပြီလား'

မြို့စားကြီးက ဦးခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'အဲဒါကြောင့် သူတို့ကိုဖမ်းဖို့ကိစ္စဟာ ပိုပြီးခက်သွားတာ ပေါ့'

လုရှောင်ဖုန်းက....

'ဟုတ်လား၊ ဘယ်လိုကြောင့်လဲ'

မြို့စားကြီးက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး....

'အင်း....ကျုပ်သိသလောက် ပြောပြမယ်၊ ရင်ပွန်ဆိုတဲ့ အကောင်က သူဌေးကြီးဉာဏ်ထိခန်းဖြစ်နေတယ်'

မြို့စားကြီး၏စကားကြောင့် လုရှောင်ဖုန်း၏ မျက်ခုံးမွေး နှစ်ဘက်သည် နဖူးထက်သို့ မြင့်တက်သွား၏။

'ဉာဏ်ထိစန်း၊ ဟို....ကွမ်းကျုံးနယ်က ကျောက်သံပတ္တမြား တွေ အများဆုံးပိုင်တဲ့ သူဌေးကြီးဉာဏ်ထိစန်း ဟုတ်လား'

မြို့စားကြီးက ဦးခေါင်းညိတ်ကာ....

'မယုံနိုင်စရာပဲ မဟုတ်လား၊ မင်းကတော့ခင် ကျုပ်ပြောတဲ့ စကားကို သံသယဖြစ်နေရင် တခြားလူတွေဆို ပိုဆိုးတော့မှာ ပေါ့၊ ဒါကြောင့် ကျုပ်ကသူတို့ကိုဖမ်းဖို့ ခက်နေတယ်ဆိုတာ မဆန်းပါဘူး'

လုရှောင်ဖုန်းက....

'မယုံကြည်နိုင်စရာပါဘဲ'

ထိုအချိန်၌ လုရှောင်ဖုန်းနှင့် မြို့စားကြီးတို့ စကားပြောနေသည်ကို တခ်လုံးတစ်ပါဒမျှ ဝင်ရောက် စွက်ဖက်ခြင်းမရှိဘဲ နားထောင်နေသော သခင်မလေးသန်းဖုံးက ပထမဆုံးအကြိမ် ကြားဝင်၍ ပြောလိုက်၏။

'မှန်ပါတယ်၊ အစ်ကိုမယုံကြည်တာ မဆန်းပါဘူး၊ ဒီအကြောင်းကိုသိစက ကျွန်မလဲ လုံးဝမယုံကြည်ခဲ့ပါဘူး၊ ဒါနဲ့ ကျွန်မလဲ ကျွန်မကိုယ်ကျွန်မ ရတနာကုန်သည်အဖြစ် ရုပ်ဖျက်ပြီး သူဌေးကြီးဉာဏ်ထိစန်းနဲ့ သွားတွေ့ခဲ့တယ်'

လုရှောင်ဖုန်းက သခင်မလေးသန်းဖုံး၏ စကားမဆုံးမီ ကြားဖြတ်၍....

'ဒီတော့ သူဌေးကြီးဉာဏ်ထိစန်းဟာ ရစ်ပွန်ဖြစ်နေတယ်ဆိုတာ တွေ့ရတယ် ဆိုပါတော့'

သခင်မလေးသန်းဖုံးက ဦးခေါင်းညိတ်ပြီး....

'ဟုတ်ပါတယ်၊ ရစ်ပွန်မှရစ်ပွန်အစစ်ပဲ'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်၍ ငြိမ်သက်နေပြီးမှ....

'ကဲ....ထားပါတော့၊ နောက်လူတွေကရော ဒီလိုပဲလား'

မြို့စားကြီးက....

'နောက်တစ်ယောက်က ပင်တုကူး၊ သူကတုကုအိလို့ နာမည်ပြောင်းထားတယ်၊ ပြီးတော့ သူက အစိမ်းရောင်ဂေဟာဂိုဏ်းရဲ့ ခေါင်းဆောင်လို့ သိရတယ်'



မြို့စားကြီး၏စကားကြောင့် မိမိ၏ဦးခေါင်းသည် မူလအရွယ်အစားထက် အဆပေါင်းထောင်သောင်းမက ကြီးသွားသည်ဟု လုရှောင်ဖုန်း၏စိတ်ထဲ၌ ခံစားလိုက်ရလေတော့၏။

တစ်ဆက်တည်းမှာပင် ယခုမိမိကြုံတွေ့ရမည့် အမှုကိစ္စသည် အုတ်နံရံကို ဦးခေါင်းဖြင့်တိုက်ရမည့် အမှုကိစ္စမျိုးဖြစ်ကြောင်း နားလည်လာ၏။

အကယ်၍သာ မြို့စားကြီး၏စကား မှန်ကန်နေပါက စကြာဝဠာတံတိုင်းကို ခေါင်းနှင့်ပြေးဆောင့်ခြင်းက ပို၍လွယ်ကူပေလိမ့်မည်ဟု ထင်မှတ်ရသောကိစ္စရပ်ပင်ဖြစ်၏။

အကြောင်းမှာ လုရှောင်ဖုန်းသည် တုကုအိကိုသိ၏။ တုကုအိဆိုသူမှာ နုယ်နုယ်ရရပုဂ္ဂိုလ်မဟုတ်။ ဝူလင်းဂိုဏ်းချုပ်ဖြစ်၏။

ဝူလင်းဂိုဏ်းသည် သိုင်းလောကသားတိုင်း၏ ကြည်ညိုလေးစားခြင်းခံရသော အဖြူရောင် သိုင်းအဖွဲ့အစည်းဖြစ်သည်။

ထို့အပြင် မြို့စားကြီးပြောသော အစိမ်းရောင်ဂေဟာဂိုဏ်းသည် ဝူလင်းဂိုဏ်းနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်၏။

ဝူလင်းဂိုဏ်းက တရားဥပဒေကိုလေးစား၍ မှန်ကန်သောဘက်မှရပ်တည်သည့် အဖြူရောင် သိုင်းအဖွဲ့အစည်းဖြစ်ပြီး အစိမ်းရောင်ဂေဟာဂိုဏ်းက တရားဥပဒေကို ချိုးဖောက်ပြီး ဒုစရိုက်လုပ်ငန်းများ လုပ်ဆောင်သော အနက်ရောင် သိုင်းအဖွဲ့အစည်းဖြစ်၏။

လုရှောင်ဖုန်းသည် အတွေးစကိုဖြတ်၍ သက်ပြင်းချလိုက်သည်။

'ဒါဖြင့် နောက်တစ်ယောက်ကရော ဘာဖြစ်နေပြီလဲ'

မြို့စားကြီးက....

'စန်ကွမ်းမှု အကြောင်းကိုတော့ အခု တို့ စုံစမ်းလို့ မရသေးဘူး၊ သတင်း အစအနကလေးတောင် မရသေးဘူး၊ ပြီးတော့ မင်းသိတဲ့အတိုင်းပဲ၊ ဉာဏ်ထိစန်းတို့ တကုအိတို့ဟာ လူဆိုးတွေ၊ ဘိန်းဘုရင်တွေလို့ ကျုပ်ပြောရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး'

မြို့စားကြီး၏ မျက်လုံးထဲမှ အကူအညီ တောင်းခံနေသည့် အသွင် ပေါ်နေ၏။ မြို့စားကြီးသည် ထိုသို့ လုရှောင်ဖုန်းကို တစ်ချက်ကြည့်လိုက်ပြီးမှ....

'အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရပါဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ပေါ်လာမှာပဲ၊ ဘာနဲ့တူသလဲဆိုတော့ မီးကို စက္ကူနဲ့ ထုပ်ထားသလိုပေါ့ကွာ'

'မှန်ပါတယ်၊ တစ်နေ့ကျရင် အဖြေမှန်ပေါ်လာပါလိမ့်မယ်'

'ကျုပ် ယုံပါတယ်၊ ဖြေရှင်းဖို့ခက်ခဲနေတဲ့ ပုစ္ဆာကို လုရှောင်ဖုန်းက အဖြေညှိပေးမှတော့ အနေးနဲ့အမြန် အဖြေမှန်ရလာမှာ မလွဲပါဘူး'

လုရှောင်ဖုန်းသည် ဘာမျှမပြောတော့ပါ။ သူသည် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိ၏။

သာခင်မလေးသန်းဖုံးက လျှမ်းလျှမ်းတောက် နာမည် ကျော်ကြားသော လျူဟုန်၊ ချူးယ နှင့် တကုဖန်ဟူသော ဓားသမားသုံးယောက်ကို ရထားပြီးသည့်တိုင် မိမိအား မရမက လာရောက်ခေါ်ကတည်းက မိမိရင်ဆိုင်ဖြေရှင်းရမည့် အမှုကိစ္စသည် အင်မတန်မှ ခဲယဉ်းလိမ့်မည်ဟု ထင်ခဲ့သည်ထက်ပင် ပို၍ ခဲယဉ်းနေသည်ဟု လုရှောင်ဖုန်း သဘောပေါက်လာ၏။

အကြောင်းမှာ ဉာဏ်ထိစန်းသည်သိုင်းပညာရပ်တွင် ထူးချွန်သူ တစ်ယောက် ဖြစ်၏။

သိုင်းလောက၏ အဆင့်မြင့် ထိပ်တန်းသိုင်းပညာရှင်ဖြစ်ပြီး သိုင်းလောကသားများ၏ ချစ်ခင်လေးစားခြင်း ခံရသော သိုင်းဆရာတစ်ယောက် ဖြစ်သည်။

သို့ဖြစ်၍ သူ၏အတွင်းရေးကို တိတိကျကျ မိမိရရ မဖော်ထုတ်နိုင်ပါက လုရှောင်ဖုန်း ဆက်၍ မတွေးဝံ့အောင်ပင် ဖြစ်သွား၏။ တင်ဖန် ပင်တကူးတဖြစ်လဲ တကုအိကလည်း ခေသူမဟုတ်။ အဖွဲ့ဝင်ဂိုဏ်းသား ထောင်ပေါင်းများစွာရှိသော အဖြူရောင် သိုင်းအဖွဲ့အစည်း ဖြစ်သည်။

ဝူလင်းဂိုဏ်း၏ ဂိုဏ်းချုပ် ဖြစ်၏။ တစ်ဆက်တည်းမှာပင် မြို့စားကြီး၏ စကားအရ မှန်ခဲ့ပါက တကုအိသည် အနက်ရောင် သိုင်းလောကမှ အင်အားတောင့်တင်းပြီး ကြီးမားသည့် အစိမ်းရောင် ဂေဟာဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ခဲ့ပါမူ ဌာနခွဲပေါင်း တစ်ရာ့ရှစ်ခု ရှိသော ထိုဂိုဏ်းတို့ ထိပ်တိုက်ရင်ဆိုင်တွေ့ရန် လုရှောင်ဖုန်းသည် စိတ်ပင်မကူးဝံ့အောင် ဖြစ်သွား၏။

ထို့ပြင် မိမိအတွက် ဉာဏ်ထိစန်း၊ တကုအိတို့ထက် ပို၍ ခက်ခဲစေမည့်သူမှာ စန်ကွမ်းမှုဆိုသူပင် ဖြစ်ကြောင်း လုရှောင်ဖုန်း နားလည်လိုက်၏။

မိမိအနေဖြင့်ဉာဏ်ထိစန်း၊တကုအိတို့ကို ကံကောင်းထောက်မစွာ ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့သည့်တိုင် စန်ကွမ်းမှုကို ရင်ဆိုင်ရန်မည်သို့မျှ ကံကောင်းထောက်မနိုင်လိမ့်မည် မဟုတ်ဟု လုရှောင်ဖုန်း တွေးမိ၏။

အကြောင်းမှာ သူသည် တခြား နှစ်ယောက်ထက် ပို၍ ကောက်ကျစ်စဉ်းလဲပြီး ပို၍ ဉာဏ်ပညာထက်မြက်သူဖြစ်သည်ဟု လုရှောင်ဖုန်း တွေးမိသောကြောင့်ပင် မဟုတ်ပါလား။

တိတ်ဆိတ်ငြိမ်သက်နေသော လုရှောင်ဖုန်းကို ကြည့်ရင်း မြို့စားကြီးက သက်ပြင်းတစ်ချက်ချလိုက်၏။

ပြီးမှ မြို့စားကြီးက တစ်ချက်ပြုံးလိုက်ပြီး....

'အခုကိစ္စဟာ အင်မတန်ခက်ခဲပြီး အန္တရာယ်ရှိတယ်ဆိုတာ ကျုပ် သိပါတယ်၊ မင်းကိုလဲ အတင်းအကြပ် အကူအညီ မတောင်းချင်ဘူး၊ ဒါပေမယ့်ဒီကိစ္စနဲ့ပတ်သက်ပြီး မင်း နားလည်သဘောပေါက်စေချင်လို့ အခုလို မရမက ခေါ်လာပြီး ရှင်းပြရတာပါ၊ ပြီးတော့ ဒီကိစ္စဟာ အများနဲ့သက်ဆိုင်နေတဲ့ ကိစ္စပါ၊ ဖြစ်နိုင်မယ်ဆိုရင်တော့ မင်းက ကူညီပါ၊ ကျုပ်ရဲ့ အသက် စည်းစိမ် ပြုတ်သွားပါစေ၊ ကျုပ် သူတို့ကို ချေမှုန်းပစ်ချင်တယ်'

ထို့နောက် မြို့စားကြီးသည် သူ့သမီးဘက်သို့ လှည့်ကြည့်လိုက်ကာ....

'ဏဲ...သမီး၊ သူ့ကို သူ့မိတ်ဆွေဆီ ခေါ်သွားပါ၊ ပြီးတော့ သူတို့ကို ကောင်းကောင်းမွန်မွန် ဧည့်ခံပြုစုပါ၊ လွတ်လွတ်လပ်လပ် နေပါစေ'

သခင်မလေးသန်းဖုံးက နှုတ်ခမ်း တစ်ချက် ကိုက်လိုက်ပြီး လုရှောင်ဖုန်းရှေ့၌ ဒူးထောက်ကာ....

'ကျွန်မ တစ်ခု တောင်းပန်ချင်တယ်၊ ရှင့်အနေနဲ့....'

သခင်မလေး သန်းဖုံး၏ စကားမဆုံးမီ မြို့စားကြီးက လက်ကာ၍ လှမ်းဟန့်တားလိုက်ပြီး....



'သမီး သူ့ကို အနှောင့်အယှက် မပေးပါနဲ့တော့၊ သူ့ကို သူ့မိတ်ဆွေဆီပို့ပြီး သူတို့လိုရာကို သွားပါစေတော့'

သခင်မလေး သန်းဖုံးသည် ဘာမျှ ပြန်မပြောတော့ဘဲ ဦးခေါင်းညိတ်လိုက်၏။ သူမ၏ မျက်လုံးထဲ၌ မျက်ရည်များ စို့င်းလာ၏။

သို့သော် သူမသည် အံကြိတ်၍ တောင့်ခံထား၏။ သူမသည် လုရှောင်ဖုန်းကို ဦးခေါင်းညိတ်ပြလိုက်ပြီး ရှေ့မှ ဦးဆောင်၍ အခန်းထဲမှ ထွက်သွားလေတော့သည်။

လုရှောင်ဖုန်းသည် သခင်မလေးသန်းဖုံး၏ နောက်ကျောကို ကြည့်ကာ ဟူးခနဲ သက်ပြင်းကို မှုတ်ထုတ်လိုက်မိလေတော့၏။

....o....

အခန်းသည် ကြီးမားကျယ်ဝန်းသော အခန်း ဖြစ်၏။

သို့သော် ထိုကြီးမား ကျယ်ဝန်းသော အခန်းကျယ်ထဲ၌ အိမ်ထောင်ပရိဘောဂ များများစားစား မရှိပါ။

ခုတင် တစ်လုံး၊ စားပွဲ တစ်လုံးနှင့် ဟောင်းနွမ်းသော ကုလားထိုင် သုံး, လေးလုံးသာ ရှိ၏။

ထို့ပြင် အခန်းကို မှန်းမံခြယ်သထားခြင်းလည်း မရှိပါ။ သခင်မလေး သန်းဖုံးသည် လုရှောင်ဖုန်းကို ထိုအခန်းတံခါးဝအထိ လိုက်ပို့ပေးခဲ့ပြီး လှည့်ပြန်သွားသည်။

လုရှောင်ဖုန်းသည် မိမိအား တံခါးဝအထိ လိုက်ပို့ပြီးချာခနဲ လှည့်ကာ နောက်ကြောင်းကို ငဲ့စောင်း၍ပင် မကြည့်ဘဲ ထွက်ခွာသွားသော သခင်မလေးသန်းဖုံးကိုငေး၍ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ချကာ အခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းထဲသို့ ဝင်ရောက်လိုက်သည်နှင့် ပြတင်းပေါက် အနီး၌ မန်းလူ ထိုင်နေသည်ကို လုရှောင်ဖုန်းက တွေ့လိုက်ရသည်။

လုရှောင်ဖုန်း၏ ခြေသံကြောင့် လုရှောင်ဖုန်း ရှိရာဘက်သို့ မန်းလူ လှည့်လိုက်၏။

'ငါ့ပါကွ'

မန်းလူက ပြုံးလိုက်ပြီး....

'မင်းမှန်း ငါသိသားပဲ'

လုရှောင်ဖုန်းက လွတ်နေသော ကုလားထိုင်တစ်လုံးတွင် ဝင်ရောက်၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး....

'ကဲ....သူငယ်ချင်း ပြောစမ်းပါဦး၊ မင်းကို ဘယ်သူက ဒီရောက်အောင် လိမ်ပြီး ခေါ်လာတာလဲ'

မန်းလူက ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး....

'ငါ့ကို ဘယ်သူမှ လိမ်ပြီး ခေါ်မလာပါဘူး'

လုရှောင်ဖုန်းက မျက်ခုံးပင့်ရင်း....

'ဒါဖြင့် မင်းက ဒီကို ဘာလို့ ရောက်နေရတာလဲ'

မန်းလူက ပြုံး၍....



'ငါ့ဘာသာ ငါလာချင်လို့ လိုက်လာတာ'

လုရှောင်ဖုန်းက....

'မင်း ဒီကိုလာရင် ငါလိုက်လာမယ်ဆိုတာ မသိဘူးလား'

မန်းလူက....

'သိတာပေါ့၊ သိလို့လဲ ငါလိုက်လာတာပေါ့'

မန်းလူ၏ စကားကြောင့် လုရှောင်ဖုန်း မဲ့ပြုံး ပြုံးမိ၏။ စိတ်ထဲမှလည်း အတော့်ကို ညာက်သွားတဲ့ မိန်းကလေးပဲဟု တွေးလိုက်မိသည်။

'ကဲ....ကဲ....ထားပါတော့၊ မင်းကို ဘယ်သူခေါ်လာတာလဲ'

မန်းလူက....

'မိန်းကလေး တစ်ယောက်ပဲ'

လုရှောင်ဖုန်းက ပြုံး၍....

'သူ့နာမည် မပြောဘူးလား'

မန်းလူက....

'ပြောတာပေါ့'

လုရှောင်ဖုန်းက....

'သခင်မလေးသန်းဖုံး မဟုတ်လား'

မန်းလူက မျက်မှောင်ကြုတ်၍....

'ဘယ်က သခင်မလေးသန်းဖုံးလဲ'

လုရှောင်ဖုန်းက....

'မင်းကိုခေါ်လာတာ သခင်မလေးသန်းဖုံး မဟုတ်လား'

မန်းလူက ဦးခေါင်းခါယမ်းလိုက်ပြီး....

'စန်ကွမ်းစီးယန်က၊ သခင်မလေးသန်းဖုံး မဟုတ်ဘူး'

သည်တစ်ကြိမ် မျက်မှောင်ကြုတ်ရသူမှာ လုရှောင်ဖုန်း ဖြစ်သည်။ အကြောင်းမှာ သူသည် ထိုနာမည်ကို ကြားဖူး၍ ဖြစ်သည်။

'စန်ကွမ်းစီးယန်....နေပါဦး၊ ဒီနာမည် ငါကြားဖူးသလိုပဲ'

'မင်းကြားဖူးချင် ကြားဖူးမှာပေါ့၊ သူ့ကို ဝတ်ရုံနီသခင်မလို့ ခေါ်တယ်ဆိုလားပဲ'

ဟု မန်းလူက ပြန်ပြောလိုက်၏။

လုရှောင်ဖုန်းက ပြုံး၍....

'ဟုတ်ပြီ ဟုတ်ပြီ၊ ဒါကြောင့် ငါကြားဖူးတယ်လို့ ထင်နေတာ၊ ဒါနဲ့ အဲဒီမိန်းကလေးက တော်တော်ချောရဲ့လား'

လုရှောင်ဖုန်း၏ အမေးစကားကြောင့် မန်းလူက အသံထွက်အောင်ပင် ရယ်မိလိုက်သည်။

'ငါက မျက်စိမမြင်တော့ အဲဒီမိန်းကလေး ချောမချော မသိဘူး၊ ဒါပေမယ့် ငါက နားကြားတော့ ဒီမိန်းကလေးရဲ့ အသံက အတော့်ကို ချိုလွင်တာတော့ ငါသိတယ်'

လုရှောင်ဖုန်းက ပြုံး၍....

'အင်း အသံကြားရုံနဲ့ မင်းက လိုက်လာတာပေါ့'

မန်းလူက ဦးခေါင်း ခါယမ်းလိုက်ပြီး....

'အဲဒါကြောင့် လိုက်လာတာ မဟုတ်ဘူး'

လုရှောင်ဖုန်းက....

'ဒါဖြင့် မင်းက ဘာလို့လိုက်လာရတာလဲ'

မန်းလူက ပြုံး၍....

'ငါလိုက်လာမှ မင်းလိုက်လာမှာ မဟုတ်လား'



လုရှောင်ဖုန်းက သက်ပြင်းချလိုက်ပြီး....

'မင်းအတော်ဆိုးတာပဲ၊ မင်းကြောင့် အခု ငါပါလိုက်လာရပြီ'

မန်းလူက ရယ်မော၍....

'ဒီမှာ ငါတို့ အေးအေးဆေးဆေး နေခဲ့ရတာကြာပြီပဲ၊ သက်စွန့်ဆံဖျားအလုပ်ကလေး တစ်ခါတစ်လေ မလုပ်ချင်ဘူးလား'

လုရှောင်ဖုန်းက မန်းလူကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်လေသည်။

'မင်း အားလုံးကို သိပြီးပြီပေါ့'

မန်းလူက ဦးခေါင်းညိတ်လိုက်ပြီး....

'စန်ကွမ်းစီးယန်က ငါတို့ အားလုံးပြောပြပြီးပြီ'

လုရှောင်ဖုန်း ထိုင်ရာမှ ထလိုက်သည်။ သူသည် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'အင်း... ဒီကိစ္စကို ငါလဲ စိတ်ဝင်စားလာပြီ'

ဟု ပြောရင်း အခန်းထဲမှ ထွက်သွားလေတော့သည်။

....o....

နောက်တစ်နေ့ နံနက်ခင်း....

မြူနှင်းတွေ ဝေနေသောကြောင့် ဝန်ကျင်တစ်ခုလုံးသည် မှုန်ရိုင်းတာဝါးဖြစ်ကာ ဝါးတစ်ရိုက်ခန့် အကွာအဝေးကို ပင်မြင် ထင်ရှားစွာ မမြင်ရချေ။

လုရှောင်ဖုန်းသည် အိပ်ရာမှထပြီး မျက်နှာသစ်ကာ ချည်ခန်းဆောင်သို့ သွားရန် အခန်းထဲမှ ထွက်လာခဲ့သည်။

ချည်ခန်းဆောင်သို့သွားရန် ပန်းဥယျာဉ်အတွင်းကို ဖြတ်ရသည်။

လုရှောင်ဖုန်းသည် နှင်းတွေ ဝေနေသော ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး ချည်ခန်းဆောင်သို့သွားရန် ပန်းဥယျာဉ်ကို ဖြတ်လိုက်သည်။

ပန်းဥယျာဉ်၏အလယ်သို့ ရောက်သောအခါ လုရှောင်ဖုန်းသည် မိန်းကလေးတစ်ယောက်နှင့် ဆုံသည်။

ထိုမိန်းကလေးသည် မျက်လုံးဝိုင်းစက်ပြီး အသက် တစ်ဆယ့်ရှစ်နှစ်သာ ရှိသော်လည်း မိမိကိုယ်မိမိ အသက်နှစ်ဆယ်ဟုပြောသော မိန်းကလေးဖြစ်သည်။

သူမ၏ ပုံပန်းသဏ္ဍာန်သည် အလွန်ရိုးသား ဖြောင့်မတ်ပြီး လိမ်လည်ပြောဆိုတတ်မည့် မိန်းကလေးဟု လုံးဝမထင်မှတ်ရချေ။

လုရှောင်ဖုန်းက ထိုမိန်းကလေးကို တွေ့သည်နှင့် ဦးအောင် ပြုံးပြလိုက်ရင်း....

'ဟော့ သူငယ်မ....နေကောင်းရဲ့လား'

မိန်းကလေးက လုရှောင်ဖုန်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....



'ဩော်....ငါ့မောင်ပါလား၊ နေကောင်းပါတယ်ကွဲ့၊ ငါ့မောင်လေးရော၊ နေကောင်းရဲ့ မဟုတ်လား'

ဟု ပြန်၍ နှုတ်လှန်ထိုးလိုက်သည်။

'မင်းက ဒီမှာ ဘာလာလုပ်တာလဲ'

မိန်းကလေးက လုရှောင်ဖုန်းကို တစ်ချက်မျှ စေ့စေ့ကြည့်လိုက်ပြီး ဦးခေါင်းကိုငုံ့ကာ....

'ကျွန်မ မပြောပါရစေနဲ့'

မိန်းကလေး၏ စကားကြောင့် လုရှောင်ဖုန်းသည် မိန်းကလေးကို စေ့စေ့ကြည့်လိုက်ပြီး....

'ဘာဖြစ်လို့လဲ'

မိန်းကလေးက ဦးခေါင်းကို ငုံ့မြဲငုံ့လျက်....

'ကျွန်မ စိတ်ညစ်နေလို့'

မိန်းကလေး၏စကားကြောင့် လုရှောင်ဖုန်း စိတ်ဝင်စားသွား၏။

'ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ'

မိန်းကလေးက....

'ဘာဖြစ်လို့ စိတ်ညစ်ရမှာလဲ၊ စိတ်ညစ်စရာရှိလို့ စိတ်ညစ်တာပေါ့'

လုရှောင်ဖုန်းက....

'ဘာဖြစ်လို့ အဲဒီစိတ်ညစ်စရာက ရှိနေရတာလဲ'

မိန်းကလေးက မျက်လုံးဝိုင်းဝိုင်းဖြင့် လုရှောင်ဖုန်းကို မော့ကြည့်ပြီး....

'ကျွန်မ အစ်မဝမ်းကွဲကြောင့်ပေါ့'

လုရှောင်ဖုန်းက....

'မင်းအစ်မဝမ်းကွဲက ဘယ်သူလဲ၊ ဘာဖြစ်နေလို့လဲ'

မိန်းကလေးက မျက်မှောင်ကြုတ်လိုက်ပြီး....

'ရှင်က ဘာလုပ်မလို့လဲ၊ သူများ စိတ်ညစ်နေရတဲ့အထဲ'

လုရှောင်ဖုန်းက....

'ကျုပ်က စပ်စုတတ်လို့ပါ'

မိန်းကလေးက မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး....

'ကျွန်မ အစ်မတစ်ဝမ်းကွဲရှိနာမည် စန်ကွမ်းစီးယန်လို့ခေါ်တယ်၊ သူက ရှင့်မိတ်ဆွေ မန်းလူကို ဒီရောက်အောင် ခေါ်လာပြီးတာနဲ့ တစ်ပြိုင်တည်း လုံးဝပျောက်သွားတယ်၊ ပေါ်မလာတော့ဘူး'

မိန်းကလေး၏စကားကြောင့် လုရှောင်ဖုန်းသည် မျက်မှောင်တစ်ချက်ကြုတ်ပြီး....

'စန်ကွမ်းစီးယန် ဟုတ်လား'

မိန်းကလေးက....

'ဟုတ်တယ်၊ ဘာလဲ ရှင်က မယုံလို့လား'

လုရှောင်ဖုန်းက လက်ကာပြလိုက်ပြီး....

'ထားပါတော့၊ ကျုပ်က ဒီနာမည် ကြားဖူးနေလို့ပါ'

မိန်းကလေးက ပြုံးလိုက်ပြီး....

'ကြားဖူးမှာပေါ့၊ ဝတ်ရုံနီသခင်မဆိုရင် လူတိုင်းသိကြတာပဲ'

လုရှောင်ဖုန်းက....

'ကဲပါ ဆက်ပြောပါဦး'



မိန်းကလေးက....

'ပြောသွားလို့လဲ စိတ်ပူပြီး စိတ်ညစ်နေရတာပေါ့'

လုရှောင်ဖုန်းက....

'ဘာပြောသွားလို့လဲ'

မိန်းကလေးက....

'ကျွန်မ အစ်မက သုံးရက်အတွင်း ပြန်လာမယ်လို့ ပြောခဲ့တယ်၊ အခု ငါးရက်ရှိနေပြီ၊ ပြန်မလာသေးဘူး'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

လုရှောင်ဖုန်းက ထိုသို့ ပြုံးလိုက်သဖြင့် မိန်းကလေးက မျက်မှောင်ကြုတ်သွားပြီး....

'ဘာလဲ၊ ဒီကိစ္စက ကျွန်မ စိတ်ညစ်လောက်တဲ့ကိစ္စ မဟုတ်ဘူးလို့ ရှင်ကထင်လို့လား'

လုရှောင်ဖုန်းက ပို၍ပြုံးကာ....

'မင်းရဲ့အစ်မမှာ တခြားကိစ္စရှိလို့ဖြစ်မှာပေါ့၊ မင်းက အလကား စိတ်ပူနေတာကိုး၊ အေးလေ...မင်းလို အသက် တစ်ဆယ့်နှစ်နှစ်ပဲရှိသေးတဲ့ ကလေးမတွေက စိတ်ကူးယဉ်ပြီး ရေးကြီးခွင်ကျယ်လုပ်တတ်တာ မဆန်းပါဘူး'

လုရှောင်ဖုန်း၏စကားကြောင့် မိန်းကလေးက လုရှောင်ဖုန်းကို အတန်ကြာအောင်ပင် စေ့စေ့ကြည့်လိုက်ပြီး....

'ကျွန်မအသက် တစ်ဆယ့်နှစ်နှစ်လို့ ရှင့်ကို ဘယ်သူက ပြောလိုက်သလဲ'

လုရှောင်ဖုန်းကပြုံး၍....

'မင်းက ဘယ်သူပြောတယ်လို့ထင်သလဲ'

မိန်းကလေးက မဲ့ပြုံးပြုံးပြီး....

'ရှင်က ဗေဒင်ဆရာတစ်ယောက်မဟုတ်လို့ ရှင့်စာသာရှင်သိတာတော့ မဖြစ်နိုင်ဘူး၊ ရှင့်ကို သခင်မလေးပြောတာ မဟုတ်လား'

လုရှောင်ဖုန်းက ဘာမျှမပြောဘဲ ပြုံး၍နေ၏။ မိန်းကလေးက လုရှောင်ဖုန်း၏ ပြုံးစေ့စေ့မျက်နှာကို ကြည့်ရင်း....

'သူက ဒါပဲပြောသလား'

လုရှောင်ဖုန်းက ဦးခေါင်း ခါယမ်းလိုက်ပြီး....

'မဟုတ်ဘူး'

မိန်းကလေးက....

'ဘာတွေထပ်ပြီး ပြောသေးသလဲ'

'မင်းက သိချင်လို့လား'

မိန်းကလေးက နှုတ်ခမ်းတွန့်၍မဲ့လိုက်ပြီး....

'ဒါက ရှင့်သဘောပဲ၊ ရှင်ပြောချင်မှပြော'

လုရှောင်ဖုန်းက သဘောကျစွာ တဟားဟား ရယ်မောလိုက်ပြီး....

'မင်းနာမည်က ပေမုလို့ ပြောတယ်'

မိန်းကလေးက....

'နောက်ပြီးတော့ကော'

လုရှောင်ဖုန်းက....

'မင်းဟာ မလိမ်ရရင် မနေနိုင်အောင်တဲ့ စားမဝင်အိပ်မပျော်ဖြစ်တယ်ဆိုတာ ပြောတယ်'



လုရှောင်ဖုန်း၏စကားအဆုံး၌ ပေမုက တဟားဟားဖြင့် သဘောကျစွာ ရယ်မောလိုက်၏။

ပြီးမှ ပေမုက လုရှောင်ဖုန်းကို အလွန်သနားစရာကောင်းသော သတ္တဝါအဖြစ်ကြည့်ရင်း....

'ရှင် သူပြောတာကိုယုံလား'

လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဘာဖြစ်လို့ မယုံရမှာတုန်း'

ပေမုက ခပ်မဲ့မဲ့ကလေးပြုံးကာ....

'သူပြောတာကျတော့ ရှင်ကယုံပြီး ကျွန်မပြောတာကျတော့ ရှင်ကဘာလို့ မယုံရတာတုန်း'

ပေမု၏စကားကြောင့် လုရှောင်ဖုန်း၏ ပါးစပ်ဟသွားလေတော့၏။ ပေမုက လုရှောင်ဖုန်း၏အဖြစ်ကိုကြည့်၍ ပြုံးစိစိမျက်နှာဖြင့် လုရှောင်ဖုန်းကို အတန်ကြာအောင်ကြည့်ပြီးမှ သက်ပြင်းတစ်ချက်ချကာ....

'အင်း....ရှင်ကတော့ မလွယ်ဘူး၊ ယုံသင့်တာတွေကြတော့ မယုံဘူး၊ မယုံသင့်တာတွေကြတော့ ယုံနေတယ်၊ အင်း...ရှင့်အတွက် ရင်လေးလိုက်တာ'

ဟု ပြောလိုက်ပြီး သူမ၏ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်၏။ ထို့ကြောင့် ပေမု၏ခန္ဓာကိုယ်သည် နှင်းမြူများကြားတွင် ရွေ့လျားပျောက်ကွယ်သွားလေတော့၏။

အေးစိမ့်၍ ဝါဂွမ်းဆိုင်များကဲ့သို့ ဖြူဖွေးသောနှင်းများက ပို၍ထူထပ်စွာ ကျလာ၏။

မြူနှင်းများက ဇာပဝါများကို တစ်ထပ်ပြီးတစ်ထပ် ရစ်ပတ်ကာရံသကဲ့သို့ ဝန်းကျင်တစ်ခုလုံးကို ပို၍ပင် ရီဝေအုံ့မှိုင်းလာလေ၏။

လှရှောင်ဖုန်းသည် နှင်းထုကြားထဲ၌ မည်မျှကြာအောင်မလှုပ်မယှက်ရပ်နေမိသည် မသိ။

နှင်းထုကြားထဲ၌ ပေမှပျောက်ကွယ်သွားပြီး အချိန်အတန်ကြာအောင်ပင် နှင်းထုထဲသို့ ငေးငိုင်ကြည့်နေမိ၏။

နောက်ဆုံး လှရှောင်ဖုန်းသည် နှင်းထုများကြားထဲ၌ လမ်းစပျောက်နေသူတစ်ဦးပမာ ခံစားလိုက်ရလေတော့သည် မဟုတ်ပါလား။

....၁ ..

ဒယ်အိုးပူထဲမှ မီးပုံထဲသို့

ညှော်ခံပွဲ....

ဝါစန်းမြို့စားကြီးသည် ညှော်ခံပွဲကို ကြီးကြီးကျယ်ကျယ်ခန်းခန်းနားနား ကျင်းပရန် စီစဉ်နေ၏။

ဝါစန်းမြို့စားဂေဟာ၌ ထိုသို့ကြီးကျယ်ခန်းနားသော ညှော်ခံပွဲ မလုပ်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်၏။

ယနေ့ မြို့စားကြီးက ညှော်ခံပွဲပြုလုပ်ရန် စီစဉ်၏။ ထို့ကြောင့် ဝါစန်းမြို့စားဂေဟာတွင် ဝန်ထမ်းများ လှုပ်လှုပ်ရှရှ ဖြစ်နေသည်။

သို့သော် ထိုညှော်ခံပွဲသို့ တက်ရောက်မည့် ညှော်သည်မှာ နှစ်ယောက်တည်းသာ ဖြစ်၏။

ထိုနှစ်ယောက်မှာ လှရှောင်ဖုန်းနှင့် မန်းလူပင်ဖြစ်ပါသည်။ အိမ်ရှင်အနေဖြင့် ဝါစန်းမြို့စားကြီး၊ ဝါစန်းသခင်မလေး

သန်းဖိုးနှင့် ပေမုဟုခေါ်သော မျက်လုံးဝိုင်းဝိုင်းနှင့် မိန်းကလေး တို့သာ ဖြစ်၏။

လျှူဟုန်၊ ချူးယိ နှင့် တကုဖန်တို့သည် ထိုညှော်ခံပွဲရက်မတိုင်မီ တစ်ရက်အလို၌ ဝါစန်းမြို့စားကြီး၏ တာဝန်ပေးချက်အရ ခရီးထွက်ခွာသွားပြီဖြစ်၍ ထိုညှော်ခံပွဲသို့ အချိန်မီတက်ရောက်နိုင်မည် မဟုတ်ပါ။

ညှော်ခံပွဲပြုလုပ်ရာ ညှော်ခန်းမဆောင်သည် လွန်စွာကျယ်ဝန်းသည့်အပြင် ခန်းနား၏။

အခန်း၏နံရံပေါ်မှ ပန်းချီကားများသည် လွန်စွာတန်ဖိုးရှိသော ရှေ့ခေတ်ပန်းချီအကျော်အမော်များ၏ ပန်းချီကားများဖြစ်သည့်အပြင် ထိုပန်းချီကားများ၏ဘောင်ကို ရွှေဖြင့်တွပ်ထားပြီး ကနုတ်ပန်းပုံများ ဖော်ထား၏။

အခန်းထဲ၌ ခင်းကျင်းထားသော အိမ်ထောင်ပရိဘောဂများသည် တန်ဖိုးကြီးမားပြီး လက်ရာကောင်းမွန်သေသပ်သော ပရိဘောဂများ ဖြစ်၏။

အခန်းပတ်လည်၌ အလှစိုက်ကြွေပန်းအိုးများရှိ၏။

ထိုကြွေပန်းအိုးတိုင်းသည် အလွန်လက်ရာမြောက်ပြီး အဖိုးတန် ရှေးဟောင်း ကြွေပန်းအိုးများ ဖြစ်သည့်အပြင် ပန်းမန်ပေါင်းစုံ စိုက်ပျိုးထား၍ တစ်ခန်းလုံး ပန်းရနံ့များ သင်းကြိုင်နေသည်။

အခန်းအလယ်၌ ညှော်ခံပွဲတွင် အသုံးပြုသည့် ထမင်းစားစားပွဲရှည်တစ်ခု ရှိသည်။



ထိုစားပွဲပေါ်၌ စားသောက်ဖွယ်ရာမျိုးစုံ တည်ခင်းထားသည်။ အမျိုးစုံလှသော စားသောက်ဖွယ်ရာများမှာ လူနှစ်ဆယ်စာမျှ စားသောက်နိုင်၏။

သို့သော် ယခု ထိုစားပွဲ၌ လူငါးယောက်သာ ရှိ၏။ မြို့စားကြီးက စားပွဲ၏ထိပ်တွင် နေရာယူထားသည်။

သူ၏လက်ယာဘက်တွင် သခင်မလေးသန်းဖိုး ရှိ၏။ သခင်မလေးသန်းဖိုးနှင့်ကပ်လျက် နံဘေး၌ ပေမုရှိ၏။

မြို့စားကြီး၏ လက်ဝဲဘက်တွင် လုရှောင်ဖုန်းက နေရာယူ၍ သခင်မလေးသန်းဖိုးနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

လုရှောင်ဖုန်း၏နံဘေး၌ မန်းလုထိုင်နေသည်။ ထို့ကြောင့် မန်းလုနှင့် ပေမုက မျက်နှာချင်းဆိုင်ဖြစ်သည်။

လုရှောင်ဖုန်းသည် သခင်မလေး သန်းဖိုးကို တစ်ချက်ကြည့်လိုက်၏။ သခင်မလေး သန်းဖိုးသည် ယနေ့ ခါတိုင်းနှင့်မတူဘဲ ပို၍လှပနေသည်ဟု ထင်မှတ်ရသည်။

အမှန်မှာလည်း သခင်မလေးသန်းဖိုးသည် အခြားရက်များနှင့် မတူဘဲ ယနေ့ ပို၍လှပစွာ ပြင်ဆင်ထားသည် မဟုတ်ပါလား။

ဝါစန်းမြို့စားကြီးက အရက်ခွက်ကို မြှောက်လိုက်ပြီး....

'ကျုပ်တို့ နယ်သူ နယ်သား တွေ အတွက် ရောက်လာတဲ့ လုရှောင်ဖုန်းနဲ့ မန်းလုကို ကျုပ်က ကျုပ်ရဲ့နယ်သူနယ်သားတွေ ကိုယ်စား ဂါရဝပြုပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်'

လုရှောင်ဖုန်းကလည်း အရက်ခွက်ကိုမြှောက်ကာ....

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ကလဲ တတ်နိုင်သမျှ အသက်စွန့်ပြီး ကူညီပါမယ်လို့ ကတိပြုပါတယ်'

မန်းလူက ပြုံး၍ အရက်ခွက်ကို မြှောက်ကာ...

'ကျုပ်ကတော့ မျက်မမြင်ဒုက္ခိတဖြစ်နေလို့ ဘာမှ ကူညီနိုင်မယ် မထင်ဘူး၊ ဒါပေမယ့် လိုအပ်တဲ့အခါပြောပါ၊ တတ်စွမ်းသမျှ ကူညီပါ့မယ်'

ဝါစန်းမြို့စားကြီးက မန်းလူ၏စကားကို သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ပြီးမှ....

'ကျေးဇူးတင်ပါတယ်၊ သိုင်းလောကမှာ နာမည်ကြီးကျော်ကြားတဲ့ သိုင်းသမားတွေတောင် အံ့သြလောက်တဲ့ မန်းလူက ဘာမှမတတ်နိုင်ဘူးဆိုတာ ဟုတ်ပါ့မလား'

မန်းလူက ပြုံး၍....

'အမှန်ပြောရရင် ကျုပ်က ဒီလောက်တော်တာမဟုတ်ပါဘူး၊ သူတို့က ပေါ့တီးပေါ့ဆနဲ့ တိုက်ခိုက်လို့ပါ၊ ပြီးတော့လဲ ကျုပ်ကံကောင်းနေလို့ပါ၊ ဟင်း....ဟင်း....သူတို့သာ ကျုပ်ကိုတကယ်တိုက်ရင် ကျုပ်တော့ မတွေးဝံ့စရာဘဲ'

မန်းလူ၏စကားကြောင့် သခင်မလေး သန်းဖုံးသည် ပြုံးယောင်ယောင် ဖြစ်သွား၏။

မြို့စားကြီးက လုရှောင်ဖုန်းကို လှမ်းကြည့်ပြီး....

'ဒါနဲ့ ခင်ဗျားတို့နှစ်ယောက်တည်းဆိုတော့ အင်အားမနည်းဘူးလား'

လုရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်ပြီး....

'ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ကို ကူညီမယ့်လူရှိပါတယ်'



မြို့စားကြီးက ပြုံး၍....

'ဘယ်သူ့ကို ထပ်ပြီး အကူအညီတောင်းရမှာလဲ၊ ကျုပ်လဲ ဝိုင်းပြီး အကူအညီတောင်းပေးမယ်လေ'

လုရှောင်ဖုန်းက ပြုံး၍....

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ဘာသာကျွန်တော် သူတို့နှစ်ယောက်ကို အကူအညီသွားတောင်းပါ့မယ်'

လုရှောင်ဖုန်း၏ စကားကြောင့် သခင်မလေး သန်းဖုံးက စိတ်ဝင်စားဟန်ဖြင့်....

'ဘယ်သူတွေလဲ၊ ကျွန်မ မသိရဘူးလား'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'သိရပါတယ်၊ တစ်ယောက်က ရိပန်ဝါးကျေးရွာက ဓားသမား စီမင်းပါ၊ နောက်တစ်ယောက်ကတော့ သူဌေးလေး ကျူးစိန်ပါ'

လုရှောင်ဖုန်း၏ စကားကြောင့် ဝါစန်းမြို့စားကြီး သည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး....

'ဓားသမားစီမင်း ဟုတ်လား'

လုရှောင်ဖုန်းက ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်'

မြို့စားကြီးက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း....

'အင်း....သူ့ကို အကူအညီ တောင်းလို့ရရင်တော့ သိပ်ကောင်းမှာပဲ၊ ဒါပေမယ့် ကျုပ်သိသလောက် ဒီလူကိုအကူအညီတောင်းဖို့ သိပ်မလွယ်လှဘူး'

မြို့စားကြီး၏ စကားအဆုံးတွင် မန်းလူက ပြုံးလိုက်ပြီး....

'မြို့စားကြီး စိတ်ချလက်ချသာ နေပါ၊ ကျုပ် သူငယ်ချင်းက မရ,ရအောင် အမျိုးမျိုး ညာဏ်နီညာဏ်နက် ညာဏ်ရောင်စုံ သုံးပြီး ခေါ်လာပါလိမ့်မယ်၊ ဟဲ ဟဲ ဟဲ'

မန်းလူ၏ စကားကြောင့် တစ်ဝိုင်းလုံး ပြုံးစေ့စေ့ ဖြစ်သွားလေ၏။

ထို့နောက် သခင်မလေးသန်းဖုံးက လုရွှောင်ဖုန်းကို လှမ်းကြည့်ကာ....

'ဒါနဲ့ သူဌေးလေး ကျူးစိန် ဆိုတာကတော့ အကူအညီ တောင်းဖို့ လွယ်ပါ့မလား'

လုရွှောင်ဖုန်းက ပြုံးလျက်....

'အင်း...ကျုပ်က သူ ဘယ်မှာ အပေါင်ခံထားတယ် ဆိုတာ အရင်စုံစမ်းပြီး သူ့ကို သွားရွေးရုံပဲ'

လုရွှောင်ဖုန်း၏ စကားကြောင့် သခင်မလေး သန်းဖုံးသည် အံ့သြဟန်ဖြင့် မျက်လုံးကလေး ဝိုင်းစက်သွားကာ....

'ရှင်...ဘယ်လို အပေါင်ခံထားတယ်၊ သွားရွေးရမယ် ဟုတ်လား'

လုရွှောင်ဖုန်းက ပြုံးကာ....

'ဒီလိုပါ၊ သူဌေးလေး ကျူးစိန်ဟာ တကယ်တော့ သူဌေး မဟုတ်ပါဘူး၊ သူ့မှာ ပိုက်ဆံနဲ့ တူတာဆိုလို့ ခြူးတစ်ပြား တောင် မရှိဘူး၊ ကျောက်သံပတ္တမြားနဲ့ တူတာဆိုလို့ ကျောက် စရစ်ခဲတောင် မရှိဘူး၊ ပြီးတော့ အိမ်နဲ့ တူတာဆိုလို့ ခိုအိမ် တောင် မရှိဘူး'



လုရွှောင်ဖုန်း၏ စကားကြောင့် သခင်မလေး သန်းဖုံးက တခစ်ခစ် ရယ်မောလိုက်၏။

သခင်မလေး သန်းဖုံးသည် ထိုသို့ ရယ်မောလိုက်ပြီးမှ....

'အင်း–ရှင်ပြောသလိုဆိုရင် သူဟာ တော်တော် ချမ်းသာ တာပဲ'

လုရွှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်၊ သူဟာ တော်တော်ချမ်းသာတယ်၊ ဒါပေမယ့် သူချမ်းသာတာဟာ ပိုက်ဆံငွေကြေးနဲ့ ပစ္စည်းပစ္စယ မဟုတ်ဘူး၊ ဦးနှောက်ပဲ'

လုရွှောင်ဖုန်း၏ စကားကြောင့် သခင်မလေးသန်းဖုံးသည် မျက်မှောင်ကြုတ်သွားပြီး....

'ရှင်....ဦးနှောက် ဟုတ်လား'

လုရွှောင်ဖုန်းက ပြုံး၍....

'ဟုတ်တယ်....ဦးနှောက်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူက ထူးထူးဆန်းဆန်း ကိရိယာတွေကို အံ့သြလောက်အောင် တီထွင် နိုင်လို့ပဲ'

လုရွှောင်ဖုန်း၏ စကားအဆုံးတွင် သခင်မလေးသန်းဖုံးသာမက မြို့စားကြီးရော ပေမုပါ အတန်ကြာအောင် အံ့သြသည့် အသွင်ဖြင့် လုရွှောင်ဖုန်းကို ငေးကြည့်နေကြ၏။

ပြီးမှ မြို့စားကြီးက ရယ်မောလိုက်ပြီး လုရွှောင်ဖုန်းကို ကြည့်ကာ....

'အင်း....ကျုပ်က မင်းတစ်ယောက်တည်း ထူးဆန်းတယ် ထင်တာ၊ မင်းရဲ့မိတ်ဆွေ အတော်များများကလဲ လူထူးလူဆန်း တွေချည့်ပါပဲလား'

လုရှောင်ဖုန်းက ပြုံး၍....

'သူတို့က ကျွန်တော့်ထက် ပိုပြီး ထူးဆန်းတာပါ၊ အဲ.... နောက်တစ်ယောက် ကျန်သေးတယ်၊ လိုအပ်ရင်တော့ သူ့လဲ ခေါ်ရမှာပဲ'

မြို့စားကြီးက....

'ဘယ်သူတုန်း'

'စောရဘုရင်ပါ'

သခင်မလေး သန်းဖုံးက....

'သူကတော့ သူ့ငွေးလေး ကျူးစိန်လို စောရအတုပဲလား'

လုရှောင်ဖုန်းက ပြုံး၍ ဦးခေါင်း ခါယမ်းလိုက်ပြီး....

'အဲ–သူကတော့ စောရအစစ်ပါ၊ စောရဘုရင်ဘွဲ့ ရလောက်အောင်ကို တော်တဲ့လူပါ၊ သူ့ကို ပစ္စည်းသာမက လူကိုပါ ခိုးခိုင်းရင် ရအောင် ခိုးလာတတ်တဲ့ လူစားပဲ'

သခင်မလေးသန်းဖုံးက ရယ်မောလျက်....

'အဲဒီ ရှင့်မိတ်ဆွေကို ဒီကိုတော့ ခေါ်မလာပါနဲ့ရှင်၊ တော်တော်ကြာ ကျွန်မတို့မှာရှိတဲ့ ရှိစုမဲ့စုကလေးတွေ ပါသွားမှာပါဦးမယ်'



သခင်မလေးသန်းဖုံး၏ စကားကြောင့် အားလုံး ပွဲကျသွားလေတော့၏။

....၀....

ဤနေရာသည် လမ်းမတစ်ခု ဖြစ်သည်။

ကျောက်တုံးများဖြင့် ခင်းထားသော လမ်းမ ဖြစ်သည်။

အချိန်မှာ နေမွန်းတည့်ချိန်ဖြစ်သည်။ မွန်းတည့်ချိန်ဖြစ်သည့် အလျောက် နေပူရှိန်သည် ပူပြင်းနေ၏။

ကျောက်တုံးများဖြင့် ခင်းထားသော လမ်းမသည် နေပူရှိန် ပူပြင်းလွန်းသဖြင့် ခြေဖဝါးများပင် ကျက်သွားလေမလားဟု အောက်မေ့ရလောက်အောင် ပူလောင်နေ၏။

ထိုပူလောင်နေသော ကျောက်တုံးခင်းထားသည့် လမ်းမပေါ်၌ လုရှောင်ဖုန်းနှင့် မန် လူတို့ ရပ်နေ၏။

သခင်မလေးသန်းဖုံးသည် သူတို့နှစ်ယောက်အား ဤနေရာအထိ မြင်းလှည်းနှင့် လိုက်ပို့ပြီးမှ နှုတ်ဆက်၍ လှည့်ပြန်သွားခဲ့ခြင်း ဖြစ်သည်။

လုရှောင်ဖုန်းသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားသော မြင်းလှည်းကို ငေးကြည့်နေမိ၏။

သူ၏ မျက်လုံးများကလည်း သခင်မလေး၏ ရွှန်းလဲ့သော မျက်လုံးတစ်စုံကို မြင်ယောင်နေ၏။

သူ၏ နား မှာသည်း သခင်မလေး၏ 'အောင်မြင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်၊ ကျွန်မ ရှင့်ကို စောင့်နေမယ်' ဟု ပြောသွားသော နှုတ်ဆက်စကားကို ထပ်ပြန်တလဲလဲ ကြားယောင်နေ၏။

ထိုစကားကို ပြောစဉ်က သခင်မလေး၏ မျက်လုံးအစုံတွင် လဲ့ဝင်းသော အကြည့် ပြောင်းလဲသွားခဲ့သည်ကို လုရှောင်ဖုန်း သတိပြုမိလိုက်၏။

ထိုစကားကို ပြောစဉ်က သခင်မလေး၏ မျက်နှာပေါ်တွင် ပန်းနုရောင် ပြောင်းလဲသွားသည်ကိုလည်း လုရှောင်ဖုန်း သတိပြုမိခဲ့၏။

တစ်ခါနိဘည်းမှာပင် လုရှောင်ဖုန်း၏ ရင်ထဲ၌ ထူးဆန်းသော ခံစားမှုကို ခံစားခဲ့ရ၏။

'ကျွန်မ ရှင့်ကို စောင့်နေမယ်'

ဟု ပြောခဲ့သော သခင်မလေးသန်းဖုံး၏စကားကို လုရှောင်ဖုန်း သည် နှုတ်မှ အလိုလို တီးတိုးရေရွတ်လိုက်မိ၏။

သခင်မလေးသန်းဖုံးကိုသယ်ဆောင်သွားသော မြင်းလှည်းသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားကာ နောက်ဆုံး အစက် အပျောက်ကလေးဖြစ်ပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။



ထိုအခါမှ အတန်ကြာအောင်ပင် မျက်မှောင်ကြုတ်နေမိသည်။ သူသည် တစ်စုံတစ်ရာကို စဉ်းစားတွေးတောနေဟန်ဖြင့် မျက်မှောင်ကြုတ်ထားခြင်း ဖြစ်သည်။

'သခင်မလေးရဲ့အသံက စန်ကွမ်းစီးယန်ရဲ့အသံနဲ့ အတော့်ကို တူတယ်ကွ'

လုရှောင်ဖုန်းက မန်းလူကိုလှည့်ကြည့်လိုက်ပြီး....

'ဘာလဲ၊ မင်းက စန်ကွမ်းစီးယန်ဆိုတဲ့ မိန်းကလေးကို စွဲလမ်းနေလို့လား'

မန်းလူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ကျုပ်စိုးရိမ်လို့ပါ၊ သူကကျုပ်ကို ဒီလာပို့ပြီးကတည်းက ပျောက်သွားတာ ပေါ်မလာတော့ဘူး'

လုရှောင်ဖုန်းက မန်းလူ၏ပခုံးကို တစ်ချက်လှမ်းပုတ်လိုက်ပြီးလျှင်....

'သိပ်လဲ စိုးရိမ်မနေပါနဲ့ကွာ၊ သူက ဝတ်ရှိနီသခင်မဆိုပြီး သိုင်းလောကမှာ နာမည်ရှိတာပဲ၊ သူ့ကိုယ်သူ ထိန်းနိုင်ပါတယ်၊ သူ့ရဲ့သိုင်းပညာကလဲ ထိပ်တန်းမဟုတ်တောင် အဆင့်နိမ့်မှာမဟုတ်ပါဘူး၊ ကဲ....ကဲ....ငါတို့ ကျူးစိန်ရှာဖို့ အရေးကြီးတယ်၊ အခုလောက်ဆိုရင် သူ့ကိုယ်သူ ဘယ်မှာဘယ်လောက်နဲ့ ပေါင်ထားပြီလဲမသိဘူး'

ထိုနောက် လုရှောင်ဖုန်းသည် မန်းလူအားလက်တွဲ၍ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

....o....

စိန်ရွှေတည်းခိုခန်း။

တံခါး၏ နဖူးစည်းမှစာတန်းတွင် စိန်ဟူသောစာလုံးသည် တင်ခြမ်းပဲ့နေ၏။

သို့သော် ဤတည်းခိုခန်းသည် စိန်ရွှေတည်းခိုခန်းအဖြစ် လူတိုင်းသိကြသည်။

အကြောင်းမှာ ထိုတည်းခိုခန်းပိုင်ရှင်၏အမည်သည် စိန်ရွှေ ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

လုရှောင်ဖုန်းသည် မန်းလူအားလက်တွဲ၍ ဤတည်းခိုခန်း ထဲသို့ လှမ်းဝင်လိုက်၏။

တည်းခိုခန်းထဲသို့ ရောက်သည်နှင့် လုရှောင်ဖုန်းသည် ငွေသိမ်းစားပွဲရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွား၏။

ငွေသိမ်းစားပွဲ၌ အမျိုးသမီးတစ်ယောက်သည် မေသီးကို တစ်ချောက်ချောက်ခေါက်လျက် စာရင်းစာအုပ်တစ်အုပ်ဖြင့် အလုပ်ရှုပ်နေ၏။

လုရှောင်ဖုန်းက စားပွဲကိုလက်ဖြင့် အသာပုတ်လိုက်ပြီး....

'ကျူးစိန်ရှိတယ်မဟုတ်လား'

လုရှောင်ဖုန်း၏အမေးကြောင့် ငွေသိမ်းစားပွဲမှ အမျိုးသမီး က ဦးခေါင်းကိုမော့၍ လုရှောင်ဖုန်းကို တစ်ချက်ကြည့်လိုက် လေသည်။

သူမသည် လုရှောင်ဖုန်းကိုကြည့်ရာမှ မန်းလူကို ကြည့်လိုက် ပြန်သည်။

'ရှင်က သူ့ကိုရှာမလို့လား'

...၀...



လုရှောင်ဖုန်းက မိန်းကလေးကိုပြန်၍ စေ့စေ့ကြည့်လိုက် ပြီးလျှင်....

'ဘယ်လောက်နဲ့ ပေါင်ထားသလဲ'

မိန်းကလေးက ခဏနေဦးဟုပြောကာ စားပွဲအံဆွဲကိုဖွင့်၍ စာရင်းစာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်၏။

ထိုနောက် သူမသည် စာရင်းစာအုပ်ကိုလှန်ကာ တွက်ချက် နေ၏။ ပြီးမှ သူမသည် လုရှောင်ဖုန်းကို မော့ကြည့်လိုက်ပြီး....

'ငါးရာရှစ်ဆယ်သုံးကျပ်'

လုရှောင်ဖုန်းက အင်္ကျီအိတ်ထဲမှ ငွေလွှဲလက်မှတ်တစ်ခုကို ထုတ်ယူလိုက်ပြီး မိန်းကလေးထံလှမ်းပေးရင်း....

'ရော့....ခြောက်ရာတန် ငွေလွှဲလက်မှတ်၊ ပိုတာကို မင်း ယူလိုက်'

မိန်းကလေးက လုရှောင်ဖုန်းကမ်းပေးသော ငွေလွှဲလက် မှတ်ကို လှမ်းယူလိုက်ပြီး ဖင်ပြန်ခေါင်းပြန် စေ့စေ့စပ်စပ် စစ်ဆေးလိုက်၏။

ပြီးမှ မိန်းကလေးသည် ထိုငွေလွှဲလက်မှတ်ကို စားပွဲအံဆွဲ ထဲသို့ထည့်လိုက်ရင်း နောက်ဘက်အခန်းသို့လှည့်၍....

'ဟေ့....သူဌေးလေးကျူးစိန်ကိုခေါ်လာခဲ့၊ ဒီမှာ သူ့မိတ် ဆွေတွေ ရောက်နေတယ်'

ဟု လှမ်းအော်လိုက်သည်။

....၀....

အဖူငွေးလေး ကျူးစိန်။

ထိုသူငွေးလေးကျူးစိန်ထံတွင် ပိုက်ဆံ ခြူးတစ်ပြားမျှပင် မရှိပါ။ ထိုငွေးလေးကျူးစိန်၌ ကျောက်သံပတ္တာမြားနှင့်တူသည့် အရာဟူ၍ ကျောက်စရစ်ခဲပင် မရှိပါ။

ထိုသူငွေးလေးကျူးစိန်၌ အိမ်ဂေဟာမဆိုထားနှင့်။ ခိုအိမ် ပင်မရှိပါ။

သို့သော် ထိုသူငွေးလေးကျူးစိန်၌ ထူးဆန်းသောဦးနှောက် ရှိ၏။

ထိုထူးဆန်းသောဦးနှောက်ဖြင့် ထူးဆန်းသောအရာများကို တီထွင်၏။ ထူးဆန်းသောပန်းပွင့်များ၊ လမ်းလျှောက်သော သစ်သားနွားရုပ်များ၊ လူကိုဖမ်းချုပ်နိုင်သော ကုလားထိုင်များ၊ လျှို့ဝှက်တံခါးများ၊ မြေအောက် ဥမင်လိုဏ်ခေါင်းများနှင့် ဝက်ပါများ၊ စသည်ဖြင့် လူတိုင်းမသိနိုင်သော၊ လူတိုင်းမပြု လုပ်နိုင်သော အလွန်ထူးဆန်းသည့် အရာများကို တီထွင်နိုင် လေသည်။

သူသည် တစ်ကိုယ်တည်းသမားဖြစ်၏။ အိမ်ထောင်မရှိ၍ လည်း သူ့အတွက် အိမ်ယာမလိုပေ။

ထို့ကြောင့် သူသည် ကြုံရာတည်းခိုခန်းများ၌သာ နေ၏။ ထိုတည်းခိုခန်းများ၌ပင် သူ၏ဝမ်းမီးကို ဖြေရှင်း၏။

ထို့ကြောင့် သူ၏တည်းခိုခန်းခများ၊ စားသောက်စရိတ် များကို တည်းခိုခန်း၏ အကြွေးစာရင်းတွင် မှတ်သားထား ပေသည်။



တစ်နေ့နေ့တစ်ချိန်ချိန်၌ သူ၏ထူးဆန်းသော ဦးနှောက်ကို အသုံးပြုလိုသူတို့သည် သူ၏ တင်ရှိနေသော ကြွေးမြီများကို အကြေအလည်ပေးချေ၍ သူ့ထံမှ အကူအညီ တောင်းခံနိုင်၏။

ယခု လုရှောင်ဖုန်းသည် ကျူးစိန်၏ ကြွေးမြီများကို ပေးချေပြီးဖြစ်၏။ ငွေသိမ်းစားပွဲမှ မိန်းကလေးက နောက် ဘက်သို့လှည့်၍ လှမ်းအော်ပြီးသောအခါ လုပ်လက်စအလုပ်ကို ဆက်လုပ်နေသည်။

အတန်ကြာသောအခါ နောက်ဘက်အခန်းထဲမှ ထွားကျိုင်း သော လူတစ်ယောက်က အသက်သုံးဆယ်ခန့်ရှိသော အသား ဖြူဖြူ၊ ပိန်ပိန်ပါးပါး လူတစ်ယောက်ကို ခေါ်လာ၏။

သူလူသည် လုရှောင်ဖုန်းအား မြင်တွေ့လိုက်သည်နှင့် စိတ် ပျက်လက်ပျက်ဟန်ဖြင့် သက်ပြင်းကိုချ၊ ဦးခေါင်းကို ဘယ်ညာ ခါယမ်းလိုက်ပြီး....

'မင်းက ဘယ်လောက်များချမ်းသာနေလို့ ငါ့ကိုလာရွေး ရတာလဲ'

လုရှောင်ဖုန်းက ရယ်မောလိုက်ပြီး ကျူးစိန်၏ပခုံးကို ဖက် လိုက်ရင်း....

'မင်းကို ရွေးနိုင်လောက်အောင် ငါချမ်းသာပါတယ်'

ကျူးစိန်က ငွေသိမ်းစားပွဲမှ မိန်းကလေးကို လှမ်းကြည့် လိုက်ပြီး....

'ဟော့....ချာတိတ်မ၊ သူ့ပိုက်ဆံသူ့ပြန်ပေးလိုက်ပါ၊ ငါ့ကို ဒီမှာပဲပေါင်ထားပါရစေ'

ငွေသိမ်းစားပွဲမှမိန်းကလေးသည် ရုတ်ခြည်း နားထိုင်းသွားသည့်ပမာ ကျူးစိန်၏စကားကို မကြားဟန်ပြု၍ မိမိ၏ လုပ်လက်စအလုပ်ကို ဆက်လုပ်နေ၏။

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'ကဲပါကွာ....ငါနဲ့လိုက်ခဲ့စမ်းပါ'

ကျူးစိန်က နှုတ်ခမ်းကိုတစ်ချက်မဲ့လိုက်ပြီး....

'ကောင်းပြီလေ၊ မင်းမှာ ဒီလောက် ပိုက်ဆံပေါနေရင်လဲ ငါ့ကိုတစ်ခုခုကျွေးဦး၊ ဒီဆိုင်က အစားအသောက်တွေဟာ သိပ်ကောင်းတယ်ကွ'

လုရှောင်ဖုန်းက ရယ်မော၍....

'ကဲ....ကဲ....မင်းစားချင်တာသာ မှာစား၊ သောက်ချင်တဲ့ အရက် မှာသောက်၊ ပြီးရင်သာ မင်း မန်းလူနဲ့လိုက်သွား'

ထိုနောက် လုရှောင်ဖုန်းသည် ကျူးစိန်အတွက် စားသောက်ဘွယ်ရာများနှင့် အကောင်းစားအရက်ကိုမှာစေ၍ ကျသင့်ငွေပေးပြီး မန်းလူဘက်သို့လှည့်ကာ....

'ကဲ....မန်းလူ၊ အိမ်မရှိ၊ ယာမရှိ၊ ပစ္စည်းမရှိ၊ ပိုက်ဆံမရှိတဲ့ သူဌေးလေးကို စားသောက်ပြီးရင် မင်းအိမ်ကိုသာ ခေါ်သွားပေတော့'

မန်းလူက လုရှောင်ဖုန်း၏လက်ကို ဖမ်းကိုင်လိုက်ပြီး မျက်မှောင်ကြုတ်ကာ....

'နေပါဦး၊ မင်းက အခု ဘယ်သွားမလို့လဲ'

လုရှောင်ဖုန်းက ပြုံး၍....

'ရိပန်ဝါး ကျေးရွာကို'



ကျူးစိန်က....

'ဟေ့ လုရှောင်ဖုန်း၊ မင်းပြောတဲ့စကားထဲမှာ ကျန်သေးတယ်၊ ငါ့မှာ မိန်းမလဲမရှိဘူး'

ဟု လှမ်းပြောရင်း တဟားဟားရယ်မော၍ ကျန်ရစ်ခဲ့လေတော့၏။

....၀....

ပန်မန်တစ်ထောင်

ရိပ်နဝါး ကျေးရွာ။

အမည်နှင့်လိုက်ဖက်အောင်ပင် ဤကျေးရွာ၌ ပန်းမန်အမျိုးပေါင်း တစ်ထောင်မရှိပါ။

ဤကျေးရွာ၌ ချယ်ရီပန်း တမျိုးတည်းသာ ရှိ၏။ ကျေးရွာတစ်ရွာလုံး၌ ချယ်ရီပင်များသာရှိ၍ ချယ်ရီပန်းများကား ထောင်သောင်းသိန်းသန်းမက ရှိ၏။

လုရှောင်ဖုန်းသည် ထိုကျေးရွာ၏တောင်ဘက်မှ ဝင်ရောက်လာ၏။ သူသည် ကျေးရွာလမ်းအတိုင်း လျှောက်လာပြီး အိမ်တိုင်းဧ ချယ်ရီပင်များရှိသည့် ကျေးရွာထဲမှ ချယ်ရီပင်တစ်ပင်မှမရှိသော ခြံဝင်းထဲသို့ တည့်တည့်မတ်မတ် ဝင်ရောက်သွားလေသည်။



အကြောင်းမှာ ထိုချယ်ရီပင်တစ်ပင်မှမရှိသော ခြံဝင်းသည် ဓားသမား စီမင်း၏ ခြံဝင်းပင်ဖြစ်သောကြောင့် မဟုတ်ပါလား။

ခြံဝင်းထဲသို့ လုရှောင်ဖုန်းဝင်လိုက်သည်နှင့် အိမ်တံခါးပွင့်လာပြီး လူတစ်ယောက်ထွက်လာ၏။

ထိုလူသည် အဖြူရောင်အင်္ကျီ ဝတ်ဆင်ထား၏။ ထိုလူ၏ မျက်လုံးများက ခြံဝင်းထဲသို့ဝင်လာသော လုရှောင်ဖုန်းကို စူးစူးရှရှကြည့်နေသည်။

ထိုလူသည် မိမိနှင့် လက်တစ်ကမ်းအကွာသို့ လုရှောင်ဖုန်းရောက်လာသည်နှင့်....

'မင်း ဘာလာလုပ်တာလဲ'

လုရှောင်ဖုန်းက ပြုံးလျက်....

'ဒီကိုရောက်မှတော့ ငါက မင်းဆီလာတာပဲ ဘယ်သွားရမှာလဲ စီမင်းရာ'

ဓားသမား စီမင်းက ဘာမှပြန်မပြောဘဲ လုရှောင်ဖုန်းကို ကြည့်နေ၏။ ပြီးမှ သူသည် အိမ်ထဲသို့ လှည့်ဝင်သွား၏။

လုရှောင်ဖုန်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး မိမိ၏လက်နှစ်ဘက် နောက်၌ပစ်ကာ အေးအေးဆေးဆေးအမူအရာနှင့် ဓားသမား စီမင်း၏နောက်မှလိုက်၍ အိမ်ထဲသို့ဝင်လိုက်၏။

အိမ်ထဲသို့ရောက်သောအခါ လုရှောင်ဖုန်းသည် အိပ်ခန်းအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး စားပွဲအနီးမှ ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်၏။

ခေးသမားစီမင်းက နောက်ဖေးအခန်းသို့ ဝင်ရောက်သွားပြီး ပြန်ထွက်လာသောအခါ ခေးသမားစီမင်း၏ လက်ထဲ၌ အရက်အိုးနှင့် အရက်ခွက်ပါလာသည်။

သူ၏လက်ထဲမှ အရက်အိုးနှင့် အရက်ခွက်ကို လုရှောင်ဖုန်း ထိုင်နေသော ကုလားထိုင်အနီးမှ စားပွဲပေါ်တွင်ချပေးရင်း....

'ကဲ....ပြော၊ ဘာကိစ္စလဲ'

လုရှောင်ဖုန်းက ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးမှ အရက်ကိုယူ၍ အရက်ခွက်ထဲသို့ အရက်ထည့်လိုက်သည်။

ထိုနောက် သူသည် အရက်ကို တစ်ကျိုက်မျှ မော့သောက်လိုက်ပြီးနောက်....

'ကိစ္စမရှိဘဲ မလာရတော့ဘူးလား'

ခေးသမားစီမင်းက မျက်မှောင်ကြုတ်ကာ....

'ဟေ့ကောင် လုရှောင်ဖုန်း မင်းဘာမှ အပိုပြောမနေနဲ့၊ မင်းဘယ်နှစ်ခါများ ကိစ္စမရှိဘဲ လာခဲ့ဖူးလို့လဲ'

လုရှောင်ဖုန်းက ရယ်မောလိုက်ပြီး....

'ဒီလိုကွ'

ဟု အစချီကာ ဝါစန်းမြို့စားကြီး၏ကိစ္စကို အကျဉ်းချုံး၍ ပြောပြလိုက်၏။

လုရှောင်ဖုန်းပြောနေစဉ် ခေးသမားစီမင်းသည် တိတ်ဆိတ်စွာ နားထောင်နေ၏။

လုရှောင်ဖုန်းက စကားကို အဆုံးသတ်လိုက်ပြီးနောက်....

'ကဲ....အဲဒီကိစ္စကို မင်းဘယ်လိုသဘောရသလဲ'



ခေးသမားစီမင်းက ဦးခေါင်းခါယမ်းလိုက်ပြီး....

'ငါနဲ့ မဆိုင်တဲ့အလုပ်မျိုး ဘာအလုပ်မှ ငါစိတ်မဝင်စားဘူး'

လုရှောင်ဖုန်းက....

'အခုကိစ္စက မင်းနဲ့....'

လုရှောင်ဖုန်း၏ စကားမဆုံးမီ ခေးသမားစီမင်းက လက်ကာပြလိုက်ပြီး....

'ကဲ....မင်းပြန်တော့'

ဟု ပြောကာ ထိုင်ရာမှထလိုက်ပြီး တံခါးဝသို့ လျှောက်သွား၏။

လုရှောင်ဖုန်းက ထိုင်ရာမှမထသေးဘဲ....

'မင်း သေသေချာချာ စဉ်းစားပြီးလို့လား'

ခေးသမားစီမင်းက ဘာမှပြန်မပြောပါ။

လုရှောင်ဖုန်းသည် မျက်ခုံးမွေးတစ်စုံကို နဖူးပေါ်သို့ ဟန်ပါပါ ပင့်တင်လိုက်ပြီး ထိုင်ရာမှထလိုက်သည်။

ထိုနောက် သူသည် တံခါးဝသို့လျှောက်သွား၏။ တံခါးဝသို့ ရောက်သောအခါ လုရှောင်ဖုန်းသည် ခေးသမားစီမင်းနှင့် မျက်နှာချင်းဆိုင်ရပ်ကာ အတန်ကြာအောင်ပင် ခေးသမားစီမင်းကိုကြည့်နေသည်။

ပြီးမှ လုရှောင်ဖုန်းသည် မည်သည့်စကားမှ ထပ်မံမပြောဘဲ ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

သူသည် နောက်သို့ လုံးဝလှည့်မကြည့်ဘဲ ခြံတံခါးဝသို့ လျှောက်သွားသည်။ သို့သော် လုရှောင်ဖုန်း၏ ခြေလှမ်းများ

သည် ခြံတံခါးဝသို့ရောက်သောအခါ နောက်မှ လှမ်းပြောလိုက်သော ဒေးသမားဝိမင်း၏စကားကြောင့် တုန့်ခနဲ ရပ်တန့်သွားလေတော့သည်။

'ဟော့ ကောင် လုရှောင်ဖုန်း၊ မင်းနှုတ်ခမ်းမွေးကို ရိတ်လိုက်ရင် ငါ မင်းနဲ့လိုက်ခဲ့မယ်၊ ဘယ့်နှယ်လဲ'

....o....

လုရှောင်ဖုန်း....

သိုင်းလောကသားများက သူ့ကို မျက်ခုံးမွေးလေးခုနှင့် လုရှောင်ဖုန်းဟု ခေါ်ဝေါ်ကြသည်။

အကြောင်းမှာ သူ၏နှုတ်ခမ်းမွေးသည် သူ၏မျက်ခုံးမွေးနှင့် တစ်ထပ်တည်း ညီညာစွာ တိတိရိရိရှိ နေသောကြောင့်ပင် ဖြစ်သည်။

သို့သော် မျက်ခုံးမွေးလေးခုနှင့် လုရှောင်ဖုန်းသည် မနေ့က လုရှောင်ဖုန်းဖြစ်၏။

တိတိကျကျဆိုရလျှင် လွန်ခဲ့သော အချိန်ပိုင်းကလေးအတိ ဖြစ်သည်။ ယခု မန်းလူ၏အိမ်ထဲသို့ ဝင်လာသော လုရှောင်ဖုန်းသည် မျက်ခုံးမွေးလေးခုနှင့် လုရှောင်ဖုန်း မဟုတ်တော့ချေ။



အဘယ်ကြောင့်ဆိုသော် သူ၏နှုတ်ခမ်းပေါ်၌ နှုတ်ခမ်းမွေးများ မရှိတော့သောကြောင့်ပင် ဖြစ်ပါသည်။

သူသည် ထိုနှုတ်ခမ်းမွေးများကို မကြာမီ အချိန်ပိုင်းအတွင်းကပင် တိတိရိရိ ပြောင်စင်အောင် ရိတ်ခဲ့သည် မဟုတ်ပါလား။

မန်းလူက ခြေသံကြားသဖြင့် လုရှောင်ဖုန်း၏ ဘက်သို့ လှည့်လိုက်သည်။ သူသည် မျက်မမြင်ဖြစ်၍ လုရှောင်ဖုန်းက နှုတ်ခမ်းမွေးရိတ်ထားသည်ကို မမြင်နိုင်ပါ။

'ဘယ်လိုလဲ၊ ဝိမင်းလိုက်လာမယ် မဟုတ်လား'

လုရှောင်ဖုန်းက လေသံအေးစက်စက်ဖြင့်....

'သူက နှုတ်ခမ်းမွေးရိတ်ရင် လိုက်လာမယ်တဲ့'

မန်းလူက....

'ဒါများကွာ၊ နှုတ်ခမ်းမွေးရိတ်ပစ်လိုက်ပေါ့'

လုရှောင်ဖုန်းက မပြောချင်ပြောချင်လေသံဖြင့်....

'အခုမရှိတော့ဘူး၊ ရိတ်ပစ်လိုက်ပြီ'

လုရှောင်ဖုန်း၏စကားကြောင့် မန်းလူက သဘောကျစွာ တဟားဟားရယ်မောလိုက်ပြီး....

'ကောင်းတယ်....ကောင်းတယ်၊ မင်းက အသက်ငယ်ငယ်လေးနဲ့ နှုတ်ခမ်းမွေးထားတာကို အမြင်ကပ်လို့ ရိတ်ခိုင်းတာ ဖြစ်မှာပဲ'

လုရှောင်ဖုန်းက ဘာမျှပြန်မပြောပါ။ ထိုစဉ် ရုတ်တရက် မြင်းလှည်းတစ်စီး အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသံကို ကြားလိုက်ရလေတော့သည်။

တရကြမ်းမောင်းနှင်လာသော မြင်းလှည်း၏ အသံသည် တစ်စထက်တစ်စ ကျယ်လောင်လာသည်။

လုရှောင်ဖုန်းသည် ဒုန်းစိုင်း မောင်းနှင်လာသော မြင်းလှည်းသံကြောင့် အပြင်သို့ ပြေးထွက်လိုက်၏။

မြင်းလှည်းသည် မန်းလူ၏အိမ်ရှေ့မှ အရှိန်ပြင်းစွာ ဖြတ်မောင်းသွား၏။

မန်းလူ၏ အိမ်ရှေ့သို့အရောက်တွင် မြင်းလှည်း၏ တံခါးသည် ရုတ်တရက်ပွင့်သွားပြီး မြင်းလှည်းထဲမှ လူတစ်ယောက် လွင့်စဉ်ကျလာ၏။

မြင်းလှည်းထဲမှ လွင့်စဉ်ကျလာသောလူသည် လမ်းပေါ်၌ လေးငါးပတ်မျှ လိမ့်သွားပြီးနောက် မလှုပ်မယှက် ငြိမ်သက်နေ၏။

လုရှောင်ဖုန်းသည် ထိုလူ၏အနီးသို့ ပြေးသွား၏။ ထိုလူ၏ အနီးသို့ရောက်သောအခါ မြင်းလှည်းသည် အဝေးသို့ ရောက်ရှိသွားပြီဖြစ်၏။

ထိုလူ၏နံဘေး၌ လုရှောင်ဖုန်း ဒူးထောက်ထိုင်လိုက်ချိန်တွင် မြင်းလှည်းကို မတွေ့ရတော့ချေ။

လုရှောင်ဖုန်းက ထိုလူ၏နံဘေး၌ ဒူးထောက်ထိုင်လိုက်ပြီး ထိုလူကို ကပျာကယာ ပွေ့ထူလိုက်သည်။

ထိုသို့ပွေ့ထူလိုက်ပြီး ထိုလူ၏မျက်နှာကို မြင်လိုက်သည်နှင့် လုရှောင်ဖုန်းသည် အထိတ်တလန့်ဖြင့်....

'ဟင်....ချူးယိ'

ဟု ရေရွတ်လိုက်မိလေသည်။



ချူးယိ၏ဆံပင်များ ရှုပ်ပွလျက် မျက်နှာပေါ်သို့ ဝဲကျနေသည်။

ချူးယိ၏မျက်နှာပေါ်သို့ ဝဲကျနေသော ဆံပင်များသည် ချူးယိ၏မျက်နှာပေါ်မှ ဒဏ်ရာဒဏ်ချက်ကြောင့် စီးကျနေသော သွေးစသွေးနများနှင့် လိမ်းကျံနေ၏။

ချူးယိ၏ရင်ဘတ်၌လည်း သွေးများ ရွှဲနစ်လျက်ရှိသည်။ ချူးယိ၏မျက်နှာသည် ဝေဒနာအပြင်းအထန် ခံစားနေရဟန်ဖြင့် ရှုံ့မဲ့နေ၏။

လုရှောင်ဖုန်းက ချူးယိ၏ခန္ဓာကိုယ်အား ပွေ့ထူထားရင်းက....

'ချူးယိ ချူးယိ! မင်းကို ဘယ်သူသတ်တာလဲ'

ချူးယိက စကားပြောရန် ပါးစပ်ကိုဟလိုက်၏။ သို့သော် ချူးယိ၏ ပါးစပ်မှ မည်သည့်စကားလုံးမျှ ထွက်မလာပါ။

ချူးယိ၏ပါးစပ်မှ စကားလုံးများအစား သွေးတစ်ချက် ပွက်ခနဲအန်ကျလာသည်။

ထိုနောက် ချူးယိ၏ခန္ဓာကိုယ်သည် ဆတ်ခနဲတစ်ချက်တွန့်သွားပြီး လုံးဝငြိမ်သက်သွားလေသည်။

လုရှောင်ဖုန်းသည် အံတစ်ချက်ကြိတ်လိုက်ပြီး မြင်းလှည်းထွက်ခွာသွားရာဘက်သို့ လှည့်ကြည့်လိုက်၏။

မြင်းလှည်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

....o....

လခြမ်းကွေးသည် ကောင်းကင်ထက်၌ ရှိနေသော်လည်း သစ်ပင်များကြားမှ လှမ်းမြင်ရသဖြင့် ထိုလခြမ်းသည် သစ်ပင်ထက်၌ ချိတ်ဆွဲထားသော မီးပုံးတစ်ခုသဖွယ် ထင်မှတ်ရ၏။

ကြယ်ကလေးများသည် မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလက်နေ၏။ ညၵ်လေသည် ပန်းမန်ရနံ့များကို သယ်ဆောင်လာသေသည်။

ပန်းမန်များဖြင့် တစ်ခန်းလုံးပြည့်လျက်ရှိသော မန်းလူ၏အခန်းသည် ပန်းရနံ့များဖြင့် သင်းကြိုင်နေသည်။

ည....။

ညသည် လှပ၏။

ညသည် ကြည်နူးစရာကောင်း၏။

ညသည် ထူးထွေဆန်းပြား၏။ ညသည် လျှို့ဝှက်မှုရှိ၏။

လုရှောင်ဖုန်းသည် ပြတင်းပေါက်၌ရပ်လျက် အပြင်သို့ကြည့်နေသည်။

မန်းလူနှင့် ကျူးစိန်တို့သည် စားပွဲတစ်လုံးတွင် ထိုင်နေ၏။ အခန်းတစ်ခုလုံးကို တိတ်ဆိတ်မှုက ကြီးစိုးနေ၏။

လုရှောင်ဖုန်းသည် အတန်ကြာအောင် ပြတင်းပေါက်၌ရပ်နေသော သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်ပြီး မန်းလူတို့ဘက်သို့ လှည့်ကြည့်လိုက်၏။

ထို့နောက် သူသည် ပြတင်းပေါက်မှခွာကာ မန်းလူတို့ထိုင်နေသော စားပွဲသို့လျှောက်လာပြီး လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။



သူတို့သည် သိုင်းလောကဌ်လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် ခေါသမားသုံးယောက်ထဲမှ ခေါသမားချူးယိ သေဆုံးသွားခြင်းအတွက် စိတ်မကောင်းဖြစ်ကာ တိတ်ဆိတ်ငြိမ်သက်နေကြခြင်း ဖြစ်သည်။

ခေါသမား ချူးယိကိုသတ်သော တရားခံမှာ အစိမ်းရောင်ဂေဟာဂိုဏ်းမှလွဲ၍ တခြားမည်သူမျှ မဖြစ်နိုင်ကြောင်း သူတို့ရိပ်စားမိ၏။

သို့သော် အစိမ်းရောင် ဂေဟာဂိုဏ်းသည် လျှို့ဝှက်စွာဖွဲ့စည်းထားသော အနက်ရောင် သိုင်းအဖွဲ့အစည်း ဖြစ်၏။

ထို့ကြောင့် သိုင်းလောက၌ ထိုဂိုဏ်း၏အမည်သာ ရှိနေပြီး ထိုဂိုဏ်း၏တည်နေရာကို မည်သူမျှ မသိပါ။

ဝါစန်းမြို့စားကြီး၏ စကားအရ အစိမ်းရောင်ဂေဟာဂိုဏ်း၏ ဂိုဏ်းချုပ်သည် 'တုကုအိ' ဖြစ်သည်ဟု သိရသော်လည်း ထို'တုကုအိ'ဆိုသူမှာ သိုင်းလောကသားတိုင်းက လေးစားကြည်ညိုကြသော ဝူလင်ဂိုဏ်းချုပ် ဖြစ်နေ၏။

ဝူလင်ဂိုဏ်းသည် သိုင်းလောက၏ အဖြူရောင် သိုင်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဒုစရိုက်မှုမှန်သမျှကို လက်ပိုက်ကြည့်မနေတတ်သော အဖွဲ့အစည်းဖြစ်သည်။

ဒုစရိုက်မှုကို ရှုံ့မုန်းသော ဝူလင်ဂိုဏ်းချုပ် တုကုအိက ဒုစရိုက်မှုကို ပြုလုပ်နေသော အစိမ်းရောင်ဂေဟာ၏ ဂိုဏ်းချုပ်ဖြစ်နိုင်ပါမည်လော....

တွေးရင်းတွေးရင်း လုရှောင်ဖုန်း ဦးနှောက်ခြောက်လာသဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

ကျူးစိန်က လုရှောင်ဖုန်းကို လှမ်းကြည့်လိုက်ပြီး....

'လုရှောင်ဖုန်း....မင်းက တုကုဒီကို စုံစမ်းကြည့်ချင်လို့လား'

လုရှောင်ဖုန်းက....

'ဒီအတိုင်း ထိုင်နေရင်တော့ နောက်တစ်ခါ အသတ်ခံရတဲ့လူဟာ ကျုပ်ဖြစ်ချင်ဖြစ်မယ်၊ မင်းဖြစ်ချင်ဖြစ်မယ်၊ မန်းလူဖြစ်ချင်ဖြစ်မယ်'

ကျူးစိန်က....

'အေးလေ၊ ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုး ဆိုသလိုဖြစ်ရင် မကောင်းဘူး'

လုရှောင်ဖုန်းက....

'ဒီအတိုင်းဆိုင်းပြီး အသတ်ခံရမှာထက်စာရင်တော့ ကောင်းလိမ့်မယ် ထင်တယ်'

မန်းလူက ငြိမ်သက်နေရာမှ....

'အင်း....စန်းကွမ်းစီးယန် တစ်ယောက်လဲ ဘယ်လိုနေသလဲ မသိဘူး၊ အခုအထိ ဘာသတင်းမှ မကြားရဘူး'

မန်းလူ၏စကားကြောင့် လုရှောင်ဖုန်းနှင့် ကျူးစိန်တို့သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

'မင်းကလဲကွာ၊ စိုးရိမ်စရာ မရှိပါဘူး'

မန်းလူက ဦးခေါင်းခါယမ်းလိုက်ပြီး....



'ငါစိုးရိမ်ရတာ အကြောင်းရှိတယ်ကွ၊ အခုပဲ ချူးယိ အသတ်ခံလိုက်ရပြီ၊ စန်ကွမ်းစီးယန်လဲ အသတ်မခံရဘူးလို့ မင်းက အာမခံနိုင်လို့လား၊ ပြီးတော့ အခုကိစ္စကို စန်ကွမ်းစီးယန်က ပြောပြလို့ ငါက မင်းတို့ထက် အရင်သိထားတာ၊ ဒါကြောင့် ငါတို့ကိစ္စမှာ စန်ကွမ်းစီးယန်လဲ ပါဝင်ပတ်သက်နေလိမ့်မယ်၊ ဒီကိစ္စနဲ့ပတ်သက်တဲ့ ချူးယိကတော့ သေသွားပြီ၊ နောက်ထပ် ဘယ်သူအသတ်ခံရဦးမလဲ၊ ကဲ....ငါမစိုးရိမ်သင့်ဘူးလား'

လုရှောင်ဖုန်း ဘာမျှပြန်မပြောတော့ပါ။ ကျူးစိန်ကလည်း ပါးစပ်ပိတ်ထားကာ နေလိုက်၏။

ထိုစဉ် ရုတ်တရက် 'ဝှစ်' ဟူသော အရာဝတ္ထုတစ်ခု လေထုအား ဖြိုခွဲ၍ ပစ်လွှင့်လာသံကို ကြားလိုက်ကြရ၏။

တစ်ချိန်တည်းမှာပင် အဖြူရောင် အလင်းတန်းတစ်ခုသည် ပြတင်းပေါက်မှ ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ကြရ၏။

ထိုသို့ မြင်တွေ့လိုက်သည်နှင့် တစ်ချိန်တည်း၌ ကျူးစိန်၏ လက်သည် ရှေ့သို့ ဆန့်ထွက်သွား၏။

အသွားကိုးလက်မခန့်ရှိသော သံမဏိရောင် တောက်ပြောင်နေသည့် ဓားမြှောင်တစ်လက်သည် ကျူးစိန်၏ လက်မနှင့် လက်ညှိုးကြား၌ ညှပ်နေ၏။

ကျူးစိန်၏လက် ဆန့်ထုတ်လိုက်သောအချိန်၌ လုရှောင်ဖုန်းသည် ထိုင်နေရာမှ ထလိုက်ပြီး ပြတင်းပေါက်ရှိရာသို့ ပြေးသွား

ကာ သူ၏ခန္ဓာကိုယ်အား လေးညို့မှ၍လွှတ်လိုက်သော မြှား တစ်စင်းကဲ့သို့ ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်သွား လေတော့၏။

....ဝ....

ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေ၏။

သက်ရှိသတ္တဝါ၏ မည်သည့်လှုပ်ရှားမှု မတွေ့ရပါ။ လုရှောင် ဖုန်းသည် အိမ်ပြတင်းပေါက်မှ အပြင်သို့ ခုန်ထွက်လာခဲ့ပြီး ဝန်း ကျင်ကို လှည့်ကြည့်ရှုလိုက်၏။

ဓားမြှောင်ပစ်လိုက်သူ၏ အရိပ်အယောင်ပင် မတွေ့ရတော့ ပါ။ ထို့ကြောင့် လုရှောင်ဖုန်းသည် စိတ်ပျက် လက်ပျက်ဖြင့် အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။

အခန်းထဲသို့ ပြန်ရောက်သည်နှင့် ကျူးစိန်က လက်ထဲမှ ဓားမြှောင်ကို လှမ်းပေးလိုက်၏။

လုရှောင်ဖုန်းက ဓားမြှောင်ကို လှမ်းယူလိုက်၏။ ဓားမြှောင် ၏ ဓားသွားအဖျား၌ စာတစ်စောင် ထိုးစိုက်ထား၏။

လုရှောင်ဖုန်းက ဓားဖျားမှ စာရွက်ကို ဖြုတ်ယူလိုက်ပြီး ဓားမြှောင်ကို စားပွဲပေါ်၌ချထားလိုက်၏။ ထို့နောက် လုရှောင် ဖုန်းသည် စာရွက်ကိုဖြန့်၍ ဖတ်လိုက်၏။



စာရွက်ပေါ်၌....

'ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မရှုပ်ပါနဲ့၊ အေးအေးဆေးဆေး မနေရင် ဒုက္ခရောက်သွားမယ်၊ အေးအေးဆေး ဆး မနေဘဲ ဝင်ရှုပ်လို့ ကျုပ်တို့ ပထမဆုံး သုံးမလိုက်တဲ့လူကတော့ ချူးယီ ပဲ၊ ဒုတိယဆုံးမလိုက်တဲ့လူကို သိချင်ရင်တော့ ရွာနောက်ဘက်က မက်မန်းခြံကို သွားကြည့်ပါ၊ ကြည့်ပြီးလို့မှ နောင်တမရဘဲ ဝင်ရှုပ်မယ်ဆိုရင် ကျုပ်တို့ တတိယဆုံးမမယ့်လူက မန်းလူ....'

ပုံ...

အစိမ်း ရောင်မြွေဟောက်ဂိုဏ်း

....ဝ....

လုရှောင်ဖုန်းက စာကိုအသံထွက်၍ ဖတ်ပြလိုက်သည်။

စာဆုံးသွားသောအခါ ကျူးစိန်က မန်းလူကို လှမ်း၍ကြည့် လိုက်ပြီး....

'ဟော့ မန်းလူ....မင်းက တတိယတဲ့၊ ဒါဆို တော်သေးတာ ပေါ့၊ မင်းပြီးတော့ ငါတို့ဆိုတော့ အရက်သောက်ချိန် ပိုရသေး တယ်'

မန်းလူ၏ အမူအရာက တည်ငြိမ်၏။ သူသည် ထိုစာ၏ ခြိမ်းခြောက်မှုကြောင့် တုန်လှုပ်သွားခြင်း မရှိပါ။

မည်သူ့မျှလည်း တုန်လှုပ်ချောက်ချားခြင်း မရှိပါ။ သူတို့သည် ဤကဲ့သို့သော ခြိမ်းခြောက်စာမျိုးကို မကြာခဏ ရရှိခဲ့ဖူးသည် မဟုတ်ပါလား....

'ကျုပ်က တတိယမြောက်လူ ဖြစ်မှာဆိုတော့ ထားလိုက်ဦး၊ အခုဒုတိယမြောက်လူက ဘယ်သူလဲဆိုတာ သွားကြည့်ရအောင်'

ကျူးစိန်က ထိုင်ရာမှ ထလိုက်ကာ....

'လာလေ....မက်မန်းခြံကို သွားကြည့်ရအောင်'

လုရှောင်ဖုန်းက ဘာမျှမပြောဘဲ အခန်းထဲမှ ထွက်သွားလေတော့၏။

လုရှောင်ဖုန်းနောက်မှ ကျူးစိန် လိုက်သွား၏။ မန်းလူက သက်ပြင်းချလိုက်ပြီး ဦးခေါင်းကိုမော့ကာ....

'စန်ကွမ်းစီးယန် မဖြစ်ပါစေနဲ့'

ဟု တီးတိုး ဆုတောင်းလိုက်ပြီး လုရှောင်ဖုန်းတို့ နောက်သို့ လိုက်သွားလေတော့၏။

....o....



လခြမ်းကွေး၏ အလင်းရောင်၊ ကြယ်ကလေးများ၏ အလင်းရောင်ကြောင့် လုရှောင်ဖုန်းတို့သည် ရွာနောက်ဘက်ရှိ မက်မန်းခြံသို့ အခက်အခဲမရှိဘဲ ရောက်ရှိလာကြ၏။

အလင်းရောင်သည် လုရှောင်ဖုန်းနှင့် ကျူးစိန်တို့အတွက် အထောက်အကူ ဖြစ်စေသော်လည်း မန်းလူအတွက် မည်သို့မျှ မထူးခြားပါ။

သို့သော် ကျူးစိန်၏ ဖေးမကူညီမှုက အလင်းရောင်ထက် မန်းလူကို ပို၍ ထိရောက်စေခဲ့သည် မဟုတ်ပါလား။

မက်မန်းခြံထဲသို့ဝင်ရောက်လိုက်မိသည်နှင့် ကျူးစိန်က 'ဟာ ဟိုမှာ'ဟု ပြောရင်း ညွှန်ပြလိုက်၏။

ကျူးစိန်၏ စကားမဆုံးမီမှာပင် လုရှောင်ဖုန်း၏ ခန္ဓာကိုယ်သည် လျင်မြန်စွာ ထိုနေရာသို့ ပြေးလွှား ရောက်ရှိသွားလေတော့၏။

ထိုနေရာသည် မက်မန်းခြံ ဝင်းဝနှင့် မလှမ်းမကမ်း၌ရှိ၏။ စီတန်းညီညာစွာ စိုက်ပျိုးထားသော မက်မန်းပင်များ၏ ပထမဆုံး မက်မန်းပင်တန်း ဖြစ်၏။

ထိုမက်မန်းပင်တန်း၏ အလယ်မှ မက်မန်းပင်ပေါ်တွင် သူတစ်ယောက်တွဲလောင်းကြီးဖြစ်နေ၏။

ထိုနေရာသို့ ကျူးစိန် ပြေးလွှားသွား၏။ မန်းလူကလည်း ပြေးလွှား၍သွား၏။

မန်းလူသည် မျက်မမြင်တစ်ယောက် ဖြစ်သည့်တိုင်အောင် ထိုနေရာသို့ တန်းတန်းမတ်မတ် ရောက်ရှိလာ၏။

လုရှောင်ဖုန်းက သစ်ပင်ပေါ်မှ တွဲလောင်းကျနေသော အလောင်းကို မော့ကြည့်လိုက်ပြီး....

'ငါတို့ နောက်ကျသွားပြီ'

မန်းလူကလည်း သူ၏ဦးခေါင်းကို မော့လိုက်ပြီး....

'ဘယ်သူလဲ'

'တုကုဖန်'

ဟု တစ်လုံးချင်း လေးလေးပင်ပင် ပြောလိုက်၏။

ကျူးဝိန်က မက်မန်းပင်ပေါ်မှ တွဲလောင်းကျနေသော တုကုဖန်၏အလောင်းကို ငေးကြည့်နေ၏။

မန်းလူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'တုကုဖန်လို ကျုပ် မထင်မိခဲ့ဘူးဗျာ'

ကျူးဝိန်က တုကုဖန်၏ အလောင်းကို ငေးကြည့်နေရာမှ မျက်လုံးလွှဲဖယ်လိုက်၏။

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး တုကုဖန်၏ အလောင်းကို သေချာစေ့စပ်စွာ ကြည့်နေ၏။

မန်းလူက ဦးခေါင်းခါယမ်းကာ....

'တုကုဖန်က တော်ရုံတန်ရုံ ခေးသမားမဟုတ်ဘူး၊ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် နာမည်ကြီးတဲ့လူ၊ အင်း.... သူ့ကိုသတ်ပြီး ဒီအထိ ချိတ်ထားနိုင်တာကိုကြည့်ရင် တို့ ရင်ဆိုင်ရမယ့်သူဟာ ဘယ်လိုလူစားဆိုတာ သိနိုင်ပါတယ်'

လုရှောင်ဖုန်းက တုကုဖန်၏အလောင်းကို ကြည့်နေရာမှ....

'တုကုဖန်ကိုသတ်တဲ့လူဟာ သူနဲ့ ရင်းနှီးသိကျွမ်းတဲ့ လူထဲက ဖြစ်ရမယ်၊ အဲဒီလိုမဟုတ်ရင်တော့ လူသတ်သမားဟာ တုကုဖန်ရဲ့



အနားကို ကပ်နိုင်မှာမဟုတ်ဘူး၊ တကယ်လို့ အဲဒီ လူသတ်သမားက သိုင်းတော်နေရင်လဲ တုကုဖန်က အနည်းဆုံးတော့ ရှောင်တိမ်းနိုင်ခဲ့မှာပဲ၊ အခုဟာက တုကုဖန်ဟာ မမျှော်လင့်ဘဲ အသတ်ခံလိုက်ရတဲ့သဘောပဲ'

မန်းလူက ဦးခေါင်းညိတ်ကာ...,

'ဟုတ်တယ် လုရှောင်ဖုန်း၊ မင်းပြောတာ ဖြစ်နိုင်တယ်၊ တုကုဖန်နဲ့ တစ်ယောက်ချင်းရင်ဆိုင်တိုက်ခိုက်မယ်ဆိုရင် လွယ်မှာမဟုတ်ဘူး၊ သူ့ကိုနိုင်တဲ့လူကလဲ ခပ်ရှားရှားရယ်'

ကျူးဝိန်က နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'ဒါဆို ချူးယဲ့လဲ ဒီအတိုင်း ခံလိုက်ရတာပဲ ဖြစ်လိမ့်မယ်'

လုရှောင်ဖုန်းက ဘာမျှ ပြန်မပြောဘဲ သစ်ပင်ပေါ်တက်၍ တုကုဖန်၏ အလောင်းကို ချိတ်ဆွဲထားသော ကြိုးအား ဓားဖြင့် ဖြတ်ချလိုက်၏။

ထို့နောက် လုရှောင်ဖုန်းနှင့် ကျူးဝိန်တို့သည် တုကုဖန်၏ အလောင်းကို ထိုမက်မန်းပင်အောက်၌ပင် မြေမြှုပ် သင်္ဂြိုဟ်လိုက်၏။

တုကုဖန်၏ အလောင်းကို မြေမြှုပ် သင်္ဂြိုဟ်ပြီးသောအခါ အရှေ့မှ နီရဲသော အရုဏ်ဦး၏ ရောင်ခြည်သည် ည၏မှောင်မိုက်ခြင်းကို စတင် ဖြိုခွဲလာပြီ ဖြစ်သည်။

....o....

နေ့တစ်နေ့၏ ပထမဆုံးအလင်းရောင်သည်ပေါ်လာသည်နှင့် နီရဲသော အရှေ့ဘက်ဦး၏ ရောင်ခြည်သည် မှေးမှိန်သွား၏။

အလင်းရောင်သည် ပြတင်းပေါက်မှ အခန်းထဲသို့ ချဉ်းနင်းဝင်ရောက်လာ၏။ အခန်းထဲရှိ စားပွဲတွင် လုရှောင်ဖုန်း၊ မန်းလူနှင့် ကျူးစိန်တို့ ထိုင်နေ၏။

သူတို့၏မျက်နှာအသွင်အပြင် ပုံပန်းသဏ္ဍာန်ကြောင့် သူတို့၏ စိတ်သည် လေးလံနေကြောင်း သိသာထင်ရှား၏။

စားပွဲပေါ်၌ အရက်အိုးတစ်လုံးရှိပြီး အရက်ခွက် သုံးခွက်က အရက်အိုးအနီး၌ ရှိ၏။ အရက်ခွက်ထဲ၌ လက်ကျန် အရက်များ ရှိနေသည်။

သို့ဖြစ်၍ သူတို့သည် တကုဖန်၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီးနောက် ဟုတ်တိပတ်တိ အရက်သောက်ခြင်း မရှိကြောင်း သိသာသည်။

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး အခန်းထဲ၌ လွှမ်းမိုးနေသော တိတ်ဆိတ် ငြိမ်သက်မှုကို စတင် ဖြိုခွင်းလိုက်လေ၏။

'ကျုပ် ဥဒဏ်ထိစန်းကို တစ်ချက် သွားစုံစမ်းဦးမယ်'

လုရှောင်ဖုန်း၏ စကားကြောင့် မန်းလူက လုရှောင်ဖုန်းဘက်သို့ လှည့်လိုက်ပြီး ဦးခေါင်းညိတ်ပြကာ....

'ငါလဲ လိုက်မယ်'

'ဘာလဲ....ငါက တကုအိဆီကို သွားရမှာလား'



လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'တကုအိဆီအထိ သွားဖို့ မလိုပါဘူး။ ...... တစ်ခိုက် သွားပြီး စုံစမ်းပေါ့၊ ခင်ဗျားကို ...... သိပါဘူး၊ ဒီတော့ ခင်ဗျားအတွက် အလုပ် လုပ်ဖို့ ပိုပြီးအဆင်ပြေတာပေါ့၊ ကျုပ်နဲ့ မန်းလူက ဥဒဏ်ထိစန်းဆီ အရင်သွားမယ်၊ အဲဒီက ပြီးတော့ မင်းဆီ လိုက်လာခဲ့မယ်၊ ဘယ့်နှယ်လဲ'

ကျူးစိန်က ဦးခေါင်းညိတ်ပြလိုက်ပြီး လက်ဝါးဖြန့်ကာ....

'ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်ကို ပိုက်ဆံတော့ ပေးခဲ့ဦး၊ ဟိုရောက်ရင် ဘယ်ဆိုင်ကမှ ကျုပ်ကို အပေါင်ခံမှာ မဟုတ်ဘူး'

လုရှောင်ဖုန်းက အင်္ကျီရင်ဘတ်ထဲမှ ငွေလွှဲစာရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး ကျူးစိန်ထံသို့ လှမ်းပေးကာ....

'ရော့....ငွေငါးရာ၊ မင်း သုံးလလောက်အထိ သုံးနိုင်တယ်၊ ဒါပေမယ့် ကျုပ်တို့က အလွန်ဆုံး ဆယ်ရက်လောက်ပဲ ကြာမှာပါ'

ကျူးစိန်က လုရှောင်ဖုန်း၏ လက်ထဲမှ ငွေလွှဲလက်မှတ်ကို လှမ်းယူ၍ မိမိ၏ အင်္ကျီအိတ်ထဲသို့ ထည့်ရင်း....

'မင်းတို့ဘာသာ မင်းတို့ ဆယ်ရက်ပဲကြာကြာ၊ တစ်လပဲကြာကြာ ဒီပိုက်ဆံမကုန်ခင် ရောက်လာရင် ပြီးတာပဲ'

လုရှောင်ဖုန်းက ဘာမှ ပြန်မပြောဘဲ ထိုင်ရာမှ ထလိုက်ပြီး မန်းလူကို....

'ကဲ....မန်းလူ၊ ကျုပ်တို့ သွားကြရအောင်'

မန်းလူက နေရာမှ ထလိုက်၏။ ကျူးစိန်ကလည်း ထိုင်ရာမှ ထလိုက်၏။

ပြီးမှ ကျူးစိန်က....

'မင်းတို့ သွားကြတော့၊ ငါတော့ အားရှိအောင် တရေးတမော အိပ်လိုက်ဦးမယ်'

ဟုပြောကာ မန်းလူ၏ ခုတင်ရှိရာသို့ လျှောက်သွားလေတော့၏။ လုရွှေဝင်ဖုန်းက ဘာမျှ ပြန်မပြောဘဲ ပခုံးတစ်ချက်တွန့်ကာ အခန်းထဲမှ ထွက်သွားလေတော့၏။

မန်းလူကလည်း လုံရွှေဝင်ဖုန်း၏ နောက်မှ လိုက်ပါသွားလေတော့သည်။

....၁....

ကွမ်းကျုံးနယ်....။

ကွမ်းကျုံးနယ်တစ်ခွင်၌ ဥာဏ်ထိစန်းအား မသိသူ မရှိသလောက် ရှားသည်။

သူမ၏အမည်ကို ကွမ်းကျုံးနယ်၌သာမက သိုင်းလောကတစ်ခုလုံးကပင် သိကြ၏။သို့ဖြစ်၍လည်း ကွမ်းကျုံးနယ်တစ်ခွင်၌ သူ့ကိုမသိသူရှားခြင်းမှာ ထူးဆန်းမည်မဟုတ်ပါ။



ထိုသို့ သူ၏အမည်သတင်း ကျော်ကြားခြင်းမှာ သူသည် ကျောက်သံပတ္တမြားစသည့် ကျောက်မျက်ရတနာများကိုအများဆုံး ပိုင်ဆိုင်ကြွယ်ဝသော သူဌေးတစ်ယောက် ဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

ထို့နောက် သူသည် သူ၏ဥာဏ်ဂေဟာကို အစောင့်အကြပ် ထူထပ်စွာ ထားရှိပေသည်။

သူ၏ဥာဏ်ဂေဟာကို စောင့်ကြပ်သော အစောင့်အကြပ် အများစုသည် သိုင်းလောက၏ ထိပ်တန်း သိုင်းသမားများပင် ဖြစ်သည်။

ထိုထိပ်တန်းသိုင်းသမားများထဲမှ 'ဟုတ်ထန်ချင်း' ဟု အမည်ရှိသော သိုင်းသမားကို သူဌေးကြီးဥာဏ်ထိစန်းက သူ၏လက်ရုံးတော်အဖြစ် ခန့်ထား၏။

ထို့ကြောင့် ဟုတ်ထန်ချင်းသည် ဥာဏ်ဂေဟာရှိ ထိပ်တန်း သိုင်းသမားများ၏ အကြီးအကဲဖြစ်လာ၏။

ဟုတ်ထန်ချင်းကလည်း မခေပါ။သူသည် လွန်စွာနက်နဲသော သိုင်းပညာရပ်များကို တတ်မြောက်ထားသူ ဖြစ်သည်။

ဤဥာဏ်ဂေဟာ၌ သူ့အား ယှဉ်ပြိုင်နိုင်သူ မရှိချေ။ ဥာဏ်ဂေဟာသို့ လုရွှေဝင်ဖုန်းတို့ရောက်ရှိလာသောအခါ သူဌေးကြီးဥာဏ်ထိစန်းကိုယ်စား ဟုတ်ထန်ချင်းကိုယ်တိုင် ခြံတံခါးဝအထိ လာကြို၏။

ဥာဏ်ဂေဟာသည် မြေကြီးအဆောက်အအုံများများကျယ်ဝန်း၏။ လူနှစ်ရပ်စာခန့် မြင့်မားသော အုတ်ထရံဖြင့် ခြံဝင်းခတ်ထားသည်။

အုတ်ထရံကို အနီရောင်ဆေးသုတ်ထား၏။ ခြံဝင်း၏အရှေ့ဘက်မျက်နှာစာ၌ ကြီးမားသော ခြံဝင်းတံခါးရှိ၏။ ထိုတံခါးပေါက်ပေါ်တက်ရန် အုတ်လှေကားသုံးထစ်ရှိသည်။

ထိုအုတ်လှေကား၏ ဝဲယာ တစ်ဘက်တစ်ချက်၌ သလင်းကျောက်ဖြူဖြင့်ပြုလုပ်ထားသော ခြင်္သေ့နှစ်ကောင်ရှိသည်။

ကြီးမားသော ခြံဝင်းတံခါးရွက်ပေါ်၌ ကျပ်လုံးခန့်ထုထည်ရှိသော သံကွင်းတစ်ကွင်းရှိသည်။

လုရှောင်ဖုန်းက ထိုသံကွင်းကိုခေါက်လိုက်သောအခါတံခါးရွက်ပေါ်မှ ချောင်းကြည့်ပေါက်တံခါးချပ်ကလေး ပွင့်လာကာ လူတစ်ယောက်၏မျက်နှာ ပေါ်လာသည်။

လုရှောင်ဖုန်းက မိမိတို့၏အမည်နာမကို ပြောပြပြီး သူဌေးကြီးနှင့်တွေ့လိုကြောင်း ပြောလိုက်သောအခါ ထိုချောင်းကြည့်ပေါက်မှလူ၏မျက်နှာသည် ပျောက်ကွယ်သွား၏။

ထိုချောင်းကြည့်ပေါက် တံခါးချပ်ကလေးလည်း ပြန်လည်ပိတ်သွား၏။ တစ်ခဏကြာသောအခါ ခြံဝင်းတံခါးမကြီး ပွင့်လာပြီး တံခါးဝ၌ ဟုတ်ထန်ချင်းပေါ်လာ၏။

ဟုတ်ထန်ချင်းက လုရှောင်ဖုန်းတို့ကို ဦးညွှတ်ကြိုဆိုပြီး ခြံဝင်းထဲသို့ ဦးဆောင်ခေါ်သွားလေတော့၏။

....o...



ညစာခံပွဲကို ဥယျာဉ်ဂေဟာ၏ ဒုတိယအဆောက်အအုံ၌ ကျင်းပသည်။ ညစာခံပွဲကျင်းပရာ ခန်းမသည် ကျယ်ဝန်းသည့် အခန်းဖြစ်သည်။

ညစာခံပွဲတွင် လုရှောင်ဖုန်းနှင့် မန်းလူအပြင် ဟုတ်ထန်ချင်းက သိုင်းသမား 'ဂူကျောက်ချင်း' နှင့် 'မိန်းရှမ်းခုန်း' တို့ နှစ်ယောက်ကိုပါ ဖိတ်ကြားထားသည်။

ဂူကျောက်ချင်းနှင့် မိန်းရှမ်းခုန်းတို့သည် ညစာခံပွဲသို့ အချိန်တိကျစွာ ရောက်ရှိလာ၏။

ဧည့်သည်များစုံသောအခါ ဟုတ်ထန်ချင်းက ဧည့်သည်များကို ဧည့်ဝတ်ကျေပွန်စွာဖြင့် ဧည့်ခံရင်း စကားစမြည် ပြောဆိုနေ၏။

မန်းလူသည် မျက်မမြင်ဖြစ်သည့်အလျောက် ဟုတ်ထန်ချင်း၏ ရုပ်သွင်ကို မြင်နိုင်စွမ်းမရှိသော်လည်း ဟုတ်ထန်ချင်း၏စကားသံကို ကောင်းစွာ ကြားနိုင်စွမ်းရှိသည်။

ထို့ကြောင့် သူသည် ဟုတ်ထန်ချင်း၏ စကားသံမှတစ်ဆင့် ဟုတ်ထန်ချင်း၏ စိတ်နေသဘောထားကို မှန်းဆနိုင်ခဲ့သည်။

ဟုတ်ထန်ချင်း၏ အသံသည် အားမာန်ပါ၏။ ကြည်လင်ပြတ်သား၏။ မိမိကိုယ်ကို ယုံကြည်စိတ်ချသူဖြစ်သည်။

မည်သည့်အလုပ်မျိုးကိုမဆို မိမိ၏ စိတ်သဘောထားအတိုင်း ပြုမူဆောင်ရွက်တတ်သူတစ်ဦး ဖြစ်ကြောင်း သိသာ၏။

မန်းလူသည် ညစာခံပွဲသို့တက်ရောက်လာသော သိုင်းသမား မိန်းရှမ်းခုန်း၏အမည်ကို ကြားဖူးခဲ့သည်။

မိန်းရှမ်းခုန်းသည် သိုင်းလောက၌ ထိပ်တန်း စာရင်းဝင်ဖြစ်သည်။ နယ်နယ်ရရသိုင်းသမားတစ်ယောက် မဟုတ်ချေ။

သို့သော် မိန်းရှမ်းခုန်း စကားပြောသောအခါ ဟုတ်ထန်ချင်းကို လွန်စွာရို့ကျိုးပုံ ပေါ်လွင်နေသည်။

ဝူကျောက်ချင်း၏ စကားသံအရ ပွင့်လင်းသော လူတစ်ဦးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဝူကျောက်ချင်းသည် မိမိ၏ပညာကို မိမိ အလွန်ယုံကြည်အားကိုးသူဖြစ်ကြောင်း ခန့်မှန်းနိုင်၏။

သို့သော် ဝူကျောက်ချင်းက ဟုတ်ထန်ချင်းနှင့် စကားပြောရာတွင် လေးလေးစားစားနှင့် ရို့ကျိုးသည့်လေသံ ပေါ်လွင်နေသည်။

စကားဝိုင်း၌ မန်းလူသည် တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်ရင်း သူတို့၏ စိတ်နေသဘောထားများကို မှန်းဆနေခဲ့သည်။

ထိုစဉ်မှာပင် အခန်းထဲသို့ ဝင်လာသောခြေသံကို ကြားရပြီး တစ်ဆက်တည်း မိန်းရှမ်းခုန်း၏ စကားသံကိုပါ မန်းလူ ကြားလိုက်ရသည်။

'ဟော....သူဌေးကြီးဥာဏ် ရောက်လာပြီ'

မိန်းရှမ်းခုန်း၏ စကားသံကြောင့် လုရှောင်ဖုန်း လှည့်ကြည့်လိုက်သည်။ အခန်းထဲသို့ သူဌေးကြီးဥာဏ်ထိစန်း ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

သူဌေးကြီး ဥာဏ်ထိစန်းသည် ပြုံးရွှင်သောမျက်နှာဖြင့် အခန်းထဲသို့ဝင်ရောက်လာပြီး မိမိဝင်ရောက်လာသဖြင့် စားပွဲ၌ ထိုင်နေသူများက ထိုင်ရာမှထကာ ဦးညွှတ်နှုတ်ဆက်ဟန် ပြင်



လိုက်သည်ကို မြင်လိုက်ရသဖြင့် မိမိ၏ လက်နှစ်ဘက်ကိုမြှောက်ရင်း....

'ထိုင်ပါ....ထိုင်ကြပါ'

သူဌေးကြီး ဥာဏ်ထိစန်းသည် လုရှောင်ဖုန်း၏အနီးသို့ လျှောက်လာပြီး လုရှောင်ဖုန်း၏မျက်နှာကို သေသေချာချာ ကြည့်ကာ အံ့အားသင့်သောလေသံဖြင့်....

'ဟာ လုရှောင်ဖုန်း၊ မင်းဘယ်လိုဖြစ်လာတာလဲ'

လုရှောင်ဖုန်းက ပြုံး၍....

'ကျုပ်က ဘာဖြစ်နေလို့လဲ'

ဟု ပြန်မေးလိုက်၏။ သူဌေးကြီးက သဘောကျစွာ ပြုံး၍....

'ဘာမှ မဖြစ်ရင် မင်းနှုတ်ခမ်းမွေးဘယ်ရောက်ကုန်ရတာလဲ'

လုရှောင်ဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး မြူထွက်စပြုနေပြီဖြစ်သော နှုတ်ခမ်းမွေးငုတ်စိများကို လက်ဖြင့်တစ်ချက် ပွတ်သပ်ကာ....

'အရက်ကြွေး ပေးစရာရှိတာ မပေးနိုင်လို့ အရက်ဆိုင်ရှင်က နှုတ်ခမ်းမွေးရိတ်ရင် အရက်ဖိုးနှိမ်မယ်ဆိုလို့ နှုတ်ခမ်းမွေးရိတ်ပေးလိုက်ရတာပဲ'

သူဌေးကြီးဥာဏ်ထိစန်းက သဘောကျစွာ တဟားဟားရယ်မောလိုက်ပြီး....

'မင်း ရယ်စရာ အတော်ပြောတတ်တဲ့ ကောင်ပဲ၊ ကဲ....ကဲ ဒါဆိုမှာ အရက်ကောင်းကောင်းရှိတယ်၊ မင်းဝအောင်သာ သောက်ပေတော့၊ ဒါက မင်းကိုအရက်ဖိုးနဲ့ မနှိမ်ပါဘူး'

လုရှောင်ဖုန်းက ရယ်မောရင်း....

'အင်း....ခင်ဗျားက အရက်ဖိုးနဲ့နှိမ်မယ်ဆိုရင်လဲ ကျုပ်မှာ ရိတ်စရာကျန်ပါသေးတယ်'

သူဌေးကြီးဥာဏ်ထိစန်းက မျက်ခုံးပင့်လိုက်ပြီး....

'မင်း ဘာအမွေးကျန်သေးလို့လဲ'

လုရှောင်ဖုန်းက မိမိ၏မျက်ခုံးမွေးကို ညွှန်ပြရင်း....

'ဒီမျက်ခုံးမွေး ကျန်သေးတယ်'

လုရှောင်ဖုန်း၏စကားကြောင့် တစ်ဝိုင်းလုံး ပွဲကျသွားလေတော့၏။

ညစာပွဲကို ဟုတ်ထန်ချင်းက လိုလေသေးမရှိအောင် ပြည့်စုံစွာ စီမံထား၏။ ဟင်းလျာအတွဲအစပ်ကိုကြည့်ရုံနှင့်ပင် သူဌေးကြီးဥာဏ်ထိစန်း၌ စားဖိုမှူးကောင်းကောင်းရှိကြောင်း သိနိုင်သည်။

တစ်ဆက်တည်းမှာပင် ထိုစားဖိုမှူးကို ကောင်းစွာကြီးကြပ်ကွပ်ကဲနိုင်သော ဟုတ်ထန်ချင်း၏ အရည်အသွေးကိုပါ ပူးတွဲမြင်ရ၏။

သူဌေးကြီးဥာဏ်ထိစန်းသည် စကားပြောအလွန်ကောင်းသူတစ်ယောက်ဖြစ်၏။

ညစာပွဲ၌ ဧည့်သည်များပျော်အောင် ဧည့်ထောက်ခံပြောတတ်သူဖြစ်၏။ သို့သော် သူစကားပြောသည့်အခါ စန်းစီးဒေသသံ ခပ်ဝဲဝဲဖြစ်နေ၏။

သူတည်ခင်းဧည့်ခံသော အစားအစာများမှာလည်း စန်းစီးဒေသ၏ အကောင်းဆုံးဟင်းလျာများ ဖြစ်၏။



သူတည်ခင်းဧည့်ခံသော အရက်မှာ ဖန်ကျူးခေါ် ပြောင်းဆန်နှင့်ချက်သော အရက်ဖြစ်ပြီး စန်းစီးဒေသ၏အကျော်ကြားဆုံးသော အရက်ပင် ဖြစ်၏။

ထိုအရက်သည် စန်းစီးဒေသ၏ အရောင်းရဆုံး ထွက်ကုန်လည်းဖြစ်၏။ သူဌေးကြီးဥာဏ်ထိစန်းသည် အသက်ငါးဆယ်ကျော်ခြောက်ဆယ်အတွင်း ဖြစ်သော်လည်း ချမ်းသာကြွယ်ဝသောကြောင့် စားကောင်း သောက်ဖွယ်များစားကာ အသားအရေစိုပြေ၍နေ၏။

သူဌေးကြီးဥာဏ်ထိစန်းက ဟင်းလျာတချို့ကို ကိုယ်တိုင်ခူးခပ်၍ လုရှောင်ဖုန်း၏ပန်းကန်ထဲသို့ ထည့်ပေးရင်း....

'စားစမ်းပါကွ၊ ဒါကျုပ်တို့ စန်းစီးနယ်က နာမည်ကြီးတဲ့ဟင်းလျာပဲ'

လုရှောင်ဖုန်းက ပြုံး၍ဦးခေါင်းညိတ်ကာ....

'သိပါတယ်ဗျာ၊ ခင်ဗျားရဲ့လေသံနဲ့ ဟင်းလျာကိုကြည့်ပြီး ခင်ဗျားဟာ စန်းစီးနယ်ကဆိုတာ သိပါတယ်၊ ဒါပေမယ့် ကျုပ်သေချာအောင်တော့ မေးပါရစေ'

သူဌေးကြီးဥာဏ်ထိစန်းက မျက်ခုံးပင့်၍ လုရှောင်ဖုန်းကို ကြည့်ရင်း....

'မင်းက ဘာကိုသေချာအောင် မေးမလို့လဲ'

လုရှောင်ဖုန်းကပြုံး၍....

'ခင်ဗျားက စန်းစီးနယ်သားဆိုတာ ဟုတ်သလားလို့ပါ'

သူဌေးကြီးဥာဏ်ထိစန်းက လုရှောင်ဖုန်းကို အံ့အားသင့်စွာ တစ်ချက်ကြည့်လိုက်ပြီးမှ တဟားဟား ရယ်မောလိုက်ပြီး....

'မင်းနှယ်ကွာ၊ နောက်စရာရှားလို့ ကျုပ်က စန်းစီးဇာတိ အစစ် ရေတောင် မရောဘူး၊ ကျုပ်ကို စန်းစီးမှာ မေးတာပဲ၊ ကျုပ်အဖေရော အမေပါ စန်းစီးဇာတိပဲ'

လုရှောင်ဖုန်းက အရက်တစ်ကျိုက် မော့လိုက်ပြီး....

'ဩော် ဒါနဲ့ ကျုပ် လာရင်းကိစ္စပြောဖို့ မေ့နေတယ်'

သူဌေးကြီး ဥာဏ်ထိစန်းက ရယ်မောလျက်....

'ကဲပါ....နောက်မှပြော အခု စားစရာရှိတာစား၊ သောက်စရာရှိတာ သောက်'

လုရှောင်ဖုန်းက ပြုံးရင်း....

'စားရင်းသောက်ရင်း ပြောရင် ပိုကောင်းမလားလို့ပါ'

သူဌေးကြီး ဥာဏ်ထိစန်းက ပြုံးလျက်....

'ဒီလောက်တောင် ပြောချင်နေမှတော့ အောင့်အည်းမထားနဲ့ ပြောသာပြော'

လုရှောင်းဖုန်းက ရုတ်တရက် မျက်နှာတည်လိုက်ပြီး သူဌေးကြီး ဥာဏ်ထိစန်းကို စေ့စေ့ကြည့်ကာ....

'ရစ်ပွန်ကို သိလား'

မိန်းရှမ်းခုန်းက မျက်မှောင်ကြုတ်လျက်....

'ဘယ်က ရစ်ပွန်လဲ'

လုရှောင်ဖုန်းက မိန်းရှမ်းခုန်း၏ အမေးကို မသိကျိုးကျွန်ပြုကာ သူဌေးကြီး ဥာဏ်ထိစန်းကိုသာ စေ့စေ့ကြည့်၍....

'ဒီနယ်မှာ သူ ရှိတယ်လို့ သတင်းရလို့ပါ'



မိန်းရှမ်းခုန်းက မိမိ၏အမေးကို ဥပေက္ခာပြုခဲ့သောလုရှောင်ဖုန်းကို မျက်မှောင်ကြုတ်၍ ကြည့်ရင်း....

'မင်းက သူ့ကို ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ'

လုရှောင်ဖုန်းက နားပင်းနေသူပမာ မိန်းရှမ်းခုန်း၏စကားကို မကြားဟန်ပြု၍ စားလက်စ ဟင်းလျာများကို ကျုံဖြင့်ညှပ်၍ ပါးစပ်ထဲသို့ တည့်လိုက်၏။

ထို့နောက် အရက် တစ်ခွက်ကို မော့၍ ချလိုက်ပြီး သူဌေးကြီး ဥာဏ်ထိစန်းကို တစ်ချက် ပြုံးပြလိုက်၏။

'ဒီလူကို ခင်ဗျား သိနေလိမ့်မယ်လို့ ကျုပ် ထင်တယ်၊ စဉ်းစားကြည့်ပါဦး၊ ဒီလူနဲ့ ခင်ဗျားဟာ ခွဲမရအောင်ကို ရင်းရင်းနှီးနှီး သိတယ် ကျုပ် ထင်တယ်'

သူဌေးကြီး ဥာဏ်ထိစန်းသည် လုရှောင်ဖုန်း၏ အကြည့်၊ လုရှောင်ဖုန်း၏ စကားကြောင့် မည်သို့မျှ တုန်လှုပ်သွားခြင်းမရှိဟုအများကထင်မှတ်ရသော်လည်း သူဌေးကြီးဥာဏ်ထိစန်း၏ တူကိုင်ထားသော လက်သည် မသိသလောက် တုန်လှုပ်နေသည်ကို လုရှောင်ဖုန်း တွေ့လိုက်ရ၏။

သူဌေးကြီး ဥာဏ်ထိစန်း၏ မျက်နှာသည် ပြုံးနေရာမှ တဖြည်းဖြည်း တည်သွား၏။

သူဌေးကြီး ဥာဏ်ထိစန်း၏ နုပျိုသော မျက်နှာသည် တစ်စထက်တစ်စ အိုမင်း ရင့်ရော်လာသည်ဟု ထင်မှတ်ရ၏။

လုရှောင်ဖုန်းက ပြုံးစိစိနှင့် သူဌေးကြီး ဥာဏ်ထိစန်းကို ကြည့်ရင်း....

'စဉ်းစားကြည့်ပါဦး၊ တကယ်လို့ ခင်ဗျား သတိရပြီး သူ ဘယ်မှာရှိနေတယ်ဆိုတာ သိရင် ကျေးဇူးပြုပြီး သူ့ကို ဝါစန်းမြို့ စားကြီးက သိပ် တွေ့ချင်နေတယ်လို့ စကား လက်ဆောင် ပါးပေးစမ်းပါ'

သူဌေးကြီး ဥာဏ်ထိစန်း၏ မျက်နှာသည် အိုမင်း ရင့်ရော် လာသည်ဟု ထင်မှတ်ရချိန်က မျက်နှာတပ်ခုလုံး နီမြန်းလာ သည်ကို လူရှောင်ဖုန်း တွေ့လိုက်ရ၏။

သူဌေးကြီး ဥာဏ်ထိစန်းသည် လူရှောင်ဖုန်းကို မျက်တောင် မခတ်ဘဲစေ့စေ့ကြည့်ရင်း....

'ဟုတ်ဘန်ချင်း'

ဟုတ်ဘန်ချင်းက သူဌေးကြီး ဥာဏ်ထိစန်း၏ခေါ်သံကြောင့် ထိုင်ရာမှ ကပျာကသာ ထရပ်လိုက်ပြီး သူဌေးကြီးဥာဏ်ထိစန်း၏ အနီး၌ ရိုကျိုးစွာ ရပ်လိုက်ပြီး....

'ဟုတ်ကဲ့ အမိန့်ရှိပါ'

သူဌေးကြီး ဥာဏ်ထိစန်းက လက်တစ်ချက် ဝေ့ယမ်းပြ လိုက်ပြီး....

'ဟုတ်ထန်ချင်း ဟောဒီက လူရှောင်ဖုန်းနဲ့ သူ့မိတ်ဆွေကို တံခါးဝအထိ လိုက်ပို့လိုက်ပါ၊ သူတို့ ပြန်တော့မယ်'

ထို့နောက် သူဌေးကြီး ဥာဏ်ထိစန်းသည် လူရှောင်ဖုန်း တို့ကို လှည့်၍ပင်မကြည့်တော့ဘဲ အခန်းထဲမှ ထွက်သွားလေ တော့၏။



သို့သော် သူဌေးကြီး ဥာဏ်ထိစန်း၏ ခြေလှမ်းများသည် အခန်းတံခါးဝ၌ တုံ့ခနဲ ရပ်တန့်သွားလေတော့၏။

အကြောင်းမှာ လူတစ်ယောက်သည် အခန်းတံခါးဝ၌ပိတ်၍ ရပ်တန့်နေသောကြောင့်ပင် မဟုတ်ပါလား။

....o....

လူတစ်ယောက်....

အခန်းတံခါးဝ၌ လူတစ်ယောက် မလှုပ်မယှက် ရပ်တန့် နေ၏။

ထိုလူသည် အဖြူရောင် အဝတ်အစားများကို ဝတ်ဆင် ထား၏။ ထိုလူ၏ အဖြူရောင်အဝတ်အစားများသည်သန့်ပြန့်၍ ဖြူဖွေးနေ၏။

ထိုလူသည် ဆံပင်များကို သပ်ရပ်စွာ ဖြီးသင်၍ ဆံထုံး ထုံးထားပြီး ဆံထုံးကို အဖြူရောင်ဖဲကြိုးဖြင့်ချည်နှောင်ထား၏။

ထိုလူ၏ဖိနပ်သည် အဖြူရောင်လည်ရှည်သားရေဖိနပ်ဖြစ်၏။ တစ်ကိုယ်လုံးဖြူဖွေးနေသော ထိုလူ၏ခါး၌ အနက်ရောင် ဓား တစ်ချောင်း ချိတ်ထား၏။

ထိုဓားသည် သာမန်ဓားများထက် အနည်းငယ် ပို၍ရှည်၏။ ဓား၏ပုံသဏ္ဌာန်သည် ခေတ်နောက်ကျသော ပုံသဏ္ဌာန်မျိုး ဖြစ်၏။

ထိုဓားကို ရှေးဟောင်းဓားအဖြစ်မော်ကွန်းတိုက်သို့ပို့နိုင်၏။ ထိုလူ၏မျက်နှာပေါ်၌ အပြုံးအရယ် မရှိပါ။

ထိုလူက အေးစက်သောမျက်လုံးဖြင့် သူဌေးကြီးဥာဏ်ထိစန်းကို ကြည့်ကာ အေးစက်သောလေသံဖြင့်....

'ညည်သည့်တော့ မပြန်ချင်သေးပါဘူး၊ ခင်ဗျားလဲ ဆက်ပြီး ညည်ခံပါဦး'

ထိုလူ၏အသံသည် ဆောင်းရာသီ၏ အအေးဆုံးအချိန်ကာလ အတွင်း၌ကျသော ဆီးနှင်းပွင့်များ အေးစက်ခြင်းထက် အဆ ရာပေါင်းများစွာ ပို၍ အေးစက်သည် ထင်မှတ်ရ၏။

သူဌေးကြီး ဥာဏ်ထိစန်းက ထိုလူကို မျက်လုံးမြှူး ကြည့်ကာ....

'မင်းကဘယ်သူလဲ'

ထိုလူက အေးစက်သောလေသံဖြင့်....

'စီမင်း....ဓားသမားစီမင်း'

ဟု တစ်လုံးချင်း လေးလေးပင်ပင် ပြောလိုက်လေတော့၏။

ဓားသမားစီမင်းဟူသော အမည်နာမကိုကြားလိုက်သည်နှင့် တစ်ပြိုင်တည်း သူဌေးကြီးဥာဏ်ထိစန်းသည် ခြေလှမ်းသုံးလှမ်းမျှ နောက်သို့ ဆုတ်သွားမိလေတော့၏။



'ဟော့....ဒီကိုလာကြစမ်း'

သူဌေးကြီး ဥာဏ်ထိစန်းက ထိုသို့ အော်ဟစ်လိုက်သည်နှင့် တစ်ပြိုင်တည်း အခန်းထဲသို့လူငါးယောက်သည် ပြတင်းပေါက်မှ ခုန်၍ ဝင်ရောက်လာလေတော့၏။

ထိုလူငါးယောက်၏ လှုပ်ရှားပုံရှာ လွန်စွာ လျင်မြန်၍ ဖျတ်လတ်သဖြင့် ထိုလူများသည် သိုင်းပညာ၌ အဆင့်မနိမ့်သော ဓားသမားများဖြစ်ကြောင်း သိနိုင်၏။

ဤအခန်းထဲတွင် မူလက ညည့်သည်များနှင့်စားပွဲထိုးလုလင် သုံးလေးယောက်ခန့်သာ ရှိသော်လည်း ယခု အခန်းထဲသို့ လူငါးယောက် ရုတ်ခြည်းရောက်ရှိလာသည်ကို ထောက်ချင့်ခြင်းအားဖြင့် သူဌေးကြီး ဥာဏ်ထိစန်းသည် သတိ အမြဲရှိသူ တစ်ယောက်ဖြစ်ကြောင်း သိနိုင်၏။

ထို့ပြင် ယခု အခန်းထဲသို့ ရုတ်တရက် ဝင်ရောက်လာသော ဓားသမားငါးယောက်သည် လက်နက်ငါးမျိုးကို ကိုင်ဆောင်ထား၏။

တစ်ယောက်က တစ်ဘက်သွား ဓားရှည်တစ်လက် ကိုင်ထား၏။ နောက်တစ်ယောက်က နှစ်ဘက်သွားဓားရှည်တစ်လက် ကိုင်ထား၏။

တတိယတစ်ယောက်က လခြမ်းကွေးပုံသဏ္ဌာန် ဓားကောက်တစ်လက် ကိုင်ထား၏။ စတုတ္ထလူက သံကွင်းဆက် ကြိုးတစ်ချောင်းကိုင်ထားပြီး ထိုသံကွင်းဆက်ကြိုး၏ထိပ်များ၌ လှံသွားတပ်ထား၏။

ပဉ္စမလူက သံမဏိတောင်ဝှေးကိုကိုင်ထား၏။ ထိုလက်နက်ငါးမျိုးကို ကိုင်ဆောင်သော လူများမှာ သိုင်းပညာအဆင့် မနိမ့်သော ထိပ်တန်း သိုင်းသမားများသာလျှင် ကိုင်ဆောင်လေ့ရှိသော လက်နက်မျိုးဖြစ်၏။

လုရှောင်ဖုန်းသည် ထိုလူငါးယောက်ကို ကြည့်ရင်း ဓားသမား စီမင်းအတွက် အနည်းငယ်စိတ်ပူသွား၏။

သို့သော် ဓားသမားစီမင်းသည် လုံး၀တုန်လှုပ်ခြင်းမရှိသည့်အပြင် ထိုလူငါးယောက်ကို လုံး၀လှည့်ကြည့်ခြင်းလည်းမရှိပါ။

သူသည် ထိုလူငါးယောက်ကိုလှည့်၍ပင်မကြည့်ဘဲ အေးစက်သော လေသံဖြင့်....

'အဝင်း ခက်တော့နေပြီ၊ ကျုပ်ဓားက ဓားအိမ်ကထုတ်ပြီးတာနဲ့ သွေးသောက်ရမှ၊ နို့မဟုတ်ရင် ဓားအိမ်ထဲ ပြန်ထည့်လို့မရဘူး'

ဓားသမားငါးယောက်က ခွန်းတုန့်ပြန်၍ မပြောပါ။ ထိုဓားသမားငါးယောက်။ဓားသမားသုံးယောက်က ဓားသမားစီမင်း၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ဓားသမားစီမင်းအား အာမပြော ညာမပြောနှင့် ရှုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

သူတို့သုံးယောက်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်အတွင်း ဓားသမားစီမင်းကို သိုင်းကွက်ခုနစ်ကွက်ခန့် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။



သူတို့သည် ဓားသမားစီမင်း၏ ခန္ဓာကိုယ်အား သုံးပိုင်းပိုင်းကာ အထက်အလယ် အောက်ခွဲ၍ တစ်ပြိုင်တည်း တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လှံသွားတပ် သံကွင်းဆက်ကြိုး ဓားသမား စီမင်း၏ ဒူးခေါင်းအောက်ပိုင်းသို့ ရစ်ပတ်လာ၏။

လခြမ်းကွေးပုံသဏ္ဌာန် ဓားကောက်က ဓားသမားစီမင်း၏ လည်ပင်းကို ပိုင်းချလိုက်၏။

နှစ်ဘက်သွား ဓားရှည်က ဓားဖျားတွင် စက်ဝိုင်းပုံတုန်ခါ၍ ဓားသမားစီမင်း၏ ရင်ဝသို့ ထိုးစိုက်လာသည်။

ထိုဓားသမားသုံးယောက်၏ တိုက်ခိုက်မှုကို ထောက်ချင့်၍ သူတို့သုံးယောက်သည် ဤတိုက်ကွက်ကို စုပေါင်းလေ့ကျင့်ထားကြောင်း သိနိုင်၏။

သူတို့၏တိုက်ခိုက်မှုသည် လျင်မြန်ရုံမက ရည်ရွယ်ထားသော ပစ်မှတ်များကို ဆံခြည်တစ်မျှင်ပင် မလွဲဘဲ တည့်တည့်မတ်မတ် တိုက်ခိုက်နိုင်သည်။

ထိုသို့ ဓားသမား သုံးယောက်က ဓားသမားစီမင်းအား ရှုတ်တရက် ဝင်ရောက် တိုက်ခိုက်လိုက်သည်နှင့် သူဌေးကြီး ဥာဏ်ထိစန်း၏ မျက်နှာသည် ပြုံး၍သွား သည်။

ထိုဓားသမားသုံးယောက်၏ တိုက်ခိုက်မှုကို ဓားသမားစီမင်း အနေဖြင့် မည်သို့မျှ ခုခံကာကွယ်နိုင်လိမ့်မည် မဟုတ်ကြောင်း သူဌေးကြီး ဥာဏ်ထိစန်းက ယုံကြည်ထားသည် မဟုတ်ပါလား....

ထို့ပြင် ဓားသမားသုံးယောက်၏ ဤ'မရဏနိုင်ငံ'အမည်ပေးထားသော စုပေါင်းတိုက်ကွက်အောက်မှ လွတ်မြောက်ခဲ့သူ

ဟူ၍ ယခုအထိ တစ်ဦးတစ်ယောက်မျှ မရှိသေးသောကြောင့်လည်း သူဌေးကြီးက စိတ်ချလက်ချ ယုံကြည်ခဲ့ခြင်းဖြစ်သည်။

သို့သော် ရုတ်တရက် သူဌေးကြီးဉာဏ်ထိစန်း၏ မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားလေတော့သည်။

အကြောင်းမှာ ခေါးသမားစိမင်း၏ မျက်လုံးများသည် ရုတ်တရက် ဒေါမှုး၍သွားပြီး တင်ချိန်တည်းမှာပင် ခေါးသမားစိမင်းသည် မိမိ၏ အနက်ရောင် ခေါးအိမ်ထဲမှ လူတကာကိုင်ဆောင်ထားသော ခေါးထက် အနည်းငယ် ပို၍ရှည်ပြီး ပို၍ရှေးကျသော ခေါးကို ဆွဲထုတ်လိုက်သောကြောင့်ပင် မ ှတ်ပါလား....

သူဌေးကြီး ဉာဏ်ထိစန်း၏ မျက်နှာပေါ်မှ အပြုံးသည် ရှောင်ချည်း ပျောက်ကွယ်သွားသည်။

မိန်းရှမ်းခန်းနှင့် ဝူကျောက်ချင်းတို့မျက်နှာ ပျက်သွား၏။ မန်းလူ၏မျက်နှာသည် မည်သို့မျှ မထူးခြားပါ။

အကြောင်းမှာ သူသည် မျက်မမြင်ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ မျက်စိမမြင်သူအတွက် မထူးခြားသော်လည်း မျက်စိမြင်သူများအတွက် ထူးခြားသောဖြစ်ရပ်ကို မျက်စိမမြင်သူများပမာ မထူးခြားဘဲ မတုန်လှုပ်ဘဲ တည်ငြိမ်စွာ ရှိနေသူနှစ်ယောက်ရှိပါသည်။

သူတို့နှစ်ယောက်မှာ လူရှောင်ဖုန်းနှင့် ဟုတ်ထန်ချမ်းပင် ဖြစ်ပါသည်။ ဟုတ်ထန်ချမ်းသည် အခန်းထဲမှ အဖြစ်အပျက်များသည် သူနှင့်သက်ဆိုင်ခြင်း မရှိသကဲ့သို့ တုပ်တုပ်မျှမလှုပ်ဘဲ ထိုင်မြဲထိုင်နေ၏။



သူ၏ မျက်နှာပေါ်တွင်လည်း မည်သည့် ပြောင်းလဲမှုမျိုးမှ မတွေ့ရပါ။ လူရှောင်ဖုန်းကလည်း ဤအခန်းထဲ၌မိမိတစ်ယောက်တည်း ရှိနေသကဲ့သို့ ဂရုမစိုက်ဘဲ ထိုင်မြဲထိုင်နေ၏။

မိန်းရှမ်းခန်းသည် ခေါးသမားစိမင်းတို့ကို ကြည့်ရင်း မျက်နှာတစ်ချက် ပျက်သွားကာ ထိုင်ရာမှ 'ဝုန်း' ခနဲ ထလိုက်ပြီး....

လူရှောင်ဖုန်းအား လက်ညှိုးထိုး၍....

'ဟေ့ လူရှောင်ဖုန်း၊ မင်းတို့ကို သူဌေးကြီးက ကောင်းကောင်း မွန်မွန်ဧည့်ခံတာ မင်းတို့က ဘာဖြစ်လို့ အနှောင့်အယှက်ပေးရတာလဲ'

မိန်းရှမ်းခန်းသာ ထိုသို့ လူရှောင်ဖုန်းအား အော်ဟစ်ပြောဆိုရင်း သူ၏ခါး၌ချိတ်ထားသော လုံတိုနှစ်ချောင်းကို ရုတ်တရက် ဆွဲထုတ်လိုက်ပြီး မန်းလူကို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေတော့သည်။

မိန်းရှမ်းခန်းသည် မန်းလူက မျက်မမြင်ဒုက္ခိတဖြစ်၍ မျက်စိမြင်သူအား တိုက်ခိုက်ရခြင်းထက် မျက်စိမမြင်သူအား တိုက်ခိုက်ရခြင်းက ပို၍လွယ်ကူပြီး မိမိအတွက် အသာစီးမှ တိုက်ခိုက်နိုင်မည်ဟု ယုံကြည်သောကြောင့် မန်းလူအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မိန်းရှမ်းခန်းသည် လုံတိုနှစ်ချောင်းကို ဘယ်ညာ လက်တစ်ဘက်စီတွင် ကိုင်ထား၏။

သူသည် ထိုလုံတိုနှစ်ချောင်းကို ဆွဲထုတ်လိုက်ပြီးသည်နှင့် လက်ချောင်း က လေး များ အကြား၌ စက်ဝိုင်းပုံသဏ္ဌာန်

တစ်ချက် ဝေ့ယမ်းကာ မန်းလူ၏ လည်ပင်းသို့ ထိုးစိုက်ချလိုက်လေတော့သည်။

လှံတိုနှစ်ချောင်းသည် လေထဲ၌ 'ဝှစ်....ဝှစ်' ဟုအသံမြည်ကာ မန်းလူ၏ လည်ပင်းသို့ ထိုးစိုက်လာသည်။

မန်းလူသည် ကုလားထိုင်၌ အေးဆေးငြိမ်သက်စွာ ထိုင်နေသည်။ သူ၏ မျက်နှာပေါ်၌ မည်သည့် အမူအရာမျှ မတွေ့ရပါ။

သူ၏လည်ပင်းသို့ လှံတိုနှစ်ချောင်း ကျရောက်လာချိန်တွင် သူသည် သူ၏ လက်နှစ်ဘက်ကို လှုပ်ရှားလိုက်သည်။

ထို့ကြောင့် မိန်းရှမ်းခုန်း၏လှံတိုတစ်ချောင်းသည် မန်းလူ၏ ဘယ်ဘက် လက်ညှိုးနှင့် လက်ခလယ်အကြား၌ ညှပ်သွားသည်။

မန်းလူသည် ညာဘက် လက်ညှိုးနှင့် လက်ခလယ်ကို လိမ်၍ လှည့်လိုက်ရာ 'ဖြောင်း....' ဟူသော အသံ ပေါ်ထွက်လာပြီး မန်းလူ၏ ညာဘက်လက်ညှိုးနှင့် လက်ခလယ်အကြား၌ ညှပ်နေသော လှံတိုသည် ထိပ်ပိုင်းမှ ကျိုးသွားလေတော့သည်။

မိန်းရှမ်းခုန်းသည် ကျိုးသွားသော မိမိ၏လှံတိုကိုတစ်လှည့် လှံတိုကို ချိုးပစ်လိုက်သော မန်းလူကို တစ်လှည့် မယုံကြည်နိုင်သော မျက်လုံးဖြင့် ကြည့်နေသည်။

သူ၏ မျက်နှာသည်လည်း သွေးများ ဆုတ်သွားသကဲ့သို့ ဖြူဖပ်ဖြူလျော်ဖြစ်လာသည်။ သူသည် မျက်စိမျက်နှာပျက်ကာ မန်းလူ၏ ဘယ်ဘက်လက်ချောင်းကြား၌ ညှပ်နေသော လှံတိုကို ဆွဲယူလိုက်သည်။



ထိုလှံတိုသည် မန်းလူ၏ လက်ညှိုးနှင့် လက်ခလယ် အကြား၌ သစ်ပင်များ အမြစ်တွယ်သကဲ့သို့ မြဲမြံနေသဖြင့် မိန်းရှမ်းခုန်း၏ နဖူးပေါ်တွင် ချွေးသီးချွေးဥများ ဖြစ်ပေါ်လာ၏။

မန်းလူ၏ မျက်နှာပေါ်တွင် ခပ်ယဲ့ယဲ့ အပြုံး ပေါ်သွားပြီး မိမိ လက်ချောင်းကြား၌ ညှပ်နေသော လှံတိုကို လွှတ်ပေးလိုက်သည်။

ထိုအချိန်တွင် မိန်းရှမ်းခုန်းက လှံတိုအား ခွန်အားသုံး၍ ဆွဲယူလိုက်သော အချိန်နှင့် တစ်ပြိုင်တည်း ဖြစ်သောကြောင့် မိန်းရှမ်းခုန်း၏ ခန္ဓာကိုယ်သည် နောက်သို့ အရှိန်နှင့် လွင့်ကာ ကြမ်းပေါ်သို့ 'ဝုန်း' ခနဲ ခွေကျသွားလေတော့သည်။

မိန်းရှမ်းခုန်းသည် ကြမ်းပေါ်မှ ကပျာကယာ ခုန်ထလိုက်သည်။ သူ၏မျက်နှာသည် ဒေါသဖြစ်ခြင်းနှင့် လူပုံအလယ်၌ မျက်မမြင်တစ်ယောက်ကို မနိုင်ရကောင်းလား ဟူ၍ အရှက်ရခြင်းတို့ကြောင့် မည်းမှောင်၍ နေသည်။

မိန်းရှမ်းခုန်းသည် လက်ထဲမှ လှံတိုကို လက်ချောင်းများကြား၌ စကြာပုံသဏ္ဍာန် တစ်ချက် ဝေ့ယမ်းလိုက်ပြီး မန်းလူထံသို့ ပြေးလွှားကာ တိုက်ခိုက်လိုက်သည်။

မန်းလူက ထိုင်ရာမှ မထဘဲ ရှတ်တရက် ခါးစည်းပဝါကို ဖြုတ်၍ တစ်ချက် ဝေ့ယမ်းလိုက်ရာ ခါးစည်းပဝါသည် လေထဲ၌ မြွေ တစ် ကောင် ကဲ့ သို့ တွန့်လိမ်ကာ မိန်းရှမ်းခုန်း၏ လည်ပင်းကို ရစ်ပတ်သွား၏။

မန်းလူက တင်ချက် တုန့်ဆွဲလိုက်ရာ မိန်းရှမ်းခုန်း၏ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်သွားပြီး အခန်း၏ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ လွင့်စဉ်သွားလေတော့သည်။

ထို့နောက် မန်းလူသည် ဓါးစည်းပဝါကို ပြန်လည်၍ စည်းနှောင်လိုက်သည်။

ထိုအဖြစ်အပျက် အားလုံးသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာ ကြာ၏။ ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်သောအခါ ဝူကျောက်ချင်း၏ မျက်နှာသည်ကုက်ခနဲ ဘစ်ချက် ပျက်သွားပြီး ပါးစပ်ကို အတန်ကြာအောင် ပြန်မပိတ်နိုင်ဘဲ မန်းလူအားကြည့်နေ၏။

ပြီးမှ ဝူကျောက်ချင်းသည် ထိုင်ရာမှ ဖြေးညှင်းစွာ ထလိုက်၏။

ဝူကျောက်ချင်းက မန်းလူအား စေ့စေ့ကြည့်လိုက်ပြီး....

'အင်း မင်း မဆိုးဘူး'

မန်းလူက ဝူကျောက်ချင်းဘက်သို့ လှည့်၍ ပြုံးပြလိုက်ပြီး....

'ကျုပ် တော်လို့ မဟုတ်ပါဘူး'

ဝူကျောက်ချင်းက ခပ်မဲ့မဲ့ပြုံး၍....

'မိန်းရှမ်းခုန်းကို ပြတင်းပေါက်က အပြင်ကို လွှင့်ပစ်နိုင်တာ မင်း တော်လို့ မဟုတ်ဘူးလား'

မန်းလူက ဦးခေါင်း ခါယမ်းလိုက်ပြီး....

'သူက သိပ်ပြီး ညံ့နေလို့ပါ'

ဝူကျောက်ချင်းက လက်နှစ်ဘက် ဆုပ်၍ မန်းလူကို ဦးညွှတ်လိုက်ပြီး....



'ကျုပ်ကိုလဲ ခင်ဗျားရဲ့ ပညာ နည်းနည်းလောက် သင်ပေးပါ'

ထို့နောက် ထိုဝါးတူကို ခပ်စောင်းစောင်း အနေအထားဖြင့် မန်းလူထံသို့ ပစ်လွှတ်လိုက်လေတော့သည်။

သိုင်းပညာအဆင့်မြင့်သည့်အပြင်အတွင်းအားအလွန်နက်ရှိုင်းသော သိုင်းသမား တစ်ယောက်သည်ဆောင်ဓားကိုကိုင်ဆောင်ရန် မလိုချေ။

ထိုလူအတွက် အရာရာတိုင်း လက်နက်သဖွယ် အသုံးပြုနိုင်၏။ ဗျပ်တစ်မိုက်ခန့်ရှိသော တစ်ဘက်သွား ဓားကိုပင် လက်သုံးလုံးမျှသာ ရှိသော သစ်ကိုင်းဖြင့်ယှဉ်၍တိုက်ခိုက်နိုင်၏။

ပိုးပဝါကို လုံးချေ၍ ခြင်းလုံးသဖွယ် ခြေဖြင့်ခတ်၍ ကစားနိုင်၏။ သို့ဖြစ်၍ စားပွဲပေါ်မှ စားသောက်ရာတွင် အသုံးပြုသော ဝါးဖြင့် ပြုလုပ်ထားသည့် တူကို လက်နက် သဖွယ် အသုံးပြုလိုက်သဖြင့် ဝူကျောက်ချင်း၏ သိုင်းပညာ အဆင့်နှင့် အတွင်းအား နက်ရှိုင်းမှု အခြေအနေကို မည်သူမဆို ခန့်မှန်းနိုင်မည် ဖြစ်ပေသည်။

ဝူကျောက်ချင်းသည် ဝါးတူဖြင့် မန်းလူကိုတစ်ခဏချင်းပစ်သိုင်းကွက် ခုနစ်ကွက်ခန့် တိုက်ခိုက်လိုက်လေတော့၏။

....o....

သူဌေးကြီး ဉာဏ်ထိစန်း၏ မျက်လုံး ပြူးနေ၏။

သူ၏ ပါးစပ်သည် ပိတ်မရအောင်ပင် ပွင့်နေ၏။ သူ၏ မျက်နှာပေါ်၌ အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်းစသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

သူ၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ ကြမ်းပြင်ပေါ်၌ လူသုံးယောက် လဲနေ၏။

နှစ်ဘက်သွား ဓားရှည် တစ်လက်က သုံးပိုင်းကျိုးနေ၏။ လခြမ်းကွေး ပုံသဏ္ဌာန် ဓားကောက်က တစ်ခုသော ပြတင်းပေါက်၏ ဘောင်၌ စိုက်ဝင်နေ၏။

လုံ့သွားတပ် သံကွင်းဆက်ကြိုးက ကြမ်းပေါ်တွင် အဆိပ်မရှိသော မြွေတစ်ကောင်ကဲ့သို့ ငြိမ်သက်နေ၏။

ဓားသမား စီမင်းသည် လေတစ်ချက် မှုတ်လိုက်သည်။ သူ၏ ဓားဖျားပေါ်မှ နောက်ဆုံး သွေးစက်တစ်စက်သည် ကြမ်းပေါ်သို့ ကျလာ၏။

သူ၏ အေးစက်သော မျက်လုံးအစုံက သူ၏ ဓားဖျားမှသူဌေးကြီး ဉာဏ်ထိစန်းထံသို့ ရွေ့လျားသွား၏။

သူသည် သူဌေးကြီး ဉာဏ်ထိစန်းကို အေးစက်စွာ တစ်ချက်စိုက်ကြည့်ရင်း....

'ခင်ဗျားက ဘာဖြစ်လို့ သူများကို သေခိုင်းရတာလဲ'

သူဌေးကြီး ဉာဏ်ထိစန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်က သူတို့ အသက်ကို ငွေပေးပြီး ဝယ်ထားတာပဲ'

ဓားသမား စီမင်းက....

'ကျုပ်ကတော့ ခင်ဗျားကို အလကား ယူရမှာပဲ'



သူဌေးကြီးဉာဏ်ထိစန်းက ဓားသမားစီမင်းကို ဘာမျှပြန်မပြောဘဲ လက်ခုပ်တစ်ချက် တီးလိုက်၏။

သူ၏လက်ခုပ်တီးသံ ဆုံးသည်နှင့်တစ်ပြိုင်တည်း လူခုနစ်ယောက်တို့သည် လက်နက်ကိုယ်စီဖြင့် အခန်းထဲသို့ ဝင်ရောက်လာ၏။

'ဟား....ဟား....ဟား၊ သူဌေးကြီးဉာဏ်ထိစန်း လေသံတောင် မပဲတော့ပါလား'

ဟုတ်ထန်ချင်းက....

'သူဌေးကြီးက စန်းစီးနယ်သားမှမဟုတ်ဘဲ'

လုရှောင်ဖုန်းက ပြုံး၍ခေါင်းညိတ်ကာ....

'ကျုပ်သိပြီးသားပါ၊ ဒါကြောင့် ကျုပ်မေးတာပေါ့၊ ရစ်ပွန်ဆိုတဲ့လူကို သူကောင်းကောင်းသိပါတယ်'

ဟုတ်ထန်ချင်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တာပေါ့၊ ရစ်ပွန်ဆိုတဲ့လူကို သူဌေးကြီးက ကောင်းကောင်းသိရုံမကဘူး၊ ရင်ပွန်ရဲ့သိုင်းပညာဟာ ကျုပ်တို့ထက် အများကြီးတော်တယ်ဆိုတာလဲ သူဌေးကြီးက ကောင်းကောင်းသိတယ်ဗျ'

ထို့နောက် ဟုတ်ထန်ချင်းက သဘောကျစွာဖြင့်တဟားဟားရယ်မောလေတော့၏။

....o....

ဝူကျောက်ချင်းက မန်းလူအား ဓါးတူကိုလက်နက်သဖွယ် အသုံးပြု၍ တိုက်ခိုက်နေ၏။

သူသည် မန်းလူ၏မျက်လုံး၊ လည်ပင်း၊ ရင်ဝစသည့်နေရာများသို့ ဦးသည်တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

မန်းလူသည် ယခုတိုင် ထိုင်ရာမှမထသေးချေ။ သူသည် ဓါးစည်းပဝါကိုဖြုတ်၍ ဝေ့ယမ်းကာ ဝူကျောက်ချင်း၏တိုက်ခိုက်မှုကို ခုခံနေ၏။

ဝူကျောက်ချင်း၏တိုက်ခိုက်မှုတိုင်းအပေါ် မန်းလူ၏ဓါးစည်းပဝါက တန်ပြန်သက်ရောက်မှု ဖြစ်နေ၏။

ဝူကျောက်ချင်းသည် ပထမအကြိမ် သိုင်းကွက်ခုနစ်ကွက် တိုက်ခိုက်ပြီးကတည်းက ဝူကျောက်ချင်း၏နဖူးပေါ်၌ ချွေးသီးချွေးဥများ ဖြစ်ပေါ်လာ၏။

ဒုတိယအကြိမ် သိုင်းကွက်ခုနစ်ကွက် တိုက်ခိုက်ပြီးသောအခါ ဝူကျောက်ချင်းသည် မျက်စိမျက်နှာပျက်စပြုလာ၏။

သူသည် ဒုတိယအကြိမ် သိုင်းကွက်ခုနစ်ကွက် တိုက်ခိုက်ပြီးနောက် ဆက်၍မတိုက်ခိုက်တော့ဘဲ ရုတ်တရက် ရပ်တန့်လိုက်သည်။

သူသည် မိမိ၏ရက်စက်ကြမ်းကြုတ်၍ တရစပ် တိုက်ခိုက်ခဲ့သည့် တိုက်ခိုက်မှုများကို မျက်နှာပေါ်၌ အပြုံးတစ်ချက်မျှမပျက်ဘဲ ခုခံကာကွယ်ခဲ့သော ထိုမျက်မမြင်ဒုက္ခိတကို မယုံကြည်နိုင်စွာ ငေးကြည့်နေ၏။

သူသည် မိမိက ပထမတိုက်ကွက်တစ်ကွက် စလိုက်သည်နှင့် ထိုမျက်မမြင်ဒုက္ခိတက မိမိ၏ပထမတိုက်ကွက်၏နောက်မှ ဆက်၍



လိုက်ပါလာသည့် ဒုတိယတိုက်ကွက်ကို ကြိုတင်သိနေကြောင်းကိုလည်း သတိပြုမိခဲ့၏။

ထို့ကြောင့် သူသည် ဆက်လက်၍မတိုက်ခိုက်တော့ဘဲ ရုတ်တရက် ရပ်တန့်ခဲ့ခြင်းဖြစ်၏။

သူသည် မန်းလူကိုမယုံကြည်နိုင်သော မျက်လုံးများဖြင့် ဝေ့ကြည့်လိုက်ပြီးမှ....

'နေပါဦး၊ ခင်ဗျားကို ကျုပ်တစ်ခုမေးပါရစေ'

မန်းလူက ပြုံးလျက်....

'ဘာလဲ၊ ကျုပ်က ခင်ဗျားရဲ့သိုင်းကွက်ကို ကြိုတင်သိနေလို့လား'

ဝူကျောက်ချင်းက မျက်မှောင်ကြုတ်သွားပြီး...

'ခင်ဗျားက ကျုပ်မေးမှာကို ဘာဖြစ်လို့ ကြိုသိနေရတာလဲ၊ ခင်ဗျားက ဗေဒင်တတ်လို့လား'

မန်းလူကပြုံး၍ ဦးခေါင်းခါယမ်းရင်း....

'ခင်ဗျားက ဆက်မတိုက်ဘဲ ရုတ်တရက် ရပ်လိုက်လို့ပါ'

ဝူကျောက်ချင်းက....

'ကျုပ်မယုံဘူး၊ ဒါပေမယ့် ထားလိုက်ပါတော့'

မန်းလူက....

'ဒါကတော့ ခင်ဗျားသဘောပဲ'

ဝူကျောက်ချင်းက....

'ခင်ဗျား ဝူလင်ဂိုဏ်းရဲ့သိုင်းကွက် တတ်သလား'

မန်းလူက ဦးခေါင်းခါယမ်းလိုက်ပြီး....

'ဓားသိုင်းကွက်တွေက အမျိုးမျိုးကွဲပြားလို့လား'

ဝူကျောက်ချင်းက....

'ဟုတ်တယ်၊ မတူကြဘူး၊ ရှောင်လင်ကတစ်မျိုး၊ ဝူတန်းက တစ်မျိုး၊ ငိုမီကတစ်မျိုး၊ ကျုပ်တို့ဝူလင်ကလဲ တစ်မျိုးပဲ၊ မတူကြဘူး'

မန်းလူက....

'ကျုပ်အတွက်တော့ သိုင်းကွက်တွေဟာ အတူတူချည်းပဲ'

ဝူကျောက်ချင်းက မျက်မှောင်ကြုတ်၍....

'ဘာဖြစ်လို့ ခင်ဗျားက ဒီလိုပြောနိုင်ရတာလဲ'

မန်းလူက သဘောကျစွာ ပြုံးလိုက်ပြီး....

'ကျုပ်က မျက်မမြင်လေ'

မန်းလူ၏ စကားကြောင့် ဝူကျောက်ချင်းက မန်းလူအား လူထူးလူဆန်းသဖွယ် ကြည့်ကာ....

'မျက်စိမမြင်တာနဲ့ ဆိုင်လို့လား'

မန်းလူက ပြုံးလျက်....

'မျက်စိမမြင်မှတော့ ဘယ်ဟာကရှောင်လင်၊ ဘယ်ဟာက ဝူတန်း၊ ဘယ်ဟာကငိုမီဆိုတာ သိနိုင်ပါမလား၊ ခင်ဗျားသိထားဖို့က ကျုပ်တို့လို မျက်မမြင်ဒုက္ခိတတွေအတွက် သိုင်းကွက်တိုင်းဟာ အတူတူပဲပေါ့၊ သိုင်းကွက်တိုင်းဟာ ခုခံကာကွယ်ဖို့နဲ့ တိုက်ခိုက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တီထွင်ထားတာမဟုတ်လား၊ ခင်ဗျားတို့လို မျက်စိမြင်တဲ့ လူတွေအတွက်တော့ ဓားကွက်တွေ၊ သိုင်းကွက်တွေဟာ အမျိုးမျိုးဆန်းပြားပြီး ပြောင်းလဲနေမှာပေါ့'

မန်းလူ၏ ဒဿနဆန်သောစကားကို ဝူကျောက်ချင်း နားမလည်ပါ။ ဝူကျောက်ချင်းသည် မန်းလူ၏ စကားများကို



နားထောင်ရင်း မန်းလူကို လူထူးလူဆန်းအဖြစ် အံ့သြစွာ ကြည့်နေမိ၏။

ဤလောက၌ ထူးဆန်းသည်ဆိုသော ဖြစ်ရပ်များသည် တစ်ခါတစ်ရံ၌ အလွန်ရိုးစင်းပြီး လူတိုင်းက သတိမမူမိခဲ့သော အကြောင်းအရာများပင်ဖြစ်သည် မဟုတ်ပါလား။

မန်းလူက ပြောလက်စ စကားကို ခေတ္တ ရပ်တန့်လိုက်ပြီး ဝူကျောက်ချင်းအား....

'ဒါနဲ့ စကားမစပ် ခင်ဗျားက ဝူလင်ဂိုဏ်းကလား၊ ခင်ဗျား ပြောတာ ကျုပ်ကြားမိလိုက်သလိုပဲ'

ဝူကျောက်ချင်းက ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်'

ဝူကျောက်ချင်း၏ စကားအဆုံးတွင် ဓားသမား စီမင်းက ဝင်ရောက်၍....

'ဟုတ်လား၊ ဒါဆို အတော်ပဲ၊ ဝူလင်ဂိုဏ်းက ဓားပညာဟာ အင်မတန်ထက်မြက်တယ်လို့ ကြားဖူးတယ်၊ တွေ့တုန်းကြုံတုန်း ကျုပ်နဲ့ယှဉ်လိုက်ရအောင်၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့'

ဓားသမားစီမင်း၏ စကားကြောင့် ဝူကျောက်ချင်း၏လက်သည် ရုတ်တရက် တင်းကျပ်၍သွားပြီး လက်ထဲ၌ကိုင်ထားသော ဝါးသည် ပြောင်းခနဲ အသံမြည်ကာ ကျိုးသွားလေတော့၏။

သူ၏မျက်နှာမှာလည်း မည်းမှောင်ကာ မျက်စိမျက်နှာပျက်သွား၏။

ခေးသမားစီမင်းက ခပ်မဲ့မဲ့ကလေးပြုံးရင်း....

'ဪ....တစ်ခုတော့ ကြိုတင်ပြီး သတိပေးထားပါရစေ။ ခင်ဗျားမှာ ပညာမစုံသေးဘူးဆိုရင်တော့ ကျုပ်နဲ့မယှဉ်ပါနဲ့၊ ပညာစုံတဲ့တစ်နေ့ကျမှ ယှဉ်ကြတာပေါ့၊ မကောင်းဘူးလား'

ခေးသမားစီမင်း၏ စကားသံဆုံးသည်နှင့် ဝူကျောက်ချင်း၏ ခန္ဓာကိုယ်သည် တစ်ချက်မျှ တောင့်တင်းသွားပြီး ခေးသမားစီမင်းဘက်သို့ ချာခနဲလှည့်လာလေတော့သည်။

ဝူကျောက်ချင်း၏ မျက်နှာပေါ်မှ ကြွက်သားများသည် တင်းမာနေ၏။ သူ၏နှုတ်ခမ်းသည် အံကြိတ်ကာ တင်းတင်းစေ့နေ၏။

သူသည် လက်နှစ်ဘက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ခေးသမားစီမင်းအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလိုက်လေတော့၏။

ဤအခန်းထဲ၌ လှုပ်ရှားခြင်း မရှိဘဲ ထိုင်မြဲ ထိုင်နေသော လုရှောင်ဖုန်းနှင့် ဟုတ်ထန်ချင်းတို့သည် ပထမဆုံးအကြိမ်အဖြစ် တစ်ယောက်ကို တစ်ယောက် မတိုင်ပင်ဘဲ ပြိုင်တူ လှည့်ကြည့်လိုက်ကြ၏။

သူတို့ နှစ်ယောက်သည် အာတန်ကြာသည့် တိုင်အောင် တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေကြ၏။

သို့သော် သူတို့နှစ်ယောက်သည် ထိုင်နေသော နေရာမှ တုပ်တုပ်မျှမလှုပ်ကြချေ။ သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ ထိုင်ရင်း တစ်ယောက်ကိုတစ်ယောက် အလစ်မပေးဘဲ အကဲခတ်နေကြခြင်းဖြစ်၏။



သူဌေးကြီးဉာဏ်ထိစန်း၏ မျက်နှာသည် လပေပုပ်ဖမ်းသကဲ့သို့ ဖြစ်နေ၏။ သူသည် ကြမ်းပေါ်မှ အလောင်းခုနစ်လောင်းကို တစ်ချက် ကြည့်လိုက်၏။

ထိုအလောင်းခုနစ်လောင်းသည် ခေးသမားစီမင်း၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသော သူဌေးကြီးဉာဏ်ထိစန်း၏ လက်ရွေးစင် သိုင်းသမားများဖြစ်သည်။

အခန်းထဲသို့ ပထမ လက်ရွေးစင်သိုင်းသမား ငါးယောက် ဝင်လာခဲ့၏။ ထိုငါးယောက်အနက် သုံးယောက် သေဆုံးသော အခါ နောက်ထပ် ခုနစ်ယောက် ဝင်လာခဲ့၏။

နောက်ထပ် ဝင်ရောက်လာသော ခုနစ်ယောက်နှင့် ပထမ ဝင်ရောက်ခဲ့သော ငါးယောက်မှ အသက်ရှင် ကျန်နေသူ နှစ်ယောက် ပေါင်း၍ စုစုပေါင်း ကိုးယောက်ဖြင့် ခေးသမားစီမင်းအား တိုက်ခိုက်ခဲ့ရာ လေးယောက် ထပ်မံ သေဆုံးခဲ့၏။

ထို့ကြောင့် ယခု ကြမ်းပေါ်၌ အလောင်း ခုနစ်လောင်း ရှိနေပြီး အသက်ရှင်ကျန်နေသူ ငါးယောက်ရှိနေ၏။

ထို့ပြင် ထိုငါးယောက်သည်လည်း အသီးသီး ဒဏ်ရာရနေကြ၏။ သူဌေးကြီး ဉာဏ်ထိစန်းသည် ထိုသေဆုံးသွားသော ခုနစ်ယောက်အတွက် သနားသည့်အသွင် လုံးဝမရှိချေ။

သူသည် မျက်မှောင်ကြုတ်လျက် အခန်းထဲ၌ ကျန်ရှိနေသေးသော သူ၏လက်ရွေးစင် ငါးယောက်ကို လက်ဝေ့ယမ်းပြ၍ ခေးသမားစီမင်းကို တိုက်ခိုက်ခိုင်းလိုက်၏။

သို့သော် ယခု အကြိမ်၌ သူ၏ လက်ရွေးစင် သိုင်းသမား ငါးယောက်တို့၏ ခြေလှမ်းများသည် ရပ်နေသည့် နေရာ၌

ချွက်သဘော တစ်စင်းအား ကျောက်ချထားသကဲ့သို့ တုပ်တုပ်မျှပင် မလှုပ်ချေ။

သူ့ဒွေးကြီး ဥဇ္ဇာထိစန်း၏မျက်နှာသည် မည်းမှောင်လာ၏။ သူသည် လက်ကိုဝေ့ယမ်းပြရင်း ပါးစပ်မှလည်း ကြမ်းတမ်းစွာ အော်ဟစ်နေ၏။

သို့သော် သူ၏ကျန်ရှိနေသောလက်ရွေးစင်ငါးယောက်သည် တုပ်တုပ်မျှပင် မလှုပ်ချေ။

ထိုစဉ် ဂူကျောက်ချင်းသည် ဓားသမားစီမင်းနှင့် ရင်ဆိုင်ရန် ရှေ့သို့ တစ်လှမ်းချင်း လှမ်းလာလေတော့သည်။

ဂူကျောက်ချင်းသည် ဓားသမားစီမင်းနှင့် လက်တစ်ကမ်းအကွာ၌ ရပ်တန့်လိုက်၏။

သူသည် ရင်ကိုကော့၍ မျက်နှာကိုမော့ပြီး ဓားသမားစီမင်း၏ မျက်လုံးထဲသို့ တည့်မတ်စွာ စူးစိုက်ကြည့်လိုက်၏။

ဓားသမားစီမင်းကလည်း ဂူကျောက်ချင်း၏ မျက်လုံးထဲသို့ ပြန်လည်၍ စူးရှစွာ စိုက်ကြည့်လိုက်၏။

ပြီးမှ....

'မင်းက ဘယ်လိုဓားမျိုးသုံးမလဲ'

ဂူကျောက်ချင်းက နှုတ်ခမ်းတွန့်၍ ခပ်မဲ့မဲ့ ပြုံးပြလိုက်ပြီး....

'လူသတ်လို့ရတဲ့ဓားဆို ဘာဓားပဲဖြစ်ဖြစ် သုံးပါတယ်'

ဓားသမားစီမင်းက အေးစက်သောလေသံဖြင့်....

'ကြမ်းပေါ်မှာ ဓားတွေရှိတယ်၊ ကြိုက်တဲ့ဓား ယူသုံးပေါ့'



ဂူကျောက်ချင်းက ကြမ်းပေါ်မှ ဓားများကို တစ်ချက်ဝေ့ကြည့်လိုက်၏။ သူနှင့် မနီးမဝေးနေရာရှိ သွေးအိုင်ထဲ၌ ဓားနှစ်လက် ရှိနေ၏။

ဓားတစ်လက်သည် ရှည်မောမျောပုံသဏ္ဌာန်ရှိပြီး ပေါ့ပါးထက်မြက်သည့်အသွင် ရှိ၏။

အခြားတစ်လက်သည် ဓားသွား ဗျတ်အနည်းငယ်ကြီးပြီး လေးလံပုံရ၏။

ဂူကျောက်ချင်းသည် ထိုဓားနှစ်လက်ထဲမှ လေးလံသော ဓားကို ခြေဦးဖြင့် ခတ်တင်လိုက်ရာ ဓားသည် လေထဲသို့ မြောက်တက်သွားပြီး ဂူကျောက်ချင်း၏ လက်ထဲသို့ ရောက်ရှိလာသည်။

ဂူကျောက်ချင်းသည် လက်ထဲသို့ ရောက်လာသော ဓားကို လေထဲ၌ တစ်ချက် ဝေ့ယမ်းလိုက်သည်။

'ဝှစ်....ဝှစ်'

ဟူသော ဓားက လေထုကို ဖြတ်သန်းသွားသံ ပေါ်လာ၏။ ဂူကျောက်ချင်းက ဓားကို လေထဲ၌ ထိုသို့ တစ်ချက်မျှ ဝေ့ယမ်းလိုက်သည်ကို မြင်ရသည်မှာ အလွန် ပေါ့ပါးသော ကျူရိုးတစ်ချောင်းအား ဝေ့ယမ်းလိုက်သကဲ့သို့ ထင်မှတ်ရပေသည်။

ထို့ပြင် ဂူလင်ဂိုဏ်း၏ ဓားပညာမှာ အလွန် ပေါ့ပါး၍ လျင်မြန်သွက်လက်စေသော နှစ်ဘက်သွား ဓားကိုသာ အသုံးပြုလေ့ရှိသော်လည်း ဂူလင်ဂိုဏ်း၏ သိုင်းပညာရှင် အကျော်အမော်တစ်ယောက် ဖြစ်သော ဂူကျောက်ချင်းက ယခုကဲ့သို့ လေးလံ၍ ဗျက်ကျယ်သော အသွားတစ်ဘက်တည်းရှိ ဓားကို အသုံးပြုခြင်းမှာ စဉ်းစားစရာ ဖြစ်သည်။

အမှန်မှာ ဝူကျောက်ချင်းသည် ငယ်ရွယ်သူ ဖြစ်သည့်အလျောက် လေးလံသော ဓားဖြင့် အားအင်ကို အသုံးပြုကာ ဓားသမားစီမင်း၏ သွက်လက် ပေါ့ပါးသော ဓားသိုင်းကွက်များကို အချိန်တိုတိုအတွင်းခြေဖျက်ရန် ရည်ရွယ်ခဲ့သောကြောင့် ယခုကဲ့သို့ လေးလံ၍ ဗျက်ကျယ်သော တစ်ဘက်သွား ဓားကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ဝူကျောက်ချင်းသည် ထိုသို့ ဓားကို လေထဲ၌ ဝေ့ယမ်းပြီးသည်နှင့် ဝူကျောက်ချင်း၏ အသွင်သဏ္ဍာန်မှာ ဓားသမားစီမင်းအား ရင်ဆိုင်ရန် အသင့် ဖြစ်နေလေတော့၏။

ဝူကျောက်ချင်းသည် ထိုဓားကို မိမိ ရွေးချယ်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း ယုံကြည်၏။

အဘယ့်ကြောင့်ဆိုသော် ဝူလင်ဂိုဏ်းသားများသည် ဤမှန်ကန်စွာ ဆုံးဖြတ်တတ်အောင် နှစ်ပေါင်းများစွာ လေ့ကျင့်သင်ကြားခဲ့ရသောကြောင့်ပင် ဖြစ်ပါသည်။

သို့သော် ယခုတစ်ကြိမ်၌ ဝူကျောက်ချင်းသည် မိမိ၏ ဆုံးဖြတ်ချက်အပေါ် ပထမဆုံး အကြိမ်အဖြစ် သံသယစိတ် ဝင်လာသည်။

သူသည် မှန်ကန်စွာ ဆုံးဖြတ်၍ ဓားကို ရွေးချယ်ခဲ့ပြီး ဓားသမား စီမင်းနှင့် ရင်ဆိုင်ရန် အသင့်ရှိချိန်၌ ထိုသို့သော သံသယစိတ် စတင် ဝင်လာခြင်း ဖြစ်သည်။

တစ်ဆက်တည်းမှာပင် မိမိ ယှဉ်ပြိုင်ရင်ဆိုင်ရမည့်သူမှာ မိမိ၏ ဂိုဏ်းချုပ် တုကုအိနှင့် သိုင်းပညာအဆင့် မတိမ်းမယိမ်း ရှိသို့



မည်ဟု ဝူကျောက်ချင်း၏ စိတ်ထဲမှ အလိုလို ထင်မှတ်လာမိလေသည်။

ဓားသမား စီမင်းသည် ဝူကျောက်ချင်းကို တစ်ချက်မျှ စေ့စေ့ကြည့်နေရာမှ ဦးခေါင်း ခါယမ်းလိုက်ပြီး ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်ရင်း....

'မဖြစ်ပါဘူး၊ မင်း နောက်ထပ် ဆယ်နှစ်လောက် ကျင့်လိုက်ဦး၊ ပြီးမှ ငါနဲ့ လာယှဉ်'

ဝူကျောက်ချင်းက မျက်မှောင်ကြုတ်၍....

'ကျုပ်က အဲဒီအချိန်အထိ မစောင့်နိုင်ဘူး'

ဓားသမား စီမင်းက မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်က စေတနာနဲ့ ပြောတာ၊ နောက်ထပ် ဆယ်နှစ်ဆိုရင် မင်းရဲ့ဓားက ပိုမြန် ထက်မြက်လာမှာ'

ဝူကျောက်ချင်းက ပြုံးလိုက်ပြီး....

'ရှင်းရှင်းပြောပါ၊ကျုပ်က နောက်ထပ်ဆယ်နှစ်လေ့ကျင့်ဖို့ လိုတာလား၊ ခင်ဗျားက နောက်ထပ် ဆယ်နှစ် လေ့ကျင့်ဖို့ လိုတာလား'

ဓားသမား စီမင်းက သက်ပြင်း တစ်ချက် ချလိုက်ပြီး....

'ကျုပ်ပြောတဲ့ စကားကို နားထောင်ပါ၊ ကျုပ် မင်းကို မသတ်ချင်ဘူး၊ မင်း ပြန်ပြီး နောက်ထပ် ဆယ်နှစ်လောက် လေ့ကျင့်ပါ၊ ပြီးမှ ကျုပ်နဲ့ လာတွေ့ချေ'

ဓားသမား စီမင်းသည် ထိုသို့ပြောလိုက်ပြီး ဝူကျောက်ချင်းအား ကျောခိုင်းလိုက်လေသည်။

ဝူကျောက်ချင်းက....

'ခင်ဗျား သွေးကြောင်သွားပြီလား'

ခေးသမား စီမင်းက ဝူကျောက်ချင်းကို ကျောခိုင်းလျက်...

'ဆယ်နှစ်ဆိုတာ မကြာပါဘူး'

ဝူကျောက်ချင်းက....

'ကျုပ် မစောင့်နိုင်ဘူး'

ဝူကျောက်ချင်း၏ စကားအဆုံးတွင် ခေးသမား စီမင်းသည် ဝူကျောက်ချင်းဘက်သို့ ဖြည်းညင်းစွာ ပြန် လှည့် လိုက် လေတော့၏။

'ကဲ...မင်းက စပြီး တိုက်ပါ'

ဟု တစ်လုံးချင်း ဖြည်းညင်းစွာ ပြောလိုက်လေတော့၏။ ဝူကျောက်ချင်းက စတင် တိုက်ခိုက်လိုက်သည်။

ဝူကျောက်ချင်း အသုံးပြုလိုက်သော သိုင်းကွက်သည် ဝူလင်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး တုကုအိကိုယ်တိုင် ဆန်းသစ်တီထွင်ပြုလုပ်ထားသော ခေးသိုင်းကွက် ဖြစ်သည်။

ထိုသိုင်းကွက်သည် ရန်သူအား တိုက်ခိုက်ရာ၌ လက်တစ်ချက် လှုပ်လိုက်သည်နှင့် ခေးချက် ခုနစ်ချက် ဖြစ်ပေါ်လာပြီး ထို ခေးချက် တစ်ချက်တိုင်း၌ သိုင်းကွက် ခုနင်ကွက် အဖြစ်သို့ ပြောင်းလဲသွားသည်။

ထို့ကြောင့် ဝူကျောက်ချင်းက လက်တစ်ချက် လှုပ်ရှားလိုက်တိုင်း ခေးချက် ခုနစ်ချက် ဖြစ်ပေါ်ကာ သိုင်းကွက်ပေါင်း လေးဆယ့်ကိုးကွက်အဖြစ် ပြောင်းလဲ တိုက်ခိုက်ပြီး ဖြစ်၏။



လုရှောင်ဖုန်းသည် သိုင်းပညာရပ်ပေါင်းများစွာ တွေ့ဖူး၏။ ထူးဆန်းထွေပြားသော သိုင်းပညာရပ်များကို ကြားဖူး၏။

သို့သော် သူလေ့လာ စည်းပူးခဲ့ဖူးသော သိုင်းလောက သိုင်းပညာများထဲ၌ ထိုခေးသိုင်းကွက်ကို တွေ့ဖူး မြင်ဖူး ကြားဖူးခြင်း မရှိခဲ့ပါ။

ထို့ကြောင့် လုရှောင်ဖုန်းသည် ခေးသမားစီမင်းအတွက် စိုးရိမ်ပူပန်သွားလေတော့၏။

ခေးသမားစီမင်း၏ မျက်လုံးများသည် ရုတ်တရက် တောက်ပလာ၏။ သူ၏မျက်နှာသည် ဆန်းသစ်သော ကစားစရာအရုပ်များကို မြင်တွေ့လိုက်ရသော ကလေးငယ် တစ်ယောက်သဖွယ် ဝင်းပလာ၏။

သူသည် ခေးအိမ်မှခေးကို မထုတ်သေးဘဲ ဝူကျောက်ချင်း၏ ခေးချက်များကို ရှောင်တိမ်းရင်း ဝူကျောက်ချင်း၏ ခေးကွက်များကို စိတ်ဝင်တစား ကြည့်နေမိသည်။

ထိုစဉ် ရုတ်တရက် ခေးသမားစီမင်း၏ မျက်နှာပေါ်၌ အပြုံးတစ်ချက် ပေါ်လာသည်။

အလွန်အားရကျေနပ်သော အပြုံးဖြစ်၏။ အကြောင်းမှာ သူသည် ဝူကျောက်ချင်း၏ ခေးသိုင်းကွက်များကို စိတ်ပါဝင်စားစွာ ကြည့်နေရင်း ဝူကျောက်ချင်း၏ ခေးသိုင်းကွက်၌ လွတ်ဟာနေသော ဟာကွက်ကို မြင်တွေ့လိုက်သောကြောင့်ပင် မဟုတ်ပါလား....

ယင်းသို့ ဝါကျောက်ချင်း၏ ခေါင်းကွက်မှာ အားနည်းချက်ကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်တည်း ခေါ်သမားစီမင်းသည် ခေါ်အိမ်မှခေါ်ကို ဆွဲထုတ်လိုက်လေတော့သည်။

ထို့နောက် တစ်ဆက်တည်း သူ၏လက်ကို ဆန့်ထုတ်လိုက်ရာ သူ၏ခေါ်ဖျားသည် ဝါကျောက်ချင်း၏ ခေါင်းကွက်မှ အားပျော့သော နေရာသို့ တန်းဝင်သွားပြီး ဝါကျောက်ချင်း၏ လည်ပင်းသို့ တည့်မတ်စွာ ထိုးဝိုက်သွားလေတော့၏။

ထိုစဉ် ရုတ်တရက် 'ချွမ်း' ဟူသော အသံပေါ်ထွက်လာပြီး သေးငယ်သော အရာတစ်ခုက ခေါ်သမားစီမင်း၏ ခေါ်ဖျားကို ထိမှန်ကာ ခေါ်သမားစီမင်း၏လက်တစ်ဘက် ထုံကျဉ်၍ သွားလေတော့သည်။

ထို့ကြောင့် ဝါကျောက်ချင်း၏ လည်ပင်းသို့ ထိုးစိုက်ရန် လက်မအနည်းငယ်မျှသာလိုသော ခေါ်သမားစီမင်း၏ ခေါ်ဖျားသည် မူလလမ်းကြောင်းမှ သွေဖယ်ကာ ဝါကျောက်ချင်း၏ ပခုံးစွန်းသို့ ထိုးစိုက်မိသွားလေတော့သည်။

ခေါ်သမားစီမင်း၏ ခေါ်ဖျားက ဝါကျောက်ချင်း၏ ပခုံးစွန်းအား ထိုးစိုက်မိသွားသဖြင့် ဝါကျောက်ချင်း၏ ပခုံးမှ သွေးများ ဖြာခနဲ ပန်းထွက်လာပြီး ဝါကျောက်ချင်း၏ အင်္ကျီအား သွေးများဖြင့် စွန်းထင်းသွားလေတော့သည်။

ဝါကျောက်ချင်းလည်း မျက်စိမျက်နှာပျက်ကာ နောက်သို့ ခြေလှမ်း သုံးလေးလှမ်းခန့် ဆုတ်သွားသည်။



သူမ၏မျက်နှာတွင် သွေးမရှိတော့တဲ့ ဖြူဖပ်ဖြူလျော် ဖြစ်နေ၏။ ခေါ်သမားစီမင်းက ခေါ်ကို ပြန်လည် ရုပ်သိမ်းလိုက်ပြီး ပြတင်းပေါက်ဘက်သို့ လှည့်ကာ....

'ကျုပ်ကို နှောင့်ယှက်တာ ဘယ်သူလဲ'

ခေါ်သမားစီမင်း၏ အသံသည် အေးစက်၍ ခက်ထန်နေ၏။ သူ၏စကားအဆုံး၌ ပြတင်းပေါက်မှ လူတစ်ယောက် ခုန်ဝင်လာလေတော့သည်။

လူတစ်ယောက်ဟု ဆိုခြင်းထက် လိုင်ခွဲခြား၍ ပြောရလျှင် ပြတင်းပေါက်မှ ခုန်ဝင်လာသူမှာ မိန်းကလေးတစ်ယောက် ဖြစ်နေသည်။

သူမသည် အနီရောင်ဝတ်ရုံကို ဝတ်ဆင်ထား၏။ အနီရောင် ဝတ်ရုံကို ရုံထား၏။

တစ်ချိန်လုံး တည်ငြိမ်စွာ ထိုင်နေသော ဟုတ်ထန်ချင်းသည် မျက်လုံးပြူးသွားသည်။

'ဝတ်ရုံနီ သခင်မ'

ဟုတ်ထန်ချင်း၏ စကားကြောင့် မန်းလူ၏မျက်နှာတစ်ခုလုံးသည် ဝင်းပသွားသည်။

မန်းလူ၏မျက်နှာပေါ်၌ ကြည်လင်သော အပြုံးပေါ်လာသည်။ စန်ကွမ်းစီးယန်ဟု မန်းလူက တီးတိုးရေရွတ်လိုက်မိ၏။

ဝတ်ရုံနီသခင်မ အမည်ခံ စန်ကွမ်းစီးယန်သည် ကြမ်းပေါ်၌ ခြေနှစ်ဘက်ကို အနေတော်ခွဲ၍ မတ်တတ်ရပ်နေ၏။

ပြတင်းပေါက်မှ တိုက်ခိုက်လာသော လေကြောင့် သူမ၏ အနီရောင်ဝတ်ရုံသည် တဖျပ်ဖျပ် လွင့်နေသည်။

စန်ကွမ်းစီးယန်၏ မျက်လုံးများသည် ခေးသမားစီမင်း၏ မျက်လုံးများကို တည့်မတ်စွာ စိုက်ကြည့်နေသည်။

'သူက ရှင့်ရဲ့ပြိုင်ဘက်မဟုတ်မှန်းသိသားနဲ့ ရှင်ကဘာဖြစ်လို့ သူ့ကိုသတ်ချင်ရတာလဲ'

ခေးသမားစီမင်းက....

'သူ့ကို အချိန်ပေးပါတယ်၊ သူကမှလက်မခံတဲ'

စန်ကွမ်းစီးယန်က....

'ဒါနဲ့ပဲ ရှင်ကသူ့ကို သတ်ချင်ရောလား'

ခေးသမားစီမင်းက....

'အမှန်ပြောရရင်တော့ ကျုပ် သူ့ကို မသတ်ချင်ပါဘူး၊ ဒါပေမယ့်...'

စန်ကွမ်းစီးယန်က....

'ဒါပေမယ့် ဘာဖြစ်လဲ'

ခေးသမားစီမင်းက စန်ကွမ်းစီးယန်ကို တစ်ချက်မျှ စေ့စေ့ ကြည့်လိုက်ပြီး....

'ကျုပ်က လူသတ်တဲ့ပညာပဲတတ်တယ်'

ခေးသမားစီမင်း၏အသံသည် တည်ငြိမ်သည်။ အေးစက်သည်။ စန်ကွမ်းစီးယန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

သူမသည် ခေးသမား၏စကားကို အကြွင်းမဲ့ယုံ၏။ ခေးသမားစီမင်း၏ ခေးကွက်များသည် ဆုတ်သာ၊ တက်သာတီထွင်ထားသော ခေးကွက်များမဟုတ်ဘဲ ရှေ့သို့တက်လာသည့် ရန်သူအား



အပြီးတိုင်ချေမှုန်းစေသည့် ခေးသိုင်းကွက်များသာဖြစ်ကြောင်း စန်ကွမ်းစီးယန်က သိထားသည် မဟုတ်ပါလား။

ခေးသမားစီမင်း၏ ခေးချက်တိုင်းသည် မည်သည့်အခါမျှ တစ်ဘက်ရန်သူအား လွတ်မြောက်စေရန် အခွင့်အလမ်းမပေးသော ခေးချက်များသာဖြစ်၏။

ထို့ပြင် သူ၏ခေးချက်တိုင်း၌ တစ်ဘက်ရန်သူကြောင့် နောက်ဆုတ်ရှောင်တိမ်းနိုင်ရန် အခွင့်အရေးလည်း မပေးချေ။

သို့ဖြစ်၍ သူ၏ခေးကို ခေးအိမ်ထဲမှ ဆွဲထုတ်လိုက်သည်နှင့် ထိုတိုက်ပွဲ၌ တစ်ယောက်ယောက် မုချသေရမည် ဖြစ်သည်။

သူသေလျှင်သေ သူမသေလျှင် တစ်ဘက်ရန်သူ မုချသေရမည် ဖြစ်သည်။ ဤသည်မှာ ခေးသမားစီမင်း၏ ဆောင်ပုဒ်လည်း ဖြစ်သည်။

ထို့ပြင် ခေးသမားစီမင်း၏ နောက်ထပ်ဆောင်ပုဒ်တစ်ခုမှာ ပြိုင်ပွဲတစ်ခုတွင် အရှုံးနှင့်အနိုင်သာရှိရမည်ဟူသော ဆောင်ပုဒ် ပင် ဖြစ်သည်။

ထို့ကြောင့် ခေးသမားစီမင်း၏ခေးကို ခေးအိမ်မထုတ်လိုက်သည်နှင့် တစ်ဘက်ရန်သူသာမက ခေးသမားစီမင်းကိုယ်တိုင်အတွက်ပါ နောက်ဆုတ်နိုင်သည့် အခွင့်အရေး မရှိတော့ချေ။

စန်ကွမ်းစီးယန်က သက်ပြင်းမှုတ်ထုတ်လိုက်ပြီး ခေးသမားစီမင်းကိုကြည့်လိုက်၏။

ခေးသမားစီမင်းကလည်း စန်ကွမ်းစီးယန်ကို မျက်တောင်မခတ် ခပ်စိမ်းစိမ်းကြည့်နေ၏။

သူတို့နှစ်ယောက်သည် အတန်ကြာအောင် တစ်ယောက်ကို တစ်ယောက် အေးစက်စွာ စူးစိုက်ကြည့်နေပြီးမှ ခေါ်သမား စီမင်းက အေးစက်သောလေသံဖြင့်....

'မင်း ဘာလက်နက်သုံးမလဲ'

ခေါ်သမားစီမင်း၏ စကားကြောင့် စန့်ကွမ်းစီးယန်၏ခန္ဓာ ကိုယ်သည် တုန်လှုပ်မသွားဘဲ ယခုအချိန်အထိ မျက်နှာပေါ်၌ အပြုံးမပျက်ခဲ့သော မန်းလူ၏ခန္ဓာကိုယ်သည် ဆတ်ခနဲတစ်ချက် တုန့်သွားကာ ထိုင်ရာမှကပျာကယာ ထရပ်လိုက်ပြီး....

'ဟော့....ဟော့ စီမင်းမှားမယ်၊ အဲဒါငါတို့ဘက်က....'

သို့သော် ခေါ်သမားစီမင်းသည် မန်းလူ၏စကားကို မကြား သကဲ့သို့ စန့်ကွမ်းစီးယန်ကိုသာလျှင် စူးစိုက်ကြည့်၍....

'မင်း ဘာလက်နက်သုံးမှာလဲ'

စန့်ကွမ်းစီးယန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'လူသေစေနိုင်တဲ့လက်နက်ဆို အကုန်သုံးတယ်'

ဟု အေးစက်စွာ ပြောလိုက်၏။ စီမင်းက စန့်ကွမ်းစီးယန်ကို တစ်ချက်ကြည့်ပြီး စိတ်ပျက်လက်ပျက်ဟန်ဖြင့် ဦးခေါင်းကို ခါ ယမ်းကာ....

'မင်း ငါ့ကိုယှဉ်နိုင်မှာ မဟုတ်ပါဘူး၊ အဲ....နောက်တစ်ခါ မင်း ငါ့ကိုနှောင့်ယှက်ရင်တော့....'

ဟု ပြောရင်း စကား ကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်၏။ ထို့နောက် သူသည် ခေါ်ကိုခေါ်အိမ်ထဲသို့ ပြန်လည်ထည့်ကာ လူရှောင်ဖုန်းဘက်သို့ လှည့်ကြည့်ပြီး....



'လူရှောင်ဖုန်း၊ ကျုပ်ဒီနေရာမှာနေဖို့ မလိုတော့ဘူး၊ ကျုပ် တူကူအိဆီ သွားလိုက်ဦးမယ်'

ခေါ်သမားစီမင်းက ပြောပြောဆိုဆို အခန်းထဲမှ ထွက်သွား သဖြင့် လူရှောင်ဖုန်းပင် တစ်ခဏမျှ ကြောင်အမ်းအမ်း ဖြစ်သွား သည်။

ထို့နောက် လူရှောင်ဖုန်းက တစ်စုံတစ်ခု ပြန်ပြောရန် ပါးစပ်ဟ လိုက်ချိန်တွင် ခေါ်သမား စီမင်း၏ အရိပ်ကိုပင်မတွေ့ ရတော့ချေ။

လူရှောင်ဖုန်းက သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်မိလေ တော့သည်။

…. ၁ ….

စန့်ကွမ်းစီးယန်သည် အခန်းထဲမှ တည်ငြိမ်စွာ ရပ်နေ၏။

သူမ၏ အနီရောင် ဝတ်ရုံသည် လေထဲ၌ တဖျပ်ဖျပ် လှုပ်လှုပ် နေ၏။ သူမ၏ မျက်လုံးများက အခန်းထဲမှ ထွက်သွားသော ခေါ်သမားစီမင်း နောက်သို့ လိုက်ပါသွား၏။

ပြီးမှ သူမသည် လုရှောင်ဖုန်းကို လှမ်းကြည့် လိုက်သည်။ လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း စန်ကွမ်းစီးယန်ကို လှမ်းကြည့်လိုက်သည်။

စန်ကွမ်းစီးယန်က လုရှောင်ဖုန်းအားလှမ်းကြည့်လိုက်ချိန်နှင့် လုရှောင်ဖုန်းက စန်ကွမ်းစီးယန်အား လှမ်းကြည့် လိုက်သည့်အချိန် တစ်ချိန်တည်း ဖြစ်သွားသဖြင့် သူတို့နှစ်ယောက်အကြည့်ချင်း ဆုံသွား၏။

ထိုသို့အကြည့်ချင်း ဆုံချိန်၌ စန်ကွမ်းစီးယန်၏ရင်ထဲ၌မည်သို့ဖြစ်သွားမှန်း မသိသော်လည်း လုရှောင်ဖုန်း၏ ရင်ထဲ၌ တစ်ချက်မျှ လှုပ်ရှားသွား၏။

လုရှောင်ဖုန်း၏အသည်းနှလုံးတလှပ်လှပ်ဖြစ်လာ၏။ လုရှောင်ဖုန်း၏ ရင်ခုန်သံ မြည်လာသည်။

အကြောင်းမှာ စန်ကွမ်းစီးယန်သည်သခင်မလေးသန်းဖုံးနှင့် အလွန် တူသောကြောင့်ပင် မဟုတ်ပါလော....

သခင်မလေး သန်းဖုံးက အသားဖြူ၏။ စန်ကွမ်းစီးယန်က သခင်မလေး သန်းဖုံးလောက် အသားမဖြူချေ။

သခင်မလေး သန်းဖုံက စကားပြောလျှင် သိမ်မွေ့ပြီး နွေးထွေး၏။ စန်ကွမ်းစီးယန်က စကားပြောလျှင် တုံးတိတိနှင့် အေးစက်၏။

သခင်မလေး သန်းဖုံး၏ အသွင်သဏ္ဌာန် သိမ်မွေ့၍ သိုင်းပညာတတ်သည့် အသွင် မရှိသော်လည်း စန်ကွမ်းစီးယန်၏ဟန်ပန်အမူအရာက ယောကျ်ားကလေး တစ်ယောက်သဖွယ် ကျားကျားလျားလျားနှင့် သိုင်းပညာ အဆင့် မနိမ့်ကြောင်း ပေါ်လွင်၏။



စန်ကွမ်းစီးယန်၏ စူးရှထက်မြက်သော မျက်လုံး၊ သွက်လက်ဖျတ်လပ်သော လှုပ်ရှားမှုကို ကြည့်ရုံဖြင့် သူမ၏ သိုင်းပညာကို ခန့်မှန်းနိုင်၏။

ထို့ပြင် ခေးသမား စီမင်း၏ခေးဖျားကို ပဲစေ့တစ်စေ့ဖြင့် ထိအောင် ပစ်နိုင်ခြင်းက သူမ၏ သိုင်းပညာအဆင့်ကိုတွေးဆနိုင်သည်။

အကယ်၍သာ သူမက ထိုသို့ ပဲစေ့တစ်စေ့ဖြင့် ခေးသမားစီမင်း၏ ခေးဖျားကို မပစ်ခဲ့ပါက ယခုအချိန်၌ ဝူကျောက်ချင်းသည် ခေးသမားစီမင်း၏ ခေးဖျား၌ အသက်ဆုံးရှုံးနေလိမ့်မည် ဖြစ်သည် မဟုတ်ပါလော....

လုရှောင်ဖုန်းက စန်ကွမ်းစီးယန်ကို ကြည့်နေသလို ဟုတ်ထန်ချင်းကလည်း စန်ကွမ်းစီးယန်ကို ကြည့်နေသည်။

စန်ကွမ်းစီးယန်ကို ကြည့်နေသော ဟုတ်ထန်ချင်း၏ မျက်လုံးများတွင် အံ့သြသော အသွင် ပေါ်နေ၏။

လုရှောင်ဖုန်းနှင့် ဟုတ်ထန်ချင်းတို့ နည်းတူဝူကျောက်ချင်းကလည်း စန်ကွမ်းစီးယန်ကို ကြည့်နေသည်။

ဝူကျောက်ချင်းသည် မျက်လုံးထဲ၌ စန်ကွမ်းစီးယန်ကိုအံ့သြသည့်အပြင် နားမလည် နိုင်ခြင်း စသော အရိပ်အယောင်များ ပေါ်ထွက်နေသည်။

မန်းလူက ခေးသမား စီမင်းကို လှမ်းပြောလိုက်သော စကားအရ ထိုဝတ်ရုံနီ သခင်မ အမည်ခံ စန်ကွမ်းစီးယန်သည် လုရှောင်ဖုန်းတို့နှင့် တစ်ဖွဲ့တည်း ဖြစ်ကြောင်း သိရသည်။

သို့သော် စန်းကွမ်းစီးယန်က ဓားသမားစီမင်း၏ လက်ထဲမှ အဘယ့်ကြောင့် မိမိအား ကယ်တင်ခဲ့သည်ကို ဝါ့ကျောက်ချင်း မည်သို့မျှ နားလည်နိုင်စွမ်း မရှိချေ။

ထို့ကြောင့် ဝါ့ကျောက်ချင်းက တံတွေးတစ်ချက် မျိုလိုက်ပြီး....

'ခင်ဗျား က ဘာဖြစ် လို့ ကျုပ်ကို ကူညီရတာလဲ'

စန်းကွမ်းစီးယန်က ဝါ့ကျောက်ချင်းကို လှည့်မကြည့်ပါ။ သူမက ဝါ့ကျောက်ချင်း၏အမေးကိုလည်းမဖြေပါ။

သူမက လှရှောင်ဖုန်းကို ကြည့်နေရာမှ မျက်လုံး လွှဲဖယ်လိုက်သည်။ ထိုသို့ သူမက မျက်လုံးကို လွှဲဖယ်လိုက်သော အချိန်မှာပင် လှရှောင်ဖုန်းသည် ဝေခွဲ၍ မရသော အရိပ်အယောင်တစ်ခုကို သူမသည် မျက်လုံးထဲ၌ လှမ်း၍ တွေ့လိုက်မိသည်။

စန်းကွမ်းစီးယန်က လှရှောင်ဖုန်းထံမှ သူမသည် အကြည့်ကို လွှဲဖယ်လိုက်ပြီး အခန်းအလယ်၌ တအံ့တသြဖြစ်ပြီး မှင်တက်နေသော သူဌေးကြီး ဥာဏ်ထိစန်းကို စေ့စေ့ကြည့်လိုက်သည်။

လှရှောင်ဖုန်းကို ကြည့်လိုက်စဉ် နူးညံ့သော စန်းကွမ်းစီးယန်၏အကြည့်သည် သူဌေးကြီး ဥာဏ်ထိစန်းထံသို့ ရောက်သည်နှင့် အေးစက်မာကျောသော အကြည့်သို့ ပြောင်းလဲသွားခဲ့၏။

စန်းကွမ်းစီးယန်က သူဌေးကြီးဥာဏ်ထိစန်းအား စေ့စေ့ကြည့်လိုက်ပြီး....

'ဒီမှာ ရစ်ပွန်'



သူဌေးကြီးဥာဏ်ထိစန်းက မိမိ၏ ဘေးဘယ်ညာနှင့် နောက်ဘက်သို့ လှည့်ကြည့်ပြီး ပခုံးနှစ်ဘက်တွန့်၍ လက်ကာပြလိုက်ရင်း....

'ရစ်ပွန် ဟုတ်လား၊ ရစ်ပွန်ဆိုတာ ဘယ်သူလဲ၊ ဘယ်မှာလဲ'

စန်းကွမ်းစီးယန်က အေးစက်သောမျက်လုံးများဖြင့် သူဌေးကြီး ဥာဏ်ထိစန်းကို စူးစူးစိုက်စိုက်ကြည့်ပြီး....

'ဒီမှာ ရစ်ပွန်၊ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ရစ်ပွန် ဘယ်သူလဲဆိုတာ ရှင်ကောင်းကောင်းသိတယ်'

သူဌေးကြီး ဥာဏ်ထိစန်းက စန်းကွမ်းစီးယန်ကို မချိသွားဖြဲ ပြုံးပြလိုက်ပြီး....

'ကဲ-ရစ်ပွန်ပဲထားပါတော့၊ ဒါပေမယ့် မင်းနဲ့ကျုပ်နဲ့ကြားမှာ ဘာပြဿနာမှ မရှိခဲ့ဘူးလို့ထင်တယ်'

စန်းကွမ်းစီးယန်က....

'ဒါပေမယ့် ရှင်က ဘာဖြစ်လို့ ကိုယ့်ကိစ္စ ကိုယ်မရှင်းတဲ့ကြားကလူတွေကို အသေခိုင်းနေရတာလဲ'

သူဌေးကြီးဥာဏ်ထိစန်းက ပြုံးလိုက်ပြီး....

'ကျုပ်က သူတို့အသက်ကို ဝယ်ထားတာပဲ'

'ရှင်က လူကြောက်ပဲ၊ သတ္တိမရှိတဲ့လူ၊ ရှင့်အတွက် ကျွန်မ မိန်းကလေးဝတ်စုံတစ်စုံ ပို့လိုက်မယ်'

စန်းကွမ်းစီးယန်၏ စကားကြောင့် သူဌေးကြီးဥာဏ်ထိစန်း၏ မျက်နှာပေါ်မှ အပြုံးသည် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

ပြီးမှ သူဌေးကြီး ဥာဏ်ထိစန်းက တဟားဟား ရယ်မောလိုက်ပြီး....

'မင်းက ဘာဖြစ်လို့ ဝင်ရှုပ်ချင်ရတာလဲ'

စန်ကွမ်းစီးယန်က....

'ဝါစန်းမြို့စားရဲ့ ကိစ္စဟာ ကျွန်မရဲ့ကိစ္စပဲ'

သူဌေးကြီး ဥာဏ်ထိစန်းက သဘောကျစွာ တဟားဟားရယ်မောရင်း....

'ဟား....ဟား....ဟား....ကောင်းပြီ၊ ဒါဆို မင်းက ဘယ်သူ့ရဲ့ အကူအညီမှမယူဘဲ ငါနဲ့ယှဉ်ဝံ့သလား'

ဟု သွေးတိုးစမ်းသည့် စကားဖြင့် မေးလိုက်၏။ သူဌေးကြီး ဥာဏ်ထိစန်းသည် စန်ကွမ်းစီးယန်က မိမိ၏စကားကို လက်ခံ၍ တိုက်ခိုက်ခဲ့ပါလျှင် လုရှောင်ဖုန်းတို့က စန်ကွမ်းစီးယန်ဘက်မှ ဝင်ရောက်အကူအညီမပေးနိုင်အောင် ကြိုတင်၍ဟန့်တားပြောဆိုလိုက်ခြင်းဖြစ်၏။

သူဌေးကြီးဥာဏ်ထိစန်း၏ စကားနောက်ကွယ်မှ အဓိပ္ပာယ်ကို လုရှောင်ဖုန်း နားလည်လိုက်သည့်နည်းတူ စန်းကွမ်းစီးယန်ကလည်း နားလည်လိုက်သည်။

စန်ကွမ်းစီးယန်က ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး....

'စိတ်ချပါ၊ ကျွန်မတစ်ယောက်တည်း ရှင့်ကိုရင်ဆိုင်ပါမယ်'

သူဌေးကြီး ဥာဏ်ထိစန်းက စန်ကွမ်းစီးယန်ကို ပြုံး၍ကြည့်လိုက်ပြီး....

'စဉ်းစားပါဦးလေ၊ တော်တော်ကြာမှ ကျုပ်ကို အနိုင်ကျင့်ဘယ်လေး ဘာလေးဆိုပြီးတော့ အပြစ်မပြောနဲ့'



စန်ကွမ်းစီးယန်က ဘာမျှပြန်မပြောပါ။ သူမသည် သူမ၏ နောက်ကျော၌ ကျောပိုးထားသော ဓားအိမ်မှဓားကို ဆွဲထုတ်လိုက်၏။

အခန်းထဲ၌ ဓားရောင်တစ်ချက် ဝင့်သွား၏။ သူဌေးကြီးက တဟားဟားရယ်မောရင်း ဟုတ်ထန်ချင်းအား လှမ်း၍....

'ဟေ့....ဟုတ်ထန်ချင်း၊ ငါ့ကို ဓားတစ်လက်ပေးစမ်း'

ဟုတ်ထန်ချင်းက ထိုင်ရာမှထ၍ ခါး၌ချိတ်ထားသောဓားကို ဆွဲထုတ်လိုက်ပြီး သူဌေးကြီးဥာဏ်ထိစန်းထံ သွားရောက်၍ တရိုတသေ ပေးလိုက်၏။

ပြီးမှ ဟုတ်ထန်ချင်းသည် မိမိ၏နေရာ၌ ပြန်လည်၍ထိုင်ချလိုက်၏။ စန်ကွမ်းစီးယန်က သူဌေးကြီးဥာဏ်ထိစမ်းနှင့် ယှဉ်ပြိုင်ရန် လက်ခံလိုက်သည့် ကိစ္စနှင့် စပ်လျဉ်း၍ မျက်စိမြင်သော လုရှောင်ဖုန်း၏စိတ်ထဲ၌ မည်သို့ခံစားနေရမှန်း မသိသော်လည်း ထိုကိစ္စနှင့်ပတ်သက်၍ မန်းလူ၏စိတ်ထဲ၌ စန်ကွမ်းစီးယန်အတွက် စိုးရိမ်မကင်းဖြစ်နေ၏။

စန်ကွမ်းစီးယန်အနေဖြင့် သူဌေးကြီးဥာဏ်ထိစန်း အမည်ခံ ရစ်ပွန်ကို ယခုကဲ့သို့ တစ်ယောက်ချင်း ရင်ဆိုင်မသင့်ဟု မန်းလူ ယူဆ၏။

ထို့ကြောင့် မန်းလူသည် မျက်ခုံးရှုံ့ကာ မျက်မှောင်ကြုတ်လိုက်မိလေတော့သည်။ စန်ကွမ်းစီးယန်သည် ဓားကို လေထဲ၌ တစ်ချက်ဝေ့ယမ်းလိုက်ပြီး သူဌေးကြီးဥာဏ်ထိစန်းကို ရင်ဆိုင်ရန် အသင့်ဖြစ်လိုက်၏။

သူမ၏ အသွင်အပြင်က ကျားရဲမကလေး၏အသွင် တက်ကြွနေ၏။ သူဌေးကြီးဥာဏ်ထိစန်းက စန်ကွမ်းစီးယန်ဘက်သို့ လှည့်မကြည့်ဘဲ ဟုတ်ထန်ချင်း၏ဓားကို လက်ထဲတွင် သေချာကြည့်နေလေသည်။

ထို့နောက် သူဌေးကြီးဥာဏ်ထိစန်းသည် စန်ကွမ်းစီးယန်ကို ရုတ်တရက် စတင်တိုက်ခိုက်လိုက်လေတော့၏။

သူသည် ရုတ်တရက် စန်ကွမ်းစီးယန်ကို လျင်မြန်သော အဟုန်ဖြင့် ပေါ့ပါးသွက်လက်စွာ တရကြမ်း ဝင်ရောက် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

သူဌေးကြီးဥာဏ်ထိစန်း၏ဓားသိုင်းကွက်သည်ဝူးလင်ဂိုဏ်း၏ ဓားသိုင်းကွက်ပင် ဖြစ်၏။

ထို့ကြောင့် သူဌေးကြီး ဥာဏ်ထိစန်းက လက်တစ်ချက် ဝေ့ယမ်းလိုက်သည်နှင့် ဓားချက် ခုနစ်ချက် ဖြစ်ပေါ်လာပြီး ဓားချက်တစ်ချက်တိုင်းတွင် သိုင်းကွက် ပြောင်းလဲတိုက်ခိုက်ပြီး ဖြစ်နေ၏။

ထိုသို့ သူဌေးကြီး ဥာဏ်ထိစန်းက ဝူလင်သိုင်းပညာဖြင့် စန်ကွမ်းစီးယန်ကို တိုက်ခိုက်လိုက်သည်နှင့် လုရှောင်ဖုန်းသည် ထိုင်ရာမှ ထလုမတတ် ဖြစ်သွားလေတော့၏။

သူဌေးကြီးဥာဏ်ထိစန်းက ဓားကို ဝေ့ယမ်းတိုက်ခိုက်သဖြင့် ဓားသွားက လေထုကို ဖြတ်သန်းရာမှ ထွက်ပေါ်လာသော တဝှီးဝှီးမြည်သံသည် အခန်းတစ်ခုလုံး ဟိန်းနေ၏။



ထိုတဝှီးဝှီး မြည်ဟိန်းသံကြောင့် နားဖြင့်သာ အသံကို ကြားနိုင်သော မန်းလူသည် စန်ကွမ်းစီးယန်အတွက် ပို၍ ပို၍ စိုးရိမ်လာ၏။

သူ၏စိတ်ထဲမှ စန်ကွမ်းစီးယန်ရှောင်တိမ်းနိုင်ပါစေဟုကြိတ်၍ ဆုတောင်းနေမိ၏။

သူသည် စန်ကွမ်းစီးယန်အတွက် စိတ်ပူပန်နေသောကြောင့် ထိုင်ရကောင်းနိုးနိုး၊ ထရကောင်းနိုးနိုးဖြင့်ဂနာမငြိမ်ဖြစ်နေ၏။

သူဌေးကြီး ဥာဏ်ထိစန်းက လက်ဝေ့ ယမ်းလိုက်သည်။ ဓားသွားက လေထုကို ထိုးခွဲလိုက်သည်။

ဝှီး....ဝှီး....ဝှီး

ဟူသော မြည်သံ ပေါ်လာသည်။

ဓားသွားက လေထုကို ထိုးဖောက်ဖြတ်သန်းသွားရာမှ ပေါ်ထွက်လာသော ထိုတဝှီးဝှီးအသံကို ကြားရုံဖြင့် သူဌေးကြီး ဥာဏ်ထိစန်း၏ ဓားချက်တိုင်းသည် မည်မျှမည်မျှ အားမာန်ပါပြီး အရှိန်အဟုန် ပြင်းထန်ကြောင်း လုရှောင်ဖုန်း သတိပြုမိသည်။

တစ်ဆက်တည်းမှာပင် လုရှောင်ဖုန်းသည် စန်ကွမ်းစီးယန် အတွက် စိုးရိမ်ပူပန်လာသည်။

စန်ကွမ်းစီးယန်သည် သူဌေးကြီးဥာဏ်ထိစန်းက ရုတ်တရက် လျင်မြန်စွာ မနားတမ်း တရစပ်တိုက်ခိုက်ခြင်းကြောင့် သူဌေးကြီး ဥာဏ်ထိစန်း၏ ဓားချက်များကို ပြန်လည်တိုက်ခိုက်ရန် အခွင့်အလမ်းမရှိဘဲ သူမ၏ အထူး အားကိုး အားထား ပြုရသော 'ပျံလွှားငှက်' အမည်ရှိ ကိုယ်ဖော့ပညာကိုအသုံးပြုကာ သူဌေး

ကြီး ဉာဏ်ထိစန်း၏ ဓားချက်အောက်မှ ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ရလေတော့၏။

သူမသည် လေထဲ၌ နှစ်ဆင့်ကျွမ်းထိုးလိုက်ပြီး သူဌေးကြီးဉာဏ်ထိစန်းနှင့် ခပ်ဝေးဝေးသို့ ရောက်အောင် ရှောင်တိမ်းလိုက်သည်။

လေထဲ၌ဝဲ၍ ကြမ်းပေါ်သို့ သူမ၏ခြေထောက် ချလိုက်မိသည်နှင့် သူမသည် ရင်ထဲမှ ထိတ်သန့်တုန်လှုပ်မှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ခဲ့သည်။

သူမ၏မျက်လုံးများက တည်ငြိမ်စွာဖြင့် သူဌေးကြီးဉာဏ်ထိစန်းကို ကြည့်နေ၏။

သူမ၏မျက်နှာပေါ်၌ မည်သည့်အမူအရာမျှမရှိချေ။ သို့သော် သူမ၏နသာယ်စပ်၌ ချွေးများ သီးနေသည်ကို လည်းကောင်း၊ သူမ၏ ခန္ဓာကိုယ်နောက်သို့ ဝှက်ထားသော ဘယ်လက်မှ လက်ဖျားကလေး မသိမသာ တုန်ယင်နေကြောင်းကို သူမမှလွဲ၍ မည်သူမျှ သိမည် မဟုတ်ပါချေ။

သူဌေးကြီး ဉာဏ်ထိစန်းက သွားများ ပေါ်လာသည်အထိ အရုပ်ဆိုး အကြည်းတန်စွာ ပြုံးလိုက်သည်။

သူဌေးကြီးဉာဏ်ထိစန်း၏ မျက်လုံးများသည် ကြောင်ကကြွက်ကို ကစားမည့်အသွင် ပေါ်လွင်နေ၏။

သူ၏မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်လွင်နေသည်။

လုရှောင်ဖုန်းသည် သူတို့ကို ကြည့်ရင်း စန်ကွမ်းစီးယန်ကို မည်ကဲ့သို့ ကူညီနိုင်မည့်နည်းလမ်းအား တွေးတောကြံဆနေ၏။



ဟုတ်ထန်ချင်းက လုရှောင်ဖုန်း၏အတွင်းစိတ်ကို ထိုးဖောက်သိနေသည့်အလား လုရှောင်ဖုန်းကို ပြုံးစိစိနှင့် ကြည့်နေသည်။

မျက်စိမမြင်ရသော မန်းလူ၏မျက်နှာတွင် စန်ကွမ်းစီးယန်စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ထင်ထင်ရှားရှားပင် ဖြစ်ပေါ်နေသည်။

သူဌေးကြီးဉာဏ်ထိစန်းက 'ယား'ဟု ဝမ်းခေါင်းသံတစ်ချက် ပြုလိုက်၏။ တစ်ဆက်တည်းမှာပင် သူသည် ဓားကို ဝင့်ကာဝင့်ကာဖြင့် စန်ကွမ်းစီးယန်ကို စတင်၍ တိုက်ခိုက်လိုက်လေတော့သည်။

ယခုတစ်ကြိမ် သူဌေးကြီး ဉာဏ်ထိစန်းသည် စန်ကွမ်းစီးယန်အား တစ်ကြိမ်တည်းနှင့် အပြီးအပြတ် တိုက်ခိုက်ရန် ဆန္ဒဖြင့် သူ၏ အတွင်းအားကို လက်ချောင်းမှ တစ်ဆင့် ဓားဖျားသို့ ပို့လွှတ်လိုက်လေသည်။

သို့ဖြစ်၍ သူ၏ ဓားဖျားသည် တုန်ခါ၍ ဓားရိပ်များ ဖြစ်ပေါ်နေသဖြင့် မည်သည့် ဓားဖျားက အစစ်၊ မည်သည့် ဓားဖျားက ဓားရိပ်ဟူ၍ ခွဲခြားမရချေ။

စန်ကွမ်းစီးယန်က အံကို တစ်ချက် တင်းတင်းကြိတ်လိုက်ပြီး သူမ၏လက်ကို ဆန့်တန်းလိုက်သည်။

စန်ကွမ်းစီးယန်၏ ဓားနှင့် သူဌေးကြီး ဉာဏ်ထိစန်း၏ ဓားထိတွေ့သဖြင့် တချွမ်းချွမ်း ဟူသော အသံများသည် ညှော်ခန်းထဲ၌ ဆူညံစွာ ထွက်ပေါ်လာသည်။

'ချွမ်း....ချွမ်း....ချွမ်း'

ယခုတစ်ကြိမ်၌ စန်ကွမ်းစီးယန်သည် သူဌေးကြီးဉာဏ်ထိစန်းနှင့် ယှဉ်ပြိုင်ရာ၌ အတွင်းအားကိုပါ ယှဉ်ပြိုင်ရခြင်း ဖြစ်၍ သူမ၏ 'ပျံလွှားငှက်' ကိုယ်ဖော့ပညာကို အသုံးပြု၍ မရဘဲ ဖြစ်နေသည်။

သူဌေးကြီး ဉာဏ်ထိစန်းကလည်း စန်ကွမ်းစီးယန် အနေဖြင့် 'ပျံလွှားငှက်' ကိုယ်ဖော့ပညာကို အသုံးပြုခွင့် မရအောင် ယခုကဲ့သို့ အတွင်းအားပါ ထည့်၍ ယှဉ်ပြိုင်လိုက်ခြင်း ဖြစ်၏။

ထို့ကြောင့် စန်ကွမ်းစီးယန်က ကိုယ်ဖော့ပညာ အသုံးပြုခွင့် မရသည့်နည်းတူ သူဌေးကြီးဉာဏ်ထိစန်းကိုယ်တိုင်လည်း ဝူလင်ဓားသိုင်းကွက်ကို ပေါ့ပေါ့လျင်မြန်စွာ အသုံးမပြုနိုင်ခဲ့ချေ။

သို့သော် သူဌေးကြီးဉာဏ်ထိစန်း၏ ဓားချက် တစ်ချက်တိုင်း တစ်ချက်တိုင်းသည် ပြင်းထန်သော အဟုန်ဖြင့် တိုက်ခိုက်နေခြင်းဖြစ်ရာ စန်ကွမ်းစီးယန်သည် သူဌေးကြီး ဉာဏ်ထိစန်း၏ ဓားမှ မမြင်တွေ့ရသော အားအင် ကြီးမားမှု တစ်ခုက မိမိ၏ ဓားပေါ်သို့ ကျရောက်လာသည်ဟု ခံစားလိုက်ရသည်။

ထို့ကြောင့် စန်ကွမ်းစီးယန်သည် သူဌေးကြီးဉာဏ်ထိစန်း၏ တိုက်ခိုက်မှုကို သတိကြီးစွာဖြင့် ခုခံကာကွယ်နေရသည်။

သူဌေးကြီးဉာဏ်ထိစန်းက ရှေ့သို့ တိုး၍ ဖိကာ တိုက်ခိုက်နေ၏။ စန်ကွမ်းစီးယန်က နောက်သို့ ဆုတ်၍ ဆုတ်၍ ခုခံနေသည်။

လုရှောင်ဖုန်းသည် ထိုင်မြဲထိုင်နေသော်လည်း သူ၏မသိုးနက်သော မျက်ခုံးမွေးကို မသိမသာ မျက်မှောင်ကြုတ်နေမိ၏။

ဟုတ်ထန်ချင်းကလည်း ထိုင်မြဲထိုင်နေသည်။ သူ၏ မျက်နှာသည် ပြုံးယောင်သမ်းနေသည်။ လုရှောင်ဖုန်းနှင့် ဟုတ်ထန်



ချင်းတို့၏ မျက်လုံးများသည် အခန်းထဲ၌ တစ်ယောက်ကို တစ်ယောက် သဲကြီးမဲကြီး တိုက်ခိုက်နေသော သူဌေးကြီး ဉာဏ်ထိစန်းနှင့် စန်ကွမ်းစီးယန်ကို ကြည့်နေသည်။

သူတို့သည် သူဌေးကြီးဉာဏ်ထိစန်းနှင့် စန်ကွမ်းစီးယန်တို့၏ တိုက်ပွဲကိုကြည့်ရင်း မျက်တောင်ခတ်ဖို့ မေ့နေသည်။

အသက်ရှူဖို့ မေ့နေသည်။ ပထမပိုင်းတွင် စန်ကွမ်းစီးယန်သည် သူဌေးကြီးဉာဏ်ထိစန်းကို တစ်ချက်တစ်ချက်၌ တိုက်စစ်ဆင်ခဲ့သော်လည်း နောက်ပိုင်းတွင် သူမသည် သူဌေးကြီး ဉာဏ်ထိစန်း၏ ဓားကွက်များအောက်မှ ရုန်းမထွက်နိုင်အောင် ဖြစ်လာသည်။

အခြေအနေက တစ်စထက်တစ်စ ဆိုးဝါးလာသဖြင့်စန်ကွမ်းစီးယန်သည် သူဌေးကြီးဉာဏ်ထိစန်း၏ တိုက်ခိုက်မှုကို ခုခံရင်း မိမိ၏ အန္တရာယ်ကို လွတ်မြောက်အောင် အကြံထုတ်နေသည်။

ထိုစဉ် ရုတ်တရက် မမျှော်လင့်ဘဲ အခြေအနေက ရုတ်ခြည်း ပြောင်းလဲသွားလေတော့သည်။

အကြောင်းမှာ သူဌေးကြီး ဉာဏ်ထိစန်းသည် ဝူလင်ဓားသိုင်းကွက် တစ်ကွက်ပြီးတစ်ကွက် ပြောင်းလဲ တိုက်ခိုက်နေရာမှ ရုတ်တရက် သူ၏ တိုက်ခိုက်မှုများသည် အားပျော့သွားသည်။

သူ၏ နဖူး၌ ချွေးများ သီးလာသည်။ သူ၏ မျက်နှာသည် ဖြူဖပ်ဖြူလျော် ဖြစ်လာသည်။ သူ၏ မျက်နှာပေါ်မှ အပြုံးသည် ရုတ်ခြည်း ပျောက်ကွယ်သွားပြီး မျက်စိမျက်နှာ ပျက်လာသည်။

စန်ကွမ်းစီးယန်သည် သူဌေးကြီး ဉာဏ်ထိစန်း၏ခေါင်းချက်များ ယခုကဲ့သို့ ရုတ်တရက် အားပျော့သွားသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

သူမသည် ရရှိလာသည့် အခွင့်အရေးကို လက်လွတ်မခံဘဲ သေးတိုးစမ်းသည့်သဘောဖြင့် ခေါင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ သူဌေးကြီးဉာဏ်ထိစန်းအား ပြန်လှန်တိုက်ခိုက်လိုက်၏။

စန်ကွမ်းစီးယန်က ထိုသို့ ပြန်လည်တိုက်ခိုက်လိုက်သည်နှင့် သူဌေးကြီးဉာဏ်ထိစန်းသည် နောက်သို့ ခြေလှမ်းသုံးလေးလှမ်း ခုန်ဆုတ်ကာ စန်ကွမ်းစီးယန်၏တိုက်ခိုက်မှုကို မနည်းတိမ်းရှောင်လိုက်ရ၏။

အဖြစ်အပျက်အပြောင်းအလဲ မြန်ဆန်မှုကြောင့် လုရှောင်ဖုန်းနှင့် ဟုတ်ထန်ချင်းတို့သည် ပါးစပ်ဟကာ အံ့အားသင့်သွားမိလေသည်။

မျက်စိမြင်သော လုရှောင်ဖုန်းတို့သာမက မျက်စိမမြင်သဖြင့် စန်ကွမ်းစီးယန်တို့၏တိုက်ပွဲကို နားဖြင့်သာ အကဲခတ်နေရသော မန်းလူပင်လျှင် စဉ်းစား၍မရအောင် အတွေးခက်သွားလေတော့သည်။

လုရှောင်ဖုန်း၊ ဟုတ်ထန်ချင်းနှင့် မန်းလူတို့မင်သက်နေချိန်အတွင်းမှာပင် ချွမ်းဟူသောအသံ ပေါ်ထွက်လာပြီး သူဌေးကြီးဉာဏ်ထိစန်း၏ခေါင်းသည် အဝေးသို့လွင့်စဉ်သွားလေတော့၏။

…၁…



အချိန်သည် ရုတ်တရက် ရပ်တန့်သွားသကဲ့သို့ ထင်မှတ်ရ၏။

အရာရာတိုင်းသည်လည်း ရုတ်တရက် ရပ်တန့်သွားသကဲ့သို့ ထင်မှတ်ရ၏။ အခန်းထဲမှလူတိုင်းသည် မျက်တောင်ခတ်ဖို့ မေ့နေ၏။

လှုပ်ရှားဖို့ မေ့နေ၏။ အသက်ရှူဖို့မေ့နေ၏။ သူတို့အားလုံးသည် မင်တက်မိနေကြ၏။

စန်ကွမ်းစီးယန်သည် မိမိကိုယ်ကို မိမိမယုံကြည်နိုင်ဟန်ဖြင့် မိမိ၏ခေါင်းကိုတစ်လှည့် သူဌေးကြီးဉာဏ်ထိစန်းကိုတစ်လှည့် တအံ့တသြဖြင့် ငေးကြည့်နေမိ၏။

သူဌေးကြီး ဉာဏ်ထိစန်းသည် အားအင်ချိနဲ့စွာဖြင့် ခြေတစ်လှမ်းဆွဲလျှောက်လာကာ ကုလားထိုင်တစ်လုံးပေါ်၌ အရုပ်ကြိုးပြတ် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။

သူသည် အသက်ကို ပင်ပန်းကြီးစွာရှူရင်း အမောဖြေနေ၏။ သူ၏မျက်လုံးများသည် အရောင်မှေးမှိန်နေပြီး မျက်ခွံများလေးလံနေသကဲ့သို့ မျက်လုံးမှေးစင်းနေ၏။

သူ၏ခြေလက်တို့သည် တုန်ယင်နေ၏။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် ကတုန်ကယင်ဖြစ်နေ၏။

သူသည် အားအင်ချိနဲ့သော လေသံဖြင့်….

‘ကျုပ်….ကျုပ်ကို ဘိန်း….ဘိန်းပေးပါ’

သူဌေးကြီးဉာဏ်ထိစန်း၏စကားအဆုံးတွင် ဟုတ်ထန်ချင်းမှအပ အခန်းထဲ၌ ကျန်ရှိနေသော သူဌေးကြီး ဉာဏ်ထိစန်း၏လူများသည် ပျာယာခတ်သွားလေတော့၏။

စန်ကွမ်းထင်းယန်သည် သူဌေးကြီး ဥဘဏ်ထိစန်းအားကြည့်ကာ ဦးခေါင်းကိုခါယမ်းလိုက်မိ၏။

တစ်ဆက်တည်းမှာပင် စန်ကွမ်းစီးယန်သည် မိမိအား တိုက်ခိုက်နေရာမှ ရုတ်တရက် သူဌေးကြီးဥဘဏ်ထိစန်း အားအင်ချိနဲ့သွားစေသည့် အကြောင်းရင်းကိုလည်း သိလိုက်ရလေသည်။

ထိုသို့ စန်ကွမ်းစီးယန်က တွေးတောနေစဉ်အတွင်း သူဌေးကြီးဥဘဏ်ထိစန်း၏ လူအချို့သည် ဘိန်းပြောင်းနှင့် ဘိန်းဆီများကို လင်ဗန်းဖြင့် ယူဆောင်လာ၏။

ဘိန်းပြောင်းနှင့်ဘိန်း ထည့်ထားသောလင်ဗန်းကို သူဌေးကြီးဥဘဏ်ထိစန်းက အငမ်းမရလှမ်းယူလိုက်သည်နှင့် စန်ကွမ်းစီးယန်က လက်တစ်ချက်လှုပ်ကာ ဓားဖြင့်လင်ဗန်းကို ရိုက်ချလိုက်လေတော့၏။

'ခွမ်း'

ဟူသော အသံနှင့်အတူ လင်ဗန်းလွင့်သွားကာ ဘိန်းများပြန့်ကျဲကုန်၏။ ဘိန်းရှူသည့်ပြောင်းလည်း ကျိုးပဲ့သွားသည်။

သူဌေးကြီးဥဘဏ်ထိစန်းသည် စန်ကွမ်းစီးယန်ကို ကပျာကယာ မော့ကြည့်လိုက်၏။

သူ၏အရောင်မှေးမှိန်နေသော မျက်လုံးများက တစ်စုံတစ်ရာအား တိုးလျှိုးတောင်းပန်နေပုံ ပေါ်လွင်နေသည်။

သူသည် ကုလားထိုင်ပေါ်မှဆင်းလိုက်ပြီး စန်ကွမ်းစီးယန်ရှေ့၌ ဒူးထောက်ကာ....

'ကျုပ်... ကျုပ် ဘိန်းရှူပါရစေ၊ ဘိန်းမရှူရရင် ကျုပ်သေလိမ့်မယ်၊ မင်း....မင်း ဘာလိုချင်သလဲ ပြောပါ'



စန်ကွမ်းစီးယန်က သူဌေးကြီးဥဘဏ်ထိစန်းကို ငုံ့၍တစ်ချက်စေ့စေ့ကြည့်လိုက်ပြီး....

'ကျွန်မ မေးတာကို ဖြေပါ'

သူဌေးကြီးဥဘဏ်ထိစန်းသည် ဦးခေါင်းကို ကပျာကယာ ညိတ်ပြလိုက်၏။

စန်ကွမ်းစီးယန်က....

'ရှင့်နာမည် ရစ်ပွန်မဟုတ်လား'

သူဌေး ကြီး ဥဘဏ်ထိစန်းက....

'ဟုတ်....ဟုတ်ပါတယ်'

စန်ကွမ်းစီးယန်က....

'ရှင်တို့သုံးယောက်တည်းမှာ ဘယ်သူက ခေါင်းဆောင်လဲ'

သူဌေးကြီး ဥဘဏ်ထိစန်းက....

'စန်ကွမ်းမုပါ'

စန်ကွမ်းစီးယန်က....

'အစိမ်းရောင်ဂေဟာဂိုဏ်းရဲ့ ဌာနချုပ်က ဘယ်မှာလဲ'

သူဌေးကြီးဥဘဏ်ထိစန်းက ကြမ်းပေါ်မှ ဘိန်းများကို တစ်ချက်ကြည့်ပြီး ဦးခေါင်းခါယမ်းကာ....

'အဲဒါတော့ ကျုပ်....ကျုပ်မသိဘူး'

စန်ကွမ်းစီးယန်က သူဌေးကြီးဥဘဏ်ထိစန်းကို အတန်ကြာအောင် စိုက်ကြည့်လိုက်၏။

သူဌေးကြီး ဥဘဏ်ထိစန်းက လိမ်ညာပြောခြင်း မဟုတ်ကြောင်းယုံကြည်မှ စန်ကွမ်းစီးယန်က ဆက်၍မေးလိုက်သည်။

'ဒါဖြင့် အစိမ်းရောင်ဂေဟာဂိုဏ်းရဲ့ ခေါင်းဆောင်ကရော ဘယ်သူလဲ'

သူဌေးကြီးဥာဏ်ထိစန်းက ဦးခေါင်းညိတ်၍....

'စန်ကွမ်းမှပါ'

စန်ကွမ်းစီးယန်က နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'အစိမ်းရောင်ဂေဟာဂိုဏ်းဟာ ဘိန်းကုန် အကြီးအကျယ် ဖြန့်ဖြူးနေတဲ့အဖွဲ့ အစည်းဆိုတာ အမှန်ပဲပေါ့'

သူဌေးကြီးဥာဏ်ထိစန်းက....

'ဟုတ်ပါတယ်၊ အဖွဲ့ဝင်တွေကတစ်ဆင့် ဘိန်းကိုဖြန့်ဖြူးပါတယ်'

စန်ကွမ်းစီးယန်က....

'ရှင်ကလဲ ဘိန်းဖြန့်တဲ့ကိစ္စမှာ ပါတာပဲမဟုတ်လား'

သူဌေးကြီး ဥာဏ်ထိစန်းက ဦးခေါင်းညိတ်ပြလိုက်သည်။

စန်ကွမ်းစီယန်က 'တောက်'တစ်ချက် ခေါက်လိုက်ပြီး....

'အခု ရှင် ဘယ်လောက် ဒုက္ခရောက်နေပြီလဲ ရှင်တို့ လောဘ ဇောတိုက်ပြီး လူတွေကို ဘိန်းစား မဖြစ်ဖြစ်အောင် လုပ်ခဲ့လို့ ဘိန်းစားဖြစ်သွားတဲ့ လူတွေဘယ်လောက်ဒုက္ခရောက်မလဲဆိုတာ ရှင် ကိုယ်ချင်းစာမိရဲ့လား၊ ဘိန်းကြောင့် စီးပွားပျက်၊ အိမ်ထောင်ပျက်တာတွေ ရှင် တွေးမိရဲ့လား၊ ဘိန်းကြောင့် လူတစ်ယောက်ရဲ့ ဂုဏ်နဲ့ သိက္ခာကျဆုံးမှာကို ရှင် မြင်ရဲ့လား'

သူဌေးကြီး ဥာဏ်ထိစန်းသည် ဦးခေါင်းကို ငုံ့ထား၏။ သူ၏ မျက်နှာသည် သူ၏ လက်ရှိ အသက်ထက် နှစ်ပေါင်း နှစ်ဆယ်မျှ ပို၍ အိုမင်းသွားသကဲ့သို့ ထင်မှတ်ရ၏။



သူ၏ မျက်လုံးအစုံတွင် ဝမ်းနည်း ကြေကွဲသည့် အရိပ်အယောင် ပေါ်လာ၏။ လုရှောင်ဖုန်းက သူဌေးကြီး ဥာဏ်ထိစန်းကို မျက်နှာလွှဲလိုက်သည်။

သူသည် သူဌေးကြီး ဥာဏ်ထိစန်းအပေါ် ကရုဏာဒေါသဖြစ်ဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ဟုတ်ထန်ချင်း၏ မျက်နှာပေါ်၌ မည်သည့် အမူအရာမျှ မတွေ့ရပါ။ မှန်းလူက သက်ပြင်းချရင်း....

'ဩော် ဒါကြောင့် သူကအနိုင်ကနေရှုံးသွားတာကိုး'

တစ်ချိန်လုံး ငြိမ်သက်နေသော ဝူကျောက်ချင်းကထိုင်ရာမှ ထကာ ဘာမျှ မပြောပဲ အခန်းထဲမှ ထွက်သွားလေတော့သည်။

သူဌေးကြီး ဥာဏ်ထိစန်းသည်အတန်ကြာအောင် ဦးခေါင်းငုံ့နေပြီးမှ ဦးခေါင်းကို ပြန်မော့ကာ နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'ကျုပ်ဟာ ဝါစန်းမြို့စားကြီးရဲ့ လူယုံတော် တစ်ယောက်ပါ၊ စန်ကွမ်းမှုရဲ့ အဆွယ်ကောင်းမှုကြောင့် လောဘဇောတက်ပြီး လုပ်ငန်းကို ပူးပေါင်းလုပ်ခဲ့ပါတယ်၊ မြိုးမြိုးမြက်မြက် ရတော့ လောဘကို အတောမသတ်နိုင်ခဲ့ပါဘူး၊ လူတွေဟာ ဆင်းရဲတဲ့ ဒဏ်ကို ခံနိုင်ပေမယ့် ချမ်းသာတဲ့ဒဏ်ကို ခံနိုင်သူကရှားပါးတယ်၊ ဒါနဲ့ပဲ နောက်ဆုံး ကျုပ်ကိုယ်တိုင် ဘိန်းစားဖြစ်မှန်းမသိ ဖြစ်လာခဲ့တယ်၊ ပထမတော့ ပျော်ရှင်မှုအတွက် ဘိန်းစားခဲ့တာပါ၊ နောက်တော့....'

သူဌေးကြီး ဥာဏ်ထိစန်းသည် ပြောရင်းပြောရင်း အသံတိမ်ဝင်သွား၏။ သူသည် သက်ပြင်းတစ်ချက်ချပြီး....

'မတူးတော့ပါဘူး၊ ကျုပ်ကို သတ်လိုက်ကြပါတော့မျာ။ ကျုပ် လူကြားထဲ မျက်နှာ မပြဝံ့တော့ဘူး'

စန်ကွမ်းစီးယန်က....

'ရှင့်အတွက် အချိန် မနှောင်းသေးပါဘူး၊ အမှားသိရင် အမှန် ရှိရမှာပေါ့၊ ရှင့်ကိုရှင် ပြုပြင်နိုင်ပါသေးတယ်၊ ပြီးတော့ လူတွေထဲမှာ မျက်နှာပြဝံ့အောင် ရှင်က ကျွန်မတို့ကို ကူညီပါလား'

သူဌေးကြီး ဥာဏ်ထိစန်းက....

'ကျုပ် ဘာအကူအညီ ပေးရမှာလဲ'

စန်ကွမ်းစီးယန်က....

'ကျွန်မ မေးတာကို ရှင်က မှန်မှန်ကန်ကန် ဖြေရုံပါပဲ'

သူဌေးကြီး ဥာဏ်ထိစန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'မေးပါ ကျုပ် အမှန်အတိုင်း ဖြေပါ့မယ်'

စန်ကွမ်းစီးယန်က....

'ဘိန်းချက်တဲ့ စခန်း ဘယ်မှာ ရှိသလဲ'

သူဌေးကြီး ဥာဏ်ထိစန်းက....

'အစိမ်းရောင် ဂေဟာမှာပါ'

စန်ကွမ်းစီးယန်က....

'ဒါဖြင့် အဲဒီ အစိမ်းရောင်ဂေဟာက ဘယ်မှာ ရှိလဲ'

သူဌေးကြီး ဥာဏ်ထိစန်းက ခေါင်းခါ ယမ်းပြလိုက်ပြီး....

'ယုံပါ မိန်းကလေး အဲဒီနေရာတော့ ကျုပ် မသိဘူး'



စန်ကွမ်းစီးယန်က....

'ကောင်းပြီ ဒါနဲ့ ရှင်က ရစ်ပွန်ကနေ ဥာဏ်ထိစန်းလို့ အမည်ပြောင်းခဲ့သလို စန်ကုမုကရော ဘာနာမည် ပြောင်းထားသလဲ'

သူဌေးကြီးဥာဏ်ထိစန်းက အချိန်မီတိန်းမရှုရသောကြောင့် ယိုစီးကျလာသော နှာရည်များကို လက်ခုံဖြင့် သုတ်လိုက်ပြီး....

'သူ့နာမည်က'

သူဌေးကြီး ဥာဏ်ထိစန်းသည် စကားပြောရင်း ရုတ်တရက် ရပ်တန့်သွား၏။ သူ၏ အရောင်မှေးမှိန်နေသော မျက်လုံးများသည် ရုတ်တရက် ပြူးကျယ်သွားသည်။

သူ၏မျက်နှာသည် တစ်ချက်မျှ တွန့်သွား၏။ ထို့နောက် သူ၏ ခန္ဓာကိုယ်သည် ရှေ့သို့ ဟပ်ထိုး လဲကျ သွားလေတော့သည်။

ကြမ်းပေါ်သို့ မှောက်လျက် လဲကျသွားသော သူဌေးကြီး ဥာဏ်ထိစန်း၏ နောက်ကျော၌ ဓားမြှောင် တစ်ချောင်းသည် လက်ကိုင်ရိုး တိုင်အောင် စိုက်ဝင်နေလေတော့သည်။

....o...

စန်ကွမ်းစီးယန်သည် သူဌေးကြီး ဉာဏ်ထိစန်း၏ နောက်ကျောဌ် စိုက်ဝင်နေသော ခါးမြှောင်အရိုးကို ကြည့်ရင်းငေးငိုင်သွားသည်။

ထိုတဒင်္ဂ အချိန်အတွင်း အခန်းထဲမှ လူများသည် ကြောင်အမ်းအမ်းဖြစ်ကာ မင်တက်မိပြီး ပြူးကြောင်သော မျက်လုံးများဖြင့် ကြမ်းပေါ်သို့ လဲကျသွားသော သူဌေးကြီး ဉာဏ်ထိစန်းကို ကြည့်နေမိသည်။

ထိုသို့ ငေးကြောင်နေရာမှ ပထမဆုံး သက်ဝင် လှုပ်ရှားလာသူမှာ လုရှောင်ဖုန်းဖြစ်သည်။

လုရှောင်ဖုန်းနှင့် ပြိုင်တူနီးပါး သက်ဝင်လှုပ်ရှားလာသူမှာ ဟုတ်ထန်ချင်း ဖြစ်သည်။

သူတို့သည် ထိုင်ရာမှ ရုတ်ခြည်းထကာ ပြတင်းပေါက်မှ ရှေ့ဆင့်နောက်ဆင့်အပြင်သို့ ခုန်ထွက်သွားလေတော့သည်။

သူတို့နှစ်ယောက် အပြင်သို့ ရောက်ရှိချိန်၌ အနက်ရောင်ဝတ်စုံ ကိုယ်ကြပ်အင်္ကျီကို ဝတ်ဆင်ထားပြီး ဦးခေါင်းကိုလည်း မျက်လုံးပေါက်သာ ဖောက်ထားသည့်အနက်ရောင်ခေါင်းစွပ်ကို စွပ်ထားသော လူတစ်ယောက်သည် အနက်ရောင် မြင်းပေါ်သို့ လွှားခနဲ ပေါ့ပါးစွာ ခုန်တက်ပြီး မြင်းကို ဒုန်းစိုင်း သွားလေတော့သည်။

လုရှောင်ဖုန်းသည် ခြေလှမ်းရပ်လိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။ ဟုတ်ထန်ချင်းက လုရှောင်ဖုန်းကို မျက်မှောင်ကြုတ်ကာ မကျေမနပ် ကြည့်ရင်း....



'အင်း ကျုပ် ကြားဖူးတဲ့ လုရှောင်ဖုန်းက တစ်ယောက်၊ အခု ကျုပ် တွေ့ရတဲ့ လုရှောင်ဖုန်းက တစ်ယောက် ဖြစ်နေပါလား'

လုရှောင်ဖုန်းကဟုတ်ထန်ချင်းကို ကြည့်ရင်း....

'ဟုတ်လား'

ဟုတ်ထန်ချင်းက....

'ဟုတ်တယ် ကျုပ် ကြားဖူးတဲ့ လုရှောင်ဖုန်းက ကိုယ်ဖော့ပညာ အလွန် တော်တယ်၊ လေးကညှို့ပြီပဲ လွှတ်လိုက်တဲ့ မြှားလို လျင်မြန်တယ်'

လုရှောင်ဖုန်းက ပြုံးစိစိဖြင့်....

'ကျုပ်ကိုယ်ကျုပ် ဒီလောက်တော်မှန်း ခင်ဗျားပြောမှပဲ သိတော့တယ်'

ဟုတ်ထန်ချင်းက မဲ့ပြုံးပြုံး၍....

'လက်တွေ့မှာတော့ အလကားပဲ ဟိုလူကို မီအောင်တောင် မလိုက်နိုင်ဘူး'

လုရှောင်ဖုန်းက....

'သူက ကျုပ်ထက်မြန်လို့ နေမှာပေါ့'

ဟုတ်ထန်ချင်းက လုရှောင်ဖုန်းကို စေ့စေ့ကြည့်လိုက်ပြီး....

'တစ်ကြိဘ်တည်း တစ်ဉာဏ်တည်းဆိုရင်တော့ သူက ခင်ဗျားထက် မြန်တာ အံ့သြစရာမလိုပါဘူး'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'အင်း....ကျုပ်ကလဲ ဟုတ်ထန်ချင်းဆိုတဲ့လူဟာ ဉာဏ်ပညာ ထက်မြက်မယ်လို့ ထင်ထားတာ မှားတာပဲ၊ ဒါကြောင့်လဲ ရှေးလူကြီးများက ပြောတာပေါ့၊ လူကဲခတ်ရတာ ခက်တယ်လို့'

လုရှောင်ဖုန်း၏ စကားကြောင့် ဟုတ်ထန်ချင်း၏ မျက်နှာသည် မည်းမှောင်၍ သွားသည်။

သူသည် လုရှောင်ဖုန်းကို မီးတောက်သော မျက်လုံးများဖြင့် ကြည့်ကာ....

'ဘာကြောင့် ခင်ဗျားက ပြောနိုင်ရတာလဲ'

လုရှောင်ဖုန်းက ပြုံးလျက်....

'ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ဥာဏ်ထိစန်းကို လုပ်ကြံတဲ့လူက ကျုပ်တို့မသိအောင် လာနိုင်တယ်ဆိုရင် သူ့ရဲ့ကိုယ်ဖော့ပညာက ကျုပ်တို့ထက် မညံ့ဘူးဆိုတာ ထင်ရှားနေတာပဲ၊ နောက်ပြီး သူက မြင်းနဲ့ထွက်ပြေးသွားတာဟာ သူစီးတဲ့မြင်းကလဲ မှန်ကိုမြင်းမျိုးပဲ၊ အဲဒါကို ကျုပ်တို့က ကိုယ့်ကိုကိုယ်အထင်ကြီးပြီး လိုက်သွားရင် လူရယ်စရာ ဖြစ်တော့မှာပေါ့'

လုရှောင်ဖုန်း၏ စကားအဆုံးတွင် ဟုတ်ထန်ချင်းသည် ဘာမျှပြန်မပြောတော့ဘဲ ပြတင်းပေါက်မှ အခန်းထဲသို့ ပြန်ခုန်ဝင်လိုက်သည်။

လုရှောင်ဖုန်းက ပခုံးတစ်ချက်တွန့်ပြီး ဟုတ်ထန်ချင်း၏နောက်မှလိုက်ကာ အခန်းထဲသို့ ပြတင်းပေါက်မှပင် ခုန်ဝင်လိုက်သည်။

အခန်းထဲသို့ လုရှောင်ဖုန်း ရောက်သည့်အချိန်၌ ဟုတ်ထန်ချင်းသည် သူဌေးကြီးဥာဏ်ထိစန်း၏ အလောင်းကို ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။

ထို့နောက် ဟုတ်ထန်ချင်းသည် စန်ကွမ်းစီးယန်ကို ခပ်စိမ်းစိမ်း တစ်ချက်ကြည့်လိုက်သည်။



ပြီးမှ သူသည် လုရှောင်ဖုန်းဘက်သို့လှည့်ကာ လုရှောင်ဖုန်းအား ရှုတည်တည်ဖြင့် တစ်ချက်ကြည့်ရင်း....

'ဒီမှာ လုရှောင်ဖုန်း မနက်ဖြန်နေထွက်ချိန်မှာ ကျုပ် ချိန်ဟုတ်တောင်ကုန်းက စောင့်နေမယ်၊ ခင်ဗျားလာခဲ့ပါ'

ဟု ပြောကာ အခန်းထဲမှ ထွက်သွားလေတော့သည်။

လုရှောင်ဖုန်းသည် ဥာဏ်ထိစန်း၏ အလောင်းကို ပခုံးပေါ်ထမ်းလျက် အခန်းထဲမှ ထွက်သွားသော ဟုတ်ထန်ချင်း၏နောက်ကျောကို ငေးကြည့်ရင်း ပခုံးတစ်ချက် တွန့်လိုက်မိလေတော့၏။

....၁....

## တီကောင်တစ်ကောင် လောင်းကြေး

ဟုတ်ထန်ချင်းက ဥာဏ်ထိစန်း၏ အလောင်းကို ပခုံးပေါ် ထမ်းလျက် အခန်းထဲမှ ထွက်သွားပြီးနောက် စန်ကွမ်းစီးယန်သည် မည်သူ့ကိုမျှ နှုတ်ဆက်ခြင်းမပြုဘဲ တိတ်ဆိတ်စွာ ထွက်ခွာသွားခဲ့သည်။

လုရှောင်ဖုန်းနှင့် မန်းလူတို့သည် စန်ကွမ်းစီးယန် ထွက်သွားပြီးနောက် အတန်ကြာမှ သူဌေးကြီးဥာဏ်ထိစန်း ဂေဟာမှ ထွက်လာခဲ့သည်။

ထို့နောက် သူတို့သည် တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်တည်းခို၏။ သူတို့သည် ထိုတည်းခိုခန်း၏ စားသောက်ဖွယ်ရာများကို မှာယူစားသောက်နေကြသည်။

သူတို့သည် တစ်ယောက်ကို တစ်ယောက် စကားမပြောကြဘဲ တိတ်ဆိတ်စွာ စားသောက်နေသည်။



အတန်ကြာမှ မန်းလူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'လုရှောင်ဖုန်း၊ ထမင်းစားသောက်ပြီးရင် မင်း တစ်ရေးလောက် အိပ်လိုက်ပါဦးလား'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'ဟုတ်ထန်ချင်းလို လူစားမျိုးနဲ့ ချိန်းထားရင် မင်းကော အိပ်ပျော်ပါ့မလား'

မန်းလူက သက်ပြင်းချလိုက်ပြီး....

'မင်းပြောတာ မှန်ပါတယ်၊ မင်းနေရာမှာ ငါသာဆိုရင်လဲ အိပ်ပျော်နိုင်မှာ မဟုတ်ဘူး'

လုရှောင်ဖုန်းက....

'ဟုတ်ထန်ချင်းကို မင်းဘယ်လိုမြင်လဲ'

မန်းလူက....

'သူ့ရဲ့ဥပဓိရုပ်ကို ငါမမြင်ရပေမယ့် သူ့ရဲ့အသံအရ သူဟာ တည်ကြည်ပြီး အရာရာကို စေ့စပ်သေချာမှ လုပ်တဲ့လူမျိုး၊ ပြီးတော့ သူ့ကိုယ်သူလဲ အတော်ယုံကြည်တဲ့လူမျိုး၊ ငါပြောတာက သူ့ကိုယ်သူ အထင်ကြီးတာမျိုး မဟုတ်ဘူးနော်'

လုရှောင်ဖုန်းက....

'ဟုတ်တယ်၊ ဟုတ်ထန်ချင်းက အဲဒီလိုလူစားမျိုးပဲ၊ ပြီးတော့ သူ့ရဲ့သိုင်းပညာဟာ ဥာဏ်ထိစန်းထက်တော် သာလိမ့်မယ်လို့ ငါထင်တယ်'

မန်းလူက ဦးခေါင်းညိတ်ပြီး....

'ဟုတ်တယ်၊ သူ့ရဲ့လှုပ်ရှားမှုဟာ မင်းနဲ့ မတိမ်းမယိမ်းရှိမယ်လို့ ငါထင်တယ်၊ နေပါဦးကွ၊ သူ့လိုလူစားက ဘာဖြစ်လို့

ဥာဏ်ထိစန်းရဲ့ လက်အောက်မှာလာပြီး နေရတာလဲ၊ ငါတော့ စဉ်းစားလို့ မရဘူး'

လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး ...

'ဟုတ်တယ်၊ ငါလဲ ဒီကိစ္စကို အတွေးခက်နေတယ်၊ ဒီလူဟာ လူကောင်းတစ်ယောက်ပဲ၊ ဒါပေမယ့် သူက ဘာဖြစ်လို့ ဘိန်းချနေတဲ့ ဥာဏ်ထိစန်းနဲ့လာပြီး ပတ်သက်နေတယ်ဆိုတာ အဖြေရှာလို့ မတွေ့သေးဘူး'

မန်းလူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အတန်ကြာအောင် တိတ်ဆိတ်နေသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ....

'မင်း သူ့ကို နိုင်လိမ့်မယ်လို့ ထင်သလား'

'သိပ်တော့ လွယ်မယ်မထင်ဘူး'

မန်းလူက ဦးခေါင်းတစ်ချက် ခါယမ်းရင်း ...

'အခွင့်အလမ်းမရှိဘူး'

လုရှောင်ဖုန်းက....

'ဘာကို အခွင့်အလမ်းမရှိတာလဲ'

မန်းလူက သက်ပြင်းချ၍....

'မင်းတို့နှစ်ယောက် တိုက်ခိုက်မှာကို ပြောနေတာ၊ ဘာမှ အခွင့်အလမ်းမရှိဘူး၊ ကျုပ်တော့ မင်းတို့နှစ်ယောက် အချင်းချင်း သတ်ကြမှာကို မဖြစ်စေချင်ဘူး'

လုရှောင်ဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

'အမှန်တော့ ကျုပ်သူနဲ့မယှဉ်ချင်ပါဘူး၊ သူက လူတော် လူကောင်းပါ၊ ကျုပ်သူ့ကိုလေးစားပါတယ်၊ ဒါပေမယ့် သူက



ကျုပ်ကို တိတိကျကျ ပြောသွားတာဆိုတော့ မင်းပဲ စဉ်းစား ကြည့်လေ'

မန်းလူက သက်ပြင်းတစ်ချက်ချကာ....

'အင်း....သိုင်း လောက သား တွေ ဟာ အခက်သားပဲကိုး၊ တစ်ယောက်ကချိန်းရင် တစ်ယောက်က ဘာပဲ ဖြစ်နေဖြစ်နေ သွားကိုသွားရမယ်လို့ ယူဆကြတယ်၊ ဒါမှလဲ ဂုဏ်ရှိတယ်၊ သိက္ခာရှိတယ်လို့ ထင်ကြတယ်မဟုတ်လား'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'တည့်တည့်ပြောစမ်းပါကွာ၊ မင်းက ကျုပ်ကို ဂုဏ်လိုချင်လို့ သွားတာဆိုပြီး ထင်နေတယ်မဟုတ်လား'

မန်းလူက ဘာမျှပြန်မပြောပါ။

လုရှောင်ဖုန်းက ပြုံးလျက်....

'ဒီမှာ သူချိန်းတဲ့ဆီကို ကျုပ်သွားမှာက ဂုဏ်လိုချင်လို့ မဟုတ်ဘူး'

မန်းလူက ပြုံး၍....

'ဒါဖြင့် မင်းက ဘာကိစ္စသွားမှာလဲ'

လုရှောင်ဖုန်းက....

'သူ့ဆီက ကျုပ်သိချင်တာတစ်ခုခုတော့ သိရလိမ့်မယ်ထင်လို့ သွားမှာ'

မန်းလူက ဦးခေါင်းညိတ်လိုက်ပြီး....

'ဒါပေမယ့် ဘာပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက် ဓားချင်းတော့ ယှဉ်ရမှာပဲမဟုတ်လား'

လုရှောင်ဖုန်းက ဘာတတ်နိုင်မှာလဲဟူသော သဘောမျိုးဖြင့် ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဒါတော့ ကျုပ်လဲမတတ်နိုင်ဘူး၊ ဒီမှာပန်းလူ၊ မင်း ကျုပ်နေရာကနေပြီး ဝင်ကြည့်စမ်းပါ၊ ကျုပ်က သူချိန်းတဲ့နေရာကို မသွားရင် ကျုပ်ဘာဖြစ်သွားမလဲ၊ ကျုပ်ကတိပျက်ရာကျမယ်၊ သူ့ကို ကျုပ်က ကြောက်တဲ့သဘော သက်ရောက်သွားမယ်၊ နောက်ပြီး အခုလိုယှဉ်ပြိုင်လိုက်မှလဲ သူဟာ ကျုပ်ရဲ့ရန်သူလား၊ မိတ်ဆွေလားဆိုတာ ခွဲခြားလို့ရမယ်'

ထို့နောက် လုရှောင်ဖုန်းသည် သောက်လက်စ အရက်ကို ကုန်အောင် မော့၍ သောက်လိုက်ပြီး အရက်ခွက်ကို စားပွဲပေါ်သို့ တင်လိုက်၏။

ပြီးမှ သူသည် ထိုင်ရာမှ ဖြည်းညင်းစွာထလိုက်၏။ သူသည် ဟုတ်ထန်ချင်းနှင့် ချိန်းဆိုထားရာသို့ သွားရတော့မည် မဟုတ်ပါလား။

ထိုစဉ် ရုတ်တရက် အခန်းတံခါးခေါက်သံ ထွက်ပေါ်လာလေတော့သည်။

'ဒေါက်....ဒေါက်....ဒေါက်'

အခန်းတံခါး ခေါက်သံကြောင့် လုရှောင်ဖုန်း မျက်မှောင်ကြုတ်သွား၏။

မန်းလူ၏မျက်နှာပေါ်၌ မည်သို့မျှ ထူးခြားမှုမရှိပါ။

အကြောင်းမှာ မန်းလူသည် သူ့ထံသို့လာသော လူအားလုံးကို အမြဲပင် ကြိုဆိုတတ်သောကြောင့် မဟုတ်ပါလော။



လုရှောင်ဖုန်းက အခန်းတံခါးကို သွားရောက်ဖွင့်ပေးလိုက်သည်။ အခန်းတံခါးဝ၌ လူတစ်ယောက် ရပ်နေသည်။

ထိုလူ၏ခန္ဓာကိုယ်မှာ ပိန်ပိန်သေးသေးဖြစ်၏။ ထိုလူ၏အရပ်အမောင်းမှာ ပုပြတ်ပြတ်ဖြစ်သည်။

ထိုလူ၏အသက်မှာ ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင်ရှိပြီဖြစ်သည်။ ထိုလူ၏ မျက်နှာတစ်ခုလုံးသည် ကျောက်ပေါက်သည့် အမာရွတ်များဖြင့် ပြည့်နက်ကာ မျက်နှာတစ်ခုလုံးတွင် ကျင်းများ ချိုင့်များ ဖြစ်နေသည်။

ထိုလူ၏ မျက်လုံးအစုံကမူ စူးရှတောက်ပသည်။ ထိုလူသည် လုရှောင်ဖုန်းက တံခါးဖွင့်လိုက်သည်နှင့် စကား တစ်ခွန်းမျှ မပြောဘဲ အခန်းထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်သွား၏။

ထိုလူ၏ ဟန်ပန်အမူအရာမှာ မိမိ၏နေအိမ်သို့ ပြန်လာသော အိမ်ရှင်၏အသွင်မျိုး ဖြစ်၏။

ထိုလူသည် လုရှောင်ဖုန်းကိုလည်း မကြည့်၊ မန်းလူကိုလည်း မကြည့်ဘဲ ထမင်းစားပွဲသို့သာ တန်းတန်းမတ်မတ် လျှောက်သွား၏။

သူ၏မျက်လုံးအစုံသည် စားပွဲပေါ်မှထမင်းဝိုင်းကို မြင်တွေ့လိုက်သည်နှင့် ဝင်းလက်တောက်ပသွားပြီး....

'ဟား....ဗိုက်ဆာနေတာနဲ့အတော်ပဲ'

ထို့နောက် သူသည်ခပ်တည်တည်ဖြင့် ကုလားထိုင်တစ်လုံး၌ ထိုင်ချလိုက်၏။ ပြီးမှ သူသည် စားပွဲပေါ်မှစါးတူကို ကိုင်လိုက်ပြီး ဟင်းလျာခွက်များကို နှိုက်၍ စားသောက်နေလေတော့၏။

လုရှောင်ဖုန်းသည် မိမိ၏ အခန်းတံခါးကိုခေါက်၍ မိမိက ဖွင့်ပေးသောအခါ မည်သူ့ကိုမျှ မကြည့်ဘဲ ကိုယ့်အိမ်ကိုယ့်ရာ ကဲ့သို့ သဘောထားကာ ဝင်ရောက်လာပြီး စားပွဲတွင်ဝင်ထိုင် လျက် ပိုင်စိုးပိုင်နင်းနှင့် ဟင်းလျာများကို နှိုက်စားနေသော ထိုအဘိုးအိုကို အံ့ဩစွာကြည့်ရင်း အခန်းတံခါးကို ပြန်ပိတ် လိုက်၏။

ထို့နောက် လုရှောင်ဖုန်းသည်စားပွဲသို့ပြန်လျှောက်လာ၏။ အဘိုးအိုက....

'ကောင်းလိုက်တဲ့ဟင်းတွေ'

ဟု ပြောကာ အနီးသို့ရောက်လာသော လုရှောင်ဖုန်းကို ထိုအချိန်မှ လှည့်ကြည့်လိုက်ပြီး....

'ဟော့....မိတ်ဆွေကြီး ဝင်စားလေကွာ၊ ဟင်းက ကောင်း တယ်ကွ'

အဘိုးအို၏ ပုံပန်းနှင့် ဟန်ပန်မှာ အိမ်ရှင်က ညှော်သည်ကို ထမင်းစားဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။

လုရှောင်ဖုန်းက အဘိုးအိုကို မျက်မှောင်ကြုတ်၍ ကြည့် လိုက်ပြီး....

'အဘက ဘယ်ကလဲ'

အဘိုးအိုက ထမင်းနှင့် ဟင်းလျာများကို မြိန်ယှက်စွာ စားသောက်ရင်း....

'ကျုပ်လား....ကျုပ်က ဒီမြို့ကပါ'

လုရှောင်ဖုန်းက....

'ဘာကိစ္စရှိလို့လဲ'



အဘိုးအိုက ဘာမှပြန်မပြောပါ။

အဘိုးအိုသည် ထမင်းနှင့် ဟင်းလျာများကိုသာ ငုံ့၍ ပလုပ်ပလောင်း စားလိုက်သည်။

လုရှောင်ဖုန်းက ထမင်းနှင့် ဟင်းလျာများကို ငုံ့၍ စားနေ သော အဘိုးအိုကို မျက်မှောင်ကြုတ်ကြည့်ရင်း....

'ဘာကိစ္စနဲ့လာတာလဲ'

အဘိုးအိုက လုရှောင်ဖုန်း၏အမေးကိုမဖြေပါ။ ထိုအမေးကို ဖြေရန်မှာ သူ၏အလုပ်မဟုတ်ဘဲ ထမင်းစားရန်သာ သူ၏အလုပ် ဖြစ်နေသကဲ့သို့ ထမင်းကိုသာ အားပါးတရစားနေသည်။

လုရှောင်ဖုန်းသည် အဘိုးအို၏အပြုအမူကို စိတ်ထဲ၌ မတွေ့ တော့ချေ။ ထို့ကြောင့် လုရှောင်ဖုန်းသည် အဘိုးအိုကိုတိုက်ခိုက် ရန် ရုတ်တရက် လက်ကိုဆန့်ထုတ်ရန် ဟန်ပြင်လိုက်သည်။

လုရှောင်ဖုန်း၏သဘောမှာ ထိုအဘိုးအိုအား ပညာစမ်းရုံ သက်သက် တိုက်ခိုက်လိုခြင်းဖြစ်သည်။

သို့သော် သူက ထိုသို့ အဘိုးအိုအား တိုက်ခိုက်ရန်အတွက် လက်ဆန့်ထုတ်ရန် ဟန်ပြင် လိုက်သည်နှင့် မျက်စိမမြင်သော မှန်းလူက သူ့အား ဟန့်တားထားလိုက်သည်။

ထို့ကြောင့် လုရှောင်ဖုန်းက တစ်ချက်ပြုံးလိုက်ပြီး....

'ဘယ်လိုလဲ အဘ၊ စားလို့ကောင်းရဲ့လား'

အဘိုးအိုက ဘာမျှ ပြန်မပြောပါ။ သူသည် ထမင်းကို ဝအောင်စားပြီးမှ ကျေနပ်သောအသွင်ဖြင့် သူ၏ဝမ်းဗိုက်ကို လက်ဖြင့်ပွတ်ရင်း လုရှောင်ဖုန်းဘက်သို့လှည့်ကာ....

'အင်း....ဒီအချိန်မျိုးဟာ ထမင်းစော်တက်တဲ့ အချိန်မျိုးကွ၊ အခုလိုအချိန်မျိုးမှာ ထမင်းပွဲကို အဆင်သင့် တွေ့လိုက်တော့ လာရင်းကိစ္စကိုတောင် ပြောဖို့မေ့သွားတယ်'

လုရှောင်ဖုန်းက ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး....

'အဘ....စားလို့ သောက်လို့ပြီးပြီ မဟုတ်လား'

အဘိုးအိုက ဦးခေါင်းညိတ်ကာ....
'အင်း....ပြီးပြီ'

လုရှောင်ဖုန်းက....
'ဒါဆို လာရင်းကိစ္စ ပြောလို့ရပြီပေါ့'

အဘိုးအိုက ပြုံးပြလိုက်ပြီး....
'ဒါ့ထက် နေပါဦး၊ ပင်းက နေတက်ရင် ချိန်ဟုန်တောင်ထိပ်ကို သွားရမယ့်သူငယ် မဟုတ်လား'
အဘိုးအို၏စကားကြောင့် လုရှောင်ဖုန်းသည် မျက်မှောင်တစ်ချက် ကြုတ်သွားသည်။
'ဒီသတင်းကို အဘ ဘယ်ကကြားလာသလဲ'
အဘိုးအိုကပြုံး၍....
'ဒီသတင်းကို ဘယ်ကကြားလာတယ်ဆိုတာ အသာထား လိုက်ဦး၊ ကျုပ် လာရင်းကိစ္စကိုပြောမယ်'
လုရှောင်ဖုန်းက မိမိ၏မေးခွန်းကို ဟိုဝေ့ပတ် သည်ဝေ့ပတ် လုပ်နေသော အဘိုးအိုကို စိတ်မရှည်ချင်တော့ပေ။
'ကဲ....ဒါဖြင့် လာရင်းကိစ္စကိုပြောပါဦး'



အဘိုးအိုက ချောင်းတစ်ချက်ရှင်းလိုက်ပြီး....
'လူတစ်ယောက်က ကျုပ်ကို ငွေနှစ်ထောင်ပေးပြီး မင်းကို ချိန်ဟုန်တောင်ထိပ်မသွားအောင် ဟန့်တားခိုင်းလို့'
အဘိုးအို၏စကားအဆုံးတွင် လုရှောင်ဖုန်းက တဟားဟားဖြင့် သဘောကျစွာ ရယ်မောလိုက်သည်။

လုရှောင်ဖုန်းသည် ထိုသို့ရယ်မောလိုက်ပြီးမှ....
'ဒါနဲ့ အဘက ငွေနှစ်ထောင်ယူပြီး ကျွန်တော့်ကိုလာတားတယ် ဆိုပါတော့'

အဘိုးအိုက ဦးခေါင်းခါယမ်းလိုက်ပြီး....
'မင်းကို ကျုပ် မတားရဲပါဘူး'
လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားကာ....
'ဒါဖြင့် ဘာလာလုပ်တာလဲ'

အဘိုးအိုကပြုံး၍....
'မင်းကို လာခိုးတာ'
အဘိုးအို၏စကားကို ကြားရသောအခါ လုရှောင်ဖုန်းသည် ရုတ်တရက် အံ့ဩသွားပြီး အဘိုးအိုအား လက်ညှိုးထိုး၍....
'ကျုပ်ကို လာခိုးတာ ဟုတ်လား'
အဘိုးအိုက....
'ဟုတ်တယ်'
ထို့နောက် အဘိုးအိုသည် သူ၏ ခေါင်းပေါ်မှ ဖြူဖွေးသော ဆံပင်များကို လက်ဖြင့် ဖယ်ရှားလိုက်ရာ မည်းနက်သော ဆံပင်များ ပေါ်လာသည်။

အဘိုးအိုသည် ပြုံး၍ လက်ထဲမှ ဆံပင်အတုကို စားပွဲ ပေါ်ချထားလိုက်သည်။ ထို့နောက် အဘိုးအိုသည် ပဝါတစ်ခုကို ဆွဲထုတ်၍ မျက်နှာကို ပွတ်သပ်လိုက်သောအခါ မျက်နှာပေါ်မှ ကျောက်ပေါက်မာ အမာရွတ်များ ကွာကျကုန်သည်။

လုရှောင်ဖုန်းသည် အဘိုးအို၏ လှုပ်ရှားမှုကို ငေး၍ ကြည့်နေရင်း....

'ဟာ....ဟော့ကောင် ကြယ်တံခွန်'

စောရကြယ်တံခွန်သည် လုရှောင်ဖုန်းကို ပြုံး၍ကြည့်နေ၏။ ပြီးမှ....

'မင်း ငါ့ကို မမှတ်မိဘူးလား'

လုရှောင်ဖုန်းက....

'ဟင့်အင်း....မမှတ်မိဘူး'

စောရကြယ်တံခွန်က ရင်ကို ကော့၍....

'ဟဲ....ဟဲ....မင်းကို လိမ်လို့ရရင်တော့ ငါ့ရဲ့ ရုပ်ဖျက်ပညာ အဆင့်အတော်မြင့်လာပြီလို့ မှတ်ရမှာပဲ'

လုရှောင်ဖုန်းက စောရကြယ်တံခွန်ဟု ခေါ်လိုက်သည့်အပြင် စောရကြယ်တံခွန်၏ အသံကိုပါ ကြားလိုက်ရသောကြောင့် မန်းလူက ဝမ်းသာအယ်လဲ ဖြစ်ကာ....

'စောရဘုရင်ကြယ်တံခွန်လား၊ မင်း ဘယ်လိုလုပ်ပြီး ဒီလိုက် လာတာလဲ'

စောရကြယ်တံခွန်က ပြုံးလိုက်ပြီး....

'ငါထင်တယ်၊မင်းတို့ ဝါစန်းမြို့စားကြီးကို မသိရင်တောင်မှ မြို့စားကြီးရဲ့ သမီး သခင်မလေး သန်းဖုံးကိုတော့ သိမှာပေါ့'



လုရှောင်ဖုန်းက....

'ပြောမှာသာ ပြောစမ်းပါ'

စောရကြယ်တံခွန်က....

'ငါ့ဆီကို အဲဒီ သခင်မလေး သန်းဖုံး ရောက်လာတယ်၊ ပြီးတော့ မင်းနဲ့ ဟုတ်ထန်ချင်းတို့ ချိန်ဟုန်တောင်ထိပ်မှာ ယှဉ်ပြိုင်မယ်ဆိုတာ ပြောတယ်၊ ဟုတ်ထန်ချင်းဟာ ဘယ်သူလဲ၊ ဘယ်ကလဲတော့ သူ မသိဘူးတဲ့၊ ဒါပေမယ့် ဟုတ်ထန်ချင်းဟာ လူကောင်း လူတော်တစ်ယောက်ဖြစ်လိမ့်မယ်လို့ သူက ယုံကြည်တယ်တဲ့၊ ဒါကြောင့် ကျုပ်ကို ငွေနှစ်ထောင် ပေးပြီး မင်းကို မဖြစ် ဖြစ်တဲ့နည်းနဲ့ တားပေးပါဆိုပြီး အကူအညီပါ လာတောင်းတယ်'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး....

'အဲဒီ ငွေကို မင်းက လက်ခံလိုက်ပြီးပြီလား'

စောရကြယ်တံခွန်က....

'သူက ငွေအကျေပေးသွားပါတယ်'

လုရှောင်ဖုန်းက....

'ဒါဖြင့် အဲဒီငွေကို ပြန်ပေးလိုက်ပါ'

စောရကြယ်တံခွန်က....

'ဘာလဲ... မင်းကို ငါက တားမထားနိုင်ဘူးလို့ မင်းက ထင်လို့လား'

လုရှောင်ဖုန်းက....

'မင်းကရော ငါ့ကို တားနိုင်မယ်လို့ ထင်လို့လား'

စောရကြယ်တံခွန်က ပြုံး၍....

'ကျုပ်က မပိုင်ဘူးဆိုရင် အခုလို အချိန်မတော်မှာ မင်းဆီ ကို ကျုပ် ရောက်လာပါမလား'

လုရှောင်ဖုန်းက ပြုံးပြီး....

'စောင့်ကြည့်သေးတာပေါ့'

စောရကြယ်တံခွန်က....

'အဲဒီလို စောင့်ကြည့်ရမယ့်အဘူတူ ဒီလိုလုပ်ပါလား'

လုရှောင်ဖုန်းက....

'ဘယ်လိုလုပ်မှာလဲ'

စောရကြယ်တံခွန်က....

'လောင်းကြေးစားကြေးနဲ့ အလောင်းအစားလုပ်ရအောင်'

လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'စိန်လိုက်လေ ...ဘာကြေးလဲ'

စောရကြယ်တံခွန်က သဘောကျစွာ ပြုံးလိုက်ပြီး....

'မင်း သေသေချာချာ ဆုံးဖြတ်ပြီးလို့လား'

လုရှောင်ဖုန်းက ပြုံး၍....

'ပြောသာပြောစမ်းပါ၊ ဘာကြေးလောင်းမှာလဲ'

စောရကြယ်တံခွန်က....

'ရှုံးတဲ့လူက တီကောင်တစ်ကောင် ကူးပေးကြေး'

ဟု ပြောလိုက်လေတော့၏။

— ၁ —



'အောက်....အီး....အီး....အွတ်'

ကြက်တွန်သံများ ဟိုမှသည်မှ ပေါ်ထွက်လာသည်။

စောရကြယ်တံခွန်သည် လုရှောင်ဖုန်းအား ခပ်ထေ့ထေ့ တစ်ချက် ပြုံးပြလိုက်ပြီး ထိုင်ရာမှ ထကာ အခန်းထဲမှ ထွက် သွားလေတော့၏။

လုရှောင်ဖုန်းက အခန်းထဲမှ ထွက်ခွာသွားသော စောရ ကြယ်တံခွန်၏ နောက်ကျောကို ကြည့်၍ ပြုံးလိုက်၏။

အတန်ကြာမှ လုရှောင်ဖုန်းသည် အညောင်းတစ်ချက် ဆန့် လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

မန်းလူက ဦးခေါင်းကို မော့၍....

'မင်း သွားတော့မလို့လား'

လုရှောင်ဖုန်းက ပြုံးလျက်....

'ခဏကြာရင် နေထွက်တော့မယ်'

မန်းလူက....

'စောရကြယ်တံခွန်က မင်းကို မသွားဖြစ်အောင် တားမှာ သေချာတယ်'

လုရှောင်ဖုန်းက....

'စောင့်ကြည့်သေးတာပေါ့၊ သူကပဲ တားနိုင်မလား၊ ကျုပ် ကပဲ သွားနိုင်မလား'

မန်းလူက ပြုံး၍....

'ကျုပ်ကတော့ စောရကြယ်တံခွန်က မင်းကို တားနိုင်ပါ စေလို့ ဆုတောင်းရမှာပဲ'

ဟု ပြောလိုက်သည်။

လုရှောင်ဖုန်းက ပြုံးရုံပြုံးလိုက်ပြီး မန်းလူကို ဘာမျှပြန်မပြောတော့ချေ။ သူသည် ဟုတ်ထန်ချင်းနှင့် ချိန်းဆိုထားသော ချိန်ဟုန်တောင်ထိပ်သို့ သွားရန် ပြင်ဆင်နေလေတော့သည်။

....o....

နေဝန်းသည် မိုးကုပ်စက်ဝိုင်း ရေပြင်ညီမျဉ်းမှ ခေါင်းပြူ၍ ထွက်ပေါ်လာပြီ ဖြစ်သည်။

ချိန်ဟုန်တောင်ကုန်းသည် မြင့်မားဝေသီသော တောင်တစ်ခု မဟုတ်ပါ။

တောင်ပူစာတစ်ခုထက် အတန်ငယ်မြင့်သော တောင်ကုန်းတစ်ခုသာ ဖြစ်ပါသည်။

ချိန်ဟုန်တောင်ကုန်း၏ အနီးတစ်ဝိုက်တွင် လူနေအိမ်ခြေမရှိသဖြင့် အထီးကျန်ကာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည်။

ထိုချိန်ဟုန်တောင်ကုန်းထိပ်၌ လူတစ်ယောက် ရပ်နေသည်။ ထိုလူသည် အဖြူရောင် အဝတ်အစားများကို တစ်ကိုယ်လုံး ဝတ်ဆင်ထားသည်။

တိုက်ခတ်လျက်ရှိသော လေကြောင့် ထိုလူ၏အင်္ကျီအစများသည် တဖျပ်ဖျပ် မြည်နေသည်။



လုရှောင်ဖုန်းသည် ထိုလူနှင့် တစ်လံအကွာ၌ ရပ်လိုက်သည်။ ထိုလူသည် မိမိ၏နောက်၌ လုရှောင်ဖုန်းရပ်လိုက်သည့် အချိန်အထိ လုံးဝလှည့်ကြည့်ခြင်း မရှိချေ။

ထိုလူသည် အဝေးသို့သာ ငေးမောကြည့်နေ၏။ လုရှောင်ဖုန်းက ချောင်းဟန့်သံတစ်ချက် ပြုလိုက်သည်။

'အဟမ်း'

ဟူသော လုရှောင်ဖုန်း၏ ချောင်းဟန့်သံကြားမှ ထိုလူသည် လုရှောင်ဖုန်းဘက်သို့ လှည့်ကြည့်လိုက်ပြီး....

'ဩော်....မင်းရောက်လာပြီကိုး'

လုရှောင်ဖုန်းက....

'မင်းရောက်လာတာ ကြာပြီလား၊ ဟုတ်ထန်ချင်း'

ဟုတ်ထန်ချင်းက လုရှောင်ဖုန်း၏အမေးကို မဖြေဘဲ....

'ကျုပ်က ခင်ဗျားနဲ့ ယှဉ်ပြိုင်ဖို့ကိစ္စကို ရက်ရွှေ့လိုက်မယ်ဆိုရင် ခင်ဗျား သဘောတူရဲ့လား'

ဟုတ်ထန်ချင်း၏ အမေးစကားကြောင့် လုရှောင်ဖုန်းက မျက်မှောင်ကြုတ်၍ ဟုတ်ထန်ချင်းကို ကြည့်လိုက်မိသည်။

ဟုတ်ထန်ချင်းက မပြုံးမရယ်ဘဲ မျက်နှာထား တည်တည်ဖြင့်....

'ခင်ဗျား တစ်ခုတော့ မှတ်ထားပါ၊ ကျုပ်....ခင်ဗျားနဲ့ ယှဉ်ပြိုင်ရမှာကြောက်လို့ ရက်ရွှေ့လိုက်တာ မဟုတ်ဘူးဆိုတာပဲ၊ အခု ကျုပ်မှာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ရပ်ကို ဆောင်ရွက်စရာ ရှိနေလို့ ရက်ရွှေ့လိုက်ရတာပဲ'

လုရှောင်ဖုန်းက....

'ဘယ်နေ့ကို ရွှေ့မလဲ'

ဟုတ်ထန်ချင်းက....

'ကျုပ်....ခင်ဗျားကို အကြောင်းကြားလိုက်ပါ့မယ်၊ မကြာစေရပါဘူး၊ ကျုပ်ရဲ့ကိစ္စ ဆောင်ရွက်ပြီးတာနဲ့ ခင်ဗျားကို အကြောင်းကြားမှာပါ'

ဟုတ်ထန်ချင်း၏ အသံမှာ တစ်မျိုးကြီး ဖြစ်နေသည်ဟု လုရှောင်ဖုန်း သတိပြုမိသည်။

အလွန်အရေးကြီးသော ကိစ္စကို ဆောင်ရွက်ရန် ရှိသည့်အပြင် ထိုကိစ္စကိုဆောင်ရွက်ရန် အချိန်လုရသော အခါမျိုး၌ လူတိုင်းသည် ထိုသို့ပင် ဖြစ်တတ်သည့် သဘောရှိသည် မဟုတ်ပါလော....

ထို့ကြောင့် လုရှောင်ဖုန်းက ဦးခေါင်းညိတ်ရင်း....

'ကောင်းပြီလေ၊ ခင်ဗျားသဘောပဲ'

ဟုတ်ထန်ချင်းက....

'အခုလို ကျုပ်ဆန္ဒကို လိုက်လျောတာ ကျေးဇူးတင်ပါတယ်၊ ကဲ....ကျုပ်ကို ခွင့်ပြုပါဦး'

လုရှောင်ဖုန်းသည် ထွက်ခွာသွားသော ဟုတ်ထင်ချင်း၏ နောက်ကျောကိုကြည့်ရင်း စိတ်ထဲ၌ တစ်မျိုးခံစားလိုက်ရ၏။

ယနေ့ ဟုတ်ထန်ချင်း၏ လှုပ်ရှားမှုနှင့် လေသံမှာ တစ်မျိုးဖြစ်နေသည်။ ဟုတ်ထန်ချင်းသည် အလွန်အရေးကြီးသည့် ကိစ္စ



ကြောင့် ယခုကဲ့သို့ ဖြစ်သည်ဟု မမှတ်ယူချင်။ ဟုတ်ထန်ချင်း၏ ကိစ္စသည် သာမန်လူတို့ မကြုံဖူး မတွေ့ဘူးသော ကိစ္စတစ်ရပ်ပင် ဖြစ်ပေလိမ့်မည်ဟု လုရှောင်ဖုန်း တွေးတောလိုက်သည်။

သူသည် ထိုသို့ တွေးတောလိုက်ပြီး စိတ်ရှုပ်သွားဟန်ဖြင့် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ချိန်တွင် ချိန်ဟုန်တောင်ကုန်းပေါ်၌ ဟုတ်ထန်ချင်း၏အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

....၄....

တည်းခိုခန်းထဲသို့ လှမ်းဝင်လိုက်သော လုရှောင်ဖုန်း၏ ခြေလှမ်းများသည် နေရာ၌ပင် ရုတ်တရက် ရပ်တန့်သွားလေတော့သည်။

အကြောင်းမှာ မန်းလူသည် လူတစ်ယောက်နှင့် စကားပြောလျက် ရှိနေသောကြောင့်ပင် ဖြစ်၏။

လူတစ်ယောက်နှင့် မန်းလူ စကားပြောခြင်းသည် လုရှောင်ဖုန်း၏ ခြေလှမ်းများကို ရပ်တန့်အောင် ဆန်းကြယ်သော ကိစ္စတစ်ရပ် မဟုတ်သော်လည်း မန်းလူနှင့် စကားလက်ဆုံကျနေသူမှာ ဟုတ်ထန်ချင်း ဖြစ်နေခြင်းက ဆန်းကြယ်သော ကိစ္စတစ်ရပ် ဖြစ်နေသည် မဟုတ်ပါလော။

ဟုတ်ထန်ချင်းက အခန်းထဲသို့ဝင်လာသော လုရှောင်ဖုန်းကို လှမ်း၍ ပြုံးပြလိုက်သည်။

ပြီးမှ ဟုတ်ထန်ချင်းသည်ဖြူးစေ့စေ့မျက်နှာဖြင့်လုရှောင်ဖုန်း အား လှမ်း၍....

'မင်း ပြန်လာပြီကိုး'

လုရှောင်ဖုန်းက ဟုတ်ထန်ချင်းကို မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး....

'ခင်....ခင်ဗျား ဒီကို ဘာ....'

ဟု ပြောရင်း စကားဆက်မပြောနိုင်ဘဲ တမ်ံဝက်တစ်ပျက် နှင့် ရပ်တန့်သွားလေသည်။

ဟုတ်ထန်ချင်းသည် သူ၏မျက်နှာပေါ်မှ သရေခွံကို ဆွဲခွာ နေသည်။

လုရှောင်ဖုန်းသည် ထိုမျက်နှာကို မြင်တွေ့လိုက်သည်နှင့် အံ့အားသင့်ကာ....

'မင်း....မင်း စောရကြယ်တံခွန်'

စောရကြယ်တံခွန်က လုရှောင်ဖုန်း ပြုံးတုံ့ပြုံးတဲ ဖြစ်သွား သည်ကို ကြည့်၍ သဘောကျစွာဖြင့် တဟားဟား ရယ်မောနေ လေသည်။

'မင်း....မင်း....ခဏက ချိန်ဟုန်တောင်ကုန်းကို ရောက်ခဲ့ သေးလား'

'အခုပဲဖြစ်ဖြစ် အခု ကျုပ်ငွေနှင်ထောင်လဲရပြီးပြီ၊ တီကောင် တစ်ကောင်လဲ ရဦးမယ်၊ ဟဲ....ဟဲ....ဟဲ....'



'မင်း ငွေနှစ်ထောင်ရတာ၊ တီကောင်တစ်ကောင်ရတာတွေ က အရေးမကြီးဘူး၊ တော်ကြာ ဟုတ်ထန်ချင်းက ငါ့အပေါ် ဘယ်လိုမြင်သွားမလဲ'

'ဟား....ဟား....ဟား....ဒါများ မင်းက တွေးပူနေရသေး သလား'

'ဟုတ်ထန်ချင်းက ငါ့ကို ကတိပျက်တယ်ဆိုပြီး....'

'မပူစမ်းပါနဲ့ကွာ၊ ငါက မပိုင်ရင် မလုပ်ပါဘူး၊ နေပါဦး၊ ငါမေးပါရစေ၊ ဘယ်တုန်းကများ ငါက လူတစ်ယောက်ကို ထိခိုက်နစ်နာအောင် လုပ်ဖူးလို့လဲ'

'တွေးပြီး ပူရတယ်ကွ၊ မင်းလုပ်တာ ပိုင်တယ်ဆိုပေမယ့် တစ်ခုခုလွဲချော်ခဲ့ရင် ဘယ်လိုလုပ်မလဲ၊ ငါ့မျက်နှာကို ဘယ် ကြက်တွင်းထဲ သွားထည့်ထားရမလဲ'

စောရကြယ်တံခွန်က....

'အင်း....အခုတလော မင်းအတွေးတွေ ချော်နေပြီ၊ ဒီမှာ ငါက ဟုတ်ထန်ချင်းလို ရုပ်ဖျက်နိုင်မှတော့ ငါနဲ့ ရင်းနှီးနေတဲ့ မင်းပုံကို ဖျက်တာ ဘယ်မှာခက်ခဲတော့မှာလဲ'

စောရကြယ်တံခွန်၏စကားကြောင့် လုရှောင်ဖုန်း၏ မျက်ခုံး မွေး နှစ်ခုသည် နဖူးထက်သို့မြင့်တက်သွားပြီး....

'ဒါဆိုရင် မင်းက ငါ့ပုံ ရုပ်ဖျက်ပြီး ဟုတ်ထန်ချင်းနဲ့ တွေ့ခဲ့ တယ်ပေါ့၊ ဟုတ်လား'

စောရကြယ်တံခွန်က....

'မေးဖို့ လိုသေးလား'

လုရှောင်ဖုန်းကမျက်လုံးပြူးသွားပြီး ပြူးတူးပျာတာဖြင့်....

'ဒါဖြင့် မင်းက ငါ့နာမည်ကို ဖျက်ခဲ့တာပေါ့'

စောရကြယ်တံခွန်က ဦးခေါင်းခါယမ်းပြီး....

'ငါက မင်းပုံ ရုပ်ဖျက်ပြီး ဟုတ်ထန်ချင်းကို သွားတွေ့ခဲ့တယ်၊ ဟိုရောက်တော့ သူကပဲ စပြီး ငါ့ကို သူ့မှာ အရေးကြီးတဲ့ ကိစ္စရှိလို့ ရက်ထပ်ရွှေ့ဖို့ ပြောတယ်၊ ဒါနဲ့ ငါကလဲ ချော်လဲ ရောတိုင်ဆိုသလို သဘောတူလိုက်တယ်'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဒါဖြင့် သူက ဘယ်တော့ ထပ်ချိန်းလိုက်သလဲ'

စောရကြယ်တံခွန်က ပြုံး၍....

'မင်းကလဲ လောလိုက်တာ၊ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားလိုက်တယ်'

မန်းလူက ပြုံး၍....

'ကောင်းတာပေါ့၊ မင်းတို့နှစ်ယောက် မယှဉ်ပြိုင်ရလေ ကောင်းလေပဲ'

လုရှောင်ဖုန်းက....

'သူက ငါတို့ရန်သူလား၊ မိတ်ဆွေလားဆိုတာ ခွဲလို့ မရသေးဘူးကွ'

မန်းလူက ပြုံးလျက်....

'ဒါကြောင့် ပိုကောင်းတာပေါ့၊ မင်းတို့နှစ်ယောက် ရန်သူလား၊ မိတ်ဆွေလားခွဲခြားမရသေးခင် မယှဉ်ပြိုင်တာ အကောင်းဆုံးပဲ'

စောရကြယ်တံခွန်က မန်းလူကို တစ်ချက်ကြည့်ပြီး....

'ဟော့....မန်းလူ၊ မင်းကိုလဲ ငါမေးရဦးမယ်'



'ဘာမေးမှာလဲ'

'မင်းက စန်ကွမ်းစီးယန်ကို သံယောဇဉ်ရှိတယ်ဆို'

'မင်း....မင်းကို ဘယ်သူပြောလဲ'

စောရကြယ်တံခွန်က ဘာမျှပြန်မပြောပါ။ သူသည် သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်ပြီး....

'ကဲ....ငါသွားတော့မယ်၊ ဟော့...လုရှောင်ဖုန်း၊ မင်း ငါ့ကို ဘီကောင်တစ်ကောင်ပေးဖို့ မမေ့ပါနဲ့နော်'

သို့သော် စောရကြယ်တံခွန်၏ ခြေလှမ်းများသည် အခန်းဝ၌ ရပ်တန့်သွား၏။

'ဟော့....လုရှောင်ဖုန်း၊ မင်း သခင်မလေးသန်းဖုံးကို တွေ့သေးသလား'

'မတွေ့ဘူး၊ ဝါစန်းဂေဟာမှာ ရှိမှာပေါ့'

'မရှိဘူးကွ၊ အခု သူဘယ်ရောက်ပြီး ဘာတွေလုပ်နေတယ်ဆိုတာ မင်းသိရဲ့လား'

လုရှောင်ဖုန်းက ဦးခေါင်းကို ခါယမ်းပြလိုက်၏။ စောရကြယ်တံခွန်က တစ်ချက်ပြုံးလိုက်၏။

'ငါ့အထင်ပြောရရင် အခုလောက်ဆို သခင်မလေးသန်းဖုံးဟာ ဝမ်တီနဲ့နယ်မှာ ရောက်နေလိမ့်မယ်'

ထို့နောက် သူသည် လုရှောင်ဖုန်းအား မချိမချဉ်မျက်နှာထားဖြင့် ဦးခေါင်းတစ်ချက်ငဲ့လိုက်ပြီး အခန်းထဲမှ ထွက်သွားလေတော့၏။

....o....

ဆိပ်များလန်းရာမြေ

နံနက်ခင်း၏လေသည် သန့်ရှင်းလတ်ဆတ်နေ၏။

လုရှောင်ဖုန်းသည် စားပွဲ၌ထိုင်ရင်း အရက်သောက်နေ၏။ သူသည် လက်ထဲမှအရက်ခွက်ကို မော့၍သောက်လိုက်ပြီး စားပွဲတွင် ပြန်ချထားလိုက်၏။

အရက်ခွက်နှင့်အတူ သက်ပြင်းတစ်ချက်ကိုပါ လုရှောင်ဖုန်း ချလိုက်မိသည်။ သူ၏စိတ်သည် ရှုပ်ထွေးနေသည်။

ထိုသို့ စိတ်ရှုပ်ထွေးအောင် စောရကြယ်တံခွန်က ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။

တစ်ဆက်တည်းပင် ခေးသမားစီမင်းတစ်ယောက် တုကုအိထံ သွားရာ မည်သို့ အခြေအနေ တွေ့ကြုံနေရကြောင်းကိုလည်း သိချင်နေသည်။

မှန်းလူက လုရှောင်ဖုန်းဘက်သို့ လှည့်လိုက်ပြီး....



'မင်း ဘာဖြစ်နေသလဲ'

လုရှောင်ဖုန်းက ဦးခေါင်းခါယမ်းလိုက်ပြီး....

'ဘာမှ မဖြစ်ပါဘူး'

မန်းလူက ပြုံး၍....

'ဒီမှာ လုရှောင်ဖုန်း၊ မင်း သက်ပြင်းချနေတာ ငါ ကြားသားပဲ၊ ဘာလဲ....မင်းစိတ်ထဲမှာ ဘာကို ဝေခွဲမရအောင်ဖြစ်နေလို့လဲ'

မန်းလူက ပြုံး၍....

'ငါ့အထင် မမှားဘူးဆိုရင် မင်းလူနှစ်ယောက်အတွက် စိတ်စိတ်ပူနေတယ် မဟုတ်လား'

လုရှောင်ဖုန်း မန်းလူကို လှမ်းကြည့်လိုက်ပြီး....

'မင်း ဘယ်လိုလုပ် သိသလဲ'

မန်းလူက ရယ်မောလိုက်ပြီး....

"လွယ်လွယ်ကလေးပါ၊ ခေးသမားစီမင်းနဲ့ သခင်မလေး သန်းဖုံးအတွက် စိတ်ပူနေတာ မဟုတ်လား'

မန်းလူက....

'သခင်မလေးသန်းဖုံးအတွက် စိတ်ပူနေတာကတော့ စောရကြယ်တံခွန် ပြောလိုက်လို့ မဟုတ်လား၊ သခင်မလေးသန်းဖုံး တစ်ယောက် ငမ်းတိန်ကို ဘာကိစ္စနဲ့သွားတယ်၊ ဘာတွေလုပ်နေတယ်၊ ဘာတွေဖြစ်နေပြီလဲဆိုပြီး မင်းတွေးပူနေတာမဟုတ်လား'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'ထားပါတော့၊ ခေးသမားစီမင်းအတွက် စိတ်ပူတာကြတော့ ရော မင်း ဘယ်လိုထင်သလဲ'

မန်းလူက ပြုံးလျက်....

'မင်းအမေးကို မဖြေခင် မင်းကို ငါ တစ်ခုမေးမယ်'

လုရှောင်ဖုန်းက....

'မေး'

မန်းလူက ပြုံး၍....

'ဒီခေတ်ထဲမှာ ဓားပညာ ထူးချွန်တဲ့လူ ဘယ်နှစ်ယောက် ရှိသလဲ'

လုရှောင်ဖုန်းက....

'ဒီဘက်ခေတ်မှာတော့ နှစ်ယောက်ရှိတယ်လို့ သိုင်းလောက သားတွေက သတ်မှတ်ထားတယ်'

မန်းလူက....

'ဟုတ်ပြီ၊ ဘယ်သူတွေလဲ'

လုရှောင်ဖုန်းက....

'တုကုအိနဲ့ စီမင်း'

ဟု ပြောလိုက်ပြီးနောက် မန်းလူ၏ မျက်နှာကို သေသေ ချာချာ စိုက်ကြည့်ရင်း....

'ဟုတ်တယ်၊ ငါ သူတို့နှစ်ယောက်အတွက် တွေးပူနေတာ'

မန်းလူက ပြုံးလိုက်ပြီး....

'တွေးပူစရာပဲ'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'စီမင်းကို တုကုအိဆီလွှတ်လိုက်တာ ငါ မှားသွားသလား မသိဘူး'



မန်းလူက....

'ဘာဖြစ်လို့ မင်းက မှားတယ်လို့ ထင်ရတာလဲ'

လုရှောင်ဖုန်းက....

'စီမင်းအကြောင်း မင်းလဲ သိသားပဲ၊ သူက ဓားပညာ ထူးချွန်မှုမှာ ပြောမကုန်အောင် တော်ပေမယ့် သူ့ရဲ့ ဓားကွက်တွေက နောက်ဆုတ်တဲ့ဓားကွက် တစ်ကွက်မှ မရှိဘူး၊ သူက ဘယ်သူနဲ့ယှဉ်ယှဉ် သူသေကိုယ်သေ တိုက်တာကွ'

မန်းလူက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်.... မင်းပြောတဲ့ အတိုင်းပဲ၊ သူ့ရဲ့ဓားကွက်က တိုက်ခိုက်တာပဲ ရှိတယ်၊ ခုခံတာတို့၊ ကာကွယ်တာတို့ မရှိဘူး'

လုရှောင်ဖုန်းက သက်ပြင်းချရင်း....

'သူ အခုထိအသက်ရှင်နေတာ တုကုအိနဲ့ မတွေ့သေးလို့ပါ၊ တုကုအိဟာ စီမင်းလိုပဲ ဓားပညာမှာ တစ်ဘက်ကမ်းခပ်အောင် ထူးချွန်တဲ့လူကွ၊ အတွင်းအားလဲ အတော်ကောင်းတယ်၊ သူ့ရဲ့ ဓားကွက်က စီမင်းလို ရန်သူကို ချေမှုန်းတဲ့ တိုက်ကွက်အပြင် ရန်သူရဲ့တိုက်ခိုက်မှုကို ခုခံကာကွယ်တဲ့ဓားကွက်ကိုပါ သုံးတယ်၊ ပြီးတော့ ငါသိသလောက် တုကုအိဟာ စီမင်းထက် သိုင်းပညာ အတွေ့အကြုံ ရင့်ကျက်တယ်၊ နောက်ပြီး ငါကြားဖူးသလောက် တုကုအိနဲ့ ဓားချင်းယှဉ်တဲ့လူဟာ တုကုအိရဲ့ ဓားကွက်သုံးဆယ် အတွင်းမှာ ရှုံးနိမ့်သွားလေ့ရှိတယ်'

မန်းလူက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး....

'စီမင်းရော တုကုအိရဲ့ သိုင်းကွက်သုံးဆယ်အတွင်းမှာ နိုင်ခြေ ရှိပါ့မလား'

'မပြောနိုင်ဘူး၊ ဒါပေမယ့် တုကုအိကို စီမင်းက မနိုင်ဖူး ရာခိုင်နှုန်းများတယ်၊ ဆယ်လေးတစ်လေးပဲ'

မန်းလုက....

'ဒါဖြင့် မင်းက ဘာဖြစ်လို့ စီမင်းကို အကူအညီတောင်းခဲ့တာလဲ'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ဒါကြောင့် ငါစိုးရိမ်နေတာပေါ့၊ စိတ်မကောင်းလဲ ဖြစ်နေတယ်၊ ငါက သူ့ကို အကူအညီတောင်းလိုက်တာ သူ့ကို သေတွင်းထဲပို့လိုက်သလို ဖြစ်နေပြီ၊ အင်း....ကံကောင်းထောက်မလို့ သူတို့နှစ်ယောက် မတွေ့ကြရင်ကောင်းမယ်'

လုရှောင်ဖုန်းသည် ထိုသို့ပြောရင်း စားပွဲပေါ်မှ အရက်အိုးကို လှမ်းယူ၍ အရက်ခွက်ထဲသို့ အရက်ငှဲ့ထည့်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ရုတ်တရက် လုရှောင်ဖုန်း၏ လက်သည် လေထဲ၌ တန်းလန်းဖြစ်ကာ ရပ်တန့်သွားလေတော့၏။

အခန်းတံခါးဝ၌ လူတစ်ယောက် ရပ်နေ၏။

ထိုလူသည် တစ်ကိုယ်လုံး အဖြူရောင် အဝတ်အစားများကို ဝတ်ဆင်ထား၏။ ထိုလူ၏အသွင်သဏ္ဌာန်မှာ ခရီးဝေးမှလာခဲ့ရသဖြင့် အနည်းငယ်နွမ်းနယ်နေပုံပေါ်နေ၏။

'ဟင်....စီမင်း၊ မင်း....မင်း မသေသေးဘူးလား'

ခေါ်သမားစီမင်းက အခန်းထဲသို့ လျှောက်ဝင်လာရင်း...

'ငါက သေတဲ့လူနဲ့ တူနေလို့လား'

'ဟုတ်တယ်၊ မင်းကလူသေနဲ့ မတူသေးဘူး'



'ဟုတ်တယ်၊ ငါကလူသေနဲ့မတူဘူး၊ ဒါပေမယ့် တုကုအိကတော့ သေတဲ့လူနဲ့တူရုံမကဘူး၊ တကယ်ကို သေသွားပြီ'

ခေါ်သမားစီမင်း၏ စကားကြောင့် လုရှောင်ဖုန်း၏မျက်ခုံးမွေးတစ်စုံသည် နဖူးထက်သို့ မြင့်တက်သွား၏။

'မင်းက ငါ့ရယ်စရာပြောနေတယ် ထင်လို့လား'

လုရှောင်ဖုန်းက ပခုံးတစ်ချက်တွန့်ပြီး....

'မင်းတို့ တွေ့ရောတွေ့ခဲ့ရဲ့လား'

ခေါ်သမားစီမင်းက ရုတ်တရက် ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားပြီး....

'မင်းက ဘာရယ်တာလဲ'

ခေါ်သမားစီမင်းက....

'သဘောကျလို့ကွ၊ တုကုအိကို ငါနိုင်လိုက်တယ်ဆိုတာ မင်းမပြောနဲ့ ငါ့ကိုယ်ငါတောင် ယုံရခက်ခက် ဖြစ်နေတယ်'

လုရှောင်ဖုန်းက ခေါ်သမားစီမင်း၏စကားကို နားမလည်ဟန်ဖြင့် ဦးခေါင်းခါယမ်းကာ....

'မင်းစကားက ဘာလဲကွ၊ ဘာဖြစ်လို့လဲ'

ခေါ်သမားစီမင်းက ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး မျက်နှာထားတည်လိုက်၏။

'မင်းမှတ်မိသေးတယ် မဟုတ်လား၊ ဥက္ကာထီစန်းရဲ့အိမ်မှာ ငါနဲ့ ဝူကျောက်ချင်းခေါ်ချင်းယှဉ်တော့ ဝူကျောက်ချင်းရဲ့ခေါ်ကွက်နှစ်ဆယ့်တစ်ကွက်မှာ ဟာနေတဲ့အကွက်သုံးကွက် ငါတွေ့ခဲ့တယ်'

လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်သည်။

'အေး....မှတ်မိတယ်၊ စန်ကွမ်းစီးယန်သာ ဝင်မကယ်ရင် ဝူကျောက်ချင်းသေမှာ'

ခေးသမားစီမင်းက ...

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ဝူကျောက်ချင်းနဲ့ ယှဉ်လိုက်ရတဲ့အတွက် ငါ့အနေနဲ့ တုကုအိနဲ့ယှဉ်တဲ့အခါ သတိထားနိုင်တာပေါ့'

လုရှောင်ဖုန်းက ပြုံး၍ဦးခေါင်းညိတ်လိုက်ပြီး....

'ဒါနဲ့ပဲ မင်းကတုကုအိနဲ့ယှဉ်တဲ့အခါမှာ တုကုအိကိုသတ်ဖို့ 'အနည်းဆုံးအခွင့်အရေးသုံးကြိမ်တော့ ရခဲ့မှာပေါ့'

ခေးသမားစီမင်းက ဦးခေါင်းခါယမ်းပြလိုက်ပြီး....

'လုံးဝမရခဲ့ဘူး၊ သူကသူ့ရဲ့လွတ်ကွက်ဟာကွက်ကို ချက်ချင်းပြုပြင်နိုင်ခဲ့တယ်'

ပြီးမှ ခေးသမားစီမင်းသည် သက်ပြင်းတစ်ချက်ချရင်း....

'အင်း...ကျုပ်တစ်သက်မှာ အဲဒီလိုခေးကွက်ရဲ့ ချွတ်ယွင်းချက်ကို ယှဉ်ပြိုင်နေတုန်းမှာပဲ ချက်ချင်း ပြင်နိုင်တဲ့ခေးသမားမတွေ့ခဲ့ဖူးဘူး'

လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်၊ ဘယ်လောက်ပဲ ထက်မြက်တယ်ဆိုတဲ့ သိုင်းကွက်မျိုးမှာမဆို လွတ်ကွက်ဟာကွက်တွေတော့ ရှိစမြဲပဲ၊ ဒါကိုလဲ ချက်ချင်းပြုပြင်နိုင်ဖို့ဆိုတာ မလွယ်ဘူး၊ အဲဒီလိုချွတ်ယွင်းချက်မျိုးကို အချိန်မီပြုပြင်နိုင်တယ်ဆိုတဲ့ သိုင်းသမားဟာလဲ ရှားရှားပဲ'



ခေးသမားစီမင်းက....

'ငါသူနဲ့ တိုက်ခိုက်တော့ သူ့ရဲ့သိုင်းကွက်ထဲမှာ ဟာကွက်ကို သုံးကြိမ်တွေ့ခဲ့တယ်၊ တွေ့တွေ့ချင်းပဲ ငါကဒီအခွင့်အရေးကို ချောင်းနေတာဆိုတော့ ဘယ်လက်လွှတ်ခံမလဲ၊ ဒါပေမယ့် သူက ချက်ချင်းပဲ ငါ့ရဲ့တိုက်ခိုက်မှုကို ပိတ်ဆို့လိုက်နိုင်တယ်၊ အဲဒီအချိန်မှာပဲ ငါက သူ့ကို မသတ်နိုင်တော့ဘူးလို့ သဘောပေါက်လာတယ်'

လုရှောင်ဖုန်းက သက်ပြင်းချလိုက်ပြီး....

'အင်း....မင်းရဲ့ခေးကွက်က လူသတ်တဲ့ခေးကွက်ပဲ၊ ဒီလိုလူသတ်တဲ့ခေးပညာမျိုးဟာ ကိုယ်ကတစ်ဘက်လူကို မသတ်နိုင်ရင် ကိုယ်အသတ်ခံရဖို့ပဲရှိတယ်၊ ဒါနဲ့တောင် မင်းက ဘာလို့အသတ်မခံရတာလဲ'

ခေးသမားစီမင်းက....

'ဒါကြောင့် ငါလဲ ငါ့ကိုယ်ငါ ယုံရခက်ခက်ဖြစ်တယ်လို့ ပြောတာပေါ့'

လုရှောင်ဖုန်းက ဦးခေါင်းခါယမ်းလိုက်ပြီး....

'မဖြစ်နိုင်ဘူး၊ မင်းခေးကွက်က သူသေရင်သေ မသေရင် မင်းသေဖို့ပဲရှိတယ်၊ သူက မင်းထက်လက်ရည်သာတယ်၊ မင်းက သူ့ကို မသတ်နိုင်ဘူး၊ ဒါဆိုရင် မင်းသေပြီးပေါ့၊ ဘာလို့ မင်းက မသေတာလဲ'

ဓားသမားစီမင်းက....

'ငါနဲ့သူနဲ့ သိုင်းကွက်သုံးဆယ်ကျော် ယှဉ်ပြိုင်ပြီးတာနဲ့ သူ့ရဲ့ ဓားကွက်ဟာ ဖရိုဖရဲဖြစ်သွားတော့တာပဲ၊ ဒီမှာတင် ငါသူ့ကို သတ်နိုင်လိုက်တာပဲ'

ဓားသမားစီမင်း၏ စကားကြောင့် လုရှောင်ဖုန်းသည် မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့်သွားပြီ....'

'သူ့လို ထိပ်တန်း ဓားသမားတစ်ယောက်က ဘာဖြစ်လို့ ဓားကွက်တွေ ရုတ်တရက် ဖရိုဖရဲဖြစ်သွားရတာလဲ'

ဓားသမားစီမင်းက ပြုံးလိုက်ပြီး....

'မင်းဘာသာမင်း စဉ်းစားကြည့်ပေါ့'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး....

'အင်း....ထိပ်တန်းဓားသမားတစ်ယောက် အခုလိုဓားကွက်တွေ ဖရိုဖရဲဖြစ်ရတာ အကြောင်းနှစ်ခုရှိရမယ်'

ဓားသမားစီမင်းက ဘာမျှပြန်မပြောပါ။ လုရှောင်ဖုန်းက ပခုံးတစ်ချက်တွန့်ကာ....

'သူဟာ အတွင်းအား ကုန်ခမ်းသွားတာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် သူ့မှာ ရုတ်တရက် စိတ်ထိခိုက်စရာ ဖြစ်ပေါ်လာရမယ်၊ ဘယ်နှဲ့လဲ ငါပြောတာ ဟုတ်တယ် မဟုတ်လား'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဒါဖြင့် ဘာဖြစ်လို့လဲ'



ဓားသမားစီမင်းက....

'ငါလဲ မသိဘူး၊ ဒါပေမယ့် သူဒီလိုဘာကြောင့် ဖြစ်ရတယ်ဆိုတာကိုတော့ သူသေခါနီးမှာ သူကိုယ်တိုင် ငါ့ကိုပြောသွားတယ်'

လုရှောင်ဖုန်းက....

'ဘာပြောသွားသလဲ'

ဓားသမားစီမင်းက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး....

'ကျုပ်အခုလိုရှုံးရတာ ကျုပ်ဘိန်းစွဲနေလို့ပဲ'

ဟု တင်လုံးချင်း ခပ်ဖြည်းဖြည်းနှင့် လေးပင်စွာ ပြောလိုက်လေတော့၏။

....၀....

သိုင်းလောကသားတိုင်းက လေးစားရသော အဖြူရောင်သိုင်းအဖွဲ့အစည်းဖြစ်သည့် ဝူလင်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သည့် တုကုအိ....

ထိုသို့ သိုင်းလောက၏ဂုဏ်ထူးဆောင် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်သည် ဘိန်း၏ကျေးကျွန်ဖြစ်လာပြီး နောက်ဆုံး၌ ဘိန်းကြောင့်ပင် သေဆုံးခဲ့ရသည် မဟုတ်ပါလား။

လုရှောင်ဖုန်းနှင့် ခေါးသမားစီမင်းတို့သည် မည်မျှငေးငိုင်နေမိသည် မသိပါ။ သူတို့အနီး သို့ မန်းလူလျှောက်လာပြီး....

'အင်း....ဘိန်းဟာ အရာရာကို ပျက်စီးစေတာပဲ'

'အင်း....မင်းက မျက်မမြင်ဖြစ်နေလို့၊ မျက်စိသာမြင်ရင် မင်းက ဒီထက်တောင်သိဦးမလားမသိဘူး'

မန်းလူက ပြုံး၍....

'ကျုပ်က မျက်စိမှမမြင်တာ၊ ဒီတော့ နား၊ နှာခေါင်း။ ပါးစပ်နဲ့ပဲ လေ့လာနေရတာပဲ'

ခေါးသမားစီမင်းက ပြုံးလိုက်ပြီး....

'မန်းလူရာ မင်းက တကယ့်မျက်မမြင်မဟုတ်ပါဘူး၊ အမှန်က ဒီလောကမှာ မျက်စိရှိပြီး မမြင်တဲ့လူ၊ နားရှိပြီး မကြားတဲ့လူ၊ ပါးစပ်ရှိပြီး မပြောတတ်တဲ့ လူတွေကမှ တကယ့်အကန်း၊ အပင်းနဲ့ အ,အတွေပဲကွ၊ ကဲ....အခုဆိုရင် တုက္ကူအိဟာ မျက်စိမြင်ပေမယ့် သူဟာ အကန်းနဲ့ဘာထူးသလဲ၊ ဘိန်းရဲ့အန္တရာယ်ကို သူ မမြင်ဘူးလေ၊ သူဟာ တကယ့်အကန်းပဲပေါ့'

မန်းလူက....

'အင်း....ကျုပ်နဲ့ အယူအဆချင်း အတူတူပါပဲဗျာ'

ခေါးသမားစီမင်းကထိုင်ရာမှထလိုက်ပြီး လုရှောင်ဖုန်း၏ ပခုံးကို ပုတ်ကာ....

'ကဲ....သူငယ်ချင်း၊ မင်းရဲ့ နှုတ်ခမ်းမွေးနဲ့တန်အောင် ငါ လုပ်ပေးပြီးပြီနော်၊ ငါ နားလိုက်ဦးမယ်'



လုရှောင်ဖုန်းသည် ခေါးသမား စီမင်း၏ စကားကြောင့် နှုတ်ခမ်းမွေးမရှိတော့သော မိမိ၏နှုတ်ခမ်းကို လက်ဖြင့် စမ်းသပ်လိုက်မိလေတော့၏။

လုရှောင်ဖုန်းနှင့်မန်းလူတို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ထိုင်၍ တစ်ယောက်ကိုတစ်ယောက် ကြည့်နေသည်ဟု ဆိုသော်လည်း လုရှောင်ဖုန်းကသာ မန်းလူကိုကြည့်နေခြင်း ဖြစ်၏။

သို့သော် မန်းလူသည် လုရှောင်ဖုန်း၏မျက်နှာအား ကြည့်နေသကဲ့သို့ပင် ထင်မှတ်ရ၏။

လုရှောင်ဖုန်းသည် အတန်ကြာအောင်ပင် တွေးတောနေမိသည်။ ယခု ဉာဏ်ထိစန်း အမည်ခံထားသော ရစ်ပွန်လည်း ဘိန်းကြောင့်ပင် အသက်ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

ဤသို့ဆိုလျှင် စန်ကွမ်းမုသာလျှင် ကျန်တော့သည်။ စန်ကွမ်းမုဆိုသည်မှာ မည်သူနည်း။

'ကဲ သူငယ်ချင်းမန်းလူ၊ ကျုပ်တို့နှစ်ယောက်ရဲ့ အလှည့်ပဲ ကျန်တော့တယ်'

မန်းလူက ပြုံးရင်း....

'အင်း....စန်ကွမ်းမုဆိုတဲ့လူကို ရှာဖို့ပဲ ကျန်တော့တယ်'

လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်'

မန်းလူက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဒါနဲ့ ကျုပ်တို့ရဲ့သူဌေးလေး ကျူးစိန်ဆီကရော ဘာသတင်းရသေးလဲ'

လုရှောင်ဖုန်းက ဦးခေါင်းခါပြရင်း....

'ဘာသတင်းမှမရဘူး၊ ဒီကောင် ဘယ်မှာသွားပြီး အပေါင်ဆုံးနေပြီလဲ မသိဘူး'

မန်းလူက ပြုံးလိုက်ပြီး....

'ဒါနဲ့ စန်ကုမ်းစီးယန့်ရဲ့ သတင်းရော ကြားသေးလား'

လုရှောင်ဖုန်းက တစ်ချက်ပြုံးလိုက်ပြီး ဦးခေါင်းခါယမ်းပြကာ....

'အင်း ဘာမှမကြားမိဘူး၊ သူလဲ ဘယ်မှာများသွားပြီး အပေါင်ဆုံးနေပြီလဲ မသိဘူး'

လုရှောင်ဖုန်း၏ စကားကြောင့် မန်းလူ၏ မျက်နှာသည် သံပုရာသီး ရှောက်သီးကဲ့သို့သော ချဉ်သီးကို စားမိသည့်ပမာ မျက်နှာရှုံ့မဲ့သွားလေတော့သည်။

....၁....

## ထောင်ချောက်

နောက်တစ်နေ့ နေထွက်ချိန်၌ မန်းလူနှင့် လုရှောင်ဖုန်းတို့သည် မြင်းကိုယ်စီဖြင့် ခရီးစတင်ထွက်လာသည်။

နေ့တစ်ဝက်ခန့် ခရီးနှင်ပြီးသောအခါ သူတို့သည် မြင်းများကို ရုတ်တရက် ရပ်တန့်လိုက်ရလေသည်။

အကြောင်းမှာ မြင်းတစ်ကောင်စာ သွားသာသောလမ်းကို ပိတ်၍ ဖုန်းတောင်းယာစကာတစ်ယောက်က သူတို့ကို နောက်ကျောခိုင်းကာ ပက်ကျိကအဘဟုခေါ် လောက်သော ခြေလှမ်းဖြင့် တရွေ့ရွေ့သွားနေသောကြောင့် ဖြစ်၏။

လုရှောင်ဖုန်းသည် စိတ်ပျက်လက်ပျက် ဟန်အမူအရာဖြင့် ဦးခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး....

'ဗျို့လူ....လမ်းဘေးနည်းနည်းကပ်ပေးပါ'

ဖုန်းတောင်းယာစကာက ဘာမျှ ပြန်မပြောဘဲ ကိုင်းနေသော ခါးကို ဆန့်လိုက်၏။ ဦးခေါင်းမှ ဆံပင်များကို ဖြုတ်ချလိုက်၏။

လုရှောင်ဖုန်းသည် ဖုန်းတောင်းယာစကာကို မျက်မှောင်ကြုတ်၍ ကြည့်နေရာမှ တဖြည်းဖြည်းပြုံးယောင်သမ်းလာပြီး....

'ကျူးစိန်'

ဟု လွတ်ခနဲ အော်ခေါ်လိုက်မိလေသည်။

'ဟော့....ဟော့ ငါ့ရဲ့ရုပ်ဖျက်ပညာက အတော့်တိုးတက်လာပြီပဲ'

ဟု တစ်ယောက်တည်း သဘောကျစွာ ပြောလိုက်သည်။

လုရှောင်ဖုန်းက မြင်းပေါ်မှ ဆင်းလိုက်ပြီး....

'မင်း....ဝူလင်ဂိုဏ်းဘက်မသွားဘဲ ဒီမှာ ဘာလာလုပ်နေတာလဲ'

ကျူးစိန်က တိုးတိုးပြောရန် လက်ညှိုးထောင်၍ နှုတ်ခမ်းကို တည့်ပြလိုက်ပြီးမှ....

'တိုးတိုးပြောပါ၊ ငါနားမပင်းဘူး၊ သစ်ပင်တိုင်းမှာ နားရှိတယ်ဆိုတာ မင်းမကြားဖူးစားလား'

လုရှောင်ဖုန်းက ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'ကဲ....ပြောစမ်းပါဦး၊ မင်းဒီမှာ ဘာလာလုပ်တာလဲ'

ကျူးစိန်က....

'စန်ကွမ်းမုကို လိုက်ရှာတာ'

ကျူးစိန်၏စကားကြောင့် လုရှောင်ဖုန်းသည် မျက်လုံးပြူးသွားပြီး....



'မင်း....မင်းတွေ့ပြီလား'

ကျူးစိန်က အင်္ကျီရင်ဘတ်ကြားမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး လုရှောင်ဖုန်းကို ကမ်းပေးလိုက်ရင်း....

'စာရွက်ထဲမှာ ရေးပြီးဆွဲထားတယ်၊ မင်းတို့ မြန်မြန်လိုက်သွားကြ၊ ဟိုမှာ မင်းတို့ကို လျူဟုန်စောင့်နေတယ်'

လုရှောင်ဖုန်းက စာရွက်ကို လှမ်းယူလိုက်ရင်း....

'မင်းက မလိုက်တော့ဘူးလား'

ကျူးစိန်က ဦးခေါင်း ခါယမ်းပြလိုက်ပြီး....

'ငါ့တာဝန်ကျေပြီပဲ၊ ငါမလိုက်တော့ဘူး'

ပြီးမှ ကျူးစိန်သည် သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး....

'ဟော့ လုရှောင်ဖုန်း....မင်းဆီမှာ ငါကိုယ်တိုင် အပေါင်ခံထားဟာ ဒီစာရွက်က အတိုးရောအရင်းပါ ဆပ်နိုင်လောက်တဲ့ စာပါကွ၊ ဟင်း ဟင်း....ကဲ ငါသွားတော့မယ်၊ ငါ့ကိုယ်ကို တစ်ခြားတစ်ယောက်ဆီမှာ သွားပေါင်လိုက်ဦးမယ်'

ဟု ပြော၍ ထွက်ခွာရန် ခြေလှမ်းပြင်းပြီမှ တစ်စုံတစ်ရာအား သတိရဟန်ဖြင့်....

'ဩော် စာရွက်ထဲမှာပါတဲ့ အမှတ်အသားအတိုင်း သွားနော်၊ ပြီးတော့ ဟိုမှာလဲ ငါ့အမှတ်အသားတွေ လုပ်ထားတယ်၊ ငါပြထားတဲ့ အမှတ်အသားအတိုင်း လုပ်ဖို့တော့ မမေ့နဲ့'

ဟု ပြောလိုက်ပြီး လုရှောင်ဖုန်း၏ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေသည်။

ကျူးစိန်က သွားဖြဲပြလိုက်ပြီး....

'ဒီမြင်းကို ငါယူသွားမယ်၊ မင်းတို့ ခြေလျင်ပဲ လျှောက်သွားတော့၊ သိပ်မဝေးတော့ပါဘူး'

ဟု ပြောကာ ထိုနေရာမှ မြင်းစီး၍ ထွက်သွားလေတော့၏။

....ဝ....

မန်းလူက မြင်းပေါ်မှ ဆင်းလိုက်၏။ ထိုအချိန်တွင် လုရှောင်ဖုန်းသည် ကျူးစိန်ပေးခဲ့သော စာရွက်ကို ဖြန့်၍ ကြည့်နေ၏။

'ကျူးစိန်ရဲ့ အညွှန်းအရဆို သိပ်မဝေးတော့ဘူးကွ'

ထို့နောက် လုရှောင်ဖုန်းသည် ခြေကြောင်းလမ်းအတိုင်း လျှောက်သွားလေတော့သည်။ မန်းလူက မြင်း၏ဇက်ကြိုးဆွဲကာ လုရှောင်ဖုန်းနောက်မှ ထက်ကြပ်မကွာ လိုက်သွားသည်။

'အင်း....စန်ကွမ်းမုဟာ ငါတို့သိတဲ့ အသိမိတ်ဆွေထဲက မယုတ်ပါစေနဲ့လို့ ငါတော့ဆုတောင်းမိတယ်ကွာ'

လုရှောင်ဖုန်းက မန်းလူအား လှည့်ကြည့်၍ တစ်စုံတစ်ရာ ပြန်ပြောရန် ပါးစပ်ဟလိုက်သော်လည်း မည်သည့် စကားမှ မပြောဖြစ်တော့ပါ။



အကြောင်းမှာ လုရှောင်ဖုန်းက မန်းလူဘက်သို့ နောက်လှည့်ကြည့်ရန် ဟန်ပြင်လိုက်စဉ်မှာပင် မိမိတို့နှင့် မျက်နှာချင်းဆိုင်မှ မြင်းတစ်စီး လာနေသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား....

မြင်းသည် ခြေကျမှန်မှန်ဖြင့် မျက်နှာချင်းဆိုင်မှ လာနေ၏။ မြင်းပေါ်မှ လူသည် ခန္ဓာကိုယ်ကို ကောင်းစွာ မတ်နိုင်စွမ်း မရှိသည့်အလား ဘယ်ညာယိမ်းထိုးနေသည့်အပြင် မြင်းပေါ်မှ လိမ့်မကျစေရန် မြင်း၏ လည်ပင်းကို ဖက်လျက် လိုက်ပါလာခြင်း ဖြစ်သည်။

လုရှောင်ဖုန်းသည် မြင်းပေါ်မှ လူ၏မျက်နှာကိုကြည့်လိုက်သည်။ မြင်းပေါ်မှ လူ၏မျက်နှာကို မြင်တွေ့သည်နှင့် လုရှောင်ဖုန်း၏မျက်လုံးသည် အံ့ဩသော အသွင်သဏ္ဌာန် ဖြစ်ပေါ်လာကာ....

'လျူဟုန်'

လုရှောင်ဖုန်း၏ ခေါ်သံကြောင့် လျူဟုန်၏ မျက်လုံးပွင့်လာ၏။ လျူဟုန်၏ ရူးရူး ဘောက်ပသော မျက်လုံးသည် ရီဝေအုံးမှိုင်းကာ အရောင် မှေးမှိန်နေသည်။

လျူဟုန်သည် လုရှောင်ဖုန်းအား တွေ့မြင် လိုက်ရသဖြင့် လျူဟုန်၏ ရီဝေအုံ့မှိုင်းသော မျက်လုံးထဲ၌ အလင်းရောင်တစ်ခု ပေါ်ထွက်လာပြီး....

'စန်ကွမ်း....စန်ကွမ်းမု'

လုရှောင်ဖုန်းက....

'မင်း....မင်း စန်ကွမ်းမုကို တွေ့လား'

လျူဟုန်၏ ပါးစပ်ထဲမှ သွေးတစ်ချက် အန်ကျလာပြီး....

'တွေ့....တွေ့တယ် သူက....သူက....'

လုရှောင်ဖုန်းက....

'သူက ဘယ်သူလဲ'

လျူဟုန်က....,

'သူက....သူက....'

လျူဟုန်သည် စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ ကြိုးတစ်ချက် တိုးကာ မြင်းပေါ်မှ ပြုတ်ကျ သွားလေတော့သည်။

လုရှောင်ဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး မန်းလူဘက်သို့လှည့်ကာ....

'ကဲ သူငယ်ချင်း၊ ငါတို့ လျူဟုန်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြရအောင်၊ ဒီသူဟာ သူ့ တာဝန်ကို သူ ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါတယ်ကွာ'

ထိုသို့ပြောလိုက်သော လုရှောင်ဖုန်း၏ လေသံသည် အနည်းငယ် တုန်ယင်နေကြောင်း မန်းလူ သတိပြုလိုက်လေတော့သည်။

....၁....



ကျူးစိန်၏ မြေပုံစာရွက်ပေါ်မှ တောင်ကုန်း ကလေးသည် လုရှောင်ဖုန်းနှင့် မန်းလူတို့၏ ရှေ့ မဝေးကွာလှသော အရပ်၌ ရှိနေသည်။

တောင်တက်လမ်းသည် မြေလိန် မြေကောက်ပမာ တောင်ပေါ်သို့ တက်သွား၏။ ထိုတောင်တက်လမ်းအတိုင်း လုရှောင်ဖုန်းနှင့် မန်းလူတို့ တက်လာခဲ့ရာ တောင်ပေါ်သို့နှစ်မိုင်သုံးမိုင်ခန့် ခရီးပေါက်ပြီးနောက် လုရှောင်ဖုန်း၏ ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားသည်။

သူသည် သူတို့၏ ရှေ့ မဝေးကွာလှသော နေရာ၌ကြီးမားသော အဆောက်အအုံ တစ်လုံးကို တွေ့မြင်လိုက်ရသောကြောင့် ခြေလှမ်းများ ရပ်လိုက်မိခြင်း ဖြစ်သည်။

သူသည် လုရှောင်ဖုန်း ရုတ်တရက် ခြေလှမ်း ရပ်တန့်လိုက်ခြင်းကြောင့် သူကလည်း ရုတ်တရက် ခြေလှမ်း ရပ်တန့်လိုက်ခြင်းသာ ဖြစ်ပါသည်။

'အင်း....ငါတို့ အစိမ်းရောင်ဂေဟာကို ရောက်ပြီ ထင်တယ်'

လုရှောင်ဖုန်း၏ အသံသည် အနည်းငယ် တုန်ခါနေ၏။ မန်းလူက....

'ဟုတ်လား'

လုရှောင်ဖုန်းက....

'သိပ်မဝေးတော့ဘူး၊ ရှေ့က သစ်တောအုပ်ကို ကျော်ရင် ရောက်ပြီ၊ အခုတောင် ငါတို့ အဲဒီ အဆောက်အအုံ အနီးက မီးရောင်ကို မြင်နေပြီ'

မန်းလူက ဦးခေါင်း ညိတ်လိုက်ပြီး....

'ကျူးစိန်ရဲ့ မြေပုံမှာလဲ ဒီအတိုင်းပဲ ပြထားတယ်'

မန်းလူက ပြုံးလိုက်ပြီး....

'ဒါဆိုရင် သေချာနိုင်တယ်၊ ကျူးစိန်က မသေချာရင် မလုပ်ဘူး'

လုရှောင်ဖုန်းက....

'ကျူးစိန်က ကိစ္စတစ်ခုကို လုပ်ပေးမယ်လို့ ပြောပြီးရင် ပြောတဲ့အတိုင်း လုပ်တတ်တဲ့ လူစားပဲ'

မန်းလူက....

'ဒါပေမယ့် ဒီတစ်ခါတော့ ကျုပ်စိတ်ထဲမှာ သံသယ ဖြစ်နေတယ်'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားပြီး....

'ဘာဖြစ်လို့လဲ'

မန်းလူက သက်ပြင်းချရင်း....

'ဥာဏ်ထိစန်းတို့တောင် မသိတဲ့ အစိမ်းရောင်ဂေဟာ ဌာနချုပ်ကို ကျူးစိန်က သိတယ်ဆိုတော့ စန်ကွမ်းမုဟာ ဒီလောက်တောင် တုံးရသလားလို့ပါ'

လုရှောင်ဖုန်းသည် ပါးစပ်ဟ၍ မန်းလူအား ငေး၍ ကြည့်လိုက်မိလေတော့သည်။

....o...



သစ်တောအုပ်ကို ဖြတ်ကျော် လိုက်သောအခါ ပန်းမန်များ၏ ရနံ့ဆည် ပို၍ ကြိုင်သင်းလာသည်။

မုန်တိုင်း မကျမီ လေသည် ငြိမ်သက်နေသကဲ့သို့ ယခု တိုက်ဆိတ်ငြိမ်သက်ခြင်း၏။ နောက်ကွယ်၌ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ် တစ်စုံတစ်ခုသည် မုချမသွေ ရှိရမည်ဟု လုရှောင်ဖုန်း တွေးမိလိုက်သောကြောင့် ယခုကဲ့သို့ မျက်မှောင်ကြုတ်လိုက်မိခြင်း ဖြစ်လေသည်။

ထို့ကြောင့် လုရှောင်ဖုန်းသည် ခြေလှမ်းကို တစ်ချက်ရပ်တန့်လိုက်ပြီး ပတ်ဝန်းကျင်ကိုတစ်ချက် လှည့်ပတ်၍အကဲခတ်ကြည့်လိုက်သည်။

'ရောက်ပြီလား'

လုရှောင်ဖုန်းက....

'မရောက်သေးဘူး'

မန်းလူက....

'ဒါဖြင့် ဘာဖြစ်လို့ ရပ်ရတာလဲ'

လုရှောင်ဖုန်းက....

'ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ'

မန်းလူက ပြုံးလိုက်ပြီး....

'ကျုပ် ပြောသားပဲ၊ ကျူးစိန်က ခြေရာခံမိလောက်အောင် စန်ကွမ်းမုက ညံ့ပါ့မလားလို့'

လုရှောင်ဖုန်းက သက်ပြင်းချရင်း....

'ပတ်ဝန်းကျင်က သိပ်ပြီး တိတ်ဆိတ်လွန်းတယ်၊ ဒီလို တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်မျိုးမှာ ကျုပ် အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ အကြိမ်ပေါင်း မနည်းတော့ဘူး'

မန်းလူက ပြုံး၍....
'ဒီတော့ မင်းက ဘာလုပ်ချင်သလဲ'

လုရှောင်ဖုန်းက....
'မီးစင်ကြည့်ကရမှာပဲ'
မန်းလူက ပြုံးလျက်....
'ကောင်းသားပဲ'
လုရှောင်ဖုန်းက မန်းလူကို တစ်ချက်ကြည့်ပြီး....
'အခုလို အခြေအနေမျိုးမှာ မင်းအနေနဲ့ဆိုရင် ဘာလုပ်မလဲ'

မန်းလူက ပြုံးလိုက်ပြီး....
'ကျုပ်လား ကျုပ်ဆိုရင် ဒီလို တိတ်ဆိတ်ငြိမ်သက်တဲ့ ပတ်ဝန်းကျင်မှာ သီချင်းတစ်ပုဒ် အော်ဆိုမှာပေါ့'
လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....
'ဒါဆို မင်းက သီချင်းဆိုပေါ့'
မန်းလူက ပြုံး၍ လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီးသီချင်းတစ်ပုဒ်အား စတင် သီဆိုလိုက်လေတော့သည်။
လုရှောင်ဖုန်းက ပြုံးလိုက်ပြီး မန်းလူနှင့်အတူ သီချင်းလိုက်ဆိုကာ ထိုတိတ်ဆိတ်သော ပတ်ဝန်းကျင်ကို ဖြတ်သန်းသွားလေတော့သည်။



မန်းလူနှင့် လုရှောင်ဖုန်းတို့သည် အဆောက်အအုံ ရှေ့၌ ရပ်တန့်လိုက်၏။ လုရှောင်ဖုန်းက မန်းလူ၏ လက်ထဲမှ မြင်းဇက်ကြိုးကို လှမ်းယူလိုက်ပြီး အဆောက်အအုံ၏ တံခါးဝအနီး၌ ရှိသော မြင်းချည်တိုင်တွင် ချည်ထားလိုက်သည်။
ထို့နောက် လုရှောင်ဖုန်းနှင့် မန်းလူတို့သည် လှေကားသုံးထစ်ကို နင်းကာ တံခါးပေါက်သို့ တက်လိုက်သည်။

အဆောက်အအုံ၏ တံခါးပေါက်မှ ဆေးအနီရောင် သုတ်ထားသော တံခါးရွက် တစ်ချပ်သည် တင်းကြပ်စွာ ပိတ်ထားသည်။
ထိုတင်းကြပ်စွာ ပိတ်ထားသည့် အနီရောင် သုတ်ထားသော တံခါးချပ်ပေါ်၌ မြေဖြူဖြင့် စာလုံးတစ်လုံး ရေးထားသည်။
'တွန်း'

လုရှောင်ဖုန်းက မန်းလူ၏ ဘက်သို့ လှည့်လိုက်ပြီး....
'သူငယ်ချင်း တံခါးတော့ ပိတ်ထားတယ်၊ ဒါပေမယ့်တံခါးပေါ်မှာ တွန်းလို့ ရေးထားတယ်'
မန်းလူက ပြုံးလိုက်ပြီး....
'ဒါဆိုလဲ တွန်းလိုက်ပေါ့ကွာ'
လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး တံခါးရွက်ကို တွန်းလိုက်ရာ လေးလံသော တံခါးရွက်သည် ပွင့်သွားလေတော့၏။
လုရှောင်ဖုန်းက အထဲသို့ လှမ်းဝင်လိုက်၏။ မန်းလူကလည်း လုရှောင်ဖုန်း နောက်မှ ထက်ကြပ်မကွာလိုက်ဝင်သွားသည်။

သူတို့၏ ရှေ့တွင် နံရံတစ်ခု ရှိနေပြီး စင်္ကြံလမ်းသည် ဝဲဘက်သို့လည်းကောင်း၊ ညာဘက်သို့လည်းကောင်း ကွေ့သွားသည်။

ထိုစဉ် လုရှောင်ဖုန်း၏ မျက်လုံးများက ဝဲဘက်သို့ ချိုးကွေ့သော ထောင့်ချိုးနံရံပေါ်မှ စာလုံးတစ်လုံးကို တွေ့သွားသည်။

'ကွေ့'ဟူသော စာလုံး ဖြစ်၏။

လုရှောင်ဖုန်းက မန်းလူအား....

'ကွေ့လို့ ရေးထားတယ်'

မန်းလူက ဦးခေါင်း ညိတ်ပြီး....

'ကွေ့ သာကွေ့'

သူတို့သည် ညွှန်ပြထားသည့်အတိုင်း ဝဲဘက်သို့ချိုးကွေ့ကာ ဆက်လျှောက်သွား၏။ ထိုလမ်းအတိုင်း လျှောက်လာရာ အကွေ့အထောင့် လေးငါးခုကို ဖြတ်ကျော်ခဲ့ရသည်။

နောက်ဆုံးထောင့်ချိုးကွေ့ တစ်ခုကို ချိုးကွေ့လိုက်သောအခါ အုတ်လှေကားတစ်ခုကို တွေ့ရသည်။

ထို့ကြောင့် လုရှောင်းဖုန်းနှင့် မန်းလူတို့သည် လှေကားအတိုင်း တစ်ထင့်ချင်းနင်းကာ အပေါ်သို့ တက်လာ၏။

လှေကားထိပ်ဆုံး၍ အပေါ်သို့ ရောက်သောအခါ လုရှောင်ဖုန်းနှင့် မန်းလူတို့သည် ပိတ်ထားသော အခန်းတစ်ခုကို တွေ့ရလေသည်။

ထိုအခန်းတံခါး၏ တံခါးရွက်ပေါ်၌ 'ဆွဲ'ဟူသော စာလုံးတစ်လုံးကို မြေဖြူဖြင့် ရေးသားထား၏။



လုရှောင်ဖုန်းသည် အခန်းတံခါးကို ဆွဲဖွင့်၍ ဝင်သွားသည်။ မန်းလူကလည်း လုရှောင်ဖုန်း၏နောက်မှ ဝင်လိုက်သွား၏။

လုရှောင်ဖုန်း၏ ခြေလှမ်းများ ရုတ်တရက် ရပ်တန့်လိုက်သဖြင့် မန်းလူက....

'ဘာဖြစ်လို့ ရပ်လိုက်တာလဲ'

လုရှောင်ဖုန်းက ပခုံးတွန့်ရင်း....

'ကျုပ်တို့ ဆက်သွားလို့ မရတော့ဘူး၊ အခန်းကလေး ငါးပေပတ်လည်လောက်ပဲရှိပြီး လုံပိတ်အခန်းကွ၊ နောက်ပြီး အခန်းရဲ့ကြမ်းပြင်ပေါ်မှာ 'ရပ်'လို့ ရေးထားတယ်'

မန်းလူက မျက်မှောင်ကြုတ်သွားပြီး....

'ရပ်ဆိုတော့လဲ ရပ်ရတာပေါ့၊ ဒါပေမယ့် မင်းပြောသလို အခန်းကျဉ်းကျဉ်းကလေးဆိုရင်တော့ ဒီမှာရပ်ပြီး ဘာလုပ်ရမှာလဲ'

လုရှောင်ဖုန်းက....

'ရပ်ဆိုလို့ ရပ်ရတာပဲ၊ ဘာထပ်လုပ်ရမယ် ဆိုတာတော့ မတွေ့ဘူး'

ထိုစဉ် ရုတ်တရက်....

'ဒီး....ဒီး'

တဒီးဒီးမြည်သံနှင့်အတူ နိမ့်ဆင်းသွားသော အခန်းကျဉ်းကလေးသည် အတန်ကြာသောအခါ 'ဂျိန်း'ဟူသော အသံနှင့်အတူ တစ်ချက် ခပ်ကြမ်းကြမ်း တုန်ခါပြီး ရပ်တန့်သွားလေတော့သည်။

မန်းလူက မျက်မှောင်ကြုတ်ရင်း....

'ဟော့ လုရှော်ဖုန်း၊ ငါတို့ မြေတိုက်ခန်းထဲ ရောက်နေသလား'

လုရှော်ဖုန်းက ဦးခေါင်းညိတ်ပြလိုက်သည်။ ပြီးမှ သူသည် မိမိက ဦးခေါင်းညိတ်ပြသည်ကို မန်းလူမမြင်နိုင်ကြောင်း သတိရပြီး ပါးစပ်မှ....

'အေး....ဟုတ်တယ်၊ တို့မြေအောက်ခန်းတစ်ခုထဲ ရောက်နေတယ်၊ အခန်းက ပေးသုံးဆယ်ပတ်လည်လောက် ကျယ်တယ်၊ အခန်းနံရံတွေက ကျောက်နံရံချည်းပဲ၊ ပြီးတော့ အခန်းရဲ့အလယ်မှာ စားပွဲတစ်လုံးရှိတယ်၊ စားပွဲဘေးမှာ ခွေးခြေနှစ်လုံးရှိတယ်၊ စားပွဲပေါ်မှာ အရက်အိုးတစ်လုံးရှိတယ်၊ ပြီးတော့ အရက်ခွက်နှစ်ခွက် ရှိတယ်'

မန်းလူက ပြုံးလိုက်ပြီး....

'အင်း....မင်းစကားကြားရတာ စိတ်ဝင်စားစရာပဲ၊ ခွေးခြေက ဘာဖြစ်လို့ နှစ်လုံးရှိနေရတာလဲ၊ အရက်ခွက်က ဘာဖြစ်လို့ နှစ်ခွက်ဖြစ်နေရတာလဲ'

လုရှော်ဖုန်းက ပြုံးလိုက်ပြီး....

'မင်းနဲ့ ငါနဲ့ လုနေမှာစိုးလို့ ထင်ပါတယ်'

လုရှော်ဖုန်းက စားပွဲတွင် ဝင်ထိုင်လိုက်ပြီး အရက်အိုးမှ အဖုံးကိုဖွင့်ကာ အရက်နံ့ကို မွှေးကြည့်လိုက်ရင်း....

'မန်းလူ လာထိုင်၊ စားပွဲပေါ်မှာ 'သောက်လို့' ရေးထားတယ်'



'အရက်ကလဲ မွှေးကြိုင်နေတာပဲ၊ အကောင်းစားအရက်ဘ'

မန်းလူက လုရှော်ဖုန်းနှင့် မျက်နှာချင်းဆိုင်၍ ဝင်ထိုင်လိုက်ပြီး....

'သောက်လို့ ရေးထားသလား'

'သောက်လို့ ရေးထားတယ်'

'ဖြစ်ပါ့မလား၊ တော်တော်ကြ[illegible]ကွများနေမှဖြင့်....

'သေခါမှ သေတော့ပဲ၊ သောက်ဆိုမှတော့ အရက်ကို ဝအောင် သောက်ပစ်လိုက်မယ်'

'ကျုပ်တော့ မသောက်ချင်ဘူး၊ မင်းပဲသောက်လိုက်တော့'

လုရှော်ဖုန်းက ပြုံး၍ မန်းလူ၏ ကမ်းပေးလာသော အရက်ခွက်ကို လှမ်းယူလိုက်သည်။

'မင်းမသောက်ချင်လဲနေ၊ ငါပဲသောက်တော့မယ်'

ဟု ပြောရင်း မန်းလူကမ်းပေးသော အရက်ခွက်ကို လှမ်းယူရန် ဆန့်တန်းလိုက်သည်။ သို့သော် လုရှော်ဖုန်းသည် မန်းလူ၏လက်ထဲမှ အရက်ခွက်ကို လှမ်းမယူဖြစ်ပါ။

'ဟော့ မန်းလူ....မင်း....မင်းဘာဖြစ်နေသလဲ'

'ငါနှာခေါင်းထဲမှာ အနံ့တစ်မျိုး ရနေတယ်'

'ငါတော့ အရက်နံ့ပဲ ရတယ်'

မန်းလူသည် မျက်မှောင်ကြုတ်ရင်း ဦးခေါင်းထဲ၌ အနည်းငယ် ရီဝေလာသည်ဟု ခံစားလိုက်ရသည်။

ထို့ကြောင့် သူသည် အရက်ခွက်ကို လုရှော်ဖုန်းအား မပေးတော့ဘဲ မော့သောက်လိုက်လေတော့သည်။

မန်းလူက ပြုံးလိုက်ပြီး....

'အင်း....ဒီအရက်က ရောဂါလဲ ကုနိုင်တာကိုး'

တစ်ဆက်တည်းမှာပင် မန်းလူက အရက်ခွက်ကို မော့၍ သောက်လိုက်သဖြင့် မန်းလူ၏အရက်ခွက် ဖင်ပိုင်း၌ 'ပေါက်' ဟူသော စာလုံးတစ်လုံးကို လုရှောင်ဖုန်း မြင်တွေ့လိုက်ရလေ၏။

ထို့ကြောင့် လုရှောင်ဖုန်းသည် လက်ထဲမှအရက်ခွက်ကို ကြမ်းပေါ်သို့ ပေါက်ချလိုက်သည်။

'ဟော့....လုရှောင်ဖုန်း၊ ဘာဖြစ်တာလဲ'

လုရှောင်ဖုန်းက....

'အရက်ခွက်ရဲ့ဖင်မှာ ပေါက်လို့ ရေးထားတယ်'

'ပေါက်ဆိုလဲ ပေါက်ရတာပေါ့ကွာ'

ဟု ပြောရင်း အရက်ခွက်အား ပစ်ပေါက်လိုက်၏။ အရက်ခွက်သည် လုရှောင်ဖုန်း၏ဦးခေါင်းပေါ်မှကျော်ကာ ကျောက်နံရံသို့ထိမှန်ပြီး 'ခွမ်း' ဟူသော အသံနှင့်အတူ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားလေတော့၏။

ထိုစဉ် ရုတ်တရက် တဂျိမ်းဂျိမ်းအသံမြည်ဟည်းကာ မန်းလူ၏ အရက်ခွက် ထိမှန်သော ကျောက်နံရံသည် ဘေးတစ်ဘက်သို့ ရွေ့လျားသွားလေတော့၏။

လုရှောင်ဖုန်းသည် ထိုင်ရာမှထလိုက်ပြီး....

'ကဲ....မန်းလူရေ၊ ငါတို့ ခရီးဆက်ရဦးမယ်'



မန်းလူကလည်း....

'အင်း....ငါတို့သွားမှ၊ တော်တော်ကြာ ငါတို့ကိုစောင့်နေတဲ့ လူက လည်ပင်းရှည်နေလိမ့်မယ်'

ထို့နောက် သူတို့ နှစ်ယောက်သည် ထိုလျှို့ဝှက်တံခါး ပေါက်မှ အထဲသို့ ဝင်သွားလေတော့၏။

....o....

လျှို့ဝှက်တံခါးပေါက်ထဲသို့ ဝင်လိုက်သည်နှင့် အောက်သို့ ဆင်းသော လှေကားကို တွေ့ရ၏။

အောက်ဆုံးလှေကားထစ်သို့ ဆင်းပြီးသောအခါ သူတို့သည် ကွေ့ကောက်သော လူသွားစင်္ကြံ တစ်ခုကို တွေ့ရ၏။

ထိုလူသွားစင်္ကြံ၏ နံရံပေါ်တွင် မီးတုတ်များ ထွန်းညှိထား၏။ သူတို့သည် ထိုလူသွားစင်္ကြံအတိုင်း လျှောက်သွားရာ မကြာမီမှာပင် သူတို့သည် အခန်းကျယ်တစ်ခုထဲသို့ ရောက်လာကြလေတော့၏။

မန်းလူက နှာခေါင်းကို ရှုံ့ချည်ပွချည် ပြုလုပ်ရင်း....
'ဘိန်းခန်းထင်တယ်'

လုရှောင်ဖုန်းက....
'ဟုတ်တယ်၊ ဘိန်းတွေမှအများကြီးပဲ'
မန်းလူက မျက်မှောင်ကြုတ်လိုက်ပြီး....
'ကျူးစိန်က ငါတို့ကို ဘိန်းအကြောင်း ဘာလို့ပြောမသွားတာလဲ'

လုရှောင်ဖုန်းက....
'ငါတို့ မျက်စိနဲ့ တွေ့အောင်လို့ ဖြစ်မှာပေါ့'

မန်းလူက....
'ငါက နှာခေါင်းနဲ့သိအောင်ပေါ့'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....
'ဘာပဲပြောပြော၊ ကျူးစိန်က ငါတို့ကို ဒီအထိရောက်အောင် လမ်းပြပေးခဲ့တာပဲ မဟုတ်လား'

မန်းလူက....
'ကဲ....အခု တို့ ဘာလုပ်မလဲ'
လုရှောင်ဖုန်းက....
'စန်ကွမ်းမုကို ဆက်ရှာမယ်လေ'
မန်းလူက....
'ဘယ်မှာ သွားရှာမလဲ'
လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....



'ကျူးစိန်က ငါတို့ကို ဆက်ပြီး လမ်းပြပါလိမ့်မယ်၊ အခု တို့ရောက်နေတဲ့လိုဏ်ဂူမှာ တံခါးသုံးပေါက်ရှိတယ်၊ ညာဘက် အစွန်ဆုံး တံခါးချပ်ပေါ်မှာ မြေဖြူနဲ့ဆွဲလို့ ရေးထားတယ်'

မန်းလူက ပြုံးလိုက်ပြီး....

'ဒါဖြင့် မင်းက အခု ဘာဖြစ်လို့ ရပ်နေရသေးတာလဲ'

....၁....

တံခါးချပ်ပေါ်၌ မြေဖြူနှင့် 'ဆွဲ' ဟု ရေးထား၏။

လုရှောင်ဖုန်းက တံခါးကို ဆွဲ၍ဖွင့်လိုက်၏။

လုရှောင်ဖုန်းသည် ထိုပွင့်သွားသော တံခါးပေါက်မှ အထဲသို့ လှမ်း၍ဝင်လိုက်သည်နှင့် လုရှောင်ဖုန်း၏ ခြေလှမ်းများသည် တစ်စုံတစ်ခုက တုံ့ဆွဲထားလိုက်သကဲ့သို့ ရုတ်ခြည်း ရပ်တန့်သွားလေတော့၏။

တစ်ဆက်တည်းမှာပင် လုရှောင်ဖုန်း၏ မည်းနက်သော မျက်ခုံးမွေးတစ်စုံသည် နဖူးထက်သို့ မြင့်တက်သွားပြီး ပြန်ကျမလာတော့ပါ။

လုရှောင်ဖုန်း၏ မျက်လုံးတစ်စုံသည်လည်း ဝိုင်းစက်ပြူးကျယ်၍ မယုံကြည်နိုင်လောက်အောင် အံ့သြခြင်းမျိုးဖြင့် အခန်းထဲသို့ ငေးကြည့်နေ၏။

လုရှောင်ဖုန်းက ခြေလှမ်း ရှတ်တရက် ရပ်တန့်လိုက်သောကြောင့် မန်းလူကလည်း ခြေလှမ်း ရပ်တန့်လိုက်ပြီး....

'မင်းခြေထောက်တွေ ရပ်သွားလောက်အောင် မင်း ဘာဖြစ်သွားသလဲ'

လုရှောင်ဖုန်းက လေသံနှိမ့်၍....

'ငါ စန်ကွမ်းမှုကို တွေ့ပြီ'

မန်းလူက အံ့အားသင့်ဟန်ဖြင့်....

'ဟုတ်လား၊ သူက ဘယ်လိုရုပ်မျိုးလဲ၊ ငါတို့ ဝင်လာတာကိုရော သူ တွေ့သွားပြီလား'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'သူ့ကိုတွေ့ရင် မင်းသိမှာပါ'

မန်းလူကလည်း ပခုံး တစ်ချက် တွန့်ကာ လုရှောင်ဖုန်း၏နောက်မှ ဝင်လိုက်သွားလေတော့၏။

ထိုအခန်းထဲ၌ ပရိဘောဂ များများစားစား မရှိပါ။ ခုတင်တစ်လုံးနှင့် စားပွဲတစ်လုံးသာ ရှိ၏။

ထိုစားပွဲအနီး၌ လူတစ်ယောက် ထိုင်လျက် အရက်ကို သောက်နေ၏။ ထိုလူသည် မူလက အပြာရောင် ဖြစ်ဟန် တူ



သော်လည်း ယခုအခါ၌ အရောင်များ လွင့်ပျယ်ကာ ဖြူရော်နေသော အဝတ်အစားများကို ဝတ်ဆင်ထား၏။

'အင်း....မင်းက ကျုပ် အရက်ကောင်းကောင်းသောက်တဲ့ အချိန်ဆိုရင် ရောက်ရောက်လာတတ်တာပဲ'

ထိုလူ၏ စကားသံကို ကြားသည်နှင့် မန်းလူသည် အံ့အားသင့်ကာ....

'ဟင်....ဟုတ်ရှူး'

ဟု လွှတ်ခနဲ အသံထွက်သွားလေတော့သည်။

ဟုတ်ရှူးက ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်၊ အဲ....စန်ကွမ်းမှုလို့လဲ ခေါ်နိုင်ပါတယ်'

မန်းလူက ဦးခေါင်း ခါယမ်းကာ....

'မဖြစ်နိုင်ဘူး....မဖြစ်နိုင်ဘူး'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'အစိမ်းရောင်ဂေဟာရဲ့ ဂိုဏ်းချုပ်ကလဲ ခင်ဗျားပဲပေါ့၊ ဟုတ်လား'

ဟုတ်ရှူးက အရက်ကို မော့သောက်လိုက်ပြီး....

'တစ်လောကလုံး ငါလိမ်နိုင်ပေမယ့် မင်းကိုတော့ ငါ လိမ်လို့ ရမယ်မထင်ဘူး'

လုရှောင်ဖုန်းက....

'ခင်ဗျား မီးကို စက္ကူနဲ့ ထုပ်ဖူးလား၊ အမှန်တရားဟာလဲ ဒီအတိုင်းပဲ၊ ကြာကြာဖုံးကွယ်လို့ မရဘူး'

၄

ဟုတ်ရှူးက တစ်ချက် ရယ်မောလိုက်ပြီး ...

'ဒါပေမယ့် ကျုပ်က လူတစ်ချိုးဗျ၊ ကျုပ်က ကျုပ်လုပ်သမျှ ကျုပ်ဒေသ ထဲအထိ ဖုံးကွယ်ထားချင်သေး တယ်'

လုရှောင်ဖုန်းက....

'လွယ်ပါ့မလား'

ဟုတ်ရှူးက သဘောကျစွာ ရယ်မောလိုက်ပြီး....

'ဒါကြောင့် မင်းတို့ကို ဒီရောက်အောင် ခေါ်လိုက်တာ ပေါ့'

ဟုတ်ရှူး၏ စကားကြောင့် လုရှောင်ဖုန်းက မျက်မှောင် ကြုတ်လိုက်ပြီး ...

'အာလဲ....ခင်ဗျားက ကျုပ်တို့ ဒီရောက်လာအောင် အကွက် ဆင်လိုက်တယ်ဆိုတဲ့ သဘောလား'

ဟုတ်ရှူးက ပြုံးလိုက်ပြီး ....

'ကျူးစိန်က ကျုပ်ကို ခြေရာခံနိုင်တယ်လို့ မင်းက ထင်နေ လို့လား'

လုရှောင်ဖုန်းက....

'ကျူးစိန်က ဒီလောက်တော်င် အာ မယ်လို့တော့ မထင်ဘူး'

မန်းလူက လုရှောင်ဖုန်းအား လှမ်း၍....

'ကျူးစိန်က မအော့ပါဘူး၊ မင်းရဲ့ ဟုတ်ရှူးက ပိုပြီး လည်လို့ပါ'

ဟုတ်ရှူးက ဦးခေါင်းညိတ်လိုက်ပြီး မန်းလူအား....

'မင်းက မျက်မမြင်သာဆိုတယ်၊ အမြော်အမြင်က အတော် ကောင်းတာပဲ'



ပြီးမှ ဟုတ်ရှူးက လုရှောင်ဖုန်းအား....

'ကျုပ်ကို ကျူးစိန်က ခြေရာခံမိသွားတာကို ကျုပ်သိပေမယ့် ကျုပ်က တမင်ပဲ လွှတ်ပေးလိုက်တယ်၊ ကျုပ်က ကျူးစိန်ကို အစ ဖျောက် ပစ် နိုင် ပေ မယ့် ကျုပ်က သူ့ကို လိုချင်တာမှ မဟုတ်တဲ့၊ ကျုပ်လိုချင်တာက မင်းပဲ လုရှောင်ဖုန်း၊ ဒါကြောင့် ကျုပ် ကျူးစိန်ကို လွှတ်ပေးလိုက်တာ၊ ဒါမှလဲ မင်းက ဒီကို ရောက်အောင် လိုက်လာမှာပဲ မဟုတ်ဘူးလား'

မန်းလူက....

'အခု ကျူးစိန်က ကျုပ်တို့ ဒီလာတာကိုသိတယ်၊ခင်ဗျားက ကျုပ်တို့ကို တစ်ခုခု လုပ်မိလိုက်မယ်ဆိုရင်....'

ဟု ပြောရင်း စကားကို ဖြတ်ထားလိုက်သည်။

ဟုတ်ရှူးက တဟားဟား ရယ်မောလိုက်ပြီး....

'ကျုပ်က ဘာလဲ....ကျူးစိန်က ဘာလဲ၊ ဒါကို မေ့နေပြီ လား၊ ဒီမှာ မန်းလူ....လူတွေက ကျုပ်ပြောတဲ့စကားနဲ့ ကျူးစိန် ပြောတဲ့ စကား ဘယ်စကားကို ယုံမလဲ၊ ကျုပ်က သူဌေး၊ ကျူးစိန်က အရက်သမားပါဗျာ၊ ဟဲ....ဟဲ'

မန်းလူ ဘာမျှ မပြောတော့၊ ပါးစပ်ပိတ်နေလိုက်၏။

လုရှောင်ဖုန်းက....

'ဘုကုအိမ်နဲ့ ဥာဏ်ထိစန်းကို ခင်ဗျားက ဘာလို့ ဝင်မကယ် ရတာလဲ'

ဟုတ်ရှူးက ကောက်ကျစ်စဉ်းလဲစွာ ပြောလိုက်ပြီး....

'ဘာလို့ ဝင်ကူရမှာလဲ၊ သူတို့ မရှိလေ ကောင်းလေပဲ၊ ဒါမှ ကျုပ်တို့ သုံးယောက်ပိုင်တဲ့ ပစ္စည်းကို ကျုပ် တစ်ယောက် တည်း....'

ဟု စကားကို ဆုံးအောင် မပြောဘဲ တဟားဟားဖြင့် ရယ်မောလိုက်၏။ ဟုတ်ရှူး၏ စကားကြောင့် မန်းလူက မျက်မှောင်ကြုတ်ပြီး....

'ဒါဆို ဥဘဏ်ထိစန်းကို သတ်တာ ခင်ဗျားပေါ့၊ ဟုတ်လား'

ဟုတ်ရှူးက....

'ကျုပ်က လူသတ်သမား မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ် ပြောပြီးပြီလေ၊ ကျုပ်က ကျုပ်လုပ်သမျှကို ကျုပ်သေတဲ့အထိ ဖုံးကွယ်ထားချင်တာ၊ သူတို့က ကျုပ်အကြောင်းကို ထုတ်ဖော် ချင်ကြတာကို...'

မန်းလူက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'လျှူဟုန်၊ ချူးယိနဲ့ တုကုဖန်လဲ ခင်ဗျား လက်ချက်ပဲပေါ့ ဟုတ်လား'

ဟုတ်ရှူးက....

'မမှားပါဘူး'

ထိုသို့ မန်းလူနှင့် ဟုတ်ရှူးတို့ စကားပြောနေစဉ် လုရှောင် ဖုန်းသည် ဟုတ်ရှူးအား မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့် နေ၏။

လုလုရှောင်ဖုန်း၏ စိတ်ထဲမှလည်း ဟုတ်ရှူးသည် အလွန် ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်သူ တစ်ယောက် ဖြစ်ကြောင်း ရိပ်စားမိလာသည်။



ထို့ကြောင့် လုရှောင်ဖုန်း၏ ရင်ထဲ၌ တစ်ချက်မျှ တုန်လှုပ် သွားပြီး....

'သမင်မလေး သန်းဖုံးကို ခင်ဗျားဖမ်းထားသလား'

လုရှောင်ဖုန်းက ဟုတ်ရှူးအား ထိုသို့ မေးလိုက်သည်နှင့် တစ်ချိန်တည်း မန်းလူကလည်း ဟုတ်ရှူးအား....

'စန်ကွမ်းစီးယန်ကို ခင်ဗျား ဖမ်းထားသလား'

လုရှောင်ဖုန်းနှင့် မန်းလူတို့၏ မေးခွန်းနှစ်ခုသည် တိုင်ပင် ထားသည့်အလား ပြိုင်တူ ထွက်ပေါ်လာသည်။

ထိုသို့ သူတို့နှစ်ယောက်က ပြိုင်တူ မေးလိုက်သောကြောင့် ဟုတ်ရှူးက သူတို့နှစ်ယောက်အား မျက်ခုံးပင့်ကြည့်လိုက်ပြီး....

'ဩော်....သံယောဇဉ်တွေ သံယောဇဉ်တွေ'

ဟု ခနဲ့တဲ့တဲ့ ပြောလိုက်ပြီးမှ လုရှောင်ဖုန်း၏ အမေးကို မဖြေသေးဘဲ အရက် တစ်ခွက်ကို သောက်လိုက်သည်။

ပြီးမှ ဟုတ်ရှူးကဦးခေါင်းကို ခါယမ်းပြလိုက်ပြီး....

'သူတို့ကို ကျုပ် ဖမ်းမထားပါဘူး၊ ဖမ်းထားဖို့လဲ မလိုဘူး၊ သူတို့ကို ကျုပ် အချိန်မရွေး အစ ဖျောက်နိုင်တယ်၊ ကျုပ် အတွက်က မင်းတို့ နှစ်ယောက်ကိုပဲ သတိထားရမှာ၊ မင်းတို့သာ ဒီကိစ္စထဲမှာ ပါမလာရင် ဘယ်လောက် ကောင်းမလဲ'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'ဒီမှာ ဟုတ်ရှူး၊ ငါတို့ ဒီကိစ္စထဲ ပါမလာလဲ တစ်နေ့ကျရင် ဝါစန်းမြို့စားကြီးက မင်းကို ဖော်ထုတ်နိုင်မှာပါ'

လုရှောင်ဖုန်း စကားကြောင့် ဟုတ်ရှူးက တဟားဟား ရယ်မောလိုက်ပြီး....

'ကျုပ်က ဝါစန်းမြို့စားကြီးကိုအချိန်မရွေးကျုပ်ကြိုက်သလို လုပ်နိုင်တယ်၊ ဒီကိစ္စထဲကို မင်းတို့ ပါလာတာ မင်းတို့အတွက် ကံဆိုးတာပဲ'

လုရှောင်ဖုန်းက....

'ကံဆိုးတာ ကျုပ်တို့ မဟုတ်ဘူး၊ ကံဆိုးတာက ခင်များ ဘယ်လိုလဲ၊ ခင်များက ကျုပ်တို့ကို နိုင်မယ်လို့ ထင်နေသလား'

ဟုတ်ရှူးက ရယ်မောလိုက်ပြီး....

'ကျုပ်က မပိုင်ရင် ဘာမှ မလုပ်ဘူး'

လုရှောင်ဖုန်းက....

'ကြိုးစားကြည့်ပါဦး'

ဟုတ်ရှူးက....

'မလိုပါဘူး၊ ကျုပ်လက်ထဲကို ခင်များတို့ရောက်နေပြီပဲ'

ထိုစဉ် မန်းလူက တစ်စုံတစ်ရာကို သတိရဟန်ဖြင့်....

'နေပါဦး ကျုပ် မေးပါဦးမယ်၊ ဒီလိုဏ်ဂူထဲမှာ ဘိန်းအိုးတွေက အများကြီးပဲ၊ ဒါတွေကို ခင်များတစ်ယောက်တည်းလုပ်နိုင်လို့လား၊ ပြီးတော့ ဒီမှာလူတစ်ယောက်မှ ရှိပုံမရဘူး'

ဟုတ်ရှူးက သဘောကျစွာဖြင့် ရယ်မောလိုက်ပြီး....

'ဟုတ်ပါ့ မင်းက မျက်မမြင်သာဆိုတယ် မျက်စိမြင်နေတဲ့ လူလောက်တောင် မြင်ပါလား၊ ဒီလိုဏ်ဂူထဲမှာ လူတစ်ယောက်မှ မရှိလို့ မင်းတို့နှစ်ယောက်က ငါ့ကိုနိုင်မယ်များ ထင်နေသလား'



မန်းလူက ပြုံးလိုက်ပြီး....

'ခင်များမှာ လူ ဘယ်လောက်ရှိရှိ၊ ကျုပ်တို့က ဂရုစိုက်မယ်များ ထင်နေသလား'

ဟုတ်ရှူးက....

'အချိန်တန်တော့ သိရမှာပေါ့'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်ရင်း....

'အင်း....ကျုပ်ထင်တာ မမှားဘူးဆိုရင်တော့ ခင်များဟာ ဥာဏ်ထိစန်းနဲ့ တုကုအိတို့ရဲ့ နောက်ကွယ်ကနေ ကြိုးကိုင်ပြီး ထိန်းချုပ်နေတာဖြစ်ရမယ်'

ဟုတ်ရှူးက....

'ဟုတ်တာပေါ့၊ ကျုပ်ရဲ့လက်အောက်မှာ လူတစ်ယောက်မကရှိတယ်၊ ဌာနခွဲပေါင်း တစ်ရာ့ရှစ်ခု ရှိတယ်၊ ဒါပေမယ့် အဲဒီ အဖွဲ့သားတွေကို တုကုအိနဲ့ ဥာဏ်ထိစန်းကပဲ တိုက်ရိုက် အုပ်ချုပ်တယ်၊ ကျုပ်ကိုတော့ ကျုပ်ရဲ့ အဖွဲ့သားတွေက မသိကြဘူး၊ ကျုပ်က အမိန့်တွေဘာတွေထုတ်ရင်လဲတုကုအိနဲ့ ဥာဏ်ထိစန်းက တစ်ဆင့်ပဲ အမိန့် ထုတ်တယ်'

မန်းလူက မျက်မှောင်ကြုတ်ပြီး....

'ဒါနဲ့တောင် ဥာဏ်ထိစန်းက အစိမ်းရောင်ဂေဟာ ဌာန ချုပ်ကို မသိဘူးလို့ ပြောပါလား'

ဟုတ်ရှူးက ခေါင်းညိတ်၍....

'ဟုတ်တယ် ဒါအမှန်ပဲ၊ ဒီနေရာကို သိတာ တုကုအိ တစ်ယောက်ပဲ သိတယ်၊ ဥာဏ်ထိစန်းက မသိဘူး'

ဟု ပြောလိုက်သည်။

ဟုတ်ရှူးသည် ထိုသို့ ပြောလိုက်ပြီး ရုတ်တရက် လုရှောင်ဖုန်း၏ မျက်လုံးကို စူးစိုက်ကြည့်ကာ....

'ဟော လုရှောင်ဖုန်း၊ မင်းက ငါ့ကို အလစ်တိုက်ဖို့ စိတ်ကူးနေပြီပေါ့'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'စိတ်ကူးရုံမကဘူး၊ ကျုပ်လက်က ယားနေပြီ'

ဟုတ်ရှူးက ပြုံး၍....

'ကောင်းတယ်၊ မင်း လက်လှုပ်လိုက်တော့'

ဟု ပြောရင်း ရုတ်တရက် စားပွဲအောက်မှ ခလုတ်တစ်ခုကို နှိပ်လိုက်လေတော့၏။

'ဝုန်း'

ဟူသော အသံနှင့်အတူ သံလှောင်ချိုင့်ကြီး တစ်ခုသည် အပေါ်မှ ပြုတ်ကျလာ၏။ ရှောင်တိမ်းရန် နေရာကျဉ်းမြောင်းသည့်အပြင် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် လုရှောင်ဖုန်းနှင့် မန်းလူတို့မှာ သံလှောင်ချိုင့် အတွင်းသို့ ရောက်ရှိသွားလေတော့သည်။

ဟုတ်ရှူးက တဟားဟားရယ်မောလိုက်၏။အခန်းတစ်ခုလုံး ဟုတ်ရှူး၏ ရယ်မောသံသည် ပဲ့တင်ထပ်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက်....

'ဟဲ....ဟဲ....ဟဲ ဘယ့်နှယ်လဲ သူငယ်ချင်းတို့ သံလှောင်ချိုင့်ထဲမှာ နေရတာ ဇိမ်ရှိရဲ့လား'



ဟူသော အသံ ပေါ်ထွက်လာပြီး ထိုအသံနှင့်အတူ လူတစ်ယောက်သည် အခန်းထဲသို့ အေးဆေးသော ခြေလှမ်းများဖြင့် ဝင်ရောက်လာလေတော့၏။

....o....

အခန်းထဲသို့ ဝင်လာသူမှာ ကျူးစိန် ဖြစ်၏။

ကျူးစိန်၏ နောက်မှ စန်ကွမ်းစီးယန် ဝင်လာ၏။

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'နေလို့ ဇိမ် ဇိမ်ရှိပါတယ်၊ မင်းအချိန်မီ ရောက်လာမယ်ဆိုတာ ငါ သိသားပဲ'

ဟု ပြောလိုက်၏။

ဟုတ်ရှူးသည် ရုတ်တရက် ထိုင်ရာမှထလိုက်ပြီး ကျူးစိန်အား မီးတောက်သောမျက်လုံးဖြင့် ကြည့်လိုက်ပြီး....

'မင်းကို ငါ အချိန်မရွေးသတ်နိုင်တယ် သိလား'

ကျူးစိန်က ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်၊ ခင်ဗျားကို မနိုင်ပါဘူး၊ ခင်ဗျား ကျုပ်ကို အချိန်မရွေး သတ်ပစ်နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျား တစ်ခု တော့ စဉ်းစားပါဦး'

ဟု ပြောလိုက်၏။

ဟုတ်ရှူးက စန့်ကွမ်းစီးယန့်ဘက်သို့ တစ်ချက် လှမ်းကြည့် လိုက်ပြီး....

'မင်းတို့က နှစ်ယောက်ဖြစ်နေလဲ ငါမင်းကို သတ်နိုင်တယ် ဆိုတာ သိထားပါ'

ဟု ပြန်ပြောလိုက်၏။

ကျူးစိန်က ပြုံး၍ ဦးခေါင်းခါယမ်းပြီး လက်လေးချောင်း ထောင်ပြကာ....

'ကျုပ်တို့က နှစ်ယောက်မဟုတ်ဘူး လေးယောက်၊ ကျုပ်တို့ လေးယောက်ကိုတော့ ခင်ဗျားနိုင်မယ်မထင်ဘူး'

ဟုတ်ရှူးက သံလှောင်ချိုင့်ထဲမှ လုရှောင်ဖုန်းနှင့် မန်းလူ တို့အား တစ်ချက်ကြည့်ကာ တဟားဟား ရယ်မောလိုက်ပြီး ...

'သူတို့က လှောင်ချိုင့်ထဲ ရောက်နေပြီပဲ'

ကျူးစိန်က ဦးခေါင်းခါယမ်းပြလိုက်ပြီး....

'သူတို့က လှောင်ချိုင့်ထဲက မထွက်ချင်သေးလို့ပါ၊ ထွက် ချင်တဲ့အချိန်ကျရင် လှောင်ချိုင့်ကို အသာလေး မ,ပြီးထွက်လာ လိမ့်မယ်'

ဟု ပြောလိုက်၏။



ထိုအချိန်မှာပင် လုရှောင်ဖုန်းနှင့် မန်းလူတို့သည် သံလှောင် ချိုင့်ကို အသာအယာ မ,တင်ပြီး ထွက်လာသည်ကို ဟုတ်ရှူး မြင်တွေ့လိုက်ရလေတော့၏။

ဟုတ်ရှူး၏ မျက်နှာတစ်ခုလုံးသည် မည်းမှောင်သွားလေ တော့၏။ သူသည် တစ်စုံတစ်ခုကို ယတိပြတ် ဆုံးဖြတ်လိုက်ပြီး သည့်အလား စတင်၍ လှုပ်ရှားလိုက်လေတော့၏။

သူသည် လက်တစ်ချက်ဝေ့ယမ်းလိုက်၏။ ထိုသို့ဟုတ်ရှူးက လက်ဝေ့ယမ်းလိုက်သည်နှင့် ခြောက်မြှောင့်ပုံသဏ္ဌာန် သံမဏိ ပြားကလေးများသည် လုရှောင်ဖုန်းနှင့် မန်းလူတို့ထံ ပလူပျံ အောင် ရောက်ရှိလာလေတော့၏။

လုရှောင်ဖုန်းက ဘေးသို့ခုန်ရှောင်လိုက်၏။ မန်းလူက အင်္ကျီ လက်ဖြင့် ဝင်လာသမျှသော သံမဏိပြားများကို ရိုက်ချလိုက်၏။

ဟုတ်ရှူးသည် ထိုသို့ လုရှောင်ဖုန်းနှင့် မန်းလူတို့အား လက်နက်ပုန်းနှင့် ပစ်ခတ်ပြီးသည်နှင့် တစ်ပြိုင်တည်း အခန်းနံရံ တစ်ခုသို့ ပြေးသွားကာ အခန်းနံရံမှခလုတ်တစ်ခုကို နှိပ်လိုက်၏။

သို့သော် အခန်းနံရံသည် မည်သို့မျှ ထူးခြား၍ မလာချေ။ ဟုတ်ရှူးသည် အခန်းနံရံပေါ်မှ ခလုတ်အား ထပ်ပြန်တလဲလဲ နှိပ်ရင်း ချွေးသီးချွေးပေါက်များပင် ကျလာ၏။

သို့သော် အခန်းနံရံသည် မည်သို့မျှ ထူးခြား၍ မလာချေ။ ဟုတ်ရှူး၏ မျက်နှာတစ်ခုလုံးသည် ဆောက်တည်ရာမရလောက် အောင်ပင် မျက်စိမျက်နှာ ပျက်လာ၏။

ဟုတ်ရှူးကိုကြည့်ရင်း ကျူးစိန်က ရယ်မောနေ၏။

ကျူးစိန်သည် ထိုသို့ရယ်မောလိုက်ပြီးမှ....

'ဒီမှာ ဟုတ်ရှူး၊ ကျုပ်က ခင်ဗျားကိုမနိုင်ပေမယ့် စက်ကိရိယာ ယန္တရားအတတ်မှာတော့ ကျုပ်က ခင်ဗျားထက် သာတယ် ဆိုတာ မေ့နေပြီလား၊ ကျုပ် ဒီအထဲ ဝင်မလာခင်လေးတင် ခင်ဗျားရဲ့လျှို့ဝှက်လေ့ယာဉ်တွေကို ထိန်းချုပ်ထားခဲ့ပြီးပြီဆိုတာလဲ သတိထား ဦးမှပေါ့'

ဟု ပြောလိုက်၏။

စန်ကွမ်းစီးယန်က တည်ငြိမ်လေးနက်သောလေသံဖြင့်....

'စန်ကွမ်းမှု...ရှင် အညွှန်ခံပါတော့၊ တရားဥပဒေရဲ့ ဆုံးဖြတ်မှုကို အေးအေးသက်သာ ခံယူလိုက်စမ်းပါ'

ဟု ဝင်ရောက်၍ ပြောလိုက်၏။

သို့သော် ဟုတ်ရှူးသည် ရုတ်တရက် ရှုံ့သွပ်သွားသူပမာ အခန်းအလှည့်မတ်၍ ထွက်ပေါက်ရှာနေ၏။

လုရှောင်ဖုန်းက သက်ပြင်းချရင်း ဟုတ်ရှူးထံသို့ လျှောက်သွား၏။ လုရှောင်ဖုန်းက ဟုတ်ရှူးထံ ချဉ်းကပ်သွားသည်နှင့် ဟုတ်ရှူးက နောက်သို့ တဖြည်းဖြည်းဆုတ်သွား၏။

ကျူးစိန်က ဟုတ်ရှူးအိုင်ခဲ့သောစားပွဲ၌ ဝင်ထိုင်လိုက်၏။ လုရှောင်ဖုန်းက ဟုတ်ရှူး ထံ တစ်လှမ်းချင်းလှမ်း၍ တိုးကပ်သွား၏။

ဟုတ်ရှူးက တစ်လှမ်းချင်းဆုတ်ကာ လှည့်ပတ်ရှောင်၏။ ထိုစဉ် ကျူးစိန်က ရုတ်တရက် စားပွဲအောက်မှ ခလုတ်ကို နှိပ်လိုက်၏။



'ဝုန်း'ဟူသော အသံနှင့်အတူ သံလှောင်ချိုင့် အပေါ်မှ ပြုန်ကျလာ၏။ ဟုတ်ရှူးသည်'ဝုန်း'ဟူသောအသံကြားသည်နှင့် အပေါ်သို့ မော့ကြည့်လိုက်၏။

သံလှောင်ချိုင့်ကြီးက သူ့ထံသို့ကျလာသည်ကို မြင်လိုက်ရ၏။ ထို့ကြောင့် သူသည် ကပျာကယာ ရှောင်တိမ်းလိုက်၏။ သို့သော် သူသည် လွန်စွာနောက်ကျသွားပြီဖြစ်၏။ ထို့ကြောင့် သူသည် သံလှောင်ချိုင့်အတွင်းသို့ ရောက်ရှိသွားလေတော့၏။

စန်ကွမ်းစီးယန်သည် သံလှောင်ချိုင့်အတွင်းသို့ ရောက်ရှိနေသော ဟုတ်ရှူးကို တစ်ချက် စေ့စေ့ကြည့်လိုက်ပြီး....

'ရှင်တို့ ဝါစန်းမြို့စားကြီးကို ဘယ်မှာချုပ်ထားသလဲ'

ဟု မေးလိုက်၏။

စန်ကွမ်းစီးယန်၏စကားကြောင့် ဟုတ်ရှူး၏မျက်နှာသည် ဖြူဖပ်ဖြူလျော်ဖြစ်သွားပြီး စန်ကွမ်းစီးယန်ကို တအံ့တဩနှင့် ကြည့်နေ၏။

စန်ကွမ်းစီးယန်၏ စကားကြောင့် ဟုတ်ရှူးသာ မက လုရှောင်ဖုန်းတို့ပါ အံ့ဩသွားလေတော့၏။

ဟုတ်ရှူးက စန်ကွမ်းစီးယန်ကို မျက်လုံးပြူး၍ တအံ့တဩ ကြည့်ရင်း....

'မင်း....မင်း....ဘယ်လိုလုပ်သိသလဲ'

ဟု မေးလိုက်၏။

စန်ကွမ်းစီးယန်က သက်ပြင်းတစ်ချက်မသိမသာချလိုက်ပြီး–
'ဒါ ရှင့်ကိစ္စမဟုတ်ဘူး၊ ကျွန်မမေးတာကိုဖြေပါ'
ဟု ပြောလိုက်၏။

လုရှောင်ဖုန်းက စန်ကွမ်းစီးယန်ကို နားမလည်နိုင်သော မျက်လုံးဖြင့်ကြည့်ရင်း....

'နေပါဦး၊ ကျုပ် ဖြတ်မေးပါရစေ၊ ဝါစန်းမြို့စားကြီး ဘယ်တုန်းက အဖမ်းခံလိုက်ရသလဲ'
ဟု မေးလိုက်၏။

စန်ကွမ်းစီးယန်က ဦးခေါင်းခါယမ်းလိုက်ပြီး....
'ရှင်တို့တွေ့ခဲ့တဲ့ မြို့စားကြီးက အစစ်မဟုတ်ဘူး၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ထဲက မြို့စားကြီးကို သူတို့ဖမ်းထားတယ်'

လုရှောင်ဖုန်းက....
'မင်း ဘယ်လိုလုပ်သိသလဲ'
စန်ကွမ်းစီးယန်က လုရှောင်ဖုန်းကို တစ်ချက်ကြည့်လိုက်ပြီး–
'လောလောဆယ် ကျွန်မ သူ့ကို မေးပါရစေ၊ ပြီးမှ ကျွန်မ ပြောပြပါမယ်'
ဟု ပြောလိုက်၏။

ထို့နောက် သူမသည် ဟုတ်ရျူးဘက်သို့လှည့်ကာ....
'ကဲ စန်ကွမ်းမုံ....ရှင်မှန်မှန်ဖြေပါ၊ မြို့စားကြီးကို ဘယ်မှာ ချုပ်ထားသလဲ'
ဟု မေးလိုက်သည်။



ဟုတ်ရျူးသည် အဖြေမပေးဘဲ စန်ကွမ်းစီးယန်ကို ကြည့်နေသည်။ စန်ကွမ်းစီးယန်ကလည်း ဟုတ်ရျူးကို ပြန်ကြည့်လိုက်၏။
သူတို့နှစ်ယောက်သည် တစ်ယောက်မျက်လုံးကို တစ်ယောက် စိုက်ကြည့်နေ၏။ အတန်ကြာမှ ဟုတ်ရျူးက မျက်လွှာချလိုက်ပြီး သက်ပြင်းတစ်ချက်ချကာ....
'ဝါစန်းဂေဟာရဲ့ လျှို့ဝှက်မြေတိုက်ခန်းထဲမှာ'
ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။
စန်ကွမ်းစီးယန်က လုရှောင်ဖုန်းကို လှည့်ကြည့်လိုက်ပြီး....
'ကျွန်မကို ဝါစန်းဂေဟာကို အမြန်ဆုံးသွားမှ ဖြစ်မယ်'
ဟု ပြောလိုက်၏။
လုရှောင်ဖုန်းက ဟုတ်ရျူးကို ညွှန်ပြရင်း....
'သူ့ကို ဘယ်လိုလုပ်မလဲ၊ ဒီအတိုင်း ထားခဲ့ရမှာလား'
ကျူးစိန်က လက်ကာပြလိုက်ပြီး....
'သူ့အတွက် မပူနဲ့၊ တော်ကြာ ဟုတ်ထန်ချင်းနဲ့ ရဲမက်တွေ ရောက်လာလိမ့်မယ်'
ဟု ပြောလိုက်သည်။
ကျူးစိန်၏စကားကြောင့် လုရှောင်ဖုန်း၏ မျက်ခုံးမွေးသည် မြင့်တက်သွားပြီး....
'ဟုတ်ထန်ချင်း....ဟုတ်လား'
ပြန်မေးလိုက်သည်။
ကျူးစိန်က ဦးခေါင်းညိတ်လိုက်ပြီး....
'ဟုတ်တယ်၊ ဟုတ်ထန်ချင်းဟာနေပြည်တော်က လွှတ်လိုက်တဲ့ ထောက်လှမ်းရေးမှူးလေ မင်းနဲ့သိလို့လား၊ သူက အဝိဒ်

ရောင်ဂိုဏ်းကို ဖြိုခွဲဖို့နဲ့ ဘိန်းအန္တရာယ်ကို တားဆီးဖို့ တာဝန်နဲ့ ဒီကို ရောက်လာတာ'

လုရှောင်ဖုန်း ဘာမျှပြန်မပြောတော့ပါ။ ထိုအချိန်မှာပင် ဟုတ်ထန်ချင်းနှင့် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော ရဲမက် တစ်ချို့ ဝင်ရောက်လာသည်။

ဟုတ်ထန်ချင်းသည် အခန်းထဲသို့ ရောက်သည်နှင့် အခန်း တစ်ခုလုံးကို သိမ်းကြုံး၍ အကဲခတ်လိုက်သည်။

ကျူးစိန်က ဟုတ်ထန်ချင်း၏အနီးသို့ ကပ်သွားပြီး....

'ဘယ့်နှယ့်လဲ အဆင်ပြေတယ် မဟုတ်လား'

ဟုတ်ထန်ချင်းက ပြုံးလိုက်ပြီး....

'မဖိုးမဆိုးဘူး'

ကျူးစိန်က လက်ဝါးဖြန့်လိုက်ပြီး....

'ဒါဖြင့် ခင်ဗျားပေးမယ့်ဆုငွေလေ'

ဟုတ်ထန်ချင်းက ပြုံး၍....

'ဒီအတွက် စိတ်ချပါ၊ ထိုက်သင့်တဲ့ဆုငွေ ရပါစေမယ်၊ ကျုပ် တာဝန်ယူပါတယ်'

ဟု ပြောလိုက်ပြီးနောက် လုရှောင်ဖုန်းနှင့် မန်းလူတို့ထံ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည်။

ထို့နောက် ဟုတ်ထန်ချင်းသည် လုရှောင်ဖုန်းနှင့် မန်းလူတို့၏ ရှေ့၌ ခြေစုံရပ်လိုက်ပြီး လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်အရိုအသေ ပြုလိုက်သည်။



ပြီးမှ....

'ခင်ဗျားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ကျုပ်ခုတော့ ဂုဏ်ယူ ပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်၊ တရားခံကို တရားဥပဒေ အရ အရေးယူဖို့ကိစ္စကို ကျုပ်တော်ပဲ ဆက်ပြီးတာဝန်ယူပါ့မယ်'

ဟု လေးလေးစားစားနှင့် ပြောလိုက်သည်။

လုရှောင်ဖုန်းက အားတုန့်အားနာဟန်ဖြင့်....

'ခင်ဗျားကို ဘုတ်ထိစန်းဂေဟာမှာ တွေ့ကတည်းက ကျုပ် စိတ်ထဲမှာ အတော်လေး မတင်မကျရှိခဲ့တယ်၊ အင်း အခုတော့ ရှင်းသွားပါပြီ'

ဟု ပြောလိုက်သည်။

ထို့နောက် လုရှောင်ဖုန်းက ဟုတ်ထန်ချင်းအား နှုတ်ဆက်ကာ မန်းလူနှင့်အတူ ထိုနေရာမှထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ရုတ်တရက် ဟုတ်ထန်ချင်းက လုရှောင်ဖုန်း၏ ပခုံးကို လှမ်းဆုပ်လိုက်ပြီး....

'ခင်ဗျားနဲ့ ကျုပ်တော်နဲ့ ကိစ္စက မပြတ်သေးဘူးနော်'

ဟု ပြောလိုက်သည်။

လုရှောင်ဖုန်းက တစ်ချက်မျှ တုန့်ဆိုင်းသွားပြီး....

'ကောင်းပြီလေ....ခင်ဗျားပြောပါ'

ဟုတ်ထန်ချင်းက လုရှောင်ဖုန်းအား စေ့စေ့စိုက်စိုက် ကြည့် လိုက်ပြီး....

'ဒီနေ့ကစပြီး တစ်လတိတိပြည့်တဲ့နေ့'

လုရှောင်ဖုန်းက....

'အချိန်က....'

ဟုတ်ထန်ချင်းက....

‘နေဝင်ချိန်’

လုရှောင်ဖုန်းက....

‘နေရာက’

ဟုတ်ထန်ချင်းက....

‘ချန်းကျန်းမြို့....ရှေငါးစားသောက်ဆိုင်’

ဟုတ်ထန်ချင်း၏ စကားအဆုံးတွင် လုရှောင်ဖုန်းသည် နားမလည်ဟန်ဖြင့် ဟုတ်ထန်ချင်းအား ကြည့်လိုက်မိလေတော့၏။

ဟုတ်ထန်ချင်းက လုရှောင်ဖုန်းတစ်ယောက် အူကြောင်ကြောင် ဖြစ်သွားပုံကိုကြည့်ရင်း....

‘အဲဒီမှာ ခင်ဗျားကို ဂုဏ်ပြုညှော်ခံပွဲ လုပ်မလို့ပါ၊ ဟား....ဟား....ဟား’

ဟု ပြောလိုက်လေတော့သည်။

....o....



လုရှောင်ဖုန်းသည် အစိမ်းရောင်ဂေဟာဂိုဏ်း၏ ဌာနချုပ်ဖြစ်သော အဆောက်အအုံကို တစ်ချက် ငေးကြည့်လိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း....

‘ဟူး....လောကမှာ မထင်မှတ်တဲ့အရာတွေက အမြဲဖြစ်ပျက်နေပါလား၊ အရာရာတိုင်းဟာ အချိန်နဲ့အမျှ ပြောင်းလဲနေပါလား’

ဟု ညည်းထွားလိုက်ပြီး....

‘ဟုတ်တယ်၊ ဒါပေမယ့် လောကကြီးထဲမှာ ထာဝရ မပြောင်းလဲတဲ့ တည်ရှိနေတဲ့အရာ ရှိပါသေးတယ်’

ဟု ပြောလိုက်သည်။

လုရှောင်ဖုန်းက မျက်ခုံးပင့်တင်လိုက်ပြီး....

‘လူတောင် တစ်နေ့သေရသေးတာ၊ ထာဝရတည်မြဲတဲ့အရာ ရှိပါ့မလား’

မန်းလူက ပြုံး၍....

‘မမြဲဘူးဆိုတဲ့ သဘောတရားဟာ ဒီလောကကြီးထဲမှာ ထာဝရ မြဲနေတဲ့အရာပဲပေါ့ကွ’

ဟုပြောလိုက်ပြီး မိမိစကားကိုမိမိ သဘောကျစွာဖြင့် တဟားဟား ရယ်မောနေလေတော့၏။

မန်းလူ၏စကားကြောင့် စန်ကွမ်းစီးယန်သည်ပင်လျှင် ပြုံးလိုက်မိ၏။ ထို့နောက် သူတို့သုံးယောက်သည် မြင်းကိုယ်စီဖြင့် အစိမ်းရောင်ဂေဟာဂိုဏ်းကို ကျောခိုင်းထွက်လာခဲ့ကြလေတော့သည်။

လုရှောင်ဖုန်းနှင့် မန်းလူတို့သည် စန်ကွမ်းစီးယန်က ဝါစန်းသူစားကြီးဂေဟာသို့လိုက်ခဲ့ရန် အကူအညီတောင်းခံသည့်အပြင် မြို့တို့ကိုယ်တိုင်ကလည်း ဝါစန်းမြို့စားကြီး ပျောက်ဆုံးနေသည့်ကိစ္စနှင့်စပ်လျဉ်း၍ စူးစမ်းချင်သည့် ဆန္ဒကလည်း ရှိနေသောကြောင့် ရေတော်တုန်း ရေတွင်းထဲကျသကဲ့သို့ နှစ်ခွန်းပင်မခေါ်ရဘဲ စန်ကွမ်းစီးယန်နှင့် လိုက်ပါသွားခဲ့ခြင်းဖြစ်၏။

သူတို့သည် မြင်းကိုယ်စီ ရင်ဘောင်တန်းစီးလျက် အသွားကျမောင်းနှင်လာရင်း လုရှောင်ဖုန်းက စန်ကွမ်းစီးယန်ဘက်သို့လှည့်ကာ....

'ကဲ....ဝါစန်းမြို့စားနဲ့ ပတ်သက်တဲ့အကြောင်း ပြောစမ်းပါဦး'

ဟု မေးလိုက်၏။

စန်ကွမ်းစီးယန်က ပြုံး၍....

'အဲဒီအကြောင်းမပြောခင် ကျွန်မဘယ်သူလဲဆိုတာ ရှင်သိရဲ့လား'

ဟု ပြန်မေးလိုက်၏။

လုရှောင်ဖုန်းက ရယ်မောလိုက်ပြီး....

'စန်ကွမ်းစီးယန်ဟာ စန်ကွမ်းစီးယန်ပဲပေါ့၊ ဒါမှမဟုတ်ရင် ဝတ်ရုံနီသခင်မပေါ့'

ဟု ပြောလိုက်၏။

စန်ကွမ်းစီးယန်က ချိုလွင်သောအသံဖြင့် တစ်ချက်ရယ်မောလိုက်ပြီး....



'တကယ်လို့ ကျွန်မဟာ သခင်မလေးသန်းဖုံး ဖြစ်တယ်ဆိုရင်ကော'

စန်ကွမ်းစီးယန်၏စကားကြောင့် လုရှောင်ဖုန်းသည်မန်းလူ၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်၏။

မန်းလူက သက်ပြင်းချလိုက်ပြီး....

'ဟော့-လုရှောင်ဖုန်း၊ ဒါကြောင့် ငါအစကမပြောဘူးလား၊ သခင်မလေးသန်းဖုံးရဲ့အသံဟာ စန်ကွမ်းစီးယန်နဲ့တူပါတယ်လို့'

လုရှောင်ဖုန်းကလည်း....

'ငါလဲ ထင်တော့ထင်သားပဲ'

ဟု အော်ပြောလိုက်၏။

ထို့နောက် လုရှောင်ဖုန်းသည် သဘောကျစွာ ရယ်မောလိုက်ပြီး....

'တကယ်တော့ ငါဟာ အင်မတန်မှ လူကဲခတ်ညံ့သေးတာပဲ'

ဟု ပြောလိုက်လေသည်။

ပြီးမှ လုရှောင်ဖုန်းက စန်ကွမ်းစီးယန်အား....

'ကဲ....သခင်မလေး သန်းဖုံး၊ မြို့စားကြီးအကြောင်း ပြောပါဦး'

သခင်မလေးသန်းဖုံး၏ မျက်လုံးများသည် တစ်ချက်မျှရီဝေသွားပြီး သူမ၏ စိတ်များသည် အတိတ်တစ်ချိန်သို့ တဒင်္ဂမျှလွင့်ပျံသွားဟန်ရှိ၏။

သူမသည် အတန်ကြာမျှ တိတ်ဆိတ်၍နေပြီး သက်ပြင်းတစ်ချက်ချကာ....

'လွန်ခဲ့တဲ့ သုံးနှစ်ကျော်အချိန်ကစခဲ့တဲ့ အဖြစ်အပျက်တစ်ခု ပါပဲ'

ဟု နိဒါန်းပျိုးလိုက်ပြီး....

နွေရာသီ နှောင်းပိုင်းအချိန် နေ့တစ်နေ့၌ သူမသည် ဝါစန်း ဂေဟာနှင့် မနီးမဝေးရှိ တောင်ကုန်း၌ သိုင်းပညာလေ့ကျင့်နေစဉ် သူမဖခင်၏အော်သံကြားရကြောင်း၊ ထို့ကြောင့် အိမ်သို့ အမြန်ပြန်လာရာ မျက်နှာဖုံးနှင့် လူသုံးယောက်က အိမ်ရှေ့၌ ရပ်ထားသော မြင်းလှည်းပေါ်တက်၍ ထွက်သွားကြောင်း၊ အိမ်ထဲရောက်တော့ သူမ ဘာမျှမဖြစ်ကြောင်း၊ သို့သော် ဖခင်ဖြစ်သူ၏ မျက်လုံးများက သူမနှင့် မရင်းနှီးဘဲ သူစိမ်းဆန်သည်ဟု ခံစားခဲ့ရကြောင်း စသည်ဖြင့် ပြောလိုက်၏။

လုရှောင်ဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဒါနဲ့ပဲ သခင်မလေးက မြို့စားကြီးဟာ အတုလို့ ထင်မှတ်နေတာလား'

သခင်မလေးသန်းဖုံးက ဦးခေါင်းခါယမ်းလိုက်ပြီး....

'ဒါတစ်ခုတည်းကြောင့် မဟုတ်ဘူး၊ ဩော်....ကျွန်မ ပြောဖို့ တစ်ခုမေ့နေတယ်၊ ကျွန်မရဲ့အမေဟာ ကျွန်မငယ်ငယ်ကတည်းက ဆုံးသွားတယ်၊ ဒါကြောင့် ကျွန်မရဲ့ဖေဖေဟာ ကျွန်မကို ငယ်ငယ်ကလေးကတည်းက ပြုစုလာခဲ့ရတယ်၊ ဒီတော့ ကျွန်မနဲ့ဖေဖေနဲ့ကြားမှာ ထူးခြားမှုဖြစ်တာကို ကျွန်မ ကောင်းကောင်းကြီးသိတယ်၊ အခု ဖေဖေ့ အယောင်ဆောင်နေတဲ့လူကလဲ ဒါကိုသတိပြုမိသွားတယ် ထင်ပါရဲ့၊ ကျွန်မနဲ့ သိပ်ပြီးအတွေ့မခံတော့ဘဲ ခပ်ရှောင်ရှောင် နေခဲ့တယ်'



လုရှောင်ဖုန်းက....

'အင်း....ဆက်ပြောပါဦး'

သခင်မလေးသန်းဖုံးက....

'တစ်နေတော့ ကျွန်မ ကိစ္စတစ်ခုရှိတာနဲ့ ဖေဖေ့ အခန်းထဲကို သွားခဲ့တယ်၊ ဒါကလဲ ကျွန်မရဲ့ဖေဖေရှိစဉ်ကတည်းက ကျွန်မမှာ ကိစ္စရှိရင် ဖေဖေ့ အခန်းကို တိုက်ရိုက်သွားခဲ့တာပဲ၊ အဲ-အခုလို ဖြစ်ပွားပြီးတဲ့အချိန်ကစပြီး ဖေဖေဟာ ကျွန်မကို သူ့ အခန်းထဲ မလာဖို့ တားမြစ်ခဲ့တယ်၊ အဲဒီနေ့ကတော့ ကျွန်မအတွက် ကံကောင်းချင်လို့ပဲ ဖြစ်မယ်ထင်တယ်၊ ဖေဖေ့ရဲ့အခန်းရှေ့မှာ အမြဲတမ်းရှိနေတဲ့ အစောင့်ကိုလဲ မတွေ့ရဘူး၊ ဖေဖေ့ရဲ့အခန်း တံခါးဟာလဲ ခပ်ဟဟပွင့်နေတာ တွေ့ရတယ်၊ ဒါနဲ့ ကျွန်မလဲ အခန်းထဲကို ဝင်သွားတော့ အခန်းထဲမှာ ဖေဖေမရှိဘူး၊ အဲ.... ဒါပေမယ့် အခန်းနဲ့ တစ်ဆက်တည်းတွဲထားတဲ့ ရေချိုးခန်းထဲက ဖေဖေ့ရဲ့အသံကို ကြားရတယ်၊ ဒါနဲ့ ကျွန်မလဲ ရေချိုးခန်းကို ခြေဖျားထောက်ပြီး သွားခဲ့တယ်၊ သွားတုန်းကတော့ ဖေဖေ ဘယ်သူနဲ့ စကားပြောနေသလဲဆိုတာ နားထောင်ဖို့ပါ၊ ဒါပေမယ့် ရေချိုးခန်းတံခါးကလဲ ဟနေတော့ အထဲကိုချောင်းကြည့်မိတယ်'

လုရှောင်ဖုန်းက....

'အဲဒီတော့....'

သခင်မလေးသန်းဖုံးက....

'အဲဒီမှာတင် ရေချိုးခန်းထဲကလူဟာ ကျွန်မရဲ့ဖေဖေ ဝါစန်း မြို့စားကြီး မဟုတ်ဘူးဆိုတာ သေသေချာချာ သိရတော့တာပဲ'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်ပြီး....

'သခင်မလေးက ဘာကြောင့် ပြောနိုင်ရတာလဲ'

သခင်မလေးသန်းဖုံးက ပြုံးလိုက်ပြီး....

'ဖေဖေ့ ခြေထောက်နှစ်ဘက်လုံးမှာ ခြေသန်းပွားကလေး တစ်ခုစီ ရှိတယ်လေ၊ ဒါကြောင့် ဖေဖေက ရှက်ပြီး ဖိနပ်ကို အမြဲ စီးထားခဲ့တယ်၊ ရေချိုးတဲ့အခါမှာပဲ ဖိနပ် ချွတ်တတ်တယ်၊ ကျွန်မက ဖေဖေနဲ့ ငယ်ငယ်ကလေးကတည်းက နေလာတာ ဆိုတော့ ဒါကို ကောင်းကောင်း သိနေတာပေါ့၊ အခု ဖေဖေ့ အယောင်ဆောင်ထားတဲ့လူက ဒီအချက်ကို သတိမပြုမိဘူး ထင်ပါရဲ့၊ သူ့ရဲ့ခြေချောင်းဟာ သာမန်လူတွေလို တစ်ဘက် ငါးချောင်းစီပဲ ရှိတယ်'

လုရှောင်ဖုန်းက ခေါင်း တစ်ဆတ်ဆတ် ညိတ်လိုက်ပြီး....

'ဒါပေါ့၊ ဘယ်လောက်ပဲတုတု အတုဟာ အတုပဲ၊ ဘယ် တော့မှ အစစ်ကို ယှဉ်လို့မရဘူး၊ ဒါဟာလဲ လောကရဲ့ သဘာဝ နိယာမတရား တစ်ခုပဲ'

မန်းလူကတစ်ချိန်လုံးနားထောင်နေရာမှ သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'သခင်မလေးသန်းဖုံးက ဘယ်လိုဘယ်လို ဝတ်ရုံနီ သခင်မ ဖြစ်လာရတာလဲ'

ဟု ဝင်မေးလိုက်၏။

သခင်မလေးသန်းဖုံးက....

'ဒါကတော့ ကျွန်မဖေဖေ ဘယ်ရောက်သွားသလဲ၊ ဒီလူတွေ က ဘယ်သူလဲ၊ နောက်ပြီး ဘာတွေကြံစည်နေသလဲဆိုတာ သိရ



အောင် ဝတ်ရုံနီ စန်ကွမ်းစီးယန်လို့ ကိုယ့်ဘာသာကိုယ် ရုပ်ဖျက် ပြီး လော့လာကိုစမ်းရင်း သိုင်းလောကမှာ ဝတ်ရုံနီသခင်မလို့ ဖြစ်လာတာပေါ့'

လုရှောင်ဖုန်းက....

'ဒီတော့ ဘာတွေတွေ့ပြီး သိရသလဲ'

သခင်မလေးသန်းဖုံးက....

'တစ်ညာ....ကျွန်မ ဝတ်ရုံနီသခင်မအနေနဲ့ ရုပ်ဖျက်ပြီး ဝါခန်း ဂေဟာထဲမှာ တိတ်တဆိတ် စုံစမ်းတုန်း အခန်းတစ်ခန်းထဲမှာ ဖေဖေ့ရဲ့တူယုံ ရင်ပွန်ရယ်၊ ပင်တုကုရယ်၊ စန်ကွမ်းမုရယ် တိုင်ပင်နေတာကို ကြားရပြီး ဖေဖေ့ကို သူတို့ ဖမ်းထားကြောင်း ကျွန်မကို သတိထားရမှာဖြစ်ကြောင်း၊ ကျွန်မတို့ သားအဖကို ချက်ချင်းညှပ်ကြဖို့ မဖြစ်သေးလို့ အချိန်ဆွဲရဦးမှာဖြစ်ကြောင်း သိခဲ့ရတယ်'

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'ဒါနဲ့ပဲ သခင်မလေးက လျှုဟုန်၊ ချူးယိနဲ့ ကုကုဖန်တို့ကို ဆက်သွယ်ပြီး အကူအညီတောင်းခဲ့တယ် ဆိုပါတော့'

သခင်မလေးသန်းဖုံးက ပြုံး၍....

'သူတို့သုံးယောက်တင် ဘယ်ကမလဲ၊ ဟုတ်ထန်ချင်းနဲ့လဲ ဆက်သွယ်မိခဲ့တယ်၊ ပြီးတော့ ဟုတ်ထန်ချင်းရဲ့ အကြံပေးချက် အရ ရှင့်ကိုလဲ ဆက်သွယ်ခဲ့ရတယ်လေ'

သခင်မလေးသန်းဖုံး၏ စကားကြောင့် လုရှောင်ဖုန်းသည် မိမိနဖူးကို လက်ဝါဖြင့်ရိုက်ကာ မန်းလူအား....

'မန်းလူရေ.... ကျုပ်တော့ ညှိုးပြီးရင်း ညှိုးနေတော့တာပါ ပဲလား'

ဟု ပြောလိုက်လေတော့၏။

....၀....

နေဝင်ဆည်းဆာအချိန်၌ လုရှောင်ဖုန်းတို့သည် ဝါစန်း ဂေဟာသို့ ရောက်ရှိလာလေတော့၏။

သူတို့သည် ဝါစန်းဂေဟာနှင့် ဝါးသုံးရိုက်ခန့်အကွာ၌ မြင်း များကို ရပ်တန့်လိုက်သည်။ ဝါစန်းဂေဟာတစ်ခုလုံး အလင်း ရောင် မဲ့နေသည်။

ကြီးမားသော ဝါးစန်းဂေဟာ အဆောက်အအုံကြီးသည် နေဝင်ဖျိုးဖျအချိန်၌ မကောင်းဆိုးဝါးတစ်ကောင် ငုတ်တုတ် ထိုင်နေသကဲ့သို့ ထင်မှတ်ရ၏။

ဝန်းကျင်သည် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေသည်။ မိုးသက်မုန်တိုင်းမကျမီ တိတ်ဆိတ်ငြိမ်သက်သကဲ့သို့ ထင်မှတ် ရသည်။

ထိုစဉ် ရုတ်တရက် ဝါစန်းဂေဟာအတွင်းမှ မောင်းထုသံ တစ်ချက် ပေါ်လာ၏။



တစ်ချိန်တည်းပင် 'ဒုန်း' ဟူသော အသံနှင့်အတူ မီးကျည် တစ်ခုသည် ကောင်းကင်ပေါ်သို့ ထိုးတက်သွားပြီး ကောင်းကင် ပေါ်၌ ပေါက်ကွဲကာ ဝန်းကျင်တစ်ခုလုံးအား လင်းထိန်သွား စေသည်။

ထိုလင်းထိန်သွားသော အလင်းရောင်အောက်တွင် ဝါစန်း ဂေဟာ၏ မျော်စင်ပေါ်၌ လူတစ်ယောက် ပေါ်လာ၏။

ထိုလူ၏မျက်နှာကို လင်းထိန်သွားသောအလင်းရောင်ကြောင့် ပီပီပြင်ပြင် မြင်တွေ့လိုက်ရ၏။

ထိုလူသည် ဝါစန်းမြို့စားကြီးပင် ဖြစ်သည်။ ဝါစန်းမြို့စား ကြီးက တဟားဟား ရယ်မောလိုက်၏။

ဝါစန်းမြို့စားကြီး ရယ်သံက ကောင်းကင်ယံသို့တိုင်အောင် ဟိန်းသွား၏။

ဝါစန်းမြို့စားကြီးက ထိုသို့ ရယ်မောလိုက်ပြီး....

'ဟော့....လုရှောင်ဖုန်း၊ မင်းကို ငါ့လူတွေ ဝိုင်းထားပြီးပြီ၊ ဟား-ဟား-ဟား၊ မင်းအစိမ်းရောင်ဂေဟာက လွတ်လာပေမယ့် ဒီမှာတော့ မင်း ဘယ်နည်းနဲ့မှ မလွတ်နိုင်ဘူးဆိုတာ မင်း ကောင်းကောင်း သဘောပေါက်ပါ'

ဟု အော်ဟစ် ပြောလိုက်၏။

မြို့စားကြီး၏ စကားဆုံးသည်နှင့် လုရှောင်ဖုန်းတို့ ပတ်ဝန်းကျင်၌ မီးတုတ်များ ရုတ်တရက် လင်းထိန်လာ၏။

မီးတုတ်၏ အလင်းရောင်ကြောင့် လုရှောင်ဖုန်းတို့၏ ပတ်ဝန်းကျင်သည် နေ့နှင့်မခြား လင်းထိန်လာ၏။

ထို့ကြောင့် လုရှောင်ဖုန်းတို့သည် မိမိတို့အား အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော ဓားသမား နှစ်ရာခန့်က ဝိုင်းရံထားကြောင်း တွေ့ရှိလိုက်ရလေတော့၏။

လုရှောင်ဖုန်းက သခင်မလေးသန်းဖုံးကို ပြုံးပြလိုက်သည်။

သခင်မလေးသန်းဖုံးက ပခုံးတစ်ချက်တွန့်ပြီး....

'သူ့အကြံ ချေးဦးသွားပြီ'

ဟု ပြောလိုက်၏။

လုရှောင်ဖုန်းက သခင်မလေးသန်းဖုံး၏ ပခုံးကို မိမိ၏ လက်ဖြင့် အသာအယာပုတ်၍ နှစ်သိမ့်လိုက်ပြီး....

'ဒီကိစ္စကို ကျုပ်ရှင်းမယ်'

ဟု ပြောလိုက်၏။

ထို့နောက် လုရှောင်ဖုန်းက မြို့စားကြီးကို လှမ်း၍ ကြည့်လိုက်ပြီး....

'ကျုပ်တို့က ပြေးဖို့လာတဲ့လူမှ မဟုတ်တဲ၊ ကျုပ်တို့ ထွက်ပြေးမှာကို ကြောက်မနေပါနဲ့'

ဟု လှမ်းအော်လိုက်၏။

မြို့စားကြီးက ရယ်မော၍....

'ဟား ဟား ဟား....လုရှောင်ဖုန်း၊ မင်းတို့က ငါ့ရဲ့လက်ခုပ်ထဲက ရေပါ၊ ငပြူးက ပြမနေစမ်းပါနဲ့'

ဟု ပြန်အော်ပြော၏။

လုရှောင်ဖုန်းက....

'ဒီမှာ မြို့စားကြီးအတု၊ ခင်ဗျားကိုယ် ခင်ဗျား သိပ်အထင်ကြီးနေတော့ ခင်ဗျား မစဉ်းစားမိတာကို ကျုပ်ပြောပါရစေ၊



ကျုပ်တို့သုံးယောက်ကိုနိုင်ဖို့ အနည်းဆုံး ခင်ဗျားရဲ့လူတွေ သုံးပုံနှစ်ပုံလောက် ကုန်သွားမယ်ဆိုတာ ခင်ဗျား သတိထားစမ်းပါ၊ ပြီးတော့ ခင်ဗျားရဲ့ ဂေဟာကို ကျုပ်တို့က မီးရှို့ပစ်နိုင်တယ်ဆိုတာရော ခင်ဗျား သဘောပေါက်ရဲ့လား'

ဟု ပြန်အော်ပြောလိုက်၏။

လုရှောင်ဖုန်း၏စကားကြောင့် မြို့စားကြီး တွေဝေသွား၏။ မြို့စားကြီးသည် လုရှောင်ဖုန်းနှင့် မန်းလူတို့၏ အကြောင်းကို ကောင်းစွာ သိနေသကဲ့သို့ တစ်စုံတစ်ရာကို စဉ်းစားဝေဖန်နေ၏။

လုရှောင်ဖုန်းက ပြုံးလိုက်ပြီး....

'အကောင်းဆုံးနည်းကတော့ ခင်ဗျားအဖမ်းခံပါ၊ မကြာခင် ဒီကို နေပြည်တော်က ရဲမက်တွေ ရောက်လာလိမ့်မယ်'

ဟု ပြောလိုက်၏။

လုရှောင်ဖုန်းသည် ထိုစကားကို ပြောစဉ်၍ သခင်မလေးသန်းဖုံးအား မျက်စိတစ်ဘက် မှိတ်ပြလိုက်လေသည်။

သခင်မလေးသန်းဖုံးက လုရှောင်ဖုန်း မျက်စိမှိတ်ပြသည်ကို မြင်၍ ပြုံးလိုက်မိ၏။

ထိုစဉ် မျှော်စင်ပေါ်မှ မြို့စားကြီးသည် မိမိ၏ ဦးခေါင်းမှ ဆံပင်များကို ဆွဲဖြုတ်လိုက်၏။ တစ်ဆက်တည်းပင် မိမိ၏ မျက်နှာပေါ်မှ အရေပြားများကို ဆွဲခွာလိုက်၏။

တခဏအကြာ၌ ဝါစန်းမြို့စားကြီး၏ မျက်နှာအောက်မှ မျက်နှာတစ်ခု ထပ်မံ ပေါ်ထွက်လာလေတော့၏။

လုရှောင်ဖုန်းသည် ဝါစန်းမြို့စားကြီး၏ အပြုအမူကို ကြည့်ရင်း မျက်လုံးပြူးသွား၏။ တအံ့တသြဖြင့် ပါးစပ်ဟသွား၏။

လုရှောင်ဖုန်းသည် မယုံကြည်နိုင်သော အသံဖြင့်....

'ဟင်... ဟုတ်ရှူး'

ဟု ရေရွတ်လိုက်မိ၏။

မန်းလူက လုရှောင်ဖုန်း၏ အသံကြောင့်....

'ဟုတ်ရှူး ဟုတ်လား'

ဟု မေးလိုက်မိ၏။

လုရှောင်ဖုန်းက ဣန္ဒြေဆည်လိုက်ပြီး....

'ဟား....ဟား....ဟား၊ ခင်ဗျား ဟုတ်ရှူး မဟုတ်ပါဘူးဗျာ'

ဟု ခပ်ထေ့ထေ့ ပြောလိုက်သည်။

လုရှောင်ဖုန်း၏ စကားကြောင့် ဟုတ်ရှူးက တဟားဟား ရယ်မောလိုက်ပြီး....

'မင်းတို့ အစိမ်းရောင် ဂေဟာမှာ တွေ့ခဲ့တဲ့ ဟုတ်ရှူးက ငါ့တပည့် တစ်ယောက်ပါ၊ ဟား ဟား ဟား သခင်မလေး သန်းဖုံကတောင် ဝတ်ရုံနီ သခင်မ စန်ကွမ်းစီးယန် ဖြစ်လိမ့်သေးတာပဲ မဆန်းပါဘူး'

ဟု ဟုတ်ရှူးက ပင်ကိုအသံဖြင့် ပြောလိုက်သည်။

မန်းလူက ပြုံးလိုက်ပြီး....

'ထင်တော့ ထင်သားပဲ၊ အစိမ်းရောင် ဂေဟာမှာ တွေ့တဲ့ ဟုတ်ရှူးရဲ့အသံက တစ်ခါတစ်ခါ တစ်မျိုး ဖြစ်နေတယ်လို့ ငါ့စိတ်ထဲမှာ ထင်နေတာ'



ဟု လုရှောင်ဖုန်းကို လှမ်းပြောလိုက်၏။

လုရှောင်ဖုန်းက မန်းလူဘက်သို့ လှည့်ပြီး....

'အဲဒီတုန်းက မင်း ဘာလို့ ငါ့ကို သတိမပေးတာလဲ'

မန်းလူက ပခုံးတွန့်ပြလိုက်ပြီး....

'ထင်ရုံသာ ထင်တာကွ၊ မသေချာဘူး၊ ပြီးတော့ ငါကသူလဲ ဘိန်းစွဲနေပြီ မှတ်တာ၊ အဲ....သူ့အယောင်ဆောင်တဲ့ လူကလဲ အတော် ပီပြင်တာပဲ၊ စကားပြောတဲ့အခါမှာ ဟုတ်ရှူးရဲ့အသံကို ပီပြင်အောင် မပြောနိုင်တဲ့ စကားလုံးကို အသုံးပြုခဲ့တယ်ကွ၊ အသုံးပြုတဲ့ အခါမှာလဲ ခပ်မြန်မြန်နဲ့ ခပ်တိုးတိုး ပြောတယ်ကွ'

လုရှောင်ဖုန်းက ပခုံးတွန့်လိုက်ပြီး မျော်စင်ပေါ်မှ ဟုတ်ရှူးကို လှမ်းကြည့်လိုက်၏။

ကောင်းကင်ယံမှ ထိန်လင်းသော မီးကျည်၏ အလင်းရောင် ကွယ်ပျောက်သွားပြီ ဖြစ်သော်လည်း မျော်စင်ပေါ်၌ ထွန်းညှိထားသော မီးတုတ်၏ အလင်းရောင်ကြောင့် ဟုတ်ရှူးကို ကောင်းစွာ မြင်တွေ့နိုင်၏။

တစ်ဆက်တည်းမှာပင် လုရှောင်ဖုန်းသည် အစိမ်းရောင် ဂေဟာ၌ ဟုတ်ရှူးကို သံလှောင်ချိုင့်ထဲသို့ အလွယ်တကူ ဖမ်းထည့်လိုက်နိုင်ခြင်းကို ပြန်လည်၍ အမှတ်ရလာ၏။

ထိုစဉ်က စိတ်ထဲတွင် သံသယ ဖြစ်မိသော်လည်း အခြေအနေ အရပ်ရပ်ကြောင့် ဟုတ်ရှူးအား ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်မည်ဟု သဘောပိုက်ခဲ့မိ၏။

အတန်ကြာမှ လုရှောင်ဖုန်းက....

'ဒီမှာ ဟုတ်ရှူး၊ ခင်ဗျားက ဘာဖြစ်လို့ ခင်ဗျားရဲ့အစိမ်းရောင် ဂေဟာဂိုဏ်းကို ပြန်ပြီး ဖျက်ခဲ့ရတာလဲ'

ဟု လှမ်းမေးလိုက်၏။

ဟုတ်ရှူးက....

'ဒီမှာ လုရှောင်ဖုန်း၊ ဒီဇာတ်ကိုကမှ ဒီဇာတ်လမ်းကို ကျုပ်ကိုယ်တိုင်ရေးခဲ့တာပဲ၊ အစိမ်းရောင် ဂေဟာဂိုဏ်းဟာ တဖြည်းဖြည်း ကြီးထွားပြီး ထိုင်းလော်ကသားတိုင်းက အာရုံစိုက်လာကြပြီ၊ ဒါဆို မကြာမီမှာပဲ ဒီအဖွဲ့အစည်းဟာ ပြိုကွဲသွားတော့မယ်ဆိုတာ မင်းသဘောပေါက်ပါတယ်၊ ပြီးတော့ ရစ်ပွန်တို့ပင်တုကုတို့ဟာလဲ ဘိန်းစွဲနေပြီ၊ သခင်မလေး သန်းဖုံကလဲ ဝါစန်းမြို့စားကြီး အတုဆိုတာ သိသွားတော့ ကျုပ်အတွက် အခက်အခဲ ဖြစ်လာတယ်၊ ကျုပ်က ကျုပ်လုပ်သမျှကို ကျုပ်သေတဲ့အထိ ဘယ်သူမှ မသိစေရဘူး၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်ရေးတဲ့ ဇာတ်ထဲမှာ မင်းတို့မပါဘူး၊သခင်မလေးသန်းဖုံက မင်းတို့ကို ဆွဲထည့်လာလို့ အခုလို ဖြစ်လာရတာ'

လုရှောင်ဖုန်းက....

'ဝါစန်းမြို့စားကြီးရော အသက်ရှင်နေသေးလား'

ဟုတ်ရှူးက....

'မသေသေးပါဘူး၊ လောလောဆယ် သူ သေလို့ မဖြစ်သေးဘူး၊ ဟဲ ဟဲ ဝါစန်းမြို့စားကြီးကြောင့် အစိမ်းရောင်ဂေဟာ



ဂိုဏ်း ပြိုကွဲသွားရမယ်၊ အဲဒီလို အစိမ်းရောင် ဂေဟာဂိုဏ်းကို ဖျက်ခဲ့တဲ့နေရာမှာ သခင်မလေး သန်းဖုံက သေဆုံးရမယ် ဒါတွေ ပြီးဆုံးမှ ဝါစန်းမြို့စားကြီး အသက်ကို ဖယ်ရှားပြီး ကျုပ်က ဟဲ ဟဲ ဟဲ....'

လုရှောင်ဖုန်းက....

'ဘာလဲ ခင်ဗျားက အခုလို အကျဉ်းအကျပ်နဲ့ တွေ့ရင် မြို့စားကြီးကို အသုံးချမယ် ဆိုပါတော့'

ဟုတ်ရှူးက ရယ်မော၍....

'ကျုပ်က တကယ်ပဲ အကျဉ်းအကျပ်ထဲရောက်နေလို့လား'

လုရှောင်ဖုန်းက....

'သိပ် မလိုတော့ပါဘူး၊ တော်တော်ကြာ ဟုတ်ထန်ချင်းတို့ ရောက်လာတော့မှာပဲ'

ဟုတ်ရှူးက....

'ဟား ဟား ဟား၊ အခုလောက်ဆို ဟုတ်ထန်ချင်း အဆုံ နေပြီ၊ ဟား ဟား ဟား ဟုတ်ရှူးအတုဘိန်းအတုနဲ့အတော်ကို ဖြေရှင်းနေရလိမ့်မယ်'

သခင်မလေး သန်းဖုံးက....

'ဒီမှာ ဟုတ်ရှူး၊ ကျွန်မ အဖေ တကယ်ပဲ မသေသေးဘူးလား'

ဟု ဝင်ရောက်မေးလိုက်၏။

ဟုတ်ရှူးက....

'မသေသေးပါဘူး'

သခင်မလေး သန်းဖုံးက....

'မျက်စိနဲ့ မြင်မှပဲ ယုံမယ်'

ဟတ်ရှူးက ဘာမျှ ပြန်မပြောဘဲ လက်ခုပ် သုံးချက် တီးလိုက်၏။ ပကြာမီ လူနှစ်ယောက် လက်ပြန်ကြိုး တုပ်ထားသော မြို့စားကြီးကို မျော်စင်ပေါ်သို့ ခေါ်ဆောင်လာ၏။

ထို့နောက် ထိုလူနှစ်ယောက်သည် မျော်စင်ပေါ်မှ ပြန်ဆင်းသွား၏။ မျော်စင်ပေါ်၌ မြို့စားကြီးကို တွေ့လိုက်သည်နှင့်သခင်မလေး သန်းဖုံးသည် ဆောက်တည်ရာမရအောင် စိတ်လှုပ်ရှားသွားပြီး မြင်းပေါ်မှ ခုန်ဆင်းကာ....

'ဖေဖေ'

ဟု အော်ဟစ်ရင်း ဝါစန်းဂေဟာသို့ ပြေးသွားလေတော့၏။ လုရှောင်ဖုန်းက လျင်မြန်စွာ မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး သခင်မလေးသန်းဖုံးအား နောက်မှ ဖမ်းချုပ်ထားပြီး ...

'သခင်မလေး သတိထား'

ဟု ခပ်တိုးတိုး သတိပေးလိုက်၏။

ထိုစဉ် ပတ်ဝန်းကျင်၌ မြင်းခွာသံများ ဆူညံစွာ ပေါ်ထွက်လာပြီး ဟတ်ထန်ချင်းနှင့် ရဲမက် လေးရာခန့်သည် ထိုနေရာသို့ ရောက်ရှိလာ၏။

တစ်ဆက်တည်းပင် အခြေအနေသည် ရှုပ်ထွေး သွားလေတော့၏။ ဟတ်ထန်ချင်းနှင့် ၎င်း၏ ရဲမက် စစ်သည်များသည်



လုရှောင်ဖုန်းတို့အား ဝိုင်းရံထားသော ဟတ်ရှူး၏ ခေါသမားများကို တရကြမ်း ဝင်ရောက် တိုက်ခိုက်လေတော့၏။

ပတ်ဝန်းကျင် တစ်ခုလုံးသည် ဓားသံ၊ လှံသံ မြင်းဟီသံများဖြင့် ဆူညံ၍ သွားလေတော့၏။

အနက်ရောင် ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားသော ဟတ်ရှူး၏ ဓားသမားများသည် နောက်ဆုံး၌ ကစဉ့်ကလျားဖြင့် ထွက်ပြေးသူပြေး၊ သေဆုံးသူသေဆုံး၊ အညံ့ခံသူအညံ့ဖြင့် အခြေအနေ ယိမ်းယိုင်သွားလေတော့၏။

လုရှောင်ဖုန်းတို့ လူစုသည်လည်း မျော်စင်အနီးသို့ ရောက်လာ၏။ ထိုစဉ်....

'ဟတ်ထန်ချင်း'

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်သော ဟတ်ရှူး၏ အသံသည် ပတ်ဝန်းကျင် တစ်ခုလုံးအား ပဲ့တင်ရိုက်ခတ်သွားလေတော့၏။

မျော်စင်ပေါ်၌ ဟတ်ရှူးသည် ဝါစန်းမြို့စားကြီးအား ဓားဖြင့် မိုးထား၏။

ဟတ်ရှူး၏ မျက်နှာပေါ်၌ ကောက်ကျစ် စဉ်းလဲသည့် အသွင် ပေါ်နေသည်။ သူသည် မြို့စားကြီးကို ဓားနှင့်မိုးထားလိုက်ပြီး....

'ဟတ်ထန်ချင်း၊ ခင်ဗျားလူတွေကို ရပ်ခိုင်းလိုက်ပါ၊ ဒါမှမဟုတ်ရင် ကျုပ်...'

ဟု ပြောရင်း စကားကို ဆက်မပြောဘဲ ရပ်ထား၏။

ဟုတ်ထန်ချင်းက သခင်မလေးသန်းဖုံးကို တစ်ချက် လှမ်းကြည့်လိုက်၏။ သခင်မလေးသန်းဖုံး၏ မျက်လုံးထဲ၌ တောဝံပန်သော အရိပ်အယောင် ပေါ်နေသည်။

ဟုတ်ထန်ချင်းသည် နှုတ်ခမ်းကို ခပ်တင်းတင်း တစ်ချက်စေ့လိုက်ပြီးမှ လက်တစ်ဘက်ကို မြှောက်ကာ....

'ရပ်'

ဟု အမိန့်ပေးလိုက်သည်။

မျှော်စင်ပေါ်မှ ဟုတ်ရှူးက....

'ဒီမှာ....ဟုတ်ထန်ချင်း၊ ကျုပ်ထွက်သွားဖို့ ခင်ဗျားလူတွေကို လမ်းဖယ်ခိုင်းလိုက်ပါ'

ဟုတ်ထန်ချင်းက လုရှောင်ဖုန်းကို လှမ်းကြည့်လိုက်၏။ လုရှောင်ဖုန်းက ဦးခေါင်းညိတ်ပြလိုက်သည်။

ဟုတ်ထန်ချင်းက သူ့လူများကို လက်ဟန် ပြလိုက်သည်။ မျှော်စင်အောက်၌ ဝိုင်းရံလျက်ရှိသော ဟုတ်ထန်ချင်း၏ ရဲမက်စစ်သည်များကို ဟုတ်ရှူးထွက်ခွာသွားနိုင်ရန် လမ်းဖယ်ပေးလိုက်ကြသည်။

ဟုတ်ရှူးသည် ကျေနပ်သောအသွင် ပြုံးရင်း....

'မင်း....တော်တယ် ဟုတ်ထန်ချင်း'

ဟု ပြောလိုက်သည်။ ဟုတ်ထန်ချင်း၏ မျက်နှာသည် ခက်ထန်၍ တင်းမာနေသည်။ လုရှောင်ဖုန်းက ဟုတ်ထန်ချင်း၏အနီးသို့ တိုးကပ်သွားပြီး အသံကိုနှိမ့်၍....

'သူ လွတ်မသွားစေရဘူး၊ ကျုပ် အာမခံတယ်'

ဟု တိုးတိုးပြောလိုက်သည်။



ဟုတ်ထန်ချင်းက မြို့စားကြီးကို ဓားဖြင့်မိုး၍ မျှော်စင်ပေါ်မှ တစ်လှမ်းချင်း ဆင်းလာနေသော ဟုတ်ရှူးကို စူးစိုက်ကြည့်နေရင်း လေသံတိုးတိုးဖြင့်....

'ကျုပ်လဲတွေ့တယ်၊ သူကဘယ်သူလဲ'

လုရှောင်ဖုန်းအား မေးလိုက်သည်။

လုရှောင်ဖုန်းက....

'လူရိပ်ပဲတွေ့ရတော့ ဘယ်သူမှန်း ကျုပ်လဲမသိသေးဘူး'

ဟု ပြန်၍ပြောလိုက်သည်။

လုရှောင်ဖုန်းသည် ဟုတ်ရှူး၏နောက်မှ တိတ်တဆိတ်ချဉ်းကပ်လာသော လူရိပ်ကို မြင်တွေ့လိုက်သဖြင့် ဟုတ်ထန်ချင်းအား ဟုတ်ရှူး လွတ်မသွားစေရဘူးဟု အာမခံလိုက်ခြင်းဖြစ်ပြီး ဟုတ်ထန်ချင်းကသည်း လုရှောင်ဖုန်းကဲ့သို့ပင် ထိုလူရိပ်ကို တွေ့ရသဖြင့် သူ၏ရဲမက်များအား လမ်းဖယ်ပေးရန် အမိန့်ပေးခဲ့ခြင်း ဖြစ်သည်။

သခင်မလေးသန်းဖုံးသည် လုရှောင်ဖုန်း၏အနီးသို့ ကပ်လာပြီး လေသံတိုးတိုးဖြင့်....

'လုရှောင်ဖုန်း၊ အပေါ်မှာ ပေမုရောက်နေတယ်'

ဟု ပြောလိုက်သည်။

လုရှောင်ဖုန်းက....

'ဣန္ဒြေမပျက်စေနဲ့၊ ဟုတ်ရှူးမသိအောင် ကျုပ်တို့နေရမယ်ဗျ'

ဟု တီးတိုးသတိပေးလိုက်သည်။

ဟုတ်ရှူးသည် ဝါစန်းမြို့စားကြီးကို ခေါးဖြင့်မိုးပြီး မျှော်စင်ပေါ်မှ တစ်လှမ်းချင်း ဆင်းလာသည်။

သူ၏မျက်လုံးများသည် ဟုတ်ထန်ချင်းနှင့် လုရှောင်ဖုန်းတို့အား အလစ်မပေးဘဲ ကြည့်နေ၏။

ထိုစဉ် ရုတ်တရက် ဟုတ်ရှူး၏နောက်မှ တိတ်တဆိတ် ချဉ်းကပ်လာသော ပေမုက သူမ၏ခန္ဓာကိုယ်ကို လေထဲသို့တစ်ချက်ခုန်လိုက်ပြီး ဟုတ်ရှူး၏ ဦးခေါင်းနှင့် ပခုံးကို ခြေဖြင့် ကန်လိုက်လေတော့သည်။

ဟုတ်ရှူး၏အာရုံသည် မျှော်စင်အောက်မှ လုရှောင်ဖုန်းနှင့် ဟုတ်ထန်ချင်းတို့ထံ ရောက်ရှိနေသဖြင့် မိမိ၏နောက်မှ ပေမု တိတ်တဆိတ် ချဉ်းကပ်လာခြင်းကို သတိမပြုမိခဲ့ချေ။

သို့သော် မျှော်စင်အောက်မှ သခင်မလေးသန်းဖုံး၏ ခန္ဓာကိုယ် တစ်ချက် တုန်လှုပ်သွားသည်ကို လှမ်းမြင်လိုက်သဖြင့် ဟုတ်ရှူးသည် အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရပြီး နောက်သို့ ချာခနဲလှည့်လိုက်သည်။

ဟုတ်ရှူးက ထိုသို့လှည့်လိုက်သည့် အချိန်နှင့် ပေမုက ဟုတ်ရှူးကို လေထဲ၌ခုန်ဝဲကာ ခြေဖြင့်ကန်လိုက်သော အချိန်မှာ တစ်ချိန်တည်းဖြစ်နေသဖြင့် ဟုတ်ရှူးသည် ရှောင်တိမ်းရန်ပင် အချိန်မရဘဲ ပေမု၏အကန်ကို ခံလိုက်ရလေတော့၏။

ထို့ကြောင့် ဟုတ်ရှူး၏ခန္ဓာကိုယ်သည် နောက်သို့ယိမ်းယိုင်သွားပြီး တစ်ဆက်တည်း မျှော်စင်ပေါ်မှ ပြုတ်ကျသွားလေတော့သည်။



'အား'

ဟုတ်ရှူး၏ ကြောက်လန့်တကြား အော်ဟစ်သံသည် ကောင်းကင်ယံသို့ ဟိန်း၍သွားလေတော့သည်။

ထို့နောက်....

'ဝုန်း'

ဟူသော ဟုတ်ရှူး၏ ခန္ဓာကိုယ်နှင့် မျှော်စင်အောက်ရှိ ကျောက်တုံးရိုက်ခတ်မိသံ ပေါ်ထွက်လာလေတော့၏။

ဟုတ်ထန်ချင်းက ထိုနေရာသို့ ပထမဆုံး ပြေးလွှားရောက်ရှိလာသည်။ ကျောက်တုံးပေါ်၌ ဟုတ်ရှူး၏ ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်နေပြီးနောက် လုံးဝ ငြိမ်သက်သွားလေတော့သည်။

....၁....

အစိမ်းရောင်ဂေဟာဂိုဏ်း၏ ဌာနချုပ် အစစ်အမှန်သည် ဝါစန်းမြို့စားကြီး၏ ဝါစန်းဂေဟာ လျှို့ဝှက်မြေတိုက်ခန်းပင် ဖြစ်ကြောင်း ဝါစန်းမြို့စားကြီးက ပြောပြပြီး ဟုတ်ထန်ချင်းအား လိုက်ပို့သည်။

ထိုမြေအောက်ခန်းမှ ဘိန်းအမြောက်အမြား သိမ်းဆည်းရမိသည်။ ထိုမြေအောက်ခန်းမှပင် ဌာနခွဲ တစ်ရာ့ရှစ်ခု၏ တည်နေရာများ၊ အဖွဲ့ဝင်များ၏ ကိုယ်ရေးရာဇဝင်များ စသည့် စာရွက်များကိုလည်း သိမ်းဆည်းရမိသည်။

ဟုတ်ထန်ချင်းနှင့်အဖွဲ့သည် ဝါစန်းဂေဟာ၌ ရှင်းလင်းရေး ပြုလုပ်နေစဉ် လုရှောင်ဖုန်းနှင့် မန်းလူတို့သည် မြင်းကိုယ်စီဖြင့် ဝါစန်းဂေဟာမှ ထွက်ခွာလာခဲ့လေတော့၏။

....၀....

လုရှောင်ဖုန်းနှင့် မန်းလူတို့၏ သွားရာလမ်း၌ လူတစ်ယောက် လမ်းပိတ်၍ ရပ်နေ၏။

ထိုလူ၏လက်ထဲ၌ ပေါက်ပြားတစ်လက်ကိုင်ထားပြီး ထိုလူ၏ ခြေထောက်အနီး၌ ပုံးငယ်တစ်လုံးချထား၏။

လုရှောင်ဖုန်းက မြင်းကို ရပ်တန့်လိုက်ပြီး....



'ဟော့ကောင် စောရကြယ်တံခွန်၊ မင်း ဘာလုပ်နေတာလဲ'

ဟု ပြောလိုက်ရင်း မြင်းပေါ်မှဆင်းကာ စောရကြယ်တံခွန် အနီးသို့ ချဉ်းကပ်သွား၏။

စောရကြယ်တံခွန်က လက်ထဲမှပေါက်ပြားနှင့် ခြေထောက်အနီးမှပုံးကို လုရှောင်ဖုန်းထံပေးပြီး....

'ရော့....ခင်ဗျ'

လုရှောင်ဖုန်းက စောရကြယ်တံခွန်အား နားမလည်သော မျက်လုံးဖြင့်ကြည့်ရင်း....

'ဒါတွေကို ငါက ဘာလုပ်ရမှာလဲ'

စောရကြယ်တံခွန်က....

'ပေါက်ပြားက တီကောင်တူးဖို့၊ ပုံးက တီကောင်ထည့်ဖို့'

ဟု ခပ်တည်တည်ဖြင့် ပြောလိုက်၏။ လုရှောင်ဖုန်းက မချိသွားဟန် ပြုံးပြလိုက်ပြီး မန်းလူဘက်လှည့်ကာ....

'ဟော့....မန်းလူ၊ ငါ့ကိုကူညီပြီး တီကောင်တူးပေးပါဦးကွာ'

ဟု အကူအညီတောင်းလိုက်၏။

စောရကြယ်တံခွန်က....

'တစ်ကောင်တီတီနော်၊ တစ်ကောင်မှ ပိုလဲ မယူဘူး၊ လျော့လဲမယူဘူး'

ဟု ပြောလိုက်၏။

မန်းလူက....

'ဟေ့-လုရှောင်ဖုန်း၊ ငါက မျက်စိမမြင်တော့ တီကောင်မှန်း မြေမှန်းမသိ ဖြစ်မှာစိုးရတယ်၊ ဒီတော့ မင်းဘာသာမင်းပဲ တူးကွာ'

ဟု ပြောရင်း တဟားဟားရယ်နေ၏။

ထိုစဉ် လှေရှောင်ဖုန်းအနီးသို့ လူရိပ်တစ်ရိပ် ရောက်ရှိလာပြီးလျှင်....

'ကျွန်မ ကူပြီး တူးပေးပါ့မယ်ရှင်'

ဟု ပြောလိုက်လေသည်။

ထိုအသံကြောင့် လှေရှောင်ဖုန်းသည် တီကောင်တူးနေရာမှ မော့၍ကြည့်လိုက်၏။ ထိုသို့ မော့ကြည့်လိုက်သည်နှင့် လှေရှောင်ဖုန်းသည် ရွှန်းလဲ့သော သခင်မလေးသန်းဖုံး၏မျက်လုံးတစ်စုံကို တွေ့လိုက်ရလေတော့၏။

ထိုရွှန်းလဲ့သော မျက်လုံးတစ်စုံထဲ၌....။

(ပြီး၏။)

နန္ဒကျော်သူ



သူသည် မိမိက လိမ်ချိုးလိုက်သောကြောင့် မိန်းကလေး၏ လက်တစ်ဖက်ကျိုးသွားမည်ဟု ယုံကြည်သည်။

ထိုအချိန် မိန်းကလေး၏ခန္ဓာကိုယ်သည် လေထဲသို့ခုန်တက်လိုက်ပြီး သူ့ခေါင်းပေါ်မှ ကျော်သွားလေသည်။

'ဖုတ်....ဖုတ်'

လေခွန်း၏ ကျောပြင်ပေါ်သို့ ခပ်ပေါ့ပေါ့လက်ဝါးတစ်ချက်နှင့် ပြင်းပြင်းတစ်ချက် ထိမှန်သွားသည်။ -

သူ၏ကြီးမားသောခန္ဓာကိုယ်သည် မြေပေါ်သို့မှောက်လျက်လဲကျမတတ်ဖြစ်သွားသည်။

ပုလဲက ထပ်မံ တိုက်ခိုက်မည်အပြု၌ လူတစ်ယောက်သည် ကြားဖြတ်ဝင်လာလေသည်။

ပုလဲက လေခွန်းအား တိုက်ခိုက်ရန် အချိန်မရတော့ချေ။ ဝင်ရောက်လာသူအား ဆီး၍ တိုက်ခိုက်လိုက်သည်။

ဝင်လာသူမှာ ပေါင်ကျူ ဖြစ်သည်။

လေခွန်းသည် ပေါင်ကျူရောက်လာသည်ကိုတွေ့လိုက်ရသဖြင့် အားတက်လာသည်။

သူသည် ပြန်လှည့်လိုက်ပြီး ပေါင်ကျူနှင့်ပူးပေါင်း၍ ပုလဲအား တိုက်ခိုက်လိုက်သည်။

ကျိုင်းမြို့ရှင်သော့က ခပ်လှမ်းလှမ်း၌ ရပ်၍ လက်ပိုက်ကြည့်နေ၏။

လေခွန်းနှင့် ပေါင်ကျုတို့သည် ပေါင်း၍ ပုလဲအား ဖြိုင်းဖြိုင်း ထန်ထန် တိုက်ခိုက်လိုက်သည်။

ပုလဲက လုံးဝမမှုဘဲ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူမသည် ယင်းသို့တိုက်ခိုက်လိုက်သောအခါ နောက်မှ ဝင်ရောက်လာသောသူသည် လေခွန်းထက် သိုင်းပညာအဆင့်မြင့်သည်ကို သိလိုက်သည်။

ထို့နည်းတူစွာ ပေါင်ကျုကလည်း ထိုမိန်းကလေး၏သိုင်းပညာကို အလွန်အံ့သြနေမိသည်။

ပုလဲသည် သူမ၏ မြွေသိုင်းကို အသုံးပြုလိုက်သည်။

သူမ၏လှုပ်ရှားမှုသည် မြွေတစ်ကောင်ပမာ တွန့်လိမ်ရစ်ပတ်ပြီး သူတို့နှစ်ယောက်အား လှည့်ပတ်တိုက်ခိုက်လိုက်ရာ....

ပေါင်ကျုနှင့် လေခွန်းတို့သည် မည်ကဲ့သို့ခုခံရမှန်းမသိဖြစ်သွားလေသည်။

သူတို့သည် တွေဝေငေးငိုင်နေစဉ် ပုလဲ၏ လက်နှစ်ဖက်သည် ရုတ်တရက် ပေါင်ကျု၏ခေါင်းကို ဆွဲလိုက်ပြီး အဝေးသို့ပစ်ပေါက်လိုက်လေသည်။

ပေါင်ကျု၏ ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားသည်။

သို့သော် မြေပေါ်သို့ ကျမသွားချေ။ သူ၏ခန္ဓာကိုယ်သည် လေထဲသို့ ရောက်သွားသည်နှင့် ကျွမ်းတစ်ပတ်ပစ်ပြီး သစ်ကိုင်းပေါ်သို့ ခြေနှစ်ဖက်ချလိုက်သည်။



လေခွန်းက ထိတ်လန့်သွားပြန်လေသည်။

ကျောက်တာလျှံက ကမန်းကတန်းထွက်ပြီးကြည့်ရာ တည်းခိုခန်း ရှေ့တွင် မုတ်ဆိတ်မွေးနှင့် ဆံပင်များဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ယင်းအဘိုးအိုသည် ငိုမိဂိုဏ်းချုပ် ဗျိုင်းဖြူရသေ့ဖြစ်မှန်း ကျောက်တာလျှံက သိလိုက်သည်။

ဗျိုင်းဖြူရသေ့က ကျောက်တာလျှံအား အရိုအသေပြုလိုက်သည်။

'ကျေးဇူးပြုပြီး လေခွန်းကို အကြောင်းကြားပေးပါ၊ ဗျိုင်းဖြူရသေ့ဟာ တည်းခိုခန်းရှေ့မှာ စောင့်နေပါတယ်လို့'

သူ၏စကားဆုံးသွားသည်နှင့် ချာခနဲလှည့်ကာ ထွက်ခွာသွားလေသည်။

ကျောက်တာလျှံက ခြေလှမ်းသုတ်သုတ်ဖြင့် လေခွန်းထံသို့ ပြန်သွားပြီး ပြောပြလိုက်လေသည်။

လေခွန်းက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

'အစ်ကိုကြီးပေါင်ကျု၊ ကျုပ် ဘယ်လိုလုပ်ရမလဲဗျ'

ပေါင်ကျုက....

င်ဗျားဆရာရောက်လာရင်သွားတွေ့လိုက်ပါ၊ အခုစစ်သူကြီး ဆီမှာ အမှုထမ်းတာ ဥပဒေကျူးလွန်တာမှမဟုတ်တဲ့၊ သူက အပြစ်ပေးလို့မရပါဘူး'

# ကု လုံ ၏ လု ေ ကျာ င ဖု နို း

